စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၄၂ မှ ၄၅/၂၀၂၁ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၂ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်

| ၅-၁၁-၂၀၂၁ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၀ |
| ယူရို | ၂၀၄၆.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၀၉ |
| စတာလင်ပေါင် | ၂၃၉၁ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၆.၂ |
| တရုတ်ယွမ် | ၂၇၆.၅၆ |
| ဟောင်ကောင်ဒေါ်လာ | ၂၂၇ |
| အိန္ဒိယရူပီး | ၂၃.၈၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၄၇ |
| မလေးရှားရင်းဂစ် | ၄၂၅.၅၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၁၅၇ |
| ထိုင်းဘတ် | ၅၃.၁၃၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၀၃၉ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ➢ သက်တမ်းတို ပဲစင်းငုံမျိုးစိတ်အား အိန္ဒိယနိုင်ငံရှိ ပြည်နယ်များစွာ၌ တိုးချဲ့စိုက်ပျိုးလာခြင်း
  - ➢ အားနည်းသောဘတ်ငွေကစတုတ္ထလေးလပတ်တွင်ဆန်တင်ပို့မှုကို အားကောင်းလာစေခြင်း
  - ➢ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၈.၃ သန်းသို့ ရောက်ရှိနိုင်
  - ➢ တရုတ်သဘာဝရာဘာဈေးကွက် အတက်အကျများခဲ့ပြီး ဆက်လက်အားနည်းလာနိုင်ဖွယ်ရှိ
- **အထွေထွေသတင်းများ**
  - ➢ တရုတ်နိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ
  - ➢ သြစတြေးလျနိုင်ငံ၏စီးပွားရေးသတင်းများ
  - ➢ ဘယ်လ်ဂျီယံနိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ
  - ➢ ဂျပန်နိုင်ငံနိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ
  - ➢ ဘဏ္ဍာရေးဝန်ကြီး Arkhom က ကိုဗစ်အလွန်ကာလ ပြုပြင်ပြောင်းလဲရေး ကိုတောင်းဆိုခြင်း
  - ➢ စက်တင်ဘာလတွင်ပြည်ပတင်ပို့မှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ခြင်း
  - ➢ နိုင်ငံခြားငွေကြေးကစားသူများက ဘတ်ငွေအပေါ်ဖိအားပေး

- ကိုရီးယားသမ္မတနိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအား စတင်ဖြေလျှော့မှု ပထမအဆင့်ကို (၁-၁၁-၂၀၂၁) ရက်နေ့မှ စတင်ဆောင်ရွက်မည်
- တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စားသောက်ကုန်ကဏ္ဍကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သွယ်မှု မြှင့်တင်ရေး Webinar ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများကျင်းပ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိ

## သက်တမ်းတို ပဲစင်းငုံမျိုးစိတ်အား အိန္ဒိယနိုင်ငံရှိ ပြည်နယ်များစွာ၌ တိုးချဲ့စိုက်ပျိုးလာခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၁၈ ခုနှစ် မိုးသီးနှံရာသီမှစတင်၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် ခွင့်ပြုခဲ့သော ပူစာအာဟာ-၁၆ (Pusa Arhar-16) ဟု အမည်ပေးထားသည့် သက်တမ်းတို ပဲစင်းငုံမျိုးစိတ်အသစ်အား ပြည်နယ်များစွာတွင် တိုးချဲ့စိုက်ပျိုးလာကြောင်း သိရှိရပါသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် Amethi ခရိုင်၌ ၁၉၉၀ ပြည့်နှစ်ကတည်းက ပဲစင်းငုံစိုက်ပျိုးမှုကို လုပ်ကိုင်ခဲ့သော တောင်သူတစ်ဦးဖြစ်သူ Mr. Anant Bahadur Singh သည် အိန္ဒိယစိုက်ပျိုးရေးသုတေသနသိပ္ပံ (IARI) မှ ထုတ်လုပ်သည့် အဆိုပါ ပူစာအာဟာ-၁၆ မျိုးသစ်အား ၂၀၁၈ ခုနှစ်ကပင် စိုက်ပျိုးခဲ့ကြောင်း၊ ၎င်း၏အဆိုအရ အခြားမျိုးစိတ်များအား စိုက်ပျိုးရာတွင် သီးနှံရင့်မှည့်ရန် ၁၆၅ ရက်မှ ၁၉၀ ရက်အထိ အချိန်ကြာမြင့်မှုရှိသော်လည်း ယခုပဲစင်းငုံမျိုးစိတ်သည် စတင်စိုက်ပျိုးချိန်မှ ရက်ပေါင်း ၁၂၀ ခန့်တွင် ရင့်မှည့်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ Mr. Singh သည် လွန်ခဲ့သော ၂ နှစ်ကာလအတွင်း ပူစာအာဟာ-၁၆ ပဲစင်းငုံမျိုးကို မိုးသီးနှံရာသီကာလ ဇွန်-ဇူလိုင်လများတွင် စိုက်ပျိုးလျက် အောက်တိုဘာ-နိုဝင်ဘာလများ၌ ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ သီးနှံသက်တမ်းတိုတောင်းခြင်းက ဆောင်းသီးနှံများဖြစ်သော ဂျုံနှင့် ဆီမုံညင်းတို့အား အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူဖြစ်ခဲ့ကြောင်း၊ အခြားသော ပဲစင်းငုံမျိုးစိတ်များဖြစ်သည့် Pusa-991, 992, 2001, 2002 စသည်တို့၏ အထွက်နှုန်းမှာ ဧရိယာ ၁ ဟက်တာလျှင် ၁.၅ တန်မှ ၁.၈ တန်အထိသာ ရရှိသော်လည်း Pusa Arhar-16 မျိုးစိတ်ကမူ ၁ ဟက်တာလျှင် ပဲ ၂ တန်ကျော်အထိထွက်ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် Mr. Singh သည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်အတွင်း အခြားသော တောင်သူများထံသို့ အဆိုပါ ပဲစင်းငုံမျိုးစိတ်အသစ်၏ မျိုးစေ့များဖြန့်ဖြူးနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်းဖြင့် The Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယ စိုက်ပျိုးရေးသုတေသနသိပ္ပံမှ ပညာရှင်များ၏ ပြောကြားမှုအရ ၂၀၁၇ ခုနှစ်မှ စတင်၍ စမ်းသပ်လေ့လာခဲ့သော ပူစာအာဟာ-၁၆ ပဲစင်းငုံမျိုးစိတ်အား ပြည်တွင်းနေရာဒေသစုံ၌ နမူနာစိုက်ပျိုးမှုများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် စမ်းသပ်စိုက်ခင်းများမှ အထွက်နှုန်း ၁ ဟက်တာလျှင် ၂ တန်ကျော်အထိရရှိခဲ့ကြောင်း၊ ဒေလီမြို့ရှိ IARI စမ်းသပ်စိုက်ခင်းတွင် ၎င်းပဲစင်းငုံမျိုးစိတ်သစ်၏ ပျမ်းမျှအထွက်နှုန်းမှာ ဒေသမျိုးကွဲများဖြစ်သည့် VLA-1 (အထွက်နှုန်း ၁.၂ တန်/ဟက်တာ) နှင့် PS 4242 (အထွက်နှုန်း ၁.၅ တန်/ဟက်တာ) ထက်ကျော်လွန်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ဒေလီပြည်ထောင်စု နယ်မြေဒေသအတွင်း စိုက်ပျိုးရန်ရည်ရွယ်လျက် ၎င်းမျိုးအသစ်ကိုစီးပွားဖြစ် ထုတ်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊

ယခုအခါ အခြားပြည်နယ်များရှိ တောင်သူများကပါ ၎င်းမျိုးစိတ်အား စတင်စိုက်ပျိုးလာကြကြောင်း၊ သို့ဖြစ်၍ သီးနှံမျိုးစေ့ပွားများ ထုတ်လုပ်နိုင်ရန် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ရေး ကုမ္ပဏီများနှင့် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ပူစာအာဟာ-၁၆ ပဲစင်းငုံမျိုးစိတ်သည် အမြင့်အလယ်အလတ်ရှိသော အပင်ပုအမျိုးအစား ဖြစ်၍ စိုက်ပျိုးချိန်၌ ပိုးသတ်ဆေးဖြန်းရန် လွယ်ကူခြင်း၊ သီးနှံရင့်မှည့်ချိန်တွင် စုပေါင်းရိတ်သိမ်း စက် (combine harvester) အသုံးပြုလျက် ရိတ်သိမ်းချွေလှေ့မှုကို လုပ်ကိုင်နိုင်သဖြင့် လုပ်ငန်း လွယ်ကူသက်သာမှုရှိခြင်း၊ အခြားသော ပဲစင်းငုံမျိုးများထက် ချက်ပြုတ်ရာတွင် အချိန်တိုတောင်း မှုရှိခြင်း၊ စိုက်ပျိုးသည့်မြေ၌ နိုက်ထရိုဂျင်ဓာတ် ဖြည့်ဆည်းမှုကို ကောင်းစွာဖြစ်ပေါ်စေသဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာတွင် မြေသြဇာထည့်သွင်း သုံးစွဲရမှုစရိတ်ကို သက်သာစေခြင်း စသည့် အားသာချက်များရှိကြောင်း သိရှိရသည်။

IARI မှ ညွှန်ကြားရေးမှူး Mr. Ashok Kumar Singh က ပူစာအာဟာ-၁၆ သည် သီးနှံ ဖြန့်ကျက် စိုက်ပျိုးမှုအတွက် အရေးပါသည့် ပဲစင်းငုံမျိုးတစ်ခုဖြစ်ပြီး စိုက်ပျိုးမြေ၏ ကောင်းမွန် သန့်ရှင်းမှုနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုတို့ကို အထောက်အကူပြုကြောင်း၊ ထို့အပြင် တောင်သူများ၏ ဝင်ငွေတိုးတက်မှုကိုလည်း ရရှိစေနိုင်ကြောင်း၊ ၎င်းမျိုးကွဲအား ဒေလီမြို့တော် အနီးပတ်ဝန်းကျင်၌ စိုက်ပျိုးရန် ရည်ရွယ်ခဲ့သော်လည်း မဒ္ဒရာပရာဒေ့ရှ်၊ မဟာရဋ္ဌ၊ တဲလန်ဂါနာ နှင့် တမီနာဒူးပြည်နယ်များရှိ တောင်သူများကပါ တိုးချဲ့စိုက်ပျိုးရန် တုန့်ပြန်တွန်းအားပေးမှုများ ရရှိလာကြောင်းဖြင့် ပြောကြားပါသည်။

လက်ရှိကာလတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း လွင်ပြင်ဒေသရှိ ပန်ဂျပ်ပြည်နယ် နှင့် ဥတ္တာပရာဒေ့ရှ်၊ မဒ္ဒရာပရာဒေ့ရှ်နှင့် မဟာရဋ္ဌပြည်နယ်များရှိ မိုးကောင်းသောက် စိုက်ပျိုးမြေ များ၌ စိုက်ပျိုးသော ပဲစင်းငုံမျိုးများမှာ သက်တမ်းရက် ၁၄၀ မှ ၁၆၀ ရှိပြီး နိုဝင်ဘာလကုန်ပိုင်း ခန့်ကျမှသာ ခူးဆွတ်ရိတ်သိမ်းနိုင်သည်။ သို့ဖြစ်ရာ ဆောင်းသီးနှံ ဂျုံစိုက်ပျိုးမှုအတွက် မြေယာ ပြုပြင်ချိန် တိုတောင်းမှု ဖြစ်ပေါ်သကဲ့သို့ နိုဝင်ဘာလနောက်ပိုင်း၌ ကုလားပဲနှင့် ဆီမုံညင်းတို့အား စိုက်ပျိုးရန်ခက်ခဲခြင်းနှင့် ကြုံတွေ့ရလျက်ရှိသည်။

IARI ရှိ မျိုးဗီဇဌာန၊ ပဲစင်းငုံသီးနှံ အခြေခံမျိုးပွားဌာနခွဲမှ ဦးဆောင်သုတေသီပညာရှင် Mr. R S Raje က အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းဒေသများ၌ မုတ်သုံလေဝင်ရောက်မှု နောက်ကျမှုရှိသည့် တိုင်အောင် ပူစာအာဟာ-၁၆ ပဲစင်းငုံမျိုးအား ဇူလိုင်လ ပထမပတ်အထိ နောက်ဆုံးထား၍ စိုက်ပျိုးနိုင်ကြောင်း၊ ထိုကဲ့သို့ နောက်ကျစိုက်ပျိုးသော်လည်း ဆောင်းသီးနှံရာသီ မစတင်မီ

အောက်တိုဘာလကုန်၊ နိုဝင်ဘာလ ပထမရက်သတ္တပတ်ခန့်၌ ရိတ်သိမ်းမှုလုပ်ကိုင်နိုင်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံသည် ကုလားပဲစိုက်ပျိုးထုတ်မှု၏ နောက်တွင် ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်လျက် ပြည်တွင်း၌ အဓိကစားသုံးသည့် ပဲအမျိုးအစားဖြစ်ပါသည်။ ၂၀၁၉–၂၀ ခုနှစ်တွင် နိုင်ငံတစ်ဝန်းမှ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၃.၈၉ သန်းရှိပြီး ၎င်းအနက် ကာနာတာကာ (၂၉ %)၊ မဟာရဋ္ဌ (၂၈ %)၊ ဥတ္တာပရာဒေ့ရှ် (၇ %)၊ မဒ္ဒရာပရာဒေ့ရှ် (၇ %) နှင့် တဲလန်ဂါနာ (၇ %) ပြည်နယ်များက ၇၈ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ သို့ရာတွင် ပြည်တွင်းထုတ်လုပ်မှုမှာ စားသုံးသူဈေးကွက် ဝယ်လိုအားကို လုံလောက်စွာဖြည့်ဆည်းနိုင်မှုမရှိသဖြင့် မြန်မာ၊ မိုဇမ်ဘစ်၊ မာလာဝီ၊ တန်ဇန်နီးယား၊ ဆူဒန် စသည့်နိုင်ငံများထံမှ ပဲစင်းငုံများကို နှစ်စဉ် ဝယ်ယူတင်သွင်းရလျက်ရှိသည်။ သို့ဖြစ်ရာ အထွက်နှုန်းကောင်းမွန်မှု၊ စိုက်ပျိုးမှုသက်တမ်း တိုတောင်းမှု၊ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် မြေဆီဩဇာ အထောက်အပံ့ပြုမှု စသည့်အားသာချက်များအရ ပူစာအာဟာ–၁၆ ပဲစင်းငုံမျိုးအသစ်အား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းနေရမှုကို လျော့ချနိုင်မည်ဟု အိန္ဒိယစိုက်ပျိုးရေးသုတေသနသိပ္ပံမှ ပညာရှင်များက မျှော်မှန်းလျက်ရှိကြသည်။

Source: Promising Pusa Arhar–16 may cut India’s dependence on imports, 25–10–2021, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

..........................................................................................................

## အားနည်းသောဘတ်ငွေကစတုတ္ထလေးလပတ်တွင်ဆန်တင်ပို့မှုကို အားကောင်းလာစေခြင်း

အားနည်းနေသောဘတ်ငွေကြောင့် ထိုင်းဆန်အနေဖြင့် ယှဉ်ပြိုင်အားပိုမိုကောင်းစေပြီး ကမ္ဘာ့ဝယ်လိုအား ကောင်းလာစေရန်မြှင့်တင်ပေးခြင်းဖြင့် နောက်ဆုံး(၃)လပတ်တွင် ထိုင်းပြည်ပဆန်တင်ပို့မှုတက်လာမည်ဟုမျှော်လင့်ရကြောင်းသိရှိရပါသည်။ နိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် keerati Rushchano က တရုတ်၊ ဖိလစ်ပိုင်၊ ကင်မရွန်း၊ မလေးရှား၊ မိုဇမ်ဘစ်နှင့် စင်္ကာပူနိုင်ငံများ၏ ဝယ်ယူမှုမြင့်တက်လာမှုကြောင့် ထိုင်းပြည်ပဆန်တင်ပို့မှုသည် ဇွန်လကစ၍ ပိုမိုအားကောင်းပြီး တိုးတက်လာကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းပြည်ပဆန် တင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် (၃) လပတ်တွင် တစ်လလျှင်ဆန်တန်ချိန် (၇၀၀,၀၀၀) ဖြင့်ဆက်လက်၍ တိုးတက်နေမည်ဟု မျှော်မှန်းခဲ့ကြောင်း၊ စက်တင်ဘာလ ပို့ကုန်ပါမစ် စာရွက်စာတမ်းများအား ကိုးကား၍ ၎င်းကပြောကြားခဲ့ပါသည်။ ပြည်ပဆန်တင်ပို့မှု အနေဖြင့် အောက်တိုဘာလ (၁) ရက်နေ့မှ (၈) ရက်နေ့အထိ (၁၂၄.၈၇%) တိုးတက်ခဲ့ပြီး တန်ချိန်အားဖြင့် (၈၇၇,၅၅၅) ရှိခဲ့ကြောင်း၊ ၎င်းပမာဏမှာ ယမန်နှစ်ကာလတူတွင်ရှိခဲ့သော တန်ချိန် (၃၈၀,၂၃၄) ထက် (၄၇.၁၁%) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ်ပထမ (၈) လတွင် ထိုင်းပြည်ပဆန်တင်ပို့မှုအနေဖြင့် တန်ချိန် (၃.၈) သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလကထက် (၁၄%) ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တန်ဖိုး အနေဖြင့်ဘတ်ငွေ (၅၈.၆၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းမှာနှစ်အလိုက်တွင် (၂၃.၃%) ကျဆင်းသွားခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ သို့ရာတွင် မိမိတို့အနေဖြင့် ယခုနှစ်အတွက် ဆန်တန်ချိန် (၆) သန်း တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း၊ ဘတ်ငွေတန်ဖိုးအားနည်းနေမှု၊ ကမ္ဘာလုံးဆိုင်ရာ Covid-19 ကူးစက်မှု ကျဆင်းနေခြင်းနှင့် တကမ္ဘာလုံးတွင် lockdown အစီအမံများ ဖြေလျှော့ပေးနေမှုတို့ကို ကိုးကား၍ ၎င်းကပြောကြားခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းပြည်ပ ဆန်တင်ပို့သူများအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် ယှဉ်ပါက (၁၃%) ကျဆင်းခဲ့သည့် အားနည်းနေသော ဘတ်ငွေက ထိုင်းဆန်တန်ဖိုးကို လျှော့နည်းစေခဲ့သည့်ရလဒ်ကို ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် ၎င်းက ပြိုင်ဖက်ဆန်တင်ပို့သူများနှင့် ပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းကို ရရှိစေနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်း (၅) မှတ်ဆန် (5% Broken Rice) စျေးသည် ယမန်နေ့က တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၀၀) နှုန်းရှိခဲ့ပြီး ၎င်းမှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၅၁) ရှိသည့် ဗီယက်နမ်ဆန်ထက်နည်းပါးနေကြောင်း သိရှိရပါသည်။

ယခုနှစ်အစပိုင်းတွင် ထိုင်းဆန်ဖြူ (White Rice) စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၂၀) အထိ မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ ယခုနှစ်များအတွင်း ဗီယက်နမ်ဆန်ကို ပိုမို၍ သဘောကျခဲ့သည့် မလေးရှား၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံများမှ ဆန်ဝယ်ယူသူများအနေဖြင့် ထိုင်းဆန်၏ စျေးနှုန်းဆွဲဆောင်မှုကြောင့် ယခုအပတ်များမှစ၍ ထိုင်းဆန်ကပြန်လည်၍ ဝယ်ယူလာကြကြောင်း၊ သို့ဖြစ်ရာ ပြည်ပဆန်တင်ပို့သူများအနေဖြင့် တန်ချိန်(၆)သန်းတင်ပို့ရန် ရည်မှန်းချက်အပေါ်ပိုမို၍ ယုံကြည်မှုရှိလာကြောင်း Mr. Chookiat ၏အဆိုအရ သိရှိရပါသည်။

၎င်းက ၂၀၂၁-၂၀၂၂ သီးနှံရာသီတွင် ထိုင်းဆန်ထုတ်လုပ်မှု တိုးတက်လာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ကြိတ်ခွဲပြီး ဆန်တန်ချိန် (၂၀) သန်း ရှိမည်ဟုခန့်မှန်းကြောင်း၊ ယခင် ၂၀၂၀-၂၀၂၁ သီးနှံရာသီတွင်ရှိခဲ့သော တန်ချိန် (၁၇) သန်း ထက် တိုးတက်မည်ဖြစ်ကြောင်း ၎င်းကဆိုပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၈.၃ သန်းသို့ ရောက်ရှိနိုင်

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၈.၃၅၆ သန်းအထိ ရောက်ရှိနိုင်ရန် ခန့်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်း တန်ချိန် ၉၈.၈၈၇ သန်း စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့် အကြံပေးကုမ္ပဏီ Safras & Mercado ကုမ္ပဏီ၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၁၈.၀၈၀ တန်အား တင်ပို့နိုင်ရန် ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ်တွင် ပြောင်းစေ့တန်ချိန် ၃၇.၇ သန်းအထိ တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် တန်ချိန် ၁.၅၁ သန်း ရှိနိုင်ရန်ခန့်မှန်းထားပြီး ယခုနှစ်တင်သွင်းသည့် ပြောင်းပမာဏအောက် ၃.၀၆၀ သန်း လျော့ကျနိုင်ရန် မျှော်မှန်းထားသည်။ ဘရာဇီးလ်နိုင်ငံ၏ ပြောင်းလက်ကျန်သည် ယခုနှစ်တွင် တန်ချိန် ၄.၂၉၃ သန်း ရှိရန်ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ်တွင် ပြောင်းတန်ချိန် ၁၁.၅၂၅ သန်းအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁.၁၉၇ ဘီလီယံ အထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ ပြောင်းစိုက်ပျိုးထွက်ရှိမှုသည် တန်ချိန် ၁.၁၈၆ ဘီလီယံရှိပြီဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (the United States Department of Agriculture – USDA)၏ သတင်းတွင် ဖော်ပြထားသည်။ ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံကာလတွင် ကမ္ဘာ့ပြောင်းလက်ကျန်သည် တန်ချိန် ၂၈၄.၆၃ သန်း မှ ၂၉၇.၆၃ သန်းအထိ ရှိနိုင်ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာန(USDA)က ခန့်မှန်းတွက်ချက်ထားသည်။

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် အမေရိကန်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထွက်ရှိမှုသည် တန်ချိန် ၃၈၀.၉၃ သန်းအထိ ရှိနိုင်ကြောင်း၊ ယခုနှစ် ဩဂုတ်လအထိ ပြောင်းစိုက်ပျိုးထွက်ရှိမှုသည် တန်ချိန် ၃၇၄.၆၈ သန်းအထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၁၁၈ သန်း၊ အာဂျင်တီးနားနိုင်ငံမှ ပြောင်းတန်ချိန် ၅၃ သန်း၊ ယူကရိန်းနိုင်ငံမှ ပြောင်း တန်ချိန် ၃၉ သန်း၊ တောင်အာဖရိကနိုင်ငံမှ ပြောင်းတန်ချိန် ၁၇ သန်းနှင့် တရုတ်နိုင်ငံမှ ပြောင်းတန်ချိန် ၂၇၃ သန်းတို့ အသီးသီးစိုက်ပျိုး ထွက်ရှိနိုင်ကြောင်း USDA ၏ သတင်းတွင် ခန့်မှန်းထားသည်။

၂၀၂၀-၂၀၂၁ ခုနှစ်သီးနှံရာသီတွင် ကမ္ဘာ့ပြောင်းလက်ကျန်သည် တန်ချိန် ၂၈၆.၄၈ သန်း ရှိခဲ့ပြီး အမေရိကန်နိုင်ငံမှ ပြောင်းတန်ချိန် ၃၆၀.၂၅ သန်း၊ ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၈၆ သန်း၊ အာဂျင်တီးနာနိုင်ငံမှ ပြောင်းတန်ချိန် ၅၀ သန်း၊ ယူကရိန်းနိုင်ငံမှ ပြောင်းတန်ချိန် ၃၀.၃ သန်း၊ တောင်အာဖရိကနိုင်ငံမှ ပြောင်းတန်ချိန် ၁၇.၂ သန်းနှင့် တရုတ်နိုင်ငံမှ ပြောင်းတန်ချိန် ၂၆၀.၆၇ သန်း အသီးသီး စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

..................................................................................................................

## တရုတ်သဘာဝရာဘာစျေးကွက် အတက်အကျများခဲ့ပြီး ဆက်လက်အားနည်းလာနိုင်ဖွယ်ရှိ

တရုတ်နိုင်ငံ၏ သဘာဝရာဘာစျေးကွက်မှာ စျေးနှုန်းအကြီးအကျယ် မြင့်တက်ခဲ့ပြီးနောက် အောက်တိုဘာလ (၁၉) ရက်နေ့တွင် တစ်တန်လျှင် ယွမ်ငွေ (၆၅၀) မှ (၇၀၀) ကြား ပြန်လည် ကျဆင်းခဲ့ပါသည်။ ၎င်းနောက် အောက်တိုဘာလ (၂၁) ရက်နေ့ရှိ ရာဘာလက်ငင်းအဝယ်စျေးနှုန်းများမှာ အမြင့်ဆုံးတစ်တန်လျှင် (၁၅,၄၆၅) ယွမ်မှ အနိမ့်ဆုံး တစ်တန်လျှင် (၁၄,၈၅၀)ယွမ် ရှိခဲ့ပါသည်။ ထို့နောက် စျေးကွက်အပိတ်စျေးနှုန်း မှာ တစ်တန်လျှင် (၁၄,၉၁၀) ယွမ် ဖြစ်ခဲ့သဖြင့် တစ်တန်လျှင် (၇၁၅) ယွမ် ကျဆင်းခဲ့ပါသည်။

သဘာဝရာဘာ ကြိုရောင်းကြိုဝယ်စျေးကွက်မှာ အောက်တိုဘာလကုန်တွင် ပြည်ပမှ တင်သွင်းသည့် ရာဘာအများအပြားကို စျေးကွက်အတွင်း ဖြန့်ဖြူးနိုင်ခဲ့ပါက ရေတိုကာလတွင် ဆက်လက် အားနည်းနေဦးမည် ဖြစ်ပါသည်။ သို့ရာတွင် တစ်ဖက်၌လည်း အောက်တိုဘာလမှာ ယေဘုယျအားဖြင့် ဝယ်လိုအားမြင့်တတ်သည့် ကာလဖြစ်ပြီး၊ ရာဘာများကို ကုန်စည်ထုတ်လုပ်

ရန် အသုံးပြုမည့် ဝယ်လိုအားများနှင့် ဆုံသွားနိုင်သဖြင့် ဈေးကွက် ပြန်လည်အားကောင်းလာမည့် အလားအလာရှိနိုင်ကြောင်း သိရပါသည်။

ရင်းမြစ်၊ SunSirs (၂၅-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်းမြို့

## တရုတ်နိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ

**(က) ကိုရိုနာဗိုင်းရပ်နှင့် ဓာတ်အားအကျပ်အတည်းကြောင့် တရုတ်နိုင်ငံ၏ ဟင်းသီးဟင်းရွက် ဈေးနှုန်းများ မြင့်တက်လာသော်လည်း ငွေကြေးဖောင်းပွမှုအန္တရာယ်များကို ယာယီအဖြစ် သတ်မှတ်ထား**

တရုတ်နိုင်ငံရှိ ဟင်းသီးဟင်းရွက် လက်ကားဈေးသည် ဖေဖော်ဝါရီလမှစတင်၍ အမြင့်ဆုံးသို့မြင့်တက်လာခဲ့ပြီး သိုလှောင်မှုအား နှိမ်နင်းရန်နှင့် တည်ငြိမ်သော ရောင်းလိုအား သေချာစေရန် တာဝန်ရှိသူများက ကတိပြုခဲ့ကြပါသည်။ ငွေကြေးဖောင်းပွမှုအား ယာယီအဖြစ် စီးပွားရေးပညာရှင်များက မျှော်လင့်ထားပြီး ဖေဖော်ဝါရီလတွင် ဝယ်လိုအားများ လျော့ပါးသွားသည်အထိ ဈေးနှုန်းများ လအနည်းငယ်အထိ မြင့်မားနေနိုင်ကြောင်း ဆိုပါသည်။ တရုတ်နိုင်ငံတွင် စားသုံးသူဈေးနှုန်းတိုးတက်မှုသည် အောက်တိုဘာလတွင် ၀.၇ ရာခိုင်နှုန်းသို့ နှေးကွေးသွားခဲ့ကြောင်း ဖော်ပြထားပါသည်။ အောက်တိုဘာ ၂၂ ရက်အထိ လေးပတ်အတွင်း ဟင်းသီးဟင်းရွက်လက်ကားဈေးသည် ၂၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယခုအခါ ဖေဖော်ဝါရီနောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

လယ်ယာထွက်ကုန်များ အထူးသဖြင့် ဟင်းသီးဟင်းရွက်နှင့် ထုတ်လုပ်မှုအချို့၏ ဈေးနှုန်းများသည် အေးသောရာသီဥတုနှင့် မိုးရွာသွန်းမှုစသည့် အကြောင်းအရင်း များစွာကြောင့် မကြာသေးမီက ဆက်လက်မြင့်တက်ခဲ့ကြောင်း၊ Shu Yuting က ဆိုပါသည်။ ယခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဓိကစိုက်ပျိုးသည့် ဒေသများတွင် သီးနှံများပျက်စီးပြီး ကျောက်မီးသွေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖန်လုံအိမ်စိုက်ပျိုးခြင်း စရိတ်စက ပိုမိုများပြားလာခဲ့သည်။ ပန်းဂေါ်ဖီနှင့်ဘရိုကိုလီတို့သည် ၅၀ ရာခိုင်နှုန်းခန့် တိုးလာသော်လည်း ဟင်းနုနွယ်ရွက် ဈေးနှုန်းသည် လေးပတ်တာကာလအတွင်း ၁၅၇ ရာခိုင်နှုန်းပိုကြောင်း ပေကျင်းရှိ (Xinfadi ဈေးကွက်

တွင်) ဆလတ်ရွက် သို့မဟုတ် ရေဟင်းနုနွယ်ရွက် ကီလိုဝက်တစ်ထုပ်လျှင် ၈ ယွမ် (အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၅ ဒေါ်လာ) ကုန်ကျရာ တူညီသောဝက်သားပမာဏသည် ၈ ယွမ် မှ ၁၀.၅ ယွမ်ခန့်ရှိပြီး ကြက်သားမှာ ၇ ယွမ်မှ ၁၀ ယွမ်ခန့်သာရှိကြောင်း ဖော်ပြထားပါသည်။

ဈေးတက်မှု(အလွန်) ပြင်းထန်သောကြောင့် တရုတ်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဟင်းသီးဟင်းရွက် သိုလှောင်မှုအား နှိမ်နင်းရန်နှင့် တည်ငြိမ်သော ထောက်ပံ့မှု ရရှိစေရန်အတွက် ပြီးခဲ့သည့် သီတင်းပတ်က ကတိပြုခဲ့သည်။ ဝန်ကြီးဌာနသည် အစောပိုင်း သတိပေးချက်များကို အားကောင်းစေရန် ဟင်းသီးဟင်းရွက်၊ အသား၊ စပါးနှင့် ဆီ ဈေးကွက်များတွင် နေ့စဉ်ပြောင်းလဲမှုများကို ခြေရာခံနေပြီး တည်ငြိမ်သော ရောင်းလိုအားနှင့် ဈေးနှုန်းများကို သေချာစေရန် အစိုးရအရံနှင့် ကြမ်းခင်းဈေးများကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးမည်ဟု ပြောကြားခဲ့သည်။

စားသုံးသူအများအပြားသည် ဈေးနှုန်းများကြောင့် တုန်လှုပ်ခြောက်ခြားခဲ့ရပြီး အသီးအရွက်များကို မစားနိုင်တော့ကြောင်း ဆိုရှယ်မီဒီယာတွင် ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ငွေကြေးဖောင်းပွမှုအား ယာယီအဖြစ် စီးပွားရေးပညာရှင်များက မျှော်လင့်ကြသော်လည်း ဖေဖော်ဝါရီလတွင် ဝယ်လိုအားများ လျော့ပါးသွားသည့်အထိ လအနည်းငယ် ကြာသည်အထိ ဈေးနှုန်းများမြင့်မားနေနိုင်ကြောင်း ဖော်ပြထားပါသည်။

GF Securities သည် စက်တင်ဘာလကထက် အောက်တိုဘာလတွင် စားသုံးသူ ဈေးနှုန်းများ ၀.၅ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသော်လည်း JPMorgan Chase & Co. က တစ်နှစ်ထက်တစ်နှစ် တူညီသောနှုန်းထားဖြင့် တိုးလာမည်ဟု ခန့်မှန်းထားသည်။ "အဓိကအားဖြင့် အခြေခံအကျိုးသက်ရောက်မှုများကြောင့်သာမက ငွေကြေးဖောင်းပွမှု အရှိန်အဟုန် ဆက်တိုက်တက်လာခြင်းကြောင့် [စားသုံးသူ ဈေးနှုန်းအညွှန်းကိန်း] သည် လာမည့်လအနည်းငယ်အတွင်း ၂ ရာခိုင်နှုန်းသို့ တက်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်" ဟု ဟောင်ကောင်ရှိ JPMorgan မှ တရုတ်စီးပွားရေးပညာရှင် အကြီးအကဲ Zhu Haibin က ပြောကြားပါသည်။

ယမန်နှစ်ကထက် ဝက်သားဈေးနှုန်းကျဆင်းခြင်းနှင့် အိမ်ထောင်စုဝယ်လိုအား အားနည်းခြင်းကြောင့် စက်ရုံတံခါးပေါက်ဈေးများ မြင့်တက်နေသော်လည်း စားသုံးသူ ငွေကြေးဖောင်းပွမှု ယခုနှစ်တွင်ကျဆင်းစေကြောင်း၊ စားသုံးသူဈေးနှုန်း တိုးတက်မှုနှုန်းသည် အောက်တိုဘာလတွင် ၀.၇ ရာခိုင်နှုန်းသို့ နှေးကွေးသွားခဲ့ပြီး အစိုးရ၏ တရားဝင်ပစ်မှတ်မှာ ၃ ရာခိုင်နှုန်း အောက်သာရှိရာ JPMorgan သည် တစ်နှစ်တာလုံးအတွက် ၀.၉ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်း ဖော်ပြထားပါသည်။ Bloomberg ပရောဂျက်မှ စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးပညာရှင်များအရ ၂၀၂၁ ခုနှစ်တွင် ၁.၁ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၂.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု သိရှိရပါသည်။

ဟင်းသီးဟင်းရွက်ဈေးနှုန်းများ တက်လာခြင်းသည် စားသုံးသူ ငွေကြေးဖောင်းပွမှုအပေါ် အကန့်အသတ်ဖြင့် သက်ရောက်မှုရှိလိမ့်မည်ဟု ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ စားသုံးသူ ဈေးနှုန်းညွှန်းကိန်း CPI တွင် ဟင်းသီးဟင်းရွက်များ၏ အလေးချိန်သည် နိမ့်ကျနေကြောင်း China Minsheng Banking Corporation မှ လက်လီရောင်းချသူများနှင့် လေ့လာသုံးသပ်သူများကို ကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဟင်းသီးဟင်းရွက်ဈေးမြင့်ခြင်းသည် စိုက်ပျိုးရေး ဈေးကွက်တွင် အမြတ်အစွန်းရရှိမှုနှင့် ဝက်သားဥနှင့်စားသုံးသူများ ပိုမိုစားသုံးခြင်းသို့ ပြောင်းလာပါက ပိုမိုကျယ်ပြန့်သော ငွေကြေးဖောင်းပွမှုပြဿနာ ဖြစ်လာနိုင်ကြောင်း The Securities Times က ဖော်ပြထားပါသည်။

အသားသည် အဓိကကျပြီး စားသုံးသူငွေကြေးဖောင်းပွမှု၏ အဓိကကျသော အချက်ဖြစ် သောကြောင့် တရုတ်အစိုးရသည် ဝက်သားဈေးနှုန်းများကို အထူးအနီးကပ်စောင့်ကြည့်နေကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၏ ကြက်ဥဈေးသည် ဇူလိုင်လကတည်းက အမြင့်ဆုံးအဆင့်သို့ရောက်ရှိ သွားကာ ယခုလတွင် ဝက်အရှင်ပေါက်ဈေးသည် ၂၅ ရာခိုင်နှုန်းကျော် တက်သွားခဲ့သည်။ ဤဆောင်းရာသီတွင် လာနီနာရာသီဥတုပုံစံ မျှော်လင့်ထားရာ ဆိုလိုသည်မှာ မြောက်ဘက်ကမ္ဘာ ခြမ်းတွင် ပုံမှန်အပူချိန် အောက်ရှိနိုင်ကြောင်း မျှော်မှန်းထားရာ ဟင်းသီးဟင်းရွက်များ ထုတ်လုပ် မှုနှင့် သယ်ယူပို့ဆောင်ရေးတို့ကို အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုဖြစ်စေမည်ဟု GF Securities မှ လေ့လာ ဆန်းစစ်သူ He Xiaoshu က အစီရင်ခံစာတစ်ခုတွင် ပြောကြားခဲ့သည်။

စတိုးဆိုင်များနှင့် ဆောင်းရာသီမတိုင်မီ သိုလှောင်မှုပြုလုပ်နေချိန်တွင် စားသောက်ဆိုင် ဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်တွင် မကြာသေးမီက ပြန်လည်ကောင်းမွန်လာမှုအဖြစ် စားသုံးသူ ဝယ်လိုအားမှာလည်း မြင့်တက်လာနေသည်။

ယာယီဖြစ်ဖွယ်ရှိ၍ မြင့်မားသော ငွေကြေးဖောင်းပွမှုအား ဗဟိုဘဏ်က တုံ့ပြန်ရန် စီးပွား ရေးပညာရှင်များက မမျှော်လင့်ထားကြောင်း တရုတ်ပြည်သူ့ဘဏ်သည် ဘဏ်များ၏ အရန်လို အပ်ချက် အချိုးအစားနှင့် မူဝါဒအတိုးနှုန်းများကို မပြောင်းလဲဘဲ တစ်နှစ်ပတ်လုံး ထိန်းသိမ်းထား ရန် အလားအလာရှိပြီး ဈေးကွက်ငွေဖြစ်လွယ်မှုကို လုံလောက်စေရန်အတွက် ပွင့်လင်းသော ဈေးကွက်လုပ်ငန်းများနှင့် ၎င်း၏ကာလလတ် ချေးငွေများကို အသုံးပြုမည်ဖြစ်ကြောင်း အစိမ်း ရောင် ပရောဂျက်များနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ဆက်လက်ဆောင် ရွက်သွားနိုင်သည်ဟု Zhu မှ ပြောကြားခဲ့ပါသည်။

ရင်းမြစ်https://www.scmp.com/economy/china-economy/article/3153977/coronavirus-power-crisis-send-china-vegetable-prices-soaring

ဒေါက်တာဝေရီလင်း (စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ-ကူမင်း)

## (ခ) ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း – ပင်လယ် ရေကြောင်းလမ်း စကြံလမ်းအသစ်မှ သယ်ယူပို့ဆောင်မှု မြင့်တက်လာ

ယခုနှစ် ပထမ (၉) လအတွင်း ကမ္ဘာတစ်ဝှမ်း ကပ်ရောဂါဖြစ်ပွားမှုနှင့် သင်္ဘောဖြင့်ပို့ဆောင်မှု အကျပ်အတည်းများ ဖြစ်ခဲ့သည့်ကြားမှ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း – ပင်လယ်ရေကြောင်းလမ်း စကြံလမ်းအသစ်ပေါ်တွင် ပင်လယ်ရေကြောင်းနှင့် မီးရထားလမ်းတို့ဖြင့် ချိတ်ဆက်ပို့ဆောင်ပေးခဲ့သည့် ပေ (၂၀) အရွယ် ကုန်သေတ္တာအလုံးရေ ပေါင်း (၄၁၆,၉၀၀) ရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၂၄၆.၃၄) ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း သိရပါသည်။

တရုတ်နိုင်ငံရှိ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်းလမ်းကို ဆက်သွယ်ပေးထားသည့် စကြံမှာ ယခုအခါ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြူနီစီပယ်ဒေသပေါင်း (၉) ခုမှ မြို့ပေါင်း (၂၉) မြို့ရှိ ကုန်သွယ်ရေးစခန်းပေါင်း (၆၂) ခုဆီ လွှမ်းခြုံထားပြီဖြစ်ပါသည်။ ၎င်းချိတ်ဆက်မှုကို ကမ္ဘာပေါ်ရှိ တိုက်ကြီးပေါင်း (၆) တိုက်နှင့် ၂၀၁၇ ခုနှစ် ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်၌ ၎င်းချိတ်ဆက်မှုတွင် နိုင်ငံပေါင်း (၁၀၅) နိုင်ငံရှိ ဆိပ်ကမ်းပေါင်း (၃၀၄) ခု ပါဝင်လာပြီး ကုန်ပစ္စည်းအမျိုးအစားပေါင်း (၅၀၀) ကျော် ပါဝင်သည့် ကုန်သေတ္တာများကို သယ်ယူ ပို့ဆောင်ပေးနေပြီ ဖြစ်ပါသည်။

ရထားသယ်ယူပို့ဆောင်ရေးအတွက် အဓိကပို့ဆောင်ရေးလမ်းကြောင်းများ၊ အဓိကအချက်အချာနေရာများနှင့် ကုန်စည်ထောက်ပို့ သယ်ယူပို့ဆောင်ရေး အသုံးအဆောင်များကို ဆက်လက်တည်ဆောက်ရန် မကြာသေးမီနှစ်များအတွင်း တရုတ်မီးရထား နန်နင်းအုပ်စုက ပေပုပင်လယ်ကွေ့ဆိပ်ကမ်းအုပ်စုနှင့် အတူတကွ လုပ်ဆောင်လျက် ရှိပါသည်။

ယခုအခါ နိုင်ငံရပ်ခြားဆီသို့ ဦးတည်သည့် ကွမ်ရှီး၏ အဓိက မီးရထားလမ်း အားလုံးတို့တွင် လျှပ်စစ်စနစ်ပြန်လည်ပြုပြင်မှုများ ပြီးစီးသွားပြီဖြစ်ကာ၊ ၂၀၁၇ ခုနှစ်ကထက် သယ်ယူပို့ဆောင်ပေးနိုင်သည့် စွမ်းရည် (၆.၅) ရာခိုင်နှုန်း ပိုမိုလာပြီ ဖြစ်ပါသည်။ ချင်းကျိုးဆိပ်ကမ်းတွင် ကုန်သေတ္တာ လွှဲပြောင်းပေးသည့်နေရာကို တည်ထောင်ထားပြီးဖြစ်ကာ၊ ယခင်က ရထား (၄)စင်းကိုသာ အလွှဲအပြောင်း ပြုလုပ်ပေးနိုင်ခဲ့ရာမှ ယခုအခါ ရထားစီးရေ (၂၀)ကျော်ကို လွှဲပြောင်းပေးနိုင်လာပြီ ဖြစ်ပါသည်။

ပေပုပင်လယ်ကွေ့ဆိပ်ကမ်း၌ ပေပုပင်လယ်ကွေ့ဆိပ်ကမ်းအုပ်စုမှ တည်ဆောက်နေသည့် ကျောက်ချရပ်နားနိုင်သည့် နေရာများလည်း ပိုမိုများပြားလာသဖြင့် ကုန်သေတ္တာ မက်ထရစ်တန်ချိန်သန်း (၆၀) ခန့် ကို လွှဲပြောင်းကိုင်တွယ်ပေးနိုင်ပြီ ဖြစ်ပါသည်။ လက်ရှိတွင် ပေပုပင်လယ်ကွေ့

ဆိပ်ကမ်း၌ ပြည်တွင်းပြည်ပကုန်သွယ်ရေး သင်္ဘောလိုင်းပေါင်း (၅၄) လိုင်းကို ဖွင့်လှစ်ထားပြီ ဖြစ်ပါသည်။

ယခုနှစ် ပထမ (၉) လအတွင်း ပေပုပင်လယ်ကွေ့ဆိပ်ကမ်းမှ ဖြတ်သန်းသယ်ယူပို့ဆောင် ပေးခဲ့သည့် ကုန်စည်ပမာဏပေါင်း တန်ချိန် သန်း (၂၀၀) ခန့်ရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၁၀.၂၉) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုကာလအတွင်း ပေ(၂၀) အရှည် ကုန်သေတ္တာအလုံးရေပေါင်း (၄.၁၉) သန်းကို ကိုင်တွယ်ပေးနိုင်ခဲ့ကာ၊ ယခင်နှစ် အလားတူ ကာလကထက် (၁၉.၁၁) ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရပါသည်။

ရင်းမြစ် ၊ en.gxzf.gov.cn (၂၀-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့

.....................................................................

## (ဂ) ပစ္စည်းဆိုင်ရာဥပဒေ ပြုပြင်ပြောင်းလဲမှုများကို နေရာအချို့တွင်စမ်းသပ်ပြုလုပ်မည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ အချို့နေရာများတွင် ပစ္စည်းဆိုင်ရာဥပဒေ (property tax)ကို စမ်းသပ်ပြုပြင် ပြောင်းလဲသွားရေးအတွက် နိုင်ငံတော်ကောင်စီအား အခွင့်အာဏာပေးရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အောက်တိုဘာလ (၂၃) ရက်နေ့၌ ထိပ်တန်းဥပဒေပြုသူများ ပါဝင်သည့် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက ချမှတ်ခဲ့ပါသည်။

ဤသို့ ပြုလုပ်ခြင်းမှာ နိုင်ငံ၏ပိုင်ဆိုင်ပစ္စည်းအခွန်ပြဌာန်းမှုကို ဆန်းသစ်ရန်၊ တက်ကြွပြီး နှိုင်းချင့်မျှော်ခေါ်သည့် နည်းလမ်းဖြင့် ပြုပြင်ပြောင်းလဲမှုအား ပြုလုပ်ရန်၊ ကျိုးကြောင်းဆီလျော်သည့် အိမ်ဝယ်ယူမှုများနှင့် မြေယာရင်းမြစ်များကို စီးပွားရေးနှင့် လုပ်ငန်းများအတွက် အသုံးပြုရေး လမ်းညွှန်ပြသရန်၊ နိုင်ငံ၏ပိုင်ဆိုင်ပစ္စည်းဈေးကွက် တည်ငြိမ်စွာနှင့် ခိုင်မာစွာဖွံ့ဖြိုးတိုးတက်စေရေး လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

ပိုင်ဆိုင်ပစ္စည်းအခွန် စမ်းသပ်ရေးအတွက် စီမံဆောင်ရွက်မှုများ မူကြမ်းနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရေးအတွက် ပြင်ဆင်မှုများကို တရုတ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ အခွင့်အာဏာပေးအပ်မှုနှင့်အညီ တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အခွန် စီမံခန့်ခွဲရေးတို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ Xinhua (၂၃-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့

## (ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အသုံးပြုရေးအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်

(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) ကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အသုံးပြုရေးအတွက် အစီအမံတစ်ရပ်အား တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်လိုက်ပါသည်။

တစ်ကမ္ဘာလုံးမှ အရည်အသွေးမြင့် ရင်းမြစ်များကိုဆွဲဆောင်ရန် အဆင့်မြင့်တံခါးဖွင့်ကြိုဆိုမှုများကို တရုတ်နိုင်ငံက ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဟု ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြား ထားပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏကို တည်ငြိမ်စေရေး ထိန်းသိမ်းထားရှိစဉ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရည်အသွေးကိုလည်း တိုးတက်စေရမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကတိပြုထားပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသုံးပြုမှုအတိုင်းအတာအားဖြင့် တစ်ကမ္ဘာလုံးရှိ ထိပ်တန်းအဆင့်နိုင်ငံများကြား၌ ရပ်တည်သင့်ကြောင်း၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအသုံးပြုမှုပုံစံကို တိုးတက်စေသင့်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်ပ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ပြည်တွင်းစားသုံးမှုများဖြင့် အပြန်အလှန် ဖလှယ်ဆောင်ရွက်မှုမှာ ယခုငါးနှစ်စီမံကိန်းကာလအတွင်း ဖွံ့ဖြိုးစေသင့်ကြောင်း စီမံကိန်းတွင် ဖော်ပြထားပါသည်။

(၁၃) ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလအတွင်း တရုတ်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆၉၈.၉) ဘီလီယံကိုအသုံးပြုခဲ့ကာ၊ (၁၂) ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလကထက် (၁၀.၄) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ တရုတ်နိုင်ငံ အတွက် စံချိန်တင်ခဲ့သည့် ပမာဏဖြစ်ခဲ့သည်ဟု သိရပါသည်။

ရင်းမြစ်၊ Xinhua (၂၃-၁၀-၂၀၂၁)<br>
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့

……………………………………………………………

## (င) လောင်စာဆီ လက်လီဈေးနှုန်းများ တိုးမြှင့်ထားသည့် တရုတ်နိုင်ငံ

အောက်တိုဘာလ (၂၃) ရက်နေ့မှစ၍ တရုတ်နိုင်ငံ၏ ဓာတ်ဆီနှင့်ဒီဇယ်ဆီ လက်လီဈေးနှုန်းများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းစီးပွားရေး စီမံကိန်းချမှတ်

သည့် National Development and Reform Commission က အောက်တို ဘာလ (၂၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

မကြာသေးမီက အပြောင်းအလဲဖြစ်ခဲ့သည့် နိုင်ငံတကာလောင်စာဆီဈေးနှုန်း များအပေါ် အခြေခံ၍ ဓာတ်ဆီ လက်လီဈေးနှုန်းအား တစ်တန်လျှင် (၃၀၀) ယွမ်နှင့် ဒီဇယ်ဆီ လက်လီ ဈေးနှုန်းအား တစ်တန်လျှင် (၂၉၀) ယွမ် အသီးသီးတိုးမြှင့်ထားပါသည်။

တရုတ်နိုင်ငံ၏ လက်လီဈေးနှုန်းသတ်မှတ်သည့် ယန္တရားအောက်တွင် အကယ်၍ အပြည် ပြည်ဆိုင်ရာ ရေနံစိမ်းဈေးနှုန်း တစ်တန်လျှင် ယွမ်ငွေ (၅၀)အထက် ပြောင်းလဲပြီး၊ အဆိုပါ ပြောင်းလဲမှုမှာ အလုပ်လုပ်သည့် နေ့ရက်ပေါင်း (၁၀)ရက်အထိ ဖြစ်ပေါ်နေလျှင် ဓာတ်ဆီနှင့် ဒီဇယ်ဆီကဲ့သို့ ပြန်လည်သန့်စင်ထားသည့်ရေနံထွက်ကုန်များ၏ ဈေးနှုန်းကို ပြင်ဆင်ချိန်ညှိခွင့် ရှိပါသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံး လောင်စာဆီကုမ္ပဏီကြီးများဖြစ်ကြသည့် China National Petroleum Corporation၊ China Petrochemical Corporation နှင့် China National Offshore Oil Corporation တို့က ရောင်းလိုအားတည်ငြိမ်စေရေး သေချာစေရန် ရေနံထုတ်လုပ်မှုကို ထိန်းထားရန်နှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူချောမွေ့စေရန် တောင်းဆိုထားကြသည်ဟု သိရ ပါသည်။

ရင်းမြစ်၊ Xinhua (၂၂-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့

.............................................................................

## (စ) ယခုနှစ် ပထမ (၉)လအတွင်း ကွမ်တုန်းပြည်နယ်၏ နိုင်ငံခြားကုန်သွယ်ရေးအခိုင်အမာ ဖွံ့ဖြိုးခဲ့

တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှု ဗဟိုအချက်အချာနေရာလည်းဖြစ်၊ နိုင်ငံခြားနှင့် ကုန်သွယ်ရာတွင် ဦးဆောင်နေသည့် ပြည်နယ်လည်းဖြစ်သည့် ကွမ်တုန်းပြည်နယ်သည် ယခုနှစ် ပထမ (၉) လအတွင်း နိုင်ငံခြားကုန်သွယ်မှု အခိုင်အမာဖွံ့ဖြိုးခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် ယွမ်ငွေ (၆.၀၃) ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၄၃ ဘီလီယံ ခန့်) ရရှိခဲ့ကာ ယခင်နှစ်ကထက် (၁၈.၆) ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရပါသည်။

၎င်းအနက် ပို့ကုန်တန်ဖိုးတွင် (၁၉.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ ယွမ်ငွေ (၃.၆၈) ထရီလီယံ ရရှိခဲ့ပြီး၊ သွင်းကုန်တန်ဖိုးတွင် (၁၇.၅) ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ယွမ်ငွေ (၂.၃၅) ထရီလီယံ ရရှိခဲ့ကြောင်း သိရပါသည်။

ပုဂ္ဂလိကလုပ်ငန်းများမှ ပို့ကုန်သွင်းကုန်တင်ပို့မှုမှာ စုစုပေါင်းကုန်သွယ်မှု၏ (၅၆.၉) ရာခိုင်နှုန်း ခန့်ပါဝင်ပြီး၊ တန်ဖိုးအားဖြင့် ယွမ်ငွေ (၃.၄၃) ထရီလီယံ ရှိခဲ့ပါသည်။ ၎င်းပမာဏမှာ ယခင်နှစ်ကထက် (၂၁.၉) ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းများ၏ ကုန်သွယ်မှုပမာဏမှာ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ (၃၇.၇) ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။

အာဆီယံမှာ ကွမ်တုန်း၏ အကြီးဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်ပြီး၊ ယခုနှစ် ပထမ (၉) လအတွင်း ကုန်သွယ်မှုမာဏ ယွမ်ငွေ (၉၀၈.၃၇) ဘီလီယံရှိခဲ့ကာ၊ ယခင်နှစ် ကထက် (၁၇.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထို့ပြင် ကွမ်တုန်းပြည်နယ်နှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှုမှာလည်း ယခင်နှစ်ကထက် (၁၆) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။

ရင်းမြစ်၊ Xinhua (၂၂-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့

.................................................................................................................

## သြစတြေးလျနိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ

### (က) သြစတြေးလျနှင့် ပစိဖိတ်ကျွန်းစုနိုင်ငံများအကြား စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ရောင်းဝယ်မှုဆိုင်ရာ MOU လက်မှတ်ရေးထိုးခြင်း

သြစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနနှင့် DT Global တို့အကြား MOU သည် အစားအသောက်စိတ်ချလုံခြုံမှုကို တိုးတက်စေခြင်းဖြင့် ပိုမိုကောင်းမွန်သောဈေးကွက်နှင့် ဇီဝလုံခြုံရေးရလဒ်များရရှိစေကာ ပစိဖိတ်ကျွန်းစုနိုင်ငံများနှင့် သြစတြေးလျနိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ အဖွဲ့အစည်းနှစ်ခုအကြား (၆-၁၀-၂၀၂၁) ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော

MOU သည် the Pacific Horticultural and Agricultural Market Access Program (PHAMA Plus) အစီအစဉ်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပစိဖိတ်ကျွန်းမှ ထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်ကုန်များ၏ အရည်အသွေးကို မြှင့်တင်ကာ ၎င်းတို့၏ ကုန်ပစ္စည်းများအတွက် ဈေးကွက်ရှာဖွေနိုင်မည့် အခွင့်အလမ်းများကို ရရှိမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနသည် PHAMA Plus နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် ပစိဖိတ်နိုင်ငံများ၏ ဇီဝလုံခြုံမှုအန္တရာယ်များကို စီမံခန့်ခွဲရာတွင် အကူအညီပေးရန်နှင့် ပစိဖိတ်ဒေသတစ်ဝှမ်းရှိ မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှု လုံခြုံစေရန်တို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

DT Global သည် ပစိဖိတ်ကျွန်းမှ တင်ပို့ရောင်းချသူများအား ဩစတြေးလျနိုင်ငံ၏ ဇီဝလုံခြုံရေး လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး၊ သင်တန်းနှင့် အသိပညာမျှဝေခြင်း အစီအစဉ်များမှတစ်ဆင့် ဇီဝလုံခြုံရေးအာဏာပိုင်များ၏ စွမ်းဆောင်ရည်ကို အားကောင်းခိုင်မာစေရေး၊ စောင့်ကြည့်ခြင်းနှင့် အရေးပေါ်ကြိုတင်ပြင်ဆင်ခြင်းတို့ အပါအဝင် ဇီဝလုံခြုံရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီခြင်း အစရှိသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

PHAMA Plus အဖွဲ့ခေါင်းဆောင်က ကူးစက်ရောဂါကြောင့် ပစိဖိတ်ကျွန်း၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုကို ပံ့ပိုးရန် အရေးတကြီးလိုအပ်နေပြီး၊ အထူးသဖြင့် စိုက်ပျိုးရေးနှင့်ပန်းမာလ်ကဏ္ဍတို့တွင် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ MOU သည် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည်ဖြစ်ကာ ပစိဖိတ်ဒေသရှိ ကျေးလက်အိမ်ထောင်စုဝင်ငွေကို ပံ့ပိုးပေးမည့်ပန်းတိုင်ကို အောင်မြင်စေရန် အကူအညီပေးမည့် နည်းပညာဆိုင်ရာပံ့ပိုးမှုများကို ဇီဝလုံခြုံရေးအာဏာပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက အပြည့်အဝ ရရှိတော့မည်ဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

စိုက်ပျိုးရေးသည် ပစိဖိတ်နိုင်ငံများ၏ ဗဟိုချက်ဖြစ်ပြီး ဤပူးပေါင်းဆောင်ရွက်မှုသည် ပစိဖိတ်ဒေသတစ်ခုလုံးကို အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ အစီအစဉ်အရ ပူးပေါင်းဆောင်ရွက်မည့် ပစိဖိတ်ကျွန်းနိုင်ငံများမှာ ပါပူဝါနယူဂီနီ၊ ဖီဂျီ၊ ဆာမိုအာ၊ ဆော်လမွန်ကျွန်း၊ Vanuatu နှင့် Tonga တို့အပြင် ဩစတြေးလျနိုင်ငံ၏ Pacific Agreement on Closer Economic Relations Plus (PACER Plus) ကတိကဝတ်အရ the Cook Islands, Kiribati နှင့် Niue တို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.awe.gov.au

### (ခ) အိုဇုန်းကာကွယ်ရေးဥပဒေများကို ချိုးဖောက်သည့်အတွက် ဇစ်တိုးရီးယားပြည်နယ်ရှိ ကုမ္ပဏီတစ်ခုအပြစ်ပေးခံရခြင်း

ဩစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက Ozone Protection and Synthetic Greenhouse Gas Management Act 1989 ကို ချိုးဖောက်သည့်အတွက် ဇစ်တိုးရီးယားပြည်နယ်ရှိ ကုမ္ပဏီတစ်ခုအား ချိုးဖောက်မှုသတိပေးချက် ထုတ်ပြန်ထားကြောင်း ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါ ကုမ္ပဏီသည် သွင်းကုန် လိုင်စင်မပါဘဲ ဖန်လုံအိမ်ဓါတ်ငွေ့ပါရှိသော ကိရိယာများကိုတင်သွင်းခြင်းဖြင့်လိုင်စင်လိုအပ်ချက် ချိုးဖောက်ခြင်းအတွက် ဩစတြေးလျဒေါ်လာ ၁၃,၃၂၀ ချိုးဖောက်မှု သတိပေးချက်တစ်ခုကို ထုတ်ပြန်ခံရခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရာတွင် ဖန်လုံအိမ်ဓါတ်ငွေ့ အာနိသင် hydro fluorocarbon R410a ပါရှိသော ပြည်တွင်းရေအပူပေးစနစ်များတွင် ရေပူအတွက်အသုံးပြုသည့် အပူစုပ်စက်များ တင်သွင်းခဲ့ကြောင်းနှင့် လိုအပ်သောသွင်းကုန်လိုင်စင်မပါဘဲ ယင်းဓါတ်ငွေ့များပါသည့်ကိရိယာများ တင်သွင်းခြင်းမှာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိရခြင်းဖြစ်ပါသည်။

အိုဇုန်းလွှာနှင့် ရာသီဥတုစနစ်ကို ကာကွယ်ရန်အတွက် သွင်းကုန်လိုင်စင် လိုအပ်ချက်များသည် ဩစတြေးလျနိုင်ငံ၏ ဥပဒေများအောက်တွင် ရှိနေပါသည်။ တင်သွင်းသူများသည် အဆိုပါပစ္စည်းများကို နိုင်ငံအတွင်းသို့ မတင်သွင်းမီ တင်သွင်းခွင့်လိုင်စင်ရယူထားရန် နှိုးဆော်ထားပြီး၊ မှန်ကန်သော လိုင်စင်မရှိပါက ငွေကုန်ကြေးကျ ပိုမိုများပြားမည်ဖြစ်ပါသည်။ ဥပဒေကိုချိုးဖောက်ခြင်းအတွက် အရပ်ဖက်ပြစ်ဒဏ် ဩစတြေးလျဒေါ်လာ ၂.၂၂ သန်းအထိ ချမှတ်နိုင်ကြောင်း သိရှိရပါသည်။

Source: www.awe.gov.au

.................................................................................

### (ဂ) မက္ကဆီကိုနိုင်ငံသို့ စားသုံးနိုင်သော အမဲဆီတင်ပို့နိုင်မည့် အခွင့်အရေးသစ်များ ရရှိခြင်း

ဩစတြေးလျနိုင်ငံမှ မက္ကဆီကိုနိုင်ငံသို့ ပထမဆုံးတင်ပို့လိုက်သော စားသုံးနိုင်သည့် အမဲဆီများသည် လာမည့်အပတ်များအတွင်း မက္ကဆီကိုနိုင်ငံသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း Austrade သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဤဈေးကွက်အသစ် အခွင့်အလမ်းသည် အစိုးရနှင့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၏ ရေရှည်လုပ်ဆောင်မှု ရလဒ်တစ်ခုဖြစ်ကြောင်းနှင့် ကုန်သွယ်မှုစတင်နိုင်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် ကူးသန်းရောင်းဝယ်ရေးအစီအစဉ်များကို အတူတကွဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

CPTPP အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဩစတြေးလျသည် မက္ကဆီကိုနိုင်ငံသို့ အမဲဆီများ HS 1502 များတင်ပို့ရာတွင် သဘောတူစာချုပ်အရ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ထားပြီး၊ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်မရှိပါက ပုံမှန်အကောက်ခွန်နှုန်းဖြစ်သည့် ၁၀ % ပေးဆောင်ရမည်ဖြစ်ပါသည်။

အမဲဆီကို ဟင်းပွဲများစွာတွင် အသုံးပြုလျက်ရှိပြီး၊ ကြော်လှော်ခြင်းနှင့် မုန့်ဖုတ်ရာတွင် ရောစပ်သည့်ဆီအဖြစ် အသုံးပြုခြင်းတို့ဖြင့် မကြာသေးမီက ရေပန်းစားလာခြင်းဖြစ်ပါသည်။ မက္ကဆီကိုနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် အမဲဆီဒေါ်လာသန်း ၂၀၀ ဖိုးတင်သွင်းခဲ့ပြီး၊ အားလုံးကို အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဩစတြေးလျ အမဲဆီတင်ပို့သူများသည် ပို့ကုန်ရွေးချယ်ခွင့်များ ပိုမိုရရှိနေပြီဖြစ်ပါသည်။

အမဲသားထုတ်လုပ်မှု နည်းပါးခြင်းကြောင့် ဩစတြေးလျနိုင်ငံ၏ ထောက်ပံ့မှုပိုင်းတွင် အကြပ်အတည်းများနှင့် ကြုံတွေ့ရလျက်ရှိပါသည်။ The Australian Bureau of Agricultural and Resource Economics and Sciences (ABARES) က ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အမဲသား ထုတ်လုပ်မှုတိုးတက်လာမည်ဟုခန့်မှန်းထားရာ အမဲဆီထောက်ပံ့မှုကို တိုးတက်စေနိုင်မည်ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံသည် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အမဲဆီ ဩစတြေးလျဒေါ်လာ ၁၀.၈ သန်းဖိုးတင်ပို့ခဲ့ပြီး၊ ကိုရီးယားနိုင်ငံသို့ ၆၉%၊ နယူးဇီလန်သို့ ၁၀% နှင့် ထိုင်ဝမ်သို့ ၇% အသီးသီး တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: Austrade

…………………………………………………………………

### (ဃ) ဩစတြေးလျဝိုင်အပေါ် တရုတ်၏ တန်ပြန်စုပုံတင်သွင်းခွန်ကောက်ခံမှုကို စစ်ဆေးရန် WTO က သဘောတူလိုက်ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့အကြား နိုင်ငံရေးနှင့် စီးပွားရေးတင်းမာမှုများ ဖြစ်ပွားနေချိန်အတွင်း ဩစတြေးလျက တင်သွင်းသော ဝိုင်များအပေါ် တရုတ်နိုင်ငံက တန်ပြန်စုပုံတင်သွင်းခွန်များကောက်ခံမှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ဩစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံတင်သွင်းခွန် ၂၂၀% ကောက်ခံမှုသည် ဩစတြေးလျ ဝိုင်ထုတ်လုပ်မှုကဏ္ဍကို ဆိုးရွားစွာထိခိုက်နစ်နာစေမှုဖြင့် ယခုနှစ်အစောပိုင်းတွင် ဩစတြေးလျက နိုင်ငံတကာ ကုန်သွယ်မှုအဖွဲ့အစည်းဖြစ်သည့် WTO တွင် အရေးဆိုခဲ့ခြင်းဖြစ်ပါသည်။

စက်တင်ဘာလတွင် ဩစတြေးလျနိုင်ငံ၏ ပထမဆုံးအရေးဆိုကြိုးပမ်းမှုကို တရုတ်နိုင်ငံကပိတ်ဆို့ခဲ့ပြီးနောက် ယခုဩစတြေးလျ၏ ဒုတိယအကြိမ်တောင်းဆိုမှုကို WTO အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကစစ်ဆေးရန်သဘောတူခဲ့၍ ၂၆-၁၀-၂၀၂၁ ရက်နေ့က တံခါးပိတ်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။ ယခုတောင်းဆိုမှုသည် ဩစတြေးလျသည် တစ်နှစ်အတွင်း WTO တွင် သုံးကြိမ်မြောက်အရေးဆိုခြင်းဖြစ်ပြီး၊ စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်သည့် မုယောစပါးအပေါ် တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှ စတင်ကာ တန်ပြန်စုပုံတင်သွင်းခွန် ကောက်ခံမှုကြောင့် WTO တွင် အရေးဆိုခဲ့ပြီးဖြစ်ပါသည်။

တရုတ်နိုင်ငံပိုင် အကြီးစားဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် Hauwei ၏ 5G Wireless Network ကိုဩစတြေးလျက ၂၀၁၈ ခုနှစ်တွင် ပိတ်ပင်တားဆီးလိုက်သည့် နောက်ပိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှုများ စတင်ဖြစ်ပွားလာပြီး၊ ကိုဗစ်ကူးစက်ရောဂါဖြစ်ပွားမှုရင်းမြစ် စုံစမ်းစစ်ဆေးရန် ဩစတြေးလျကတောင်းဆိုလိုက်သည့် အချိန်မှစတင်၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဆိုးရွားလာခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံက ဩစတြေးလျမုယောစပါးနှင့်ဝိုင်တို့အပေါ် တန်ပြန်စုပုံတင်သွင်းခွန် ကောက်ခံခြင်းနှင့် အမဲသား၊ ကျောက်မီးသွေးနှင့် စပျစ်သီးတင်သွင်းမှုများကို ကန့်သတ်မှုများ ပြုလုပ်၍ တုံ့ပြန်ခဲ့ခြင်းဖြစ်ပါသည်။

မတ်လက တရုတ်နိုင်ငံသည ဩစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံတင်သွင်းခွန်ကို (၅) နှစ်ကြာ စည်းကြပ်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်ရာ ဩစတြေးလျ ဝိုင်ထုတ်လုပ်မှုကဏ္ဍအတွက် အကျိုးအမြတ်အများဆုံး ကုန်သွယ်မှုမှာ အဆုံးသတ်ခဲ့ရပါသည်။ ဩစတြေးလျဝိုင်ထုတ်လုပ်သူများက ထုတ်လုပ်မှုကုန်ကျစရိတ်အောက် နှုန်းထားဖြင့် ရောင်းချခြင်းဖြစ်ပြီး၊ ဝိုင်ထုတ်လုပ်မှုကဏ္ဍကို ထောက်ပံ့မှုများ ပြုလုပ်ထားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ၎င်း၏ဆုံးဖြတ်ချက်ကို ကာကွယ်ခုခံ ပြောဆိုထားပါသည်။ အဆိုပါ အကောက်ခွန်နှုန်းများ စည်းကြပ်သည့် ယမန်နှစ်နိုဝင်ဘာမှစတင်၍ တရုတ်နိုင်ငံသို့ ဝိုင်တင်ပို့မှု သိသာစွာကျဆင်းခဲ့ပါသည်။ ယခုနှစ် ဇွန်လအထိ (၆) လတာ ကာလအတွင်း တရုတ်နိုင်ငံသို့ ဝိုင်တင်ပို့မှုမှာ ဒေါ်လာ ၁၃ သန်းဖိုးသာရှိပြီး၊ ယမန်နှစ် အလားတူကာလက ဒေါ်လာ သန်း ၄၉၀ တင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါသည်။

WTO ကထုတ်ပြန်သည့်အစည်းအဝေးအကျဉ်းချုပ်အရ တရုတ်နိုင်ငံသည် ဩစတြေးလျ၏စိုးရိမ်ပူပန်မှုများကို တုံ့ပြန်ရန်အတွက် တိကျသော ခြေလှမ်းများ မလုပ်ဆောင်နိုင်ခဲ့သည့်အတွက် စိတ်ပျက်ရကြောင်းကို ဩစတြေးလျကိုယ်စားလှယ်က ပြောကြားထားကြောင်း သိရှိရပါသည်။ ဩစတြေးလျသည်ကုန်သွယ်မှုဆိုင်ရာတင်းမာမှုများကိုတရုတ်နိုင်ငံနှင့် နှစ်နိုင်ငံဖြေရှင်းနိုင်ရန် ယနေ့အထိ ဖွင့်ထားပေးဆဲဖြစ်ပါသည်။

အငြင်းပွားမှုနှင့်ပတ်သက်၍ ဩစတြေးလျကခုံရုံးဖြင့် ဖြေရှင်းရန်ထပ်မံတောင်းဆိုခဲ့သော ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ဝမ်းနည်းရပါကြောင်း တရုတ်ကိုယ်စားလှယ်ကကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ယခုတရားစွဲဆိုမှုတွင် တရုတ်နိုင်ငံ၏ တရားဝင်ဖြစ်မှု ဆောင်ရွက်ချက်များကို ပြင်းပြင်းထန်ထန် ခုခံကာကွယ်သွားမည်ဖြစ်ပြီး၊ ယင်းစိန်ခေါ်သည့် အစီအမံများသည် သက်ဆိုင်ရာ WTO စည်းမျဉ်းများနှင့် ကိုက်ညီသည်ဟု ယုံကြည်ချက်ရှိပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

ပုံမှန်အားဖြင့်WTO ခုံရုံးများသည် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများအတွက် စီရင်ချက်တစ်ခုကို မပြင်ဆင်မီ (၆) လအကြာ စဉ်းစားချင့်ချိန်လေ့ရှိပြီး၊ အဖွဲ့ဝင်နိုင်ငံများသည် ထွက်ပေါ်လာသော ရလဒ်နှင့်စပ်လျဉ်း၍ အယူခံဝင်နိုင်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

………………………………………………………………

## (င) တရုတ်နှင့် ဩစတြေးလျကုန်သွယ်မှုမှ အမေရိကန် အကျိုးအမြတ်ရယူလျက်ရှိခြင်း

ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည် ကုန်သွယ်ရေး တင်းမာမှုများကြောင့် ဩစတြေးလျပို့ကုန်များ တရုတ်ဈေးကွက်သို့ ဝင်ရောက်မှုမှ ပိတ်ပင်ကန့်သတ်ထားခံရသည့်အခြေအနေတွင် အမေရိကန်ပို့ကုန်များက တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရလျက်ရှိကြောင်းသိရှိရပါသည်။ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း အမေရိကန်မှ တရုတ်နိုင်ငံသို့ အမဲသားတင်ပို့မှု မှာ ၂၀၂၀ ပြည့်နှစ်တစ်နှစ်စာထက် ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံသည် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ အမဲသားအမေရိကန်ဒေါ်လာ သန်း ၂၄၀ ဖိုးတင်ပို့ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၅ သန်းဖိုးသာ တင်ပို့နိုင်ခဲ့ပါသည်။ ဩစတြေးလျသည် ယမန်နှစ်က တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ တန်ဖိုးတင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင်တစ်လလျှင်ပျမ်းမျှအားဖြင့်အမေရိကန်ဒေါ်လာ ၇၀.၅ သန်းဖိုးကို တင်ပို့လျက်ရှိပါသည်။

ယမန်နှစ်မှစတင်၍ တရုတ်သည် ဩစတြေးလျထုတ်လုပ်သူများ တင်သွင်းသော မုယောစပါး၊ ဝိုင်၊ ပုစွန်တုပ်၊သစ်စသည့် ကုန်စည်များအပေါ် ပိတ်ပင်ကန့်သတ်မှုများ ပြုလုပ်လျက်ရှိရာ ယခုကဲ့သို့ အမေရိကန်က ဩစတြေးလျအစား တရုတ်ဈေးကွက်သို့ ဝင်ရောက်လာမှုက ဩစတြေးလျအမဲသားတင်ပို့သူများအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေပါသည်။ တရုတ်ဈေးကွက်က ဖန်တီးလိုက်သော ဩစတြေးလျကုန်စည်အပေါ် ကန့်သတ်မှုများက အမေရိကန်ထုတ်လုပ်သူများအတွက် အကျိုးအမြတ်ရရှိသွားခြင်း ဖြစ်ပါသည်။

ဩစတြေးလျအစားအသောက်ထုတ်လုပ်မှုနှင့် တင်ပို့မှုသည် နှစ်ရှည်များစွာ တရုတ်နိုင်ငံအပေါ် မှီခိုနေခဲ့ခြင်းကြောင့် တရုတ်နိုင်ငံဈေးကွက်၏ အကန့်အသတ်များ ဖြစ်ပေါ်လာချိန်တွင် အခြားဈေးကွက်သစ်များရှာဖွေ၍ ပြောင်းလဲတင်ပို့ခြင်းက ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအတွက် လက်တလောခက်ခဲမှုများ ရှိစေသော်လည်း ဩစတြေးလျနိုင်ငံ၏ ရေရှည်ကုန်သွယ်မှုအတွက် ကောင်းမွန်သော လက္ခဏာများဖြစ်ကြောင်း သိရှိရပါသည်။

Source: www.news.com.au

……………………………………………………………………

## (စ) ကုန်သွယ်ရေး အငြင်းပွားမှုများကြားက တရုတ်သို့ ဩစတြေးလျပို့ကုန် တင်ပို့မှု မြင့်တက်လျက်ရှိခြင်း

တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် ကုန်သွယ်ရေး အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသော်လည်း ယခုနှစ်အတွင်း ကုန်စည်ဝယ်ယူမှု ပိုပိုများပြားလာကြောင်း သိရှိရပါသည်။ ဩစတြေးလျမှ တရုတ်နိုင်ငံသို့ တင်ပို့မှုတန်ဖိုးသည် ယခင်နှစ်ထက် ၂၄ % မြင့်တက်ခဲ့ပြီး၊ ဩစတြေးလျဒေါ်လာ ၁၈၀ ဘီလီယံကျော်အထိရောက်ရှိခဲ့ကြောင်းသုတေသနကုမ္ပဏီဖြစ်သည့် Oxford Economics ထုတ်ပြန်ချက်အရ သိရှိရပါသည်။ လစဉ်အချက်အလက်များအရ တရုတ်နိုင်ငံသို့ ကုန်စည်စီးဆင်းမှုသည် ဇူလိုင်လတွင် ဩစတြေးလျဒေါ်လာ ၁၉.၄ ဘီလီယံ အထိ စံချိန်တင် ရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၂% တိုးလာကြောင်း သိရှိရပါသည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုကို တရုတ်နိုင်ငံ၏ ကိုင်တွယ်ဖြေရှင်းမှုနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုမှုတစ်ခုကို ဩစတြေးလျက ထောက်ခံခဲ့သည့်နောက်ပိုင်း တရုတ်နှင့် ဆက်ဆံရေး သိသာစွာ ယိုယွင်းခဲ့ရပါသည်။ အဆိုပါတင်းမာမှုများမှစတင်၍ ဩစတြေးလျ ကုန်စည်များအပေါ်တရုတ်၏ အရေးယူပိတ်ဆို့မှုများဖြစ်ပွားလာပြီး၊ဝိုင်၊ မုယောစပါး၊ အမဲသား၊ ချည်နှင့် ကျောက်မီးသွေးတို့အပါအဝင် ဩစတြေးလျကုန်စည်များမှာ တန်ပြန်စုပုံတင်သွင်းခွန်များစည်းကြပ်ခံရခြင်းနှင့်ပိတ်ပင်တားဆီးကန့်သတ်ခြင်းများခံရလျက်ရှိပါသည်။ သံတမန်ဆက်ဆံရေးယိုယွင်းလာသည်နှင့်အမျှ ကုန်သွယ်ရေးတင်းမာမှုများ ပိုမိုဖြစ်ပွားလာခြင်းဖြစ်ပါသည်။

သို့သော်တရုတ်နိုင်ငံသို့ ဩစတြေးလျပို့ကုန်တင်ပို့မှုမှာထူးခြားစွာကောင်းမွန်လျက်ရှိပြီး၊ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေပြနေခြင်းက ဩစတြေးလျနိုင်ငံ၏ ကုန်သွယ်မှုအားသာချက်ကိုဖြစ်ပေါ်စေပါသည်။ တင်ပို့ကုန်စည်များအနက် ကျောက်မီး

သွေးတင်ပို့မှုမှာ မြင့်တက်လာပါသည်။ တရုတ်နိုင်ငံရှိ သံမဏိထုတ်လုပ်မှုကဏ္ဍ၏ ကုန်ကြမ်း အနေဖြင့် ဩစတြေးလျကျောက်မီးသွေးဝယ်လိုအားက မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

Source: www.cnbc.com

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

............................................................................................................................

## ဘယ်လ်ဂျီယံနိုင်ငံ၏စီးပွားရေးဆိုင်ရာသတင်းများ

**(က) ဘယ်လ်ဂျီယံ၏ ပျားရည်ထုတ်လုပ်မှုလျော့ကျခဲ့ပြီး ပျားမွေးမြူသူများအတွက် ခက်ခဲသော နှစ်တစ်နှစ် ဖြစ်ခဲ့ခြင်း**

၂၀၂၁ ခုနှစ်သည် ဘယ်လ်ဂျီယံနိုင်ငံရှိ ပျားမွေးမြူသူများအတွက် ခက်ခဲသောနှစ်တစ်နှစ် အဖြစ် ကြုံတွေ့ခဲ့ရပြီး၊ ပန်းပွင့်ရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျားရည် ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် (၅၀) ရာခိုင်နှုန်းမှ (၆၀) ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ ကြောင်း သိရပါသည်။

နွေရာသီပန်းပွင့်ချိန်ကာလအတွင်း နေ့စဉ်နီးပါး မိုးရွာသွန်းခဲ့ကြောင်း၊ နွေဦးရာသီတွင် လည်း မိုးသည်းထန်မှုများကြောင့် ပျားကောင်များ ဝတ်ရည်စုပ်ယူခွင့်မရရှိခဲ့သဖြင့် ပျားရည် အထွက်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ နွေရာသီ၏ ပျားရည်ထုတ်လုပ်မှုကျဆင်းခဲ့သည့်အပေါ် ဆောင်းဦးရာသီ ထုတ်လုပ်မှုက ကုစားပေးနိုင်ခြင်းမရှိကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံရှိ ပျားမွေးမြူထုတ်လုပ် သည့်လုပ်ငန်းရှင် Jef Torfs ၏ အဆိုအရ ယခုနှစ်ရာသီတွင် ၎င်း၏ ပျားပုံးတစ်ခုလျှင် ပျားရည် (၂၅) ကီလိုဂရမ်ခန့်သာ ထွက်ရှိခဲ့ပြီး၊ ယခင်အထွက်နှုန်း (၄၀) ကီလိုဂရမ်၊ အမြင့်ဆုံး ထွက်ရှိသည့် နှစ်တွင် (၆၅) ကီလိုဂရမ်တို့နှင့် နှိုင်းယှဉ်လျှင်အထွက်များစွာ ကျဆင်းခဲ့သည် ဟု သိရပါသည်။

ပျားရည်အထွက်ကျဆင်းမှုအပြင် ပျားမွေးမြူသူများအနေဖြင့် ကုန်ကျစရိတ်မြင့်တက်မှုကို လည်း ရင်ဆိုင်ရကြောင်း၊ ဆောင်းရာသီ၌ ပျားများအတွက် အစာမရရှိနိုင်သဖြင့် ၎င်းတို့ရှင်သန် နိုင်ရေးအတွက် သကြားဖျော်ရည် (sugar water) များအား တိုက်ကျွေးရကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ ပျားမွေးမြူသူများနည်းတူ ပြင်သစ်နိုင်ငံ၏ ပျားမွေးမြူရေးလုပ်ငန်း သည်လည်းအခက်အခဲများကြုံတွေ့ရကြောင်း၊ ပြင်သစ်နိုင်ငံ အမျိုးသားပျားမွေးမြူသူများအသင်း

(France’s National Beekeepers’ Association–UNAF) ၏ ခန့်မှန်းချက်အရ ယခုနှစ်ရာသီတွင် ယခင်နှစ်ထွက်ရှိမှု၏ သုံးပုံတစ်ပုံခန့်ပမာဏဖြစ်သည့် ပျားရည်တန်ချိန် (၉၀၀၀) ခန့်သာ ထွက်ရှိနိုင်မည်ကြောင်း၊ ယခုနှစ်အား ကပ်ဘေးကျရောက်သည့် နှစ်အဖြစ် အသိအမှတ်ပြု၍ ပျားမွေးမြူရေး လုပ်ငန်းရှင်များအား ထောက်ပံ့မှုပေးရန် ပြင်သစ်နိုင်ငံအစိုးရထံသို့ တောင်းဆိုလျက်ရှိကြောင်းသိရပါသည်။

ထိုသို့ ပျားရည်ထုတ်လုပ်မှုကဏ္ဍ၌ အကျပ်အတည်းကြုံတွေ့လျက်ရှိခြင်းသည် ကပ်ရောဂါကာလအတွင်း ဝယ်လိုအားတိုးတက်လာသည့် ပျားရည်ကဏ္ဍဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ပျားရည်ကီလိုဂရမ် (၃.၂) သန်း ရောင်းချခဲ့ရပြီး၊ ပျားရည်စားသုံးမှု (၁၇) ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ၊ MELI ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ Koen Steurbaut က ပြောကြားခဲ့ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ ပျားမွေးမြူသူအရေအတွက် (၈၀၀၀) မှ (၁၀၀၀၀) အထိ ရှိပြီး၊ ပျားပုံးအရေအတွက်မှာ (၅၀၀၀၀) မှ (၆၀၀၀၀) အကြားရှိနိုင်ကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင် Jef Torfs က ဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ ပျားရည်ထုတ်လုပ်နိုင်မှုသည် ဝယ်လိုအားကို ပြည့်မီရန် လုံလောက်မှုမရှိသဖြင့် ပျားရည်ကို တောင်အမေရိကနိုင်ငံများ၊ ဥရောပတောင်ပိုင်းနိုင်ငံများနှင့် ယူကရိန်းနိုင်ငံတို့မှ တင်သွင်းရခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/

……………………………………………

## (ခ) ဥရောပ၌ ကုန်တင်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးလေဆိပ်အဖြစ် ရပ်တည်ခဲ့သည့် ဘရပ်ဆဲလ် လေဆိပ်

ဘယ်လ်ဂျီယံနိုင်ငံရှိ ဘရပ်ဆဲလ်လေဆိပ်သည် ၂၀၂၁ ခုနှစ်တွင် ဥရောပ၏ ကုန်တင်လုပ်ငန်း ဆိုင်ရာအကောင်းဆုံးလေဆိပ်အဖြစ် အမည်စာရင်းဝင်ခဲ့ကြောင်း သိရပါသည်။ ထောက်ပံ့သယ်ယူ ပို့ဆောင်ရေးကဏ္ဍတွင် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် လေဆိပ်များ၊ ပင်လယ်ဆိပ်ကမ်းများ နှင့်အခြားထောက်ပံ့သယ်ယူရေးလုပ်ငန်းများအတွက် Asian Freight, Logistics and Supply Chain (AFLAS) ဆုကို Asia Cargo News မှ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ယခုနှစ်အတွက် ဘရပ်ဆဲလ်လေဆိပ်က ဥရောပ၏အကောင်းဆုံးလေဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် လေကြောင်းလိုင်း၊ သင်္ဘောလိုင်းနှင့် ကုန်စည်ပို့ဆောင်သူများအတွက် ကုန်တင်လုပ်ငန်းပိုင်း ပိုမိုတိုးတက်လာစေရန် ဝန်ဆောင်မှု

များ၊ အထောက်အကူပြုပစ္စည်းများနှင့် ပြည်တွင်းရှိကုန်တင်လုပ်ငန်း အသိုက်အဝန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်း ကာလအတွင်း ကာကွယ်ဆေးများကို ပထမဆုံးသယ်ယူပို့ဆောင်သည့် လေဆိပ်အဖြစ် ဂုဏ်ယူစွာ ဆောင်ရွက်ခဲ့ကြောင်း၊ ဘရပ်ဆဲလ်လေဆိပ်၏ ကုန်တင်လုပ်ငန်းများလည်ပတ်မှုသည် တိုးတက်လျက်ရှိပြီး၊ ဒစ်ဂျစ်တယ်နည်း၊ ဆန်းသစ်တီထွင်မှုတို့ဖြင့် ကုန်တင်ဇုန်လည်ပတ်မှုများကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရပ်ဆဲလ်လေဆိပ်၏ Cargo & Logistics ဒါရိုက်တာဖြစ်သူ Geert Aerts က ပြောကြားခဲ့သည်ဟု သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်သည် ဥရောပ၏ အကောင်းဆုံးလေဆိပ်ဆုအား နယ်သာလန်နိုင်ငံ၏ Schiphol လေဆိပ်၊ ဂျာမနီနိုင်ငံ၏ Frankfurt လေဆိပ်နှင့် ပြင်သစ်နိုင်ငံ၏ Paris-Charles de Gaulle (Paris CDG) လေဆိပ်တို့ကို ကျော်ဖြတ်၍ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ World Travel Awards မှ ပေးအပ်သည့် ဥရောပ၏ထိပ်တန်း လေကြောင်းလိုင်းနားနေခန်း (Europe's Leading Airline Lounge 2021) ဆုကိုလည်း ဘရပ်ဆဲလ်လေဆိပ်၏ THE LOFT lounge မှ ရရှိခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/

…………………………………………………………..

## (ဂ) အီးယူ၏ Farm to Fork Strategy တွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်နှင့် တိရစ္ဆာန်သက်သာချောင်ချိရေးတို့ကို ဥရောပပါလီမန်က အလေးထား

ဥရောပပါလီမန်သည် အီးယူ၏ စိုက်ခင်းမှသည်စားပွဲဆီသို့ မဟာဗျူဟာ (Farm to Fork Strategy) ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၀-၁၀-၂၀၂၁ ရက်စွဲဖြင့် ချမှတ်ခဲ့ပြီး၊ ယင်းတွင် သင့်တင့် မျှတ၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် စားသောက်ကုန် စနစ်တစ်ရပ်ကို ပါလီမန်က တောင်းဆိုထားကြောင်း သိရပါသည်။

ဥရောပပါလီမန်သည် အီးယူ၏ Farm to Fork Strategy ကို ကြိုဆိုခဲ့သည့်နည်းတူ ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲများ၊ လေထုညစ်ညမ်းမှုမရှိစေရေး (zero pollution)၊ ပြည်သူ့ကျန်းမာရေး စသည်တို့အပါအဝင် European Green Deal ၏ ရည်မှန်းချက်များ ရရှိစေရေးအတွက် ရေရှည်တည်တံ့၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ထုတ်လုပ်မှု၏ အရေးပါမှုကိုလည်း အလေးပေးဖော်ပြထားကြောင်း သိရပါသည်။

ဥရောပပြည်သူအများစု၏ အစားအသောက်များသည် ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးမှု အကြံပြုချက်များနှင့် ကိုက်ညီခြင်းမရှိကြောင်း၊ ထို့ကြောင့် စားသောက်ကုန်၏ မျက်နှာစာတွင်

မဖြစ်မနေဖော်ပြရမည့် အာဟာရဆိုင်ရာဖော်ပြချက် (EU front-of-pack nutritional label) အပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များအတွက် သိပ္ပံနည်းအခြေပြု အကြံပြုချက်များကိုလည်း ပါလီမန်၏ဆုံးဖြတ်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သက်သက်လွတ် စားသောက်ကုန်များအတွက် တံဆိပ်ကပ်ဖော်ပြမှု (labeling) ကိုလည်း မြန်ဆန်စွာဆောင်ရွက်ရန် တောင်းဆိုထားကြောင်း သိရပါသည်။

လတ်ဆတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ နှံစားသီးနှံများ၊ ပဲအမျိုးမျိုး စသည့် ဒေသတွင်း၌ ရေရှည်တည်တံ့မှုနည်းဖြင့် စိုက်ပျိုးထုတ်လုပ်သော အပင်နှင့်အပင်အခြေပြု စားသောက်ကုန်များအားစားသုံးမှု မြင့်တင်ခြင်းအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်နေထိုင်မှု ပုံစံဆီသို့ လူဦးရေတစ်ရပ်လုံး ကူးပြောင်းရန် လိုအပ်ကြောင်း၊ ထို့အပြင် အသား၊ ပြုပြင်ထုတ်လုပ် ထားသောထုတ်ကုန်များ၊ သကြား၊ ဆားနှင့် အဆီမြင့်မားစွာပါဝင်သော ထုတ်ကုန်များအား အလွန် အကျွံစားသုံးခြင်းကို ဖြေရှင်းရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်သက်သာချောင်ချိရေးတို့ကို ကောင်းကျိုးရရှိစေနိုင်ပြီး ပို၍ကြံ့ကြံ့ခံနိုင်သော စီးပွားရေးပုံစံကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဟု ဆိုသည်။

ဥရောပပါလီမန်၏ ယင်းဆုံးဖြတ်ချက်တွင် ဇီဝလောင်စာအခြေပြု ပြန်ပြည့်မြဲစွမ်းအင်အတွက် တင်းကျပ်သော စံနှုန်းများအပါအဝင် ပိုးသတ်ဆေးအသုံးပြုမှုလျှော့ချရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်မြေအသုံးပြုမှုများမှ ဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေး ရည်မှန်းချက်များကိုလည်း တောင်းဆိုထားကြောင်း သိရပါသည်။

တိရစ္ဆာန်သက်သာချောင်ချိရေးဆိုင်ရာ တည်ဆဲဥပဒေများ အကောင်အထည်ဖော်ရာတွင် အီးယူအဖွဲ့ဝင်နိုင်ငံများက လေးစားလိုက်နာမှုရှိစေရေးနှင့် လိုအပ်ပါက အဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေဆိုင်ရာကွာဟချက်များလျှော့ချရန်နှင့် တိရစ္ဆာန်သက်သာချောင်ချိမှုဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများချမှတ်ရန် အရေးကြီးကြောင်း ပါလီမန်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားပါသည်။

တိရစ္ဆာန်သက်သာချောင်ချိမှုဆိုင်ရာ စံချိန်စံညွှန်းများကို Non-EU နိုင်ငံများက လေးစားလိုက်နာမှု ရှိစေရေး ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ အထူးသဖြင့် တိရစ္ဆာန်ထုတ်ကုန်များ တင်သွင်းရာတွင် ယင်းအချက်သည် အရေးကြီးကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာ၌ အကာအကွယ်ပေးမှုဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာ အကောင် အထည်ဖော်ရန်လည်းလိုအပ်ကြောင်း၊ တိရစ္ဆာန်များကို အီးယူပြင်ပသို့ သယ်ယူပို့ဆောင်ရာတွင်လည်း အီးယူ၏ တိရစ္ဆာန်သက်သာချောင်ချိမှုဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်းသိရပါသည်။

အီးယူ၌တိရစ္ဆာန်များကိုမွေးမြူရာတွင် လှောင်အိမ်များအသုံးပြုမှုကို တစ်ဆင့်ချင်းဖယ်ရှားနိုင်ရေး legislative proposal တစ်ရပ်ကို တင်သွင်းရန် ဥရောပကော်မရှင်သို့ ထပ်မံတောင်းဆိုထားကြောင်း၊ တိရစ္ဆာန်သက်သာချောင်ချိရေးဆိုင်ရာ အသင်းအဖွဲ့များ၏အဆိုအရ ဥရောပ၌ နှစ်စဉ် မွေးမြူရေး တိရစ္ဆာန်အရေအတွက် သန်း (၃၀၀) ကျော်သည် ၎င်းတို့၏ နေထိုင်ရှင်သန်မှုကာလ အားလုံး (သို့မဟုတ်) အများအပြားကို လှောင်အိမ်များအတွင်း၌သာ ကုန်ဆုံးကြရကြောင်း၊ ယင်းကြောင့် တိရစ္ဆာန်များသည် ဒုက္ခကြီးစွာခံစားရပြီး၊ ရောဂါကူးစက်ပြန့်ပွားမှုကို ဖြစ်စေနိုင်ကြောင်း၊ ထိုသို့မွေးမြူသည့်အလေ့အထမှ ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် သက်သာ ချောင်ချိရေးဆိုင်ရာ စံချိန်စံညွှန်းများမြင့်မားရေးကို မြှင့်တင်ပေးနိုင်မည့် အလားအလာရှိပြီး၊ ရောဂါ ကူးစက်မှုများကိုလည်း သိသာစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/

……………………………………………………………………

## (ဃ) နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် မွေးမြူရေး ကြက်/ဘဲများအား ထိန်းချုပ်ထားရှိရန် ညွှန်ကြားချက်ထုတ်ပြန်

နယ်သာလန်နိုင်ငံ၊ Flevoland ပြည်နယ်ရှိ အော်ဂဲနစ် ကြက်မွေးမြူရေးခြံတစ်ခု၌ ကူးစက်မြန် ကြက်ငှက်တုပ်ကွေးမျိုးကွဲတစ်မျိုး ကူးစက်ပြန့်ပွားမှုကြောင့် နယ်သာလန်ရှိ ကြက်/ဘဲ မွေးမြူသူများအနေဖြင့် ၎င်းတို့၏ ကြက်/ငှက်/ဘဲများကို ခြံအတွင်း၌သာ ထိန်းချုပ်ထားရှိရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရန်အတွက် Zeewolde ကြက်မွေးမြူရေးခြံမှ ကြက်ကောင်ရေ (၃၆၀၀၀) ခန့်အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံ မြောက်ပိုင်းဒေသ၌ တောရိုင်းငှက်များသေဆုံးမှု အရေအတွက်မြင့်တက်လာခြင်းနှင့် ဂျာမနီနိုင်ငံတွင်လည်း ငှက်များသေဆုံးမှုရှိနေခြင်းတို့ကြောင့် မွေးမြူသည့် ကြက်/ငှက်/ဘဲများကို ခြံအတွင်း၌သာ ထိန်းချုပ်ထားရှိရန် ညွှန်ကြားချက်အား နယ်သာလန်နိုင်ငံ အိမ်စောင့်အစိုးရ၏ စိုက်ပျိုးရေးဝန်ကြီး ဖြစ်သူ Carola Schouten က ချက်ချင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသည့် ကြက်ခြံနှင့် သုံးကီလိုမီတာအကွာအဝေးတွင် အခြားကြက်ခြံ (၆) ခုလည်းရှိနေသဖြင့် အဆိုပါကြက်ခြံများမှ ကြက်များအား ကြက်ငှက်

တုပ်ကွေး ရောဂါစစ်ဆေးလျက်ရှိကြောင်းနှင့် ၎င်းခြံများရှိ ကြက်များ၊ ကြက်ဥများ၊ တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများ နှင့် အစာများ သယ်ယူပို့ဆောင်မှုကို ပိတ်ပင်ထားကြောင်း သိရပါသည်။

မွေးမြူရေး ကြက်/ဘဲများအား ခြံအတွင်း၌သာ ထိန်းချုပ်ထားရှိစေခြင်းဖြင့် တောရိုင်းငှက်များမှတစ်ဆင့် အဆိုပါကြက်ငှက်တုပ်ကွေးရောဂါသည် အခြားကြက်ခြံများသို့ ကူးစက်နိုင်ခြင်းမရှိစေရန် နယ်သာလန်အစိုးရတာဝန်ရှိသူများက မျှော်လင့်ထားကြောင်း၊ တိရစ္ဆာန်ရုံများနှင့် ဝါသနာအရ ငှက်မွေးမြူသူများအနေဖြင့်လည်း ၎င်းတို့၏ငှက်များအား တောရိုင်းငှက်များ/ငှက်ချေးများ စသည် တို့နှင့် ထိတွေ့မှုမရှိစေရေး ထိန်းသိမ်းထားရှိရန်လိုအပ်ကြောင်းလည်း သိရပါသည်။

ရင်းမြစ် – https://www.dutchnews.nl/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

..................................................................................................................

## ဂျပန်နိုင်ငံစီးပွားရေးဆိုင်ရာသတင်းများ

### (က) ပစိဖိတ်ရပ်ဝန်းဒေသ၏ စီးပွားရေးအကျိုးအမြတ်ကို ပုံဖော်ရာတွင် လမ်းဆုံအနေအထား၌ရောက်ရှိနေသည့် ဂျပန်နိုင်ငံ

ပစိဖိတ်ရပ်ဝန်းဒေသဆိုင်ရာ စီးပွားရေးအကျိုးအမြတ်အပေါ် သံခင်းတမန်ခင်းအရ ညှိနှိုင်းမှုသည် လတ်တလော၌ အရှိန်အဟုန်ပိုမိုမြင့်မားလာသည်ဟု သုံးသပ်နိုင်ပါသည်။ သို့ဖြစ်ရာ လာမည့် အထွေထွေရွေးကောက်ပွဲအတွက် လုံးပမ်းနေရသည့် ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကိစ္စအပေါ် မှန်ကန်သောဦးတည်ချက်ဖြင့်သာ ရပ်တည်ဆောင်ရွက်သင့်သည်ဟု သုတေသီများက အကြံပြုသုံး သပ်ကြပါသည်။

အမေရိကန်သမ္မတဟောင်း Donald Trump ၏ လက်ထက်တွင် ၎င်းပစိဖိတ်ရပ်ဝန်းသဘောတူညီချက် (TPP) မှနုတ်ထွက်သွားပြီးနောက် မကြာသေးမီက ဂျပန်နိုင်ငံမှဦးဆောင်၍ အဖွဲ့ဝင် (၁၁) နိုင်ငံဖြင့် “ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် သဘောတူညီချက် (Comprehensive and progressive Agreement for Trans-Pacific Partnership – CPTPP)” အဖြစ် ပြန်လည်ဖွဲ့ စည်းခဲ့ပါသည်။ အဆိုပါသဘောတူညီချက်ကို လက်ရှိ၌ အဖွဲ့ဝင် ၈ နိုင်ငံမှ အတည်ပြုပြီးဖြစ်ကာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အသက်ဝင်ခဲ့ပါသည်။

ဂျပန်နိုင်ငံသည် အဆိုပါ CPTPP သဘောတူညီချက်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းကြောင့် ပြည်တွင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အစိုးရ၏ ကန့်သတ်ထိန်းချုပ်မှုကို လျော့ပါးစေသည့် အကျိုးသက်ရောက်မှုသည် အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ထိုကိစ္စရပ်နှင့် ပတ်သက်၍ မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းမည်ကို ဂျပန်နိုင်ငံအစိုးရအဖွဲ့အကြား ဆွေးနွေးလာခဲ့ကြပါသည်။

CPTPP ဆိုင်ရာ လတ်တလောဖြစ်ပေါ်တိုးတက်မှုများသည် အဆိုပါပြဿနာရပ်၏ အနေအထားကိုပြောင်းလဲလာစေခဲ့သည်ကို တွေ့ရပါသည်။ အကြောင်းမှာ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တရုတ်နှင့် တရုတ်(တိုင်ပေ) တို့မှ CPTPP သဘောတူညီချက်တွင် အဖွဲ့ဝင်များအဖြစ် ပါဝင်လိုကြောင်း အသီးသီးအဆိုပြုခဲ့ကြပြီး ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် ဒေသတွင်း၏ အနာဂတ်လုပ်ငန်းစဉ်အသစ်များအတွက် အကျိုးရှိစေနိုင်မည်ဟု အပြုသဘော ခန့်မှန်းသုံးသပ်နိုင်သည်ကိုတွေ့ရပါသည်။

တရုတ်နိုင်ငံ၏ CPTPP သဘောတူညီချက်တွင် ပါဝင်လိုမှုနှင့်ပတ်သက်၍ အမေရိကန်-တရုတ်အားပြိုင်နေမှုအကျပ်အတည်းနှင့် တရုတ်-တရုတ်(တိုင်ပေ)တို့၏နိုင်ငံရေး အကျပ်အတည်းများအကြားတွင် ဂျပန်နိုင်ငံအတွက် နိုင်ငံရေးရှုဒေါင့်မှ အထူးသတိပြုရမည့် အချက်တစ်ခုအဖြစ် သုတေသီအချို့ကသုံးသပ်နေကြသော်လည်း အခြားသုတေသီအချို့ကမူ တရုတ်၏ CPTPP အဖွဲ့ ဝင်ဖြစ်ရေးကြိုးပမ်းမှုခြေလှမ်းသည် ဒေသတွင်းစီးပွားရေးလှုပ်ရှားမှုများကို ချောမွေ့လာစေမည်ဟု လက်ခံယူဆနေကြပါသည်။ ထို့အပြင် လက်ရှိအခြေအနေသည် ဂျပန်နိုင်ငံအတွက် ပစိဖိတ်ရပ်ဝန်း ဒေသအတွင်း နိုင်ငံရေးနှင့်စီးပွားရေးကို အဓိကကြိုးကိုင်လှုပ်ရှားနိုင်သည့် မဟာအခွင့်အရေးတစ်ခု အဖြစ်ဟု ယူဆနိုင်ကြောင်း ၎င်းတို့က သုံးသပ်ကြပါသည်။

ဂျပန်နိုင်ငံသည် လုံခြုံရေးဆိုင်ရာအကြောင်းပြချက်အရ အမေရိကန်ပြည်ထောင်စုအပေါ် မှီတည်နေရသကဲ့သို့ တရုတ်နိုင်ငံသည်လည်း ဂျပန်နိုင်ငံ၏ အဓိကစီးပွားမိတ်ဖက်နိုင်ငံဖြစ်သဖြင့် ဤအချက်သည် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံစလုံးနှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်နိုင်လိမ့်မည်ဟု သုတေသီအချို့က ယုံကြည်ထားပါသည်။ သို့သော် တရုတ်သမ္မတရှီ၏ ဦးဆောင်မှုအောက်တွင် တရုတ်နိုင်ငံသည် ရှင်းကျန်းဝီဂါမျိုးနွယ်စုများအပေါ် လူ့အခွင့်အရေးဖိနှိပ်မှုများ၊ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ပတ်သက်၍ နိုင်ငံရေးတင်းမာမှုများ ရှိနေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးဖိနှိပ်မှုများကို ဖြစ်ပေါ်စေသော ပြည်တွင်းမူဝါဒများသည် ၎င်း၏ နိုင်ငံတကာဆက်ဆံရေးအပေါ် သက်ရောက်စေ ပြီး အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် နယ်ပယ်ချဲ့ထွင်ရေးကိစ္စရပ်များတွင် သက်ရောက်မှုများရှိသည်ဟု လေ့လာသူအချို့က သုံးသပ်ကြပါသည်။

ဂျပန်နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန် ကုန်သွယ်မှုတွင် တရုတ်နိုင်ငံသည် စုစုပေါင်းကုန်သွယ်မှု ပမာဏ၏ ၂၀% ကျော်ရှိသဖြင့် ဂျပန်နိုင်ငံ၏အားထားရာ ပင်မဈေးကွက်နိုင်ငံတစ်ခုဖြစ်သည့်အတွက် ဂျပန်အနေဖြင့် လျစ်လျူမရှုသင့်ကြောင်း သုံးသပ်ကြပါသည်။ သို့သော် တရုတ်နိုင်ငံသည် ကမ္ဘာ့လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အများစုတွင်ပါဝင်၍ အကျိုးရလဒ်များကို ရယူခံစားနေလင့်ကစား စီးပွားရေးအပိုင်းတွင် ခုခံကာကွယ်မှုများစွာကို ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရပါသည်။

ဥပမာအားဖြင့်တရုတ်နိုင်ငံသည် ၎င်းနှင့်နိုင်ငံရေးရပ်တည်ချက်မတူညီမှုကြောင့် ဩစတြေးလျနိုင်ငံမှ ထုတ်ကုန်များဖြစ်ကြသည့် ကျောက်မီးသွေးနှင့် ဝိုင်များ၊ အလားတူ တရုတ် (တိုင်ပေ) မှ နာနတ်သီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအပေါ် တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားသည်ကို တွေ့ရပါသည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံမှ rare earths ဟူသည့် အဆင့်မြင့်နည်းပညာထုတ်ကုန်များ ထုတ်လုပ်ရာတွင် အဓိကကျသည့် ရှားပါးသတ္တုတင်သွင်းမှုကို ၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံမှ “coercive economic diplomacy” ကို ကျင့်သုံးကာ ၎င်းကုန်ပစ္စည်း တင်သွင်းမှုအပေါ် ကန့်သတ်ရပ်ဆိုင်းထားမှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ပထမအချက်အနေဖြင့် ယနေ့ခေတ်ကာလတွင် တည်ငြိမ်မှုရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသများဖော်ဆောင်ရေးသည် အဓိကကျသော အကြောင်းအရာတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးကို ရောထွေးလေ့ရှိသည့်သမိုင်းကြောင်းကို အသေအချာထည့်သွင်းစဉ်းစားပြီး ၎င်းအမြဲလက်ကိုင်ထားလေ့ရှိသည့် “coercive economic diplomacy” ကို စွန့်လွှတ် စေရန်မှာ ခက်ခဲမည့်ကိစ္စဖြစ်ပါသည်။ သို့သော် CPTPP သဘောတူညီချက်တွင် တရုတ်အနေဖြင့် ပါဝင်လိုပါက အဆိုပါ “coercive economic diplomacy” ကျင့်သုံးမှုသည် အဖွဲ့ဝင်အားလုံးအတွက် ပြဿနာတစ်ရပ်သဖွယ်ဖြစ်သည်ကို ၎င်းအနေဖြင့် သဘောပေါက်နားလည်သင့်ပြီး အတတ်နိုင်ဆုံး အနိမ့်ဆုံးကျင့်သုံးမှုအဖြစ် လျှော့ချရမည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ “coercive economic diplomacy” ကျင့်သုံးမှုကိုလျှော့ချခြင်းသည် တရုတ်–အမေရိကန်နှစ်နိုင်ငံအကြား အင်အားပြိုင်ဆိုင်မှုကို လျော့ပါးစေမည်ဖြစ်ပါသည်။ လက်ရှိအမေရိကန်သမ္မတ Joe Biden လက်ထက်တွင် တရုတ်နိုင်ငံနှင့် ပဋိပက္ခများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများကို ရှာဖွေနေပြီး သဘာဝပတ်ဝန်းကျင်အရေးကိစ္စများတွင် စတင်ပူးပေါင်းဆောင်ရွက်လာသည်ကို တွေ့နိုင်ပါသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကို CPTPP သဘောတူညီချက်တွင် တပြိုင်နက်တည်း ပါဝင်လာရန်ကြိုးပမ်းလာကြခြင်းသည် စိတ်ကူးယဉ်သက်သက်မဟုတ်သည်မှာ အသေအချာ

ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ CPTPP သဘောတူညီချက်တွင်ပါဝင်နိုင်ရေး တင်းမာမှုများပြေလျော့စေရန် လိုလားနေချိန် အမေရိကန်မှလည်း အဆိုပါ CPTPP သဘောတူညီချက်အား တရုတ်နိုင်ငံ၏ ချယ်လှယ်မှုအောက်သို့ ကျရောက်မည်ကို စိုးရိမ်လာသည့်အတွက် CPTPP တွင် ဦးဆောင်ပါဝင်ရန် စိတ် အားထက်သန်မှုရှိနေသည်ကို တွေ့ရပါသည်။

တတိယအချက်မှာ ဂျပန်နိုင်ငံအနေဖြင့် ထိုကဲ့သို့သောအခြေအနေမျိုးတွင် အမေရိကန်နိုင်ငံအား နိုင်ငံရေးမိတ်ဖက်အဖြစ်ရပ်တည်ချက်အရ CPTPP တွင် ပြန်လည်ပါဝင်လာစေရန် ပညာသား ပါပါတွန်းအားပေးဆောင်ရွက်သင့်ကြောင်း သုတေသီများကအကြံပြု သုံးသပ်ထားခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံသည် CPTPP သဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် ဦးဆောင်နေသည့် အတွက် နိုင်ငံရေးအရလည်း ဦးဆောင်နိုင်သည့်အားသာချက်ရှိသော အနေအထားဟု ဆိုနိုင်ပါ သည်။ ဂျပန်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီမှုမရရှိပါက CPTPP သဘောတူညီချက်တွင် တရုတ်နိုင်ငံအနေဖြင့် ပါဝင်လာနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ ဂျပန်နိုင်ငံသည် ၎င်း၏ နိုင်ငံရေးအရအားသာချက်ရှိသည့် အနေအထားကို ကောင်းမွန်စွာ အသုံးချသင့်ပါသည်။

တစ်ဖက်မှ သုံးသပ်ကြည့်ပါကလည်း ဂျပန်အနေဖြင့် သိသိသာသာဆုံးရှုံးနိုင်ခြေမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဂျပန်နှင့်တရုတ်နိုင်ငံအကြားတွင် အခြား လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် “ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) တွင် နှစ်နိုင်ငံစလုံးမှ ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သဖြင့် ၎င်းတို့၏ စီးပွားရေးဆက်နွှယ်မှုတွင် မပြေလည်မှုတစ်စုံတစ်ရာရှိခဲ့သည် ဆိုစေကာမူ ထိခိုက်နစ်နာမှုကြီးမားနိုင်မည်မဟုတ်ဟု ဆိုနိုင်ပါသည်။

CPTPP တွင် ပါဝင်လိုကြောင်း တရုတ်နိုင်ငံမှ အဆိုပြုထားချိန်တွင် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံအား CPTPP တွင် ပြန်လည်ပါဝင်လာစေရေးကိုလည်း တွန်းအားပေးသင့်ပါသည်။ ထို့အပြင် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အလို့ငှာ တရုတ် (တိုင်ပေ)၏ CPTPP အဖွဲ့ဝင်အဖြစ်ပါဝင်လာရန် အဆိုပြုထားသည့်ကိစ္စကို အမေရိကန်နိုင်ငံနှင့် ပူးပေါင်းကာ တွန်းအားပေးဆောင်ရွက်သင့်ကြောင်းနှင့် ထိုကဲ့သို့သော CPTPP သဘောတူညီချက်နှင့် ပတ်သက်၍ သံခင်းတမန်ခင်းဆောင်ရွက်ချက်များကို ဂျပန်၏ အထွေထွေရွေးကောက်ပွဲကာလ နောက်ပိုင်းတွင် ဂျပန်အနေဖြင့် စတင်အကောင်အထည်ဖော်လာနိုင်မည်ဖြစ်ကြောင်း စီးပွားရေး သုတေသီများက သုံးသပ်ကြပါသည်။

**ရင်းမြစ်။ (၂၆-၁၀-၂၀၂၁) ရက်နေ့ KYODO NEWS တွင် ဖော်ပြထားသည့် Hokkaido University ၊ Graduate School of Public Policy မှ ပါမောက္ခ Ken Endo ၏ဆောင်းပါး**

## (ခ) ဂျပန်သည် ကမ္ဘာ့တတိယမြောက် COVID-19 ကာကွယ်ဆေး အများဆုံးလှူဒါန်း သည့်နိုင်ငံ ဖြစ်လာမည့်အလားလာရှိ

လက်ရှိ၌ ကမ္ဘာ့နိုင်ငံနှင့်ဒေသပေါင်း ၂၀ ကျော်ထံ COVID-19 ကာကွယ်ဆေး အရေအတွက် သန်း ၃၀ ခန့်လှူဒါန်းပြီးဖြစ်ကာ တရုတ်(တိုင်ပေ) သို့ ကာကွယ်ဆေးများထပ်မံ လှူဒါန်းရန် ပြင်ဆင်နေသည့် ဂျပန်နိုင်ငံသည် COVID-19 ကာကွယ်ဆေးလှူဒါန်းမှုတွင် ကမ္ဘာ့တတိယမြောက် အများဆုံးလှူဒါန်းသည့်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီး Toshimitsu Motegi က အောက်တိုဘာလ ၂၇ ရက်(အင်္ဂါနေ့) တွင်ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းထုတ်လုပ်သည့် AstraZeneca ကာကွယ်ဆေးကို ဆေးဝါး လိုအပ်နေသည့် ကမ္ဘာ့နိုင်ငံများနှင့်ဒေသများသို့ လှူဒါန်းခဲ့ကြောင်း၊ တရုတ်(တိုင်ပေ) သို့လည်း အောက်တိုဘာလ၂၈ ရက်(ဗုဒ္ဓဟူးနေ့) ၌ ကာကွယ်ဆေးအရေအတွက် ၃၀၀,၀၀၀ ကို ထပ်မံ ပို့ ဆောင်လှူဒါန်းရန်ပြင်ဆင်နေပြီး တရုတ်(တိုင်ပေ) သို့ ကာကွယ်ဆေးအရေအတွက် စုစုပေါင်း ၄.၂ သန်းကို ပေးပို့လှူဒါန်းခဲ့ကြောင်းသိရပါသည်။ ထို့အပြင် ဂျပန်နိုင်ငံသည် ဗီယက်နမ်နှင့် အင်ဒိုနီး ရှားနိုင်ငံများသို့လည်း ကာကွယ်ဆေးအရေအတွက် ၄ သန်းစီ လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း Yoshihide Suga သည် ပြီးခဲ့သည့် ဇွန်လအတွင်းက ကာကွယ် ဆေးလိုအပ်နေသည့် ကမ္ဘာ့နိုင်ငံများသို့ ဆေးအရေအတွက် သန်း ၃၀ ကို လှူဒါန်းသွားမည်ဖြစ် ကြောင်း ကတိပေးပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံသည် နိုင်ငံ၏ လူဦးရေအတော်များများကို ကာ ကွယ်ဆေးထိုးနှံပြီးစီးပြီဖြစ်ရာ ပြည်တွင်း COVID-19 ကူးစက်မှုနှုန်းမှာ လက်ရှိ၌ သိသိသာသာ ကျ ဆင်းသွားသည်ကိုတွေ့ရပါသည်။

ဂျပန်နိုင်ငံမှ COVID-19 ကာကွယ်ဆေးဝါးများ ပံ့ပိုးပေးခြင်းဖြင့် အခြားသောကမ္ဘာ့ နိုင်ငံများတွင် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါ ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး Toshimitsu Motegi က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ ပါသည်။

ကမ္ဘာ့နိုင်ငံများအကြား COVID-19 ကာကွယ်ဆေးများ အညီအမျှရရှိနိုင်ခြင်းသည် စိန်ခေါ်မှု တစ်ရပ်သဖွယ်ရှိနေဆဲဖြစ်သဖြင့် ကာကွယ်ဆေးများ လုံလုံလောက်လောက်ရှိနေသည့် ကမ္ဘာ့ဖွံ့ဖြိုး ပြီးနိုင်ငံများအနေဖြင့် အခြားနိုင်ငံများသို့ ဆေးဝါးများလှူဒါန်းလျက်ရှိရာ အမေရိကန် နှင့် တရုတ်နိုင်ငံတို့သည် **“vaccine diplomacy”** ဟူသည့် **“ကာကွယ်ဆေးသံခင်းတမန်ခင်း”** နည်းလမ်းကို အစပြုဖော်ဆောင်နေကြသည့် ကမ္ဘာ့အင် အားကြီးနိုင်ငံကြီးများ ဖြစ်ကြပါသည်။

**ရင်းမြစ်။** https://japantoday.com/, https://english.kyodonews.net/

## (ဂ) ဂျပန်ဗဟိုဘဏ်သည် စီးပွားရေးတိုးတက်မှုအတွက် မူဝါဒပိုင်းဖြေလျှော့မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်

ဂျပန်ဗဟိုဘဏ်သည် COVID–19 ကူးစက်ပြန့်ပွားမှု၏ သက်ရောက်မှုကြောင့် ကျဆင်းခဲ့သည့်စီးပွားရေးတွင် သက်သာလျော့ပါးစေရန် ယခုဘဏ္ဍာနှစ်အကုန်ကာလ (၂၀၂၂ ခုနှစ်၊ မတ်လအထိ) နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် အခြားသော ငွေကြေးမူဝါဒပိုင်းဖြေလျှော့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၈ ရက်၊ ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းကကျင်းပခဲ့သည့် ဗဟိုဘဏ်၏ မူဝါဒရေးရာအစည်းအဝေးတွင် ခန့်မှန်းထားခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၃.၈ % ထက်လျော့နည်း ကာ ၃.၄ % ခန့်သာ တိုးတက်နိုင်မည်ဟု ဂျပန်ဗဟိုဘဏ်က သုံးသပ်ပြောကြားခဲ့ပါသည်။

ဈေးနှုန်းအတက်အကျမြန်ဆန်သည့် လတ်ဆတ်သော စားသောက်ကုန်ဈေးနှုန်းများ အပါအဝင် အဓိကစားသုံးသူဈေးနှုန်းများကို ၀.၆ % တိုးမြင့်လာရန် ယခင်ကာလများက ခန့်မှန်းထားခဲ့သည့်နှုန်းထားထက် လျော့နည်းကာ ၀.၀ % တွင်သာရှိရန် ခန့်မှန်းထားပါသည်။

ဂျပန်၏ စီးပွားရေးသည် ပြန်လည်ဦးမော့လာသယောင်ရှိသော်လည်း COVID–19 ကူးစက်ရောဂါ၏ သက်ရောက်မှုဒဏ်ကို ပြည်တွင်းရော ပြည်ပပါ ခံစားရဆဲဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်၏ အကဲဖြတ်အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှုဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တွင် အကျပ်အတည်းများ ရင်ဆိုင်ခဲ့ရပြီး နယ်ပယ်အချို့၌ ပို့ကုန်များနှင့် စက်မှုထုတ်ကုန်များ ကျဆင်းခဲ့ရကြောင်း၊ လက်ရှိ၌ ၎င်းနယ်ပယ်များ ပြန်လည်တိုးတက်လာသည့် အနေအထားဖြစ်လာသော်လည်း အကျပ်အတည်း၏ သက်ရောက်မှုမှာ ရှိနေဆဲဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့ပါသည်။ သို့သော်လည်း နောက်ဆုံးစီးပွားရေးဖြစ်ပေါ်တိုးတက်မှုခန့်မှန်းချက်အရ လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် မူလက ခန့်မှန်းထားသည့် ၂.၇ % ထက်ပို၍ ၂.၉ % ထိ တိုးတက်လာနိုင်သည်ဟု သိရပါသည်။

အောက်တိုဘာလအစောပိုင်းက ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် ဝန်ကြီးချုပ်အသစ် Fumio Kishida သည် ဘဏ္ဍာရေးအကျပ်အတည်းမှ ရှောင်ရှားနိုင်ရေးအတွက် ငွေကြေးဖြစ်လွယ်မှုမူဝါဒကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ဗဟိုဘဏ်အနေဖြင့်လည်း ငွေကြေးဖောင်းပွမှုနှုန်း ၂ % သာရှိစေရေး ရည်မှန်းချက်ကို ဆက်လက်ထိန်းထားရန် အလေးပေးပြောကြားခဲ့ပါသည်။

လတ်တလော ပြည်တွင်း၌ COVID-19 ကူးစက်မှုနှုန်းများ ကျဆင်းလာပြီး ကာကွယ်ဆေး ထိုးနှံမှုနှုန်းထားများလည်း မြင့်တက်လာသည့်အတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည် တိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ သို့သော် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် အပို ပစ္စည်းပြတ်လပ်မှုများ၊ စွမ်းအင်နှင့် အခြားကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ ဂျပန်ငွေ ကြေးယန်းတန်ဖိုး ကျဆင်းလာခြင်းတို့သည် ဂျပန်ဗဟိုဘဏ်အတွက် အကျပ်ရိုက်စေသည့် အဓိက အကြောင်းအရာများ ဖြစ်နေပါသည်။

မိုဘိုင်းဖုန်းအခွန်အခများ သိသိသာသာလျှော့ချခြင်းဖြင့် Consumer price index (CPI) ကို ကျဆင်းစေရန်ကြိုးပမ်းခဲ့သော်လည်း စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ယခုနှစ်ကုန် ပိုင်းတွင် (CPI) ပြန်လည်မြင့်တက်လာနိုင်ကြောင်း ဂျပန်ဗဟိုဘဏ်က ခန့်မှန်းထားပါသည်။ ဂျပန် ယန်းငွေတန်ဖိုး ကျဆင်းလာသဖြင့် ပြည်ပပို့ကုန်သမားများအတွက် အကျိုးအမြတ်ရရှိသော်လည်း သွင်းကုန်တင်သွင်းသူများအတွက် ကုန်ကျစရိတ်များပိုမိုမြင့်တက် လာပါသည်။ လက်ရှိဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်း ၁၁၄ ယန်းနှင့် အထက်အထိ ယန်းငွေတန်ဖိုးများ ကျ ဆင်းနေသည်ကို တွေ့ရပါသည်။

**ရင်းမြစ်။** https://www.japantimes.co.jp/ , https://english.kyodonews.net/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျိုမြို့

.................................................................................................................

## ဘဏ္ဍာရေးဝန်ကြီးArkhomက ကိုဗစ်အလွန်ကာလ ပြုပြင်ပြောင်းလဲရေး ကိုတောင်းဆိုခြင်း

ထိုင်းနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် အဓိကပြဿနာများကိုကိုင်တွယ်နိုင်ရန်အတွက် ကဏ္ဍ(၃)ရပ်တွင် တိုးတက်အောင်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးArkhom Termpittayapaisith ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ယမန်နေ့က ဘဏ္ဍာရေး မူဝါဒရုံး Fiscal Policy Office(FPO) တွင် “ From Pandemic to Endemic ”ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့သောနှီးနှောဖလှယ်ပွဲတွင် မိန့်ခွန်းပြောကြားရာ၌ Mr.Arkhomက တိုင်းပြည်အတွက် စဉ်ဆက် မပြတ်ဝင်ငွေရရှိနိုင်ရေးအတွက် တိုင်းပြည်၏ ဝင်ငွေကောက်ခံမှုစနစ်ကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ဝင်ငွေဆိုရာတွင် အခွန်မှကောက်ခံရရှိငွေ၊ အစိုးရဌာနများမှဝင်ငွေများနှင့် ပိုင်ဆိုင်မှုများအားငှားရမ်းခဝင်ငွေတို့မှ ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းကဏ္ဍများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို ဒီဂျစ်တယ်နည်းပညာမြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၎င်းကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ အနေဖြင့် လာမည့်(၁၀)နှစ်အတွင်း အသက်(၆၀)အရွယ်ရှိ လူဦးရေမှာ စုစုပေါင်းလူဦးရေ၏(၂၄%) အထိမြင့်တက်လာဖွယ်ရှိခြင်းကြောင့် အဆိုပါ သက်ကြီးရွယ်အိုများအတွက် ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အဦများတွင်ပိုမို၍ ရင်းနှီးမြှုပ်နှံမှုပြုသင့်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

Mr.Arkhom က Covid-19 ကူးစက်ရောဂါသည် ထိုင်းနိုင်ငံ၏ စီးပွားရေး၊ အထူးသဖြင့်ခရီးသွားလုပ်ငန်းကဏ္ဍအားပြင်းထန်စွာ ထိခိုက်စေခဲ့ကြောင်း၊ နိုင်ငံခြားသား ခရီးသွားများထံမှရရှိသောဝင်ငွေသည် ထိုင်းနိုင်ငံ GDP၏ (၁၂%)ရှိကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ FPO၏ညွှန်ကြားရေးမှူးချုပ် Pornchai thiraveja က နိုဝင်ဘာလ(၁)ရက်နေ့တွင်ပြန်လည်ဖွင့်လှစ်ခြင်းသည် စီးပွားရေးလုပ်ငန်းများအပေါ် အပြုသဘောသက်ရောက်မှုရှိလိမ့်မည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့ပါသည်။ FPO အနေဖြင့် ၎င်း၏ စီးပွားရေးအပေါ်ခန့်မှန်းချက်ကို အောက်တိုဘာလ(၂၈)ရက်နေ့တွင် အသစ်ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း၊ အစောပိုင်းက FPO အနေဖြင့် ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုကို (၁.၃%)ရရှိလိမ့်မည်ဟုခန့်မှန်းခဲ့ကြောင်းသိရှိရပါသည်။

FPO ၏ညွှန်ကြားရေးမှူးချုပ်ဟောင်း Somchai Sujjapongse က ထိုင်းနိုင်ငံ၏ စီးပွားရေးမှာအလုပ်လက်မဲ့များအားအလုပ်အကိုင်ရရှိရေးနှင့်၎င်းတို့၏ကျွမ်းကျင်မှုကိုမည်ကဲ့သို့မြှင့်တင်မည်စသည်တို့အပါအဝင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက အစိုးရအနေဖြင့် အလုပ်အကိုင်မြှင့်တင်ရေးအတွက် အထက်မှအောက်သို့အမိန့်ပေးခိုင်းစေသည့်ပုံစံအစား လူအများကို ၎င်းတို့၏ အလုပ်အကိုင်အတွက် မည်သည့်အလုပ်ကိုဖန်တီးရမည်ဆိုသည်ကို ၎င်းတို့ ကိုယ်တိုင်ဆုံးဖြတ်စေသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

အခြားသောစိန်ခေါ်နေသည့်အချက်များမှာ ထိခိုက်ခံစားခဲ့ရသည့် SMEs များအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် မည်သို့ကူညီနိုင်မည်ဆိုသည့်အချက်ဖြစ်ကြောင်း၊ ထိုင်းဘဏ်အနေဖြင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရမှုများကိုကူညီရန်အထူးချေးငွေ Soft Loan များအပါအဝင် ဘဏ္ဍာရေး ဆိုင်ရာအထောက်အပံ့များ ကူညီပေးလျက်ရှိကြောင်း၊ အများစုမှာ ချေးငွေအတွက်အရည်အချင်းမပြည့်မီကြကြောင်းသိရှိရပါသည်။

Mr.Somchai က အိမ်ထောင်စုများ၏ ကြွေးမြီမြင့်တက်မှုအပေါ် မည်သို့ထိန်းချုပ်ရမည်ကို အကြံပြုပေးခဲ့ကြောင်း၊ ၎င်းကဘဏ်များ၏ကြွေးမြီ ပြန်လည်ပြင်ဆင်ပေးခြင်း (သို့မဟုတ်) အတိုးနှုန်းများလျှော့ပေးခြင်းတို့ဖြင့် လုံလောက်မည်မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် အိမ်ထောင်စုများ၏ ကြွေးမြီများကို လျှော့ချနိုင်ရန်ဒုတိယအလုပ် Second Jobs များဖန်တီးပေးသင့်ကြောင်းဖြင့် ၎င်းက အကြံပြုခဲ့ပါသည်။

၎င်းက ထိုင်းစီးပွားရေးအနေဖြင့် နိုင်ငံခြားဈေးကွက်အပေါ်အလွန်အမင်းမှီခိုနေမှုအပေါ် မေးခွန်းထုတ်ခဲ့ကြောင်း၊ ပြည်ပနှင့်ပြည်တွင်း ဝယ်လိုအားအပေါ် မှီခိုမှုအား ဟန်ချက်ညီအောင် ထိန်းသိမ်းဖန်တီးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၎င်းက ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံလေဆိပ်များအသင်းဥက္ကဋ္ဌ Nitinai Sirismatthakarn က ပြည်တွင်းလေကြောင်း ကဏ္ဍအနေဖြင့်ကပ်ရောဂါကြောင့် ပြန်လည်နာလန်ထူလာရန် အနည်းဆုံးအချိန်(၂)နှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ၎င်းက နိုဝင်ဘာလ(၁)ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပြီးနောက် ထိုင်းလေကြောင်းလိုင်းများအားလုံး ပုံမှန်အတိုင်းလည်ပတ်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ အချို့မှာတစ်ချို့တစ်ဝက်ရပ်ဆိုင်းသွားနိုင်သည်(သို့မဟုတ်) ပိုင်ဆိုင်မှုပြောင်းလဲသွားနိုင်ကြောင်းဖြင့် သူမကပြောကြားခဲ့ပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

..............................................................................................................

## စက်တင်ဘာလတွင်ပြည်ပတင်ပို့မှုမှာမျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ခြင်း

ကုန်သွယ်ဖက်နိုင်ငံများ၏စီးပွားရေးပြန်လည်နာလန်ထူလာမှု၊ ဘတ်ငွေအားနည်းမှုနှင့် အစိုးရ၏တက်ကြွသောပို့ကုန်မြှင့်တင်ရေးအစီအစဉ်များကြောင့် ပြည်ပတင်ပို့မှုသည်စက်တင်ဘာလတွင် မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်လာခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အကောက်ခွန်ရှင်းလင်းပြီး ပြည်ပပို့ကုန်တင်ပို့မှုသည် စက်တင်ဘာလတွင် နှစ်အလိုက်၌(၁၇.၁%)မြင့်တက်ခဲ့ပြီး အမေရိကန်

ဒေါ်လာ(၂၃)ဘီလီယံရှိခဲ့ကြောင်း၊ အလားတူ သွင်းကုန် တင်သွင်းမှုမှာလည်း (၃၀.၃%) မြင့်တက်ခဲ့ပြီးအမေရိကန်ဒေါ်လာ(၂၂.၄၂)ဘီလီယံရှိခဲ့ကြောင်း၊ရလဒ်အနေဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၆၀၉.၈)သန်းရှိခဲ့ကြောင်း (၂၆.၁၀.၂၀၂၁)ရက်နေ့တွင် အစီရင်ခံတင်ပြခဲ့ပါသည်။

ဖေဖော်ဝါရီလတွင် ပို့ကုန်(၂.၅၉%)ကျဆင်းခဲ့ပြီးသည့်နောက်၊ မတ်လတွင်(၈.၄၇%)၊ ဧပြီတွင်(၁၃.၁%)၊မေလတွင်(၄၁.၆%)နှင့်ဇွန်လတွင်(၄၃.၈%)၊ဇူလိုင်လတွင်(၂၀.၃%)¸ ဩဂုတ်လတွင် (၈.၃၉%)တိုးတက်ခဲ့ပြီးနောက်စက်တင်ဘာလတွင်သတ္တမမြောက်လအဖြစ်ဆက်တိုက်တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ရွှေ၊ ရေနံနှင့် ဆက်စပ်ထုတ်ကုန်များ၊ လက်နက်များမပါဝင်ဘဲအမှန်တစ်ကယ်တင်ပို့ခဲ့သော ပို့ကုန်များအနေဖြင့် ယခင်ဩဂုတ်လတွင် (၁၉.၄%) မြင့်တက်ခဲ့ပြီးနောက် စက်တင်ဘာလတွင် ဆက်လက်၍ (၁၄.၈%) ဆက်လက်၍မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမ(၉)လအတွက် ပြည်ပပို့ကုန်တင်ပို့မှုမှာ (၁၅.၅%)တိုးတက်ခဲ့ပြီး နှစ်အလိုက်တွင် အမေရိကန်ဒေါ်လာ(၁၉၉.၉၉) ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၀.၉%) တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ(၁၉၇.၉၈)ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှု ပိုငွေ အမေရိကန် ဒေါ်လာ(၂.၀၁)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

စက်တင်ဘာလတွင်တိုးတက်တင်ပို့ခဲ့သောပို့ကုန်များတွင် ဆန်၊ ၊ပီလောပီနံထုတ်ကုန်များ၊ ရာဘာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီး ဝလံ၊ စားအုန်းဆီ၊ သကြား၊ တိရစ္ဆာန်အစာ၊ ဟင်းခတ် အမွှေးအကြိုင်များ၊အစားအစာထုတ်ကုန်များ၊အိမ်မှနေရင်း အလုပ်လုပ်သော ထုတ်ကုန်များ၊ ကွန်ပျူတာများ၊ ရေဒီယို၊ တယ်လီဗေးရှင်းဖမ်းစက်များ နှင့် အစိတ်အပိုင်းများ၊ မိုက်ကရိုဝေ့ဖ်မီးဖို၊ လေအေးပေးစက်နှင့်အစိတ်အပိုင်းများ၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများဖြစ်ကြပါသည်။

အခြားသော အကျိုးအမြတ်ရရှိခဲ့သည့်ထုတ်ကုန်များတွင် ဆေးဘက်ဆိုင်ရာ ကရိယာပစ္စည်းများ၊ဆေးဝါးထုတ်ကုန်များကဲ့သို့သော Covid-19 ကာကွယ်ရေးဆိုင်ရာဆေးပစ္စည်းများ၊ သံနှင့်သံမဏိထုတ်ကုန်များ၊ဓါတုဗေဒပစ္စည်းများ၊လပ်စတစ်ကော်စေ့နှင့်ပလပ်စတစ်ထုတ်ကုန်များ၊ရာဘာထုတ်ကုန်များ၊အီလက်ထရောနစ်ပေါင်းစပ်ဆားကစ်များ၊စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ၊မော်တော်ကားနှင့်အစိတ်အပိုင်းများ၊ ရွှေမပါဝင်သော ကျောက်မျက်နှင့် လက်ဝတ်ရတနာများကဲ့သို့သော ဇိမ်ခံပစ္စည်းများဖြစ်ကြပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးမစ္စတာဂျူရင်က စက်တင်ဘာလအတွင်း ပြည်ပပို့ကုန်တိုးတက်မှုမှာ ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူလာမှု၊ ဘတ်ငွေအားနည်းမှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တက်ကြွသောပို့ကုန်မြင့်တင်ရေးအစီအစဉ်များနှင့်

ကုန်သွယ်မှုဆိုင်ရာအတားအဆီးများအားချက်ခြင်းတုန့်ပြန်ဆောင်ရွက်ပေးခဲ့မှု၊အလားတူ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကတို့အကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် စတုတ္ထလေးလပတ်တွင်ကမ္ဘာ့ကုန်သွယ်ရေးဆက်လက်တိုးတက်မှု၊ ဘတ်ငွေတန်ဖိုးကျဆင်းမှုကြောင့်ပြည်ပပို့ကုန်တင်ပို့မှုတွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်း၊ ပိတ်ဆို့တားဆီးမှုများအပေါ်ဖြေလျှော့ဆောင်ရွက်ပေးခဲ့မှုအစီအမံများနှင့်စီးပွားရေးအပေါ်လှုံ့ဆော်မှုအစီအစဉ်များ၊ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသောနိုင်ငံခြားသားများအားပြန်လည်ဖွင့်လှစ်ပေးမှုနှင့် ရေနံနှင့်ဆက်စပ်နေသောထုတ်ကုန်များအား ပြည်ပတင်ပို့ရန် ရေနံဈေးနှုန်းမြင့်တက်မှုက အထောက်အကူပြုပေးခဲ့မှု စသည့်အချက်များကြောင့် ၂၀၂၁ခုနှစ်တွင် ပြည်ပပို့ကုန်တိုးတက်မှုအားကောင်းလိမ့်မည်ဟု ရှုမြင်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

မြန်မာသံရုံး၊ဗန်ကောက်မြို့

.........................................................................................................

## နိုင်ငံခြားငွေကြေးကစားသူများက ဘတ်ငွေအပေါ်ဖိအားပေး

ယခုနှစ်တွင် ထိုင်းနိုင်ငံတွင် လိုငွေပြနေပြီး ၎င်းက ပြည်တွင်းငွေကြေး အားပျော့စေရန် ဖိအားပေးခဲ့ခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဘတ်ငွေအပေါ်ကြီးမားစွာရင်းနှီးမြှုပ်နှံကစားလျှက်ရှိကြောင်းသိရှိရပါသည်။အထူးသဖြင့်အမေရိကန်မှကမ်းလွန် ရေနံရင်းနှီးမြှုပ်နှံသူများအနေဖြင့် အာရှငွေကြေးနှစ်ခုဖြစ်သော ထိုင်းဘတ်ငွေနှင့် ကိုရီးယားဝမ်ငွေတို့အား ဝယ်ယူလျှက် ရှိကြောင်းသိရှိရပါသည်။

Kasikorn Bank (K Bank) ၏ဈေးကွက်သုတသန၏ အကြီးအကဲဖြစ်သူ Kobsidthi Silpachai က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုင်းပြည်တွင်းငွေကြေးသည် ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် ပိုမို၍ကျဆင်းရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့ပါသည်။ Kasikorn Bank ( K Bank )၏ ဒေတာအချက်အလက်များအရ ထိုင်းနိုင်ငံ၏ စာရင်းရှင်ငွေစာရင်း(Current Account)လိုငွေသည်ဩဂုတ်လတွင်အမေရိကန်ဒေါ်လာ(၁၀.၃)ဘီလီယံရှိကြောင်း သိရှိရပါသည်။

K Bank ဘဏ်အနေဖြင့် ယခုနှစ်အတွက် စာရင်းရှင်ငွေစာရင်း လိုငွေမှာအမေရိကန် ဒေါ်လာ (၁၀)ဘီလီယံအထက်တွင်ရှိလိမ့်မည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

ထိုင်းဘဏ်အနေဖြင့် ၂၀၂၁ ခုနှစ်အတွက် စာရင်းရှင်ငွေစာရင်း(Current Account) လိုငွေအား ယခင်ကအမေရိကန်ဒေါ်လာ(၁.၅)ဘီလီယံရှိလိမ့်မည် ဟုခန့်မှန်းခဲ့ရာမှနိုင်ငံခြားသား ခရီးသွားများဝင်ရောက်မှုနည်းပါးမှုနှင့် လိုက်လျောညီထွေရှိစေရန် စာရင်းရှင်ငွေစာရင်း(Current Account) လိုငွေကို (၁၅.၃)ဘီလီယံသို့ ပြန်လည်ပြင်ဆင်ခန့်မှန်းခဲ့ကြောင်း သိရှိရပါသည်။ ဗဟိုဘဏ်အနေဖြင့် ယခုနှစ်အတွက်ခရီးသွားဝင်ရောက်မှုကို (၂၀၀,၀၀၀) အဖြစ်ခန့်မှန်းထားပြီး ၎င်းမှာ ယခင်ကခန့်မှန်းထားခဲ့သော (၇၀၀,၀၀၀) မှ ကျဆင်းလျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင်နိုဝင်ဘာလတွင် တိုင်းပြည်၏ပြန်လည်ဖွင့်လှစ်ရေးအစီအစဉ်မှာ လက်ရှိစာရင်းရှင်ငွေစာရင်း (Current Account) လိုငွေကို ဟန့်တားရန်အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ဤအခြေအနေတွင် K Bank အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုဝင်ဘာလတွင် ဘတ်ငွေအတက်အကျ စျေးကစားခြင်းဖြစ်ပေါ်မှုများ ရပ်တန့်ရန်နှင့် ဒီဇင်ဘာလတွင် တဖြည်းဖြည်း ပြန်လည်မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း Mr. Kobsidthi ကပြောကြားခဲ့ပါသည်။ ယခုမှစ၍နှစ်ကုန်သည်အထိ ထိုင်းဘတ်ငွေသည်အနိမ့်ဆုံးနှုန်းဖြစ်သည့် (၃၄) ဘတ်ခန့်သို့ကျဆင်းပြီးနောက် အမြင့်ဆုံး (၃၂.၄) အထိမြင့်တက်နိုင်ကြောင်း မျှော်လင့်ထားပါသည်။

K Bank အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင်နိုင်ငံခြားငွေလဲနှုန်းသည် ဒေါ်လာနှင့်ယှဉ်ပါက (၃၂.၇၅) ဘတ်သို့ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၁ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် (၀.၅%) သို့ ကျုံ့သွားမည်ဟု K Bank ကခန့်မှန်းထားပြီး နိုဝင်ဘာလ (၁) ရက်နေ့တွင်တိုင်းပြည်၏ ပြန်လည်ဖွင့်လှစ်မည့်အစီအစဉ်က ယခုနှစ် GDP တိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည်မဟုတ်ကြောင်း၊ အကြောင်းမှာယခုနှစ်ကုန်ဆုံးရန် (၂) လသာကျန်ရှိ၍ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ၂၀၁၉ ခုနှစ်က နိုင်ငံခြားသားခရီးသွားဝင်ရောက်ခဲ့သည့်လူဦးရေ သန်း (၄၀)သို့ ရောက်ရှိရန် အချိန်အတော်ကြာယူရဦးမည်ဖြစ်ကြောင်းသိရှိရပါသည်။ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ကောက်ယူထားသောစစ်တမ်းများအရ အာရှပစိဖိတ်မှဖြေဆိုသူ (၅၈%) တို့အနေဖြင့် ၂၀၂၄ခုနှစ်တွင် နိုင်ငံတကာခရီးသွားများသည် ကပ်ရောဂါမတိုင်မီက အခြေအနေသို့ ပြန်လည်ရောက်ရှိမည်ဟု ယုံကြည်လျှက်ရှိနေကြောင်း သိရှိရပါသည်။ အချို့သော ဖြေဆိုသူ (၇၆%) က လျှင်မြန်စွာနှင့် ကျယ်ပြန့်စွာ ကာကွယ်ဆေး ထိုးနှံမှုက နိုင်ငံတကာ ခရီးသွားလုပ်ငန်း

ကို ထိရောက်စွာ ပြန်လည်ဦးမော့လာစေနိုင်သည့် အဓိကအချက်အဖြစ် ယုံကြည်လျှက်ရှိနေကြကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံတွင် ကာကွယ်ဆေးအပြည့်အဝထိုးပြီးသူ ဦးရေနှင့်စုစုပေါင်းလူဦးရေအချိုးသည် (၃၇.၁%)ရှိကြောင်း၊ စင်္ကာပူ(၇၈%)နှင့် မလေးရှား(၆၁.၇%)တို့၏ နောက်တွင်ရှိနေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအချိုးမှာ (၃၄.၈%)နှင့်အာရှတွင်(၃၈.၁%)ရှိနေကြောင်းသိရှိရပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

................................................................................................................

## ကိုရီးယားသမ္မတနိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအား စတင်ဖြေလျှော့မှု ပထမအဆင့်ကို (၁-၁၁-၂၀၂၁) ရက်နေ့မှ စတင်ဆောင်ရွက်မည်

လူဦးရေ (၅၁) သန်းကျော်ရှိသော ကိုရီးယားသမ္မတနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါအား (၁)နှစ်နှင့်(၉) လကြာ ရင်ဆိုင်ခဲ့ပြီးသည့်နောက်၊ မူလလျာထားချက်အတိုင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကိုဗစ်-၁၉ကာကွယ်ဆေး အကြိမ်အရေအတွက် အပြည့်အဝထိုးပြီးမှု (၇၀) ရာခိုင်နှုန်းကျော်ခဲ့ပြီးဖြစ်ရာ၊ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအား အဆင့်(၃)ဆင့်ဖြင့် (၃)လအတွင်း ဖြေလျှော့၍ မူလပုံမှန်လူနေမှုဘဝအခြေအနေသို့ရောက်ရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် (Phase I) အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း Korea Disease Control and Prevention Agency (KDCA) က (၂၅-၁၀-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ကာလအားဖြင့် ရက်သတ္တ (၁၂)ပတ်/ (၃)လတာ ကြာမြင့်မည့် အဆိုပါ "Return to Normal" Roadmap တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို အဆင့်(၃)ဆင့်ခွဲ၍ အဆင့်လိုက် ဖြေလျှော့သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် (Phase I) ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင်စတင်မည်ဖြစ်ပြီး၊ ဒုတိယအဆင့် (Phase II) ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၃) ရက်နေ့တွင်လည်းကောင်း၊ တတိယအဆင့် (Phase III) ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် အသီးသီး စတင်သွားမည်ဖြစ်ကြောင်း၊ အဆင့်တစ်ဆင့်လျှင် ရက်သတ္တ(၄)ပတ်သတ်မှတ်၍ အကောင်အထည်ဖော်မည်ဖြစ်ရာ ဖြစ်ပေါ်လာသည့်အခြေအနေပေါ်မူတည်၍ Grace Period အား (၂) ပတ် သတ်မှတ်ထားကြောင်း၊ Phase III အား အကောင်အထည်ဖော်ပြီးချိန်တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်

အားလုံးပြီးဆုံး၍ ပုံမှန်လူနေမှုဘဝအခြေအနေသို့ပြန်လည်ရောက်ရှိစေရန် မျှော်လင့်ထားကြောင်း လေ့လာသိရှိရပါသည်။

လက်ရှိတွင် မြို့တော်ဆိုးလ်နှင့်ပတ်ဝန်းကျင်ဒေသအတွက် အမြင့်ဆုံး Social Distancing Level “4” ကိုသတ်မှတ်ထားပြီး၊ Bank of Korea (BOK) ၏ခန့်မှန်းချက်အရ ၎င်း Social Distancing ကန့်သတ်ချက်များကြောင့်တောင်ကိုရီးယားနိုင်ငံအနေဖြင့် တစ်လလျှင် ကိုရီးယားဝမ်(၁၃)ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁.၁၂ ဘီလီယံခန့်) ဆုံးရှုံးရလျက်ရှိရာ၊ အဆိုပါပမာဏသည် နိုင်ငံ့ GDP ၏ (၈) ရာခိုင်နှုန်းခန့်ရှိသည့် များပြားသည့်ပမာဏဖြစ်ကြောင်း၊ (၁-၁၁-၂၀၂၁) ရက်နေ့မှစ၍ စီးပွားရေးဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အောက်ပါအတိုင်း စနစ်တကျ အဆင့်ဆင့်ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်-

(က) စားသောက်ဆိုင်၊ ကော်ဖီဆိုင်များကို လက်ရှိတွင် ည(၁၀) နာရီထိသာ ဖွင့်ခွင့်ရှိရာမှ အချိန်အကန့်အသတ်မရှိ (၂၄) နာရီ ဖွင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊

(ခ) ညသန်းခေါင်ယံအထိ ဖွင့်ခွင့်ပြုထားသည့် ရုပ်ရှင်ရုံများ၊ အားကစားခန်းမ (Gym) များ၊ လူစုလူဝေးများ၍ High Risk ရှိနိုင်သည့်နေရာများအား (၂၄) နာရီ ဖွင့်ခွင့်ပြုသွားမည်ဖြစ်ပြီး၊ လာရောက်မည့်ဧည့်သည်များအနေဖြင့် ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်/ QR Code/ PCR Negative Test တို့ စစ်ဆေးပြသစေကာ အခြားသော ကန့်သတ်ထားသည့် Facilities များကိုလည်း အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ (၁၈) နှစ်အောက် ကလေးငယ်၊ လူငယ်များနှင့် အကြောင်းကြောင်းကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခွင့်မရှိသူများအတွက်မူ အဆိုပါ အထောက်အထားများပြသရန် မလိုကြောင်း၊

(ဂ) ဘေ့စ်ဘောအားကစားရုံများကို ယခင်က ထိုင်ခုံ(၃၀)ရာခိုင်နှုန်းသာခွင့်ပြုခဲ့ရာမှ၊ ယခု(၅၀)ရာခိုင်နှုန်းထိ တိုးမြှင့်ခွင့်ပြု၍ ကာကွယ်ဆေးထိုးပြီးမှုအထောက်အထားများပြသနိုင်ပါက အားကစားရုံအတွင်း အစားအသောက်စားခွင့်ပြုကြောင်း၊

(ဃ) ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားများ ပြသရန် မလိုဘဲ လူဦးရေ (၁၀)ဦးအထိ စုဝေးနိုင်ကြောင်း၊ သို့ရာတွင် ဈေးကွဲ့သို့ အစားအသောက်ရောင်းချသောနေရာများတွင် လူများစွာစုဝေးမှုကိုမူ ခွင့်မပြုကြောင်း၊

(င) အခမ်းအနားပွဲများအတွက် ကာကွယ်ဆေးအထောက်အထားများမလိုဘဲ လူဦးရေ (၁၀၀) ဦးအထိ စုဝေးကျင်းပခွင့်ရှိပြီး၊ ကာကွယ်ဆေးအထောက်အထားများ ပြသနိုင်ပါက လူဦးရေ(၅၀၀)ဦးထိ စုဝေးကျင်းပခွင့်ပြုကြောင်း၊

(စ) Mask တပ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများတွင် အပူချိန်တိုင်းတာမှု၊ ကာကွယ်ဆေးထိုးပြီးမှု အခြေအနေအား QR Code Scan ဖတ်၍ စစ်ဆေးခြင်း စသည့် စည်းကမ်းများကို ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး၊ Phase III အား အကောင်အထည်ဖော်ပြီးပါက Mask တပ်ရန်မလိုသည့်အခြေအနေကိုခွင့်ပြုနိုင်ရန်မျှော်လင့်ထားကြောင်း၊

(ဆ) ဆေးရုံများတွင် ကိုဗစ်-၁၉ အတွက် ဝန်ပိခြင်း၊ မလုံလောက်ခြင်းအား ဖြေရှင်းနိုင်ရန် ရောဂါလက္ခဏာပြင်းထန်သည့် လူနာများမှအပ အသက်(၇၀)နှစ်အောက် ကိုဗစ်-၁၉ ရောဂါလက္ခဏာ ပုံမှန်သာရှိသူများကို နေအိမ်တွင်ပင် စည်းကမ်းတကျ သီးခြားနေထိုင်ကုသစေသည့် နည်းစနစ်ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ၊ ယခု အသက်အရွယ်အားလုံးအတွက် ထိုကဲ့သို့ပင် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း။

ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလနှောင်းပိုင်းထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးသူသည် စုစုပေါင်းလူဦးရေ၏ (၇၀) ရာခိုင်နှုန်းကျော် ရှိလာပြီးဖြစ်သည့်တိုင် လုံးဝမထိုးရသေးသူ (၁၀)သန်းမျှခန့် ရှိနိုင်သေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားအောင် ကြိုးစားဆောင်ရွက်နေကြသော်လည်း ဆက်လက်တည်ရှိဆဲ ဖြစ်သည့်အတွက် ယခုကာလသည် နည်းလမ်းသစ်ကြံဆ၍ မူလလူနေမှုဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်၍ ဤ "Return to Normal" အစီအစဉ်ကို အဆင့်လိုက် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း KDCA ၏ Commissioner ဖြစ်သူ Ms. Jeong Eun-kyeong က တောင်ကိုရီးယားပြည်သူများသို့ ထုတ်ဖော်ပြောကြားခဲ့မှုအရ လေ့လာသိရှိရပါသည်။

သို့ပါ၍ ကိုရီးယားသမ္မတနိုင်ငံ၌ ကိုဗစ်-၁၉ အား အံတု၍ မူလလူနေမှုဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိကာ ပုံမှန်လည်ပတ်နိုင်စေရန် ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများကို ဖြေလျှော့မည့် "Return to Normal"အစီအစဉ်၏ပထမအဆင့်အား (၁-၁၁-၂၀၂၁) ရက်နေ့မှ စတင်သွားမည့် အခြေအနေကိုသိရှိနိုင်ပါရန်တင်ပြလိုက်ရပါသည်။

Ref: Korea Disease Control and Prevention Agency (KDCA), The Korea Herald (26-10-21)

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

……………………………………………………………………………………………

## တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စားသောက်ကုန်ကဏ္ဍ ကုန်သွယ်မှု ပိုမို ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး Webinar ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ ကျင်းပ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စားသောက်ကုန်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာရေးအတွက် "Webinar on Trade Facilitation for F&B Industry between ASEAN & Korea) ကို တောင်ကိုရီးယားနိုင်ငံ၊ အာဆီယံ-ကိုရီးယား ဗဟိုဌာန (ASEAN-Korea Centre-AKC) နှင့် တောင်ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များအသင်း (Korea Importers Association-KOIMA) တို့မှပူးပေါင်းကြီးမှူး၍ (၂၇-၁၀-၂၀၂၁) ရက်နေ့တွင် ဆိုးလ်မြို့တွင် အခြေပြု၍ ကျင်းပခဲ့ပါသည်။

အဆိုပါ Webinar တွင် AKC ၏အတွင်းရေးမှူးချုပ် H.E. Kim Hae-yong က အဖွင့်အမှာစကားပြောကြားခဲ့ရာ၊ အာဆီယံဒေသ၏စားသောက်ကုန်ကဏ္ဍမှတောင်ကိုရီးယားနိုင်ငံသို့ တင်သွင်းမှုသည် ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁) ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၃.၂) ဘီလီယံရှိလာခဲ့သဖြင့် ဆယ်စုနှစ်တာအတွင်း (၃)ဆခန့် မြင့်တက်လာခဲ့ကြောင်း၊ အာဆီယံနိုင်ငံများ၏ စားသောက်ကုန်ကဏ္ဍမှထုတ်လုပ်နိုင်မှုတန်ဖိုးသည် အာဆီယံနိုင်ငံများ စုစုပေါင်း GDP ၏ (၁၇) ရာခိုင်နှုန်းခန့်ရှိကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ဌာနများ၏ သက်ဆိုင်ရာတာဝန်ရှိသူများက ASEAN-Korea Free Trade Agreement (AKFTA)၊ Regional Comprehensive Economic Partnership (RCEP) တို့မှ အကျိုးခံစားခွင့်ရရှိနိုင်မှု အခြေအနေများ၊ တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဆိုင်ရာ စံသတ်မှတ်မှုများ၊ အပင်ပိုးမွှားထိန်းချုပ်မှုဆိုင်ရာများ၊ ကော်ဖီဈေးကွက်အခြေအနေနှင့်အလားအလာ စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး၊ အာဆီယံနိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ စားသောက်ကုန်ကဏ္ဍ လုပ်ငန်းရှင်များအကြား ကုန်သွယ်မှု လွယ်ကူလျှင်မြန်ချောမွေ့စေရေးဆိုင်ရာ အတွေ့အကြုံများ၊ အတွေးအမြင်များ၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးဖလှယ်၍ အာဆီယံနိုင်ငံများမှ တောင်ကိုရီးယားနိုင်ငံသို့ စားသောက်ကုန် တင်ပို့နိုင်ရေး အခွင့်အလမ်း ဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ အဆိုပါ Webinar သို့ မြန်မာသံရုံး၊ ဆိုးလ်မြို့၏ စီးပွားရေးသံမှူးအပါအဝင် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ ကော်ဖီ၊ လက်ဖက်ရည်နှင့် စားသောက်ကုန်ကဏ္ဍမှ လုပ်ငန်းရှင်များ Online မှ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်မှ (၁၃) ရက်နေ့အထိ ဆိုးလ်မြို့၊ COEX ခန်းမတွင် ASEAN Trade Fair 2021 ကုန်စည်ပြပွဲကို Seoul International Café Show 2021 နှင့်

ပူးတွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်ရာ AKC နှင့် ဆိုးလ်မြို့ အာဆီယံသံရုံးများမှ စီးပွားရေးသံမှူးများသည် ကုန်စည်ပြပွဲ ဖြစ်မြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြပါသည်။ ASEAN Trade Fair 2021 တွင် မြန်မာသံရုံး၊ ဆိုးလ်မြို့၏ဦးစီးမှုဖြင့် မြန်မာ့ကော်ဖီ၊ လက်ဖက်ရည်၊ ခနိဖူးလက်ဖက်ရည်၊ သစ်သီးခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ၊ မြန်မာ့စားသောက်ကုန်များကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးပြခန်းဖွင့်လှစ်၍ ပါဝင်ပြသသွားမည်ဖြစ်ပါသည်။ အဆိုပါ Webinar ဆောင်ရွက်ခဲ့မှုနှင့် ASEAN Trade Fair 2021 ကုန်စည်ပြပွဲ ကျင်းပမည့်သတင်းအား **(၂-၁၁-၂၀၂၁) ရက်နေ့ထုတ် The Korea Times** သတင်းစာတွင် **"Korea, ASEAN countries vow to increase exchanges in F& B industry"** ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြပါရှိပါသည်။

သို့ပါ၍ တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စားသောက်ကုန်ကဏ္ဍတိုးတက်ရေးအတွက်Webinarဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများစဉ်ဆက်မပြတ်ကျင်းပ၍ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာ့ကော်ဖီအပါအဝင်စားသောက်ကုန်စည်များ တောင်ကိုရီးယားနိုင်ငံ၏ ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

……………………………………………………………………………………………

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၃ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်

| ၁၁-၁၁-၂၀၂၁ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၇.၈ |
| ယူရို | ၂၃၀၉.၈ |
| စင်္ကာပူဒေါ်လာ | ၁၃၁၁.၆ |
| စတာလင်ပေါင် | ၂၃၈၁.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၉.၄ |
| တရုတ်ယွမ် | ၂၇၇.၇၀ |
| ဟောင်ကောင်ဒေါ်လာ | ၂၂၈.၁၈ |
| အိန္ဒိယရူပီး | ၂၃.၈၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၃၃ |
| မလေးရှားရင်းဂစ် | ၄၂၆.၅၄ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၄၆၄ |
| ထိုင်းဘတ် | ၅၃.၉၆၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၄၉၉ |

ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ➢ ဘရာဇီးလ်နိုင်ငံ၏ သီးနှံဈေးကွက်များတွင် ဖြစ်ပေါ်လျက်ရှိသော ပဲပုတ်စေ့ဈေးနှုန်း အခြေအနေများ
  - ➢ ပြည်တွင်းထောက်ပံ့အားပိုလျှံမှုနှင့် ပြည်ပတင်သွင်းမှုများကြောင့် ဩစတြေးလျ ထောပတ်သီးများ စုပုံနေခြင်း
  - ➢ ဩစတြေးလျကျောက်ပုစွန်တုပ်များကို ထိုင်းနိုင်ငံသို့ တင်ပို့မည်
- **အထွေထွေသတင်းများ**
  - ➢ ဩစတြေးလျ၏ စီးပွားရေးဆိုင်ရာသတင်းများ
  - ➢ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၂.၅ ဘီလီယံ ရရှိ
  - ➢ တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာသတင်များ
  - ➢ ထိုင်းနိုင်ငံအနေဖြင့် RCEP သဘောတူညီချက်ကိုအတည်ပြုလိုက်ခြင်း
  - ➢ ဟောင်ကောင်ဒေသ၏ စီးပွားရေးဆိုင်ရာသတင်းများ
  - ➢ အိန္ဒိယနှင့် ဘူတန်တို့အကြား နယ်စပ်ကုန်သွယ်ရေး ဝင်ထွက်ဂိတ် (၇) ခုအား တရားဝင်အတည်ပြုသတ်မှတ်ခြင်း
  - ➢ စက်သုံးဆီ အခွန်နှုန်းထားများအား အိန္ဒိယအစိုးရက လျှော့ချပေးခြင်း
  - ➢ ပို့ကုန်တိုးမြှင့်ရေးချိတ်ဆက်ဆောင်ရွက်မှုများ
  - ➢ ဂျပန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်အား အစီရင်ခံပြုစုတင်ပြခြင်း

# ဘရာဇီးလ်နိုင်ငံ၏ သီးနှံဈေးကွက်များတွင် ဖြစ်ပေါ်လျက်ရှိသော ပဲပုတ်စေ့ဈေးနှုန်း အခြေအနေများ

အမေရိကန်ဒေါ်လာငွေတန်ဖိုးများ မြင့်တက်နေချိန်တွင် အမေရိကန်နိုင်ငံရှိ ချီကာဂို စတော့ ဈေးကွက် (Chicago Commodity Ehchange – CBOT) တွင် ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်ကျရိပ်ပြလျက်ရှိပြီး ဘရာဇီးလ်နိုင်ငံရှိသီးနှံဈေးကွက်များတွင် အရောင်းအဝယ်များ အနည်းငယ်အေးစက်လျက်ရှိနေသည်။

တစ်အိတ်လျှင် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၆၉.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၆၈.၀၀ ဟဲရားဖြင့်လည်းကောင်း၊ Rio Grande ဆိပ်ကမ်းဈေးကွက်တွင် ၁၇၃.၀၀ ဟဲရာဖြင့် လည်းကောင်း၊ Rondonopolis (MT) ဈေးကွက်တွင် ၁၆၄.၀၀ ဟဲရားဖြင့်လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၆၀.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Rio Verde (GO) ဈေးကွက် တွင် ၁၆၂.၀၀ ဟဲရာဖြင့်လည်းကောင်း ဈေးနှုန်းများအသီးသီး ဖြစ်ပေါ်လျက်ရှိသည်။

အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် ဝယ်လိုအားအသင့်အတင့်ရှိခဲ့သော် လည်း ငွေတန်ဖိုးမြင့်တက်နေမှုနှင့် ကုန်သည်များ၏ ဈေးကစားမှုများကြောင့် အရောင်းအဝယ် များအေးစက်ခဲ့ပြီး ပဲပုတ်စေ့ဈေးကွက်သည် အနိမ့်ဈေးနှုန်းများဖြင့် ဈေးပိတ်ခဲ့ရသည်။

အောက်တိုဘာလ တတိယအပတ်အတွင်း အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂,၂၇၂,၀၀၃ တန် နှင့် စတုတ္ထအပတ်အတွင်း ပဲပုတ်စေ့တန်ချိန် ၂,၅၆၅,၉၂၉ တန်အား ရောင်းချ နိုင်ခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန၏ သတင်းတွင်ဖော်ပြထားသည်။ အဆိုပါ ရောင်းချခဲ့ သည့်ပဲပုတ်စေ့များတွင် တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၂,၀၀၀ တန်ရောင်းချခဲ့ပြီး ၂၀၂၁-၂၀၂၂ သီးနှံ ကာလအတွင်း အပြီးတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပဲပုတ်စေ့ကြိုပွိုင့်ဈေးကွက်တွင် ဇန်နဝါရီလအတွက် ကြိုပွိုင့်ဈေးနှုန်းသည် ပဲပုတ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၂.၄၈ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက်ကြိုပွိုင့်ဈေးနှုန်း သည် အမေရိကန် ဒေါ်လာ ၁၂.၅၈ ဒေါ်လာဖြင့်လည်းကောင်း ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ပဲပုတ်ထွက်ကုန်စည်များတွင် ဒီဇင်ဘာလအတွက် ပဲပုတ်စေ့အခွံကြိုပွိုင့်ဈေးနှုန်းသည် ၁ တန် လျှင် အမေရိကန်ဒေါ်လာ ၃၂၉.၁၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်ဆီ ၁ ပေါင်၏ ဒီဇင်ဘာလ အတွက်ကြိုပွိုင့်ဈေးနှုန်းသည် အမေရိကန် ဒေါ်လာ ၆၁.၉၇ ဆင့်ဖြင့် အရောင်းအဝယ်များဖြစ်ပေါ် ခဲ့ကြောင်း စိုက်ပျိုးရေးဌာန၏ သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာသည် ၅.၆၇၀၀ ဟဲရာ အထိရောက်ရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## ပြည်တွင်းထောက်ပံ့အားပိုလျှံမှုနှင့် ပြည်ပတင်သွင်းမှုများကြောင့် ဩစတြေးလျ ထောပတ်သီးများ စုပုံနေခြင်း

အနောက်ပိုင်း ဩစတြေးလျ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများသည် ထုတ်ပိုးမှုနှင့် ဈေးကွက်တင်ပို့မှု ကုန်ကျစရိတ်များ မကာမိတော့သောကြောင့် ထောပတ်သီးများ စုပုံလျက်ရှိကြောင်းသိရှိရပါသည်။ အနောက်ပိုင်းဩစတြေးလျတွင် ထုတ်လုပ်မှုစံချိန်တင်မြင့်တက်ပြီးနောက် ထောပတ်သီးတစ်ဖန်းလျှင် ဩစတြေးလျ ဒေါ်လာ ၁၈ ဒေါ်လာအထိ ကျဆင်းသွားခဲ့ကာပြည်တွင်းပိုလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

အနောက်ပိုင်း ဩစတြေးလျ၏ အဓိကပြည်တွင်းဈေးကွက်များဖြစ်သော ဆစ်ဒနီနှင့် မဲလ်ဘုန်းသို့ ရောင်းချမှု နှေးကွေးခြင်းနှင့် Lockdown ကြောင့် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍကို လအတော်ကြာ ပိတ်ပစ်လိုက်ပြီးနောက် ဈေးနှုန်းကျဆင်းမှု ဖိအားများတိုးလာခဲ့ခြင်းဖြစ်သည်။ ယမန်နှစ်က ထောပတ်သီးစိုက်ပျိုးမှုမှာ စီးပွားဖြစ်ထွန်းခဲ့ပြီး၊ ယခုနှစ်တွင် အမြတ်အစွန်းမရရှိခြင်းက စိုက်ပျိုးထုတ်လုပ်သူများ၏ စီးပွားရေးအပေါ် ကြီးစွာသော ရိုက်ခတ်မှုဖြစ်ပေါ်စေခဲ့ပါသည်။

ယခုရာသီအတွင်း အနောက်ပိုင်း ဩစတြေးလျတွင် ထောပတ်သီးဖန်းပေါင်း ၈.၂ သန်း ခန့်ခူးဆွတ်ရရှိနိုင်ကြောင်းခန့်မှန်းထားပြီး၊ ယမန်နှစ် ခူးဆွတ်ရရှိမှုနှင့် နှိုင်းယှဉ်ပါက ၂၃၃ % မြင့်တက်လာခြင်းဖြစ်ပါသည်။ ပြည်တွင်းထုတ်လုပ်မှုမြင့်တက်လာသော်လည်း လက်လီရောင်းချအချို့က နယူးဇီလန်နိုင်ငံမှ ထောတ်ပတ်သီးများ တင်သွင်းနေမှုအပေါ် မေးခွန်းထုတ်စရာဖြစ်လာပါသည်။ စာရင်းများအရ ပြည်ပမှသစ်သီးဖန်းပေါင်းများစွာသည် ဩစတြေးလျ စူပါမားကတ်များတွင် အပတ်စဉ်ရောင်းချရလျက်ရှိကြောင်းသိရှိပါသည်။ ဩစတြေးလျထောပတ်သီးအသင်းက ဩစတြေးလျထောပတ်သီးများ ဖူလုံသောထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိသွားသောကြောင့် ဩစတေးလျသီးနှံ အဓိကလက်လီရောင်းချသူများက တင်သွင်းမှုကိုရပ်ဆိုင်းရန်မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

ပြည်တွင်းပိုလျှံမှုကို ဟန်ချက်ညီစေရန် တင်ပို့မှုလည်း အရေးပါသောအချက်တစ်ချက် ဖြစ်ရာ ပြည်ပနိုင်ငံများနှင့် ဈေးကွက်ထူထောင်ရေးမှာ အချိန်ကာလအတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတကာဈေးကွက်အများအပြားသည် ဈေးနည်းပြိုင်ဘက်နိုင်ငံများဖြစ် သည့် ချီလီနှင့် ပီရူးတို့မှ သစ်သီးများကို တင်သွင်းနေပြီဖြစ်သည်။ ထို့အပြင် ဤရာသီတွင် မကြုံစဖူး ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး စိန်ခေါ်မှုများသည် ပြည်ပဈေးကွက်များသို့ ဝင်ရောက်ရန် ပိုမိုခက်ခဲစေကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ထောပတ်သီး ခူးဆွတ်ရရှိမှုမှာ တန်ချိန် ၁၂၀,၀၀၀ ရှိရာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၉,၆၀၀ တန် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

.......................................................................................................

## သြစတြေးလျကျောက်ပုစွန်တုပ်များကို ထိုင်းနိုင်ငံသို့ တင်ပို့မည်

သြစတြေးလျ အနောက်ပိုင်းမှ ရရှိသည့် ကျောက်ပုစွန်တုပ်အရှင်များကို ထိုင်းနိုင်ငံတွင် စားသုံးရန် ရည်ရွယ်ချက်အတွက် တင်ပို့ခွင့်ပြုမည့် ကျန်းမာရေးထောက်ခံချက်လက်မှတ်အသစ်ကိုသြစတြေးလျနှင့် ထိုင်းနိုင်ငံတို့အကြား အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း Austrade သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

သြစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ကျန်းမာရေးထောက်ခံချက်လက်မှတ်အတွက် လိုအပ်သော နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ကျန်းမာရေးထောက်ခံချက်သည် ၁-၉-၂၀၂၂ ရက်နေ့မှစတင်၍ ထိုင်းနိုင်ငံသို့တင်သွင်းမည့် ပုစွန်တုပ်မျိုးစိတ်အားလုံးအတွက် အကျုံးဝင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

ထောက်ခံချက် လက်မှတ်အသစ်ဖြင့် သြစတြေးလျနိုင်ငံ၊ အနောက်ပိုင်းဒေသထွက် ပုစွန်တုပ်များကို ထိုင်းနိုင်ငံသို့ ပထမဆုံးတင်ပို့နိုင်မည် ဖြစ်ပါသည်။ အဆိုပါ ပုစွန်တုပ်များတွင် အပူပိုင်းကျောက်ပုစွန် (tropical Rock Lobsters) နှင့် Ornate Rock Lobsters တို့လည်း အကျုံးဝင်ပါသည်။ သို့သော် သြစတြေးလျတင်ပို့သူများသည် အခြားကျောက်ပုစွန်မျိုးစိတ်များ (ဥပမာ-တောင်ပိုင်းကျောက်ပုစွန်) တင်သွင်းခွင့် အတည်ပြုချက်အတွက် ထိုင်းနိုင်ငံမှ တင်သွင်းသူများနှင့် စစ်ဆေးသင့်ကြောင်းနှင့် ပထမအကြိမ်တင်သွင်းခြင်းအတွက် ထိုင်းအာဏာပိုင်များ၏စစ်ဆေးမှုကိုခံယူရမည်ဖြစ်ကြောင်း၊ တင်ပို့သူများသည် ထိုင်းနိုင်ငံ၏ ကျောက်ပုစွန်တင်သွင်းခြင်းဆိုင်ရာလိုအပ်ချက်များကိုကုန်တင်သွင်းနိုင်ငံ၏ လိုအပ်ချက်များလက်စွဲ (Manual of Importing Country Requirements) တွင်ပြန်လည်သုံးသပ်သင့်ကြောင်း Austrade က အသိပေးထုတ်ပြန်ထားပါသည်။

သြစတြေးလျ ကျောက်ပုစွန်တင်ပို့မှုမှာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သိသာစွာကျဆင်းခဲ့ပါသည်။ ထို့အပြင် COVID-19 ကြောင့် တရုတ်နိုင်ငံဈေးကွက်တွင် အနှောင့်အယှက်များနှင့်

ကမ္ဘာလုံးဆိုင်ရာ ဧည့်ဝတ်ပြုမှုကဏ္ဍ (global hospitality sector) များကိုပိတ်ပစ်ခြင်းတို့ကြောင့် ကျောက်ပုစွန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိခဲ့ပြီး၊ ဩစတြေးလျနိုင်ငံ၏ ကျောက်ပုစွန်ထုတ်လုပ်မှုမှာ လျော့ကျသွားကာ တင်ပို့မှု ဈေးနှုန်းမှာလည်း ကျဆင်းခဲ့ရပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်ရှိ ကျောက်ပုစွန်ပျမ်းမျှဈေးနှုန်း တစ်ကီလိုဂရမ်လျှင် ဩစတြေးလျ ဒေါ်လာ ၈၁.၆၇ မှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၂၅.၃၄ % ကျဆင်းကာ တစ်ကီလိုဂရမ်လျှင် ဩစတြေးလျ ဒေါ်လာ ၆၀.၉၄ သို့ ကျဆင်းခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ပင်လယ်စာအပါအဝင် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ကြီးထွားလာသော ဈေးကွက်တစ်ခုဖြစ်လာပြီး၊ ထိုင်းနိုင်ငံသို့ ကျောက်ပုစွန် တင်ပို့မှုမှာ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဩစတြေးလျ ဒေါ်လာ ၄၂,၀၀၀ မှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဩစတြေးလျ ဒေါ်လာ ၉.၄ သန်းအထိ မြင့်တက်ခဲ့ပါသည်။ COVID-19 ကြောင့် အရည်အသွေးမြင့် စားသောက်ကုန်ဝယ်လိုအား နည်းပါးသော်လည်း ထိုင်းနိုင်ငံမှဩစတြေးလျကျောက်ပုစွန် တင်သွင်းမှုသည်တိုးလာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုများ ပြန်လည်စတင်ပြီး COVID-19 ဆိုင်ရာကန့်သတ်ချက်များမှ ပြန်လည်နာလန်ထူလာခြင်းကြောင့် ထိုင်းနိုင်ငံတွင် အရည်အသွေးမြင့် အစားအစာဝယ်လိုအား မြင့်တက်လာမည်ဟု မျှော်လင့်ရပါသည်။

ဈေးကွက်စုံလင်ကွဲပြားမှုမှာ ဩစတြေးလျနိုင်ငံ၏ ကျောက်ပုစွန်ကဏ္ဍအတွက် အဓိကဦးစားပေးတစ်ရပ်ဖြစ်ပြီး၊ ကမ္ဘာ့စီးပွားရေးများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ဈေးကွက်သစ်များတွင် ဝယ်လိုအားတည်ဆောက်ရန် ကြိုးပမ်းမှုများသည် အနာဂတ်ကျောက်ပုဇွန်တင်ပို့မှုကို မြင့်တင်ပေးမည်ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ နှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အကြား ကျောက်ပုစွန်မျိုးစိတ်အားလုံးတင်ပို့မှုမှာ ဩစတြေးလျ ဒေါ်လာ ၁.၆ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး၊ အနောက်ပိုင်း ကျောက်ပုစွန် ၁ ဘီလီယံဖိုး၊ တောင်ပိုင်းကျောက်ပုစွန် ၅၄၈ သန်းဖိုးနှင့် Ornate နှင့် tropical rock lobster ၉၀ သန်းဖိုး အသီးသီးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

…………………………………………………………………………………………………

## သြစတြေးလျ၏ စီးပွားရေးဆိုင်ရာသတင်းများ

### (က) သြစတြေးလျစီးပွားရေး ၂၀၂၂ ခုနှစ်တွင် ပုံမှန်အခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိရန် မျှော်မှန်းထားခြင်း

၂၀၂၁ ခုနှစ်၊ ဇွန်လတွင် COVID-19 ဒယ်လ်တာမျိုးကွဲ ပျံ့နှံ့ဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရပြီး၊ ပြည်နယ်အတော်များများတွင် COVID-19 ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ရလဒ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက် စီးပွားရေးအခြေအနေမှာ မသေချာမရေရာမှုများကို ဖြစ်ပေါ်စေပါသည်။ အဓိကပြည်နယ်များရှိ မြို့ကြီးများတွင် Lockdown ပြုလုပ်မှုများကြောင့် တတိယသုံးလပတ်တွင်စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အလုပ်လုပ်ကိုင်မှုတို့ ကျဆင်းနိုင်ကြောင်းမျှော်မှန်းထားပါသည်။ မျိုးကွဲအသစ်၏ပျံ့နှံ့နိုင်မှုမြင့်မားခြင်းကြောင့်ထိခိုက်ခံရသောနေရာများရှိ စီးပွားရေးကို တဖြေးဖြေးချင်း ပြန်လည်ဖွင့်လှစ်ရန် လိုအပ်လာပြီဖြစ်ပါသည်။

သြစတြေးလျစီးပွားရေးမှာ အစိုးရ၏ သိသာထင်ရှားသော ဘဏ္ဍာရေးထောက်ပံ့မှု၊ စီးပွားရေးအခြေခံအရှိန်အဟုန်၊ Lockdown ပြုလုပ်မှုကြောင့် ထိခိုက်မှုရှိသည့်နေရာများရှိ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုနှင့် ကာကွယ်ဆေးထိုးနှံမှုတိုးတက်မှုတို့က သြစတြေးလျနိုင်ငံ၏ စီးပွားရေးက ၂၀၂၂ ခုနှစ်တွင် ပုံမှန်အခြေ အနေသို့ အမြန်ပြန်လည်ရောက်ရှိစေမည့် အကြောင်းတရားများဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ရင်းမြစ်နှင့်စွမ်းအင်တင်ပို့မှု တိုးတက်ခြင်းမှာလည်း စီးပွားရေးပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေးအကြောင်းတစ်ရပ်ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရင်းမြစ်နှင့်စွမ်းအင်တင်ပို့မှုမှ သြစတြေးလျဒေါ်လာ ၃၁၀ ဘီလီယံရရှိရန် ခန့်မှန်းထားရာ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါ ဖြစ်ပွားမှုအတွင်း အထင်ကြီးစရာရလဒ်အဖြစ် ရှိနေပါသည်။ သြစတြေးလျနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုသည်အမေရိကန်၊ တရုတ်နိုင်ငံတို့အပါအဝင် အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများကို ပိုမိုလွယ်ကူစွာဆောင်ပေးနိုင်ပါသည်။

သြစတြေးလျနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် ပေါင်းစည်းလျက်ရှိသည့် စီးပွားရေး တစ်ခုဖြစ်ပြီး၊ နိုင်ငံ၏ GDP တွင် ကုန်သွယ်မှုမှာ ၄၀ % ခန့်ပါဝင်နေပါသည်။ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ (၁၅) နိုင်ငံအနက် (၁၂) နိုင်ငံမှာအာရှဒေသမှဖြစ်ပြီး၊ သြစတြေးလျနိုင်ငံ၏ စုစုပေါင်း ပို့ကုန်သုံးပုံနှစ်ပုံခန့်ကိုအာရှဒေသသို့တင်ပို့နိုင်လျက်ရှိခြင်းမှာနိုင်ငံ၏ ပထဝီအနေအထား ကောင်းမွန်မှုနှင့်အဓိကအာရှကုန်သွယ်ဖက်နိုင်ငံများနှင့်လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်မှုတို့ကြောင့်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် သြစတြေးလျနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး၊ အပြန်အလှန်ကုန်သွယ်မှုတွင် ၃၀ % ခန့်ပါဝင်နေပါ

သည်။ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ကလည်း အဓိကကုန်သွယ်ဖက်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆဲဖြစ်ပြီး၊ဩစတြေးလျနိုင်ငံ၏စုစုပေါင်း ကုန်သွယ်မှု၏ ၁၃ % ခန့် ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ ၁၃%၊ အီးယူနှင့် ကုန်သွယ်မှုမှာလည်း ၁၃ % ခန့်ရှိကြောင်းနှင့်အမေရိကန်နှင့် ကုန်သွယ်မှုမှာ ၉ % ခန့်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် ဩစတြေးလျနိုင်ငံသည်ကမ္ဘာ့စာတတ်မြောက်ပြီး၊ ပညာအတတ်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ရာ နိုင်ငံတကာကုမ္ပဏီများအတွက် ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များထောက်ပံ့ပေးနိုင်ခြင်းက နိုင်ငံ၏ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို မြှင့်တင်ပေးနိုင်သည့် အဓိကအကြောင်းတရားတစ်ခုဖြစ်ပါသည်။တည်ငြိမ်ပြီး၊ စွမ်းရည်ပြည့်ဝသည့် စီးပွားရေးဝန်းကျင်ကလည်း နိုင်ငံ၏ စီးပွားရေးကို ခိုင်မာစေသည့် အဓိကအကြောင်းတစ်ရပ် ဖြစ်ပါသည်။

ဩစတြေးလျစီးပွားရေးမှာ အစိုးရ၏ ဘဏ္ဍာရေးထောက်ပံ့မှု၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုတိုးတက်မှု၊ ကုန်သွယ်ရေးအားကောင်းလာမှု၊ ကျွမ်းကျင်လုပ်သားနှင့်ပညာရှင်ထောက်ပံ့နိုင်မှုနှင့် တည်ငြိမ်ပြီး၊ စွမ်းရည်ပြည့်ဝသည့် စီးပွားရေးဝန်းကျင်ကောင်းများဖြင့် ၂၀၂၂ ခုနှစ်တွင် ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

Source: Austrade

## (ခ) Mitsubishi (MHI) အကြီးစားစက်မှုလုပ်ငန်းက ဩစတြေးလျ၏ ကာဗွန်လျှော့ချမည့် ကြိုးပမ်းမှုကို မြှင့်တင်ပေးမည်

MHI ဩစတြေးလျနှင့် Primetals နည်းပညာတို့သည် အကြီးစားစက်မှုလုပ်ငန်း ကာဗွန်လျှော့ချမှု အကူးအပြောင်းကာလ ပူးပေါင်းဆောင်ရွက်မှု သုတေသနစင်တာ (Heavy Industry Low–Carbon Transition Cooperative Research Centre –HILT CRC) တွင် အဓိကမိတ်ဖက်များအဖြစ် ပူးပေါင်း၍လိုက်ပြီဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှု သုတေသနစင်တာ (CRC) များသည် ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်သည့် အလယ်အလတ်မှ ရေရှည်စက်မှုကဏ္ဍကို အလေးပေးသော အကျိုးအမြတ်မဟုတ်သည့် အဖွဲ့အစည်းများဖြစ်ပါသည်။ HILT CRC သည် ဩစတြေးလျ အကြီးစားစက်မှုလုပ်ငန်းကဏ္ဍ၏ ကာဗွန်လျှော့ချမည့် နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး၊ အစိုးရသည် လွန်ခဲ့သော (၁၀) နှစ်ကတည်းက ဩစတြေးလျဒေါ်လာ ၃၉ သန်းထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေသည် နိုင်ငံအတွင်းရှိ မိတ်ဖက်များထံမှ ရင်းနှီးမြှုပ်နှံမှုများအတွက် ဩစတြေးလျဒေါ်လာ ၁၇၅ သန်းကျော်ကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်းသိရှိရပါသည်။

MHI ဩစတြေးလျ နှင့် Primetals နည်းပညာတို့က သံနှင့် သံမဏိထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်ကြမည်ဖြစ်ပြီး၊ ဟိုက်ဒရိုဂျင် အခြေခံသံရိုင်း ပါဝင်မှုတိုက်ရိုက် လျှော့ချသည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်မည်ဖြစ်ပါသည်။ ယင်းတွင် HYFOR (ဟိုက်ဒရိုဂျင်အခြေခံသတ္တုရိုင်းလျှော့ချရေး) နည်းပညာအသစ်ပါဝင်ပြီး၊ Primetals နည်းပညာသည် အဆိုပါနည်းပညာကို ဥရောပတွင် စမ်းသပ်လျက်ရှိကြောင်း သိရှိရပါသည်။ MHI ဩစတြေးလျက ဆန်းသစ်တီထွင်ထားသော ကာဗွန်လျှော့ချမှု ဖြေရှင်းချက်များဖြင့် ဩစတြေးလျအကြီးစားစက်မှုလုပ်ငန်း၏ ကာဗွန်လျှော့ချရန် HILT CRC ရည်ရွယ်ချက်ကို ပါဝင်ကူညီမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ (၂) ခုသည် လာမည့် (၁၀) နှစ်တာကာလအတွင်း CRC သို့လည်း ရန်ပုံငွေများ ထည့်ဝင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

MHI ဩစတြေးလျသည် စွမ်းအင်နှင့် ကာဗွန်လျှော့ချမှုကို အဓိကထား၍ အခြားသော ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီလျက်ရှိပါသည်။ ကုမ္ပဏီသည် H2U နှင့် Eyre Peninsula Gateway စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ စီမံကိန်းမှာ ဩစတြေးလျတောင်းပိုင်းတွင် အစိမ်းရောင်ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယားတို့ကို ထုတ်လုပ်မည့် စီမံကိန်းဖြစ်ကာ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် စတင်လည်ပတ်ရန် မျှော်မှန်းထားပါသည်။

သံနှင့် သံမဏိကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၁၀ ရာခိုင်နှုန်းအထိ တာဝန်ရှိပြီး၊ ကျောက်မီးသွေးနှင့် coke အခြေခံ သံထုတ်လုပ်ရေး လုပ်ငန်းစဉ်များမှဟိုက်ဒရိုဂျင်အခြေခံထုတ်လုပ်ခြင်းသို့ ပြောင်းလဲခြင်းသည်စက်မှုလုပ်ငန်းကဏ္ဍကို ကာဗွန်လျှော့ချနိုင်ရန် ကူညီပေးနိုင်မည် ဖြစ်ပါသည်။ အဆိုပါနည်းပညာများကို ဩစတေးလျနိုင်ငံတွင် အတိုင်း အတာတစ်ခုအထိ ဖြန့်ကျက်အသုံးပြုခြင်းသည် ထုတ်လုပ်သူများကို တန်ဖိုးမြင့် ကွင်းဆက်သို့ မြှင့်တင်ပေးနိုင်သကဲ့သို့ နိုင်ငံကို သံတိုက်ရိုက်လျှော့ချမှုနှင့် နည်းပါးသော ကာဗွန် တင်ပို့မှုကို စတင်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူစာချုပ်အရ ဩစတြေးလျနိုင်ငံ၏ ဝတ္တရားများနှင့်အညီ ဖြစ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Austrade

## (၈) ဩစတြေးလျ ဓနသဟာယဘဏ်က ဖောက်သည်များကို Cryptocurrency ဝန်ဆောင်မှု ပေးမည်

ပြီးခဲ့သည့်အပတ်တွင် ဩစတြေးလျနိုင်ငံရှိ အဓိကဘဏ်တစ်ခုက ယင်းဘဏ်အသုံးပြုသူများအတွက် လက်ရှိဘဏ်လုပ်ငန်း Application တွင် Bitcoin ကဲ့သို့သော crypto ငွေကြေး ရောင်းဝယ်မှုဆိုင်ရာရွေးချယ်ခွင့်ကိုပေးမည်ဟု ကြေညာလိုက်ပါသည်။ "ညတွင်းချင်း" ချမ်းသာအောင်ပြုလုပ်နိုင်သော cryptocurrency ကုန်သည်များ၏ အဖြစ်အပျက်များစွာရှိသော်လည်း၊

အွန်လိုင်းတွင် cryptocurrencies ကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့မှာငွေဆုံးရှုံးရန် အလွန်လွယ်ကူကြောင်း ကျယ်ပြန့်စွာလက်ခံထားပါသည်။

ဩစတြေးလျလူငယ်များသည် ၎င်းတို့၏စုဆောင်းငွေများကို အမြန်လမ်းကြောင်းဖြင့် cryptocurrency ရင်းနှီးမြှုပ်နှံမှုများကို ရွေးချယ်လာသည်နှင့်အမျှ ဩစတြေးလျ၏အကြီးဆုံးဘဏ်ကလည်း cryptocurrencies ဝယ်ယူရန်၊ ရောင်းချရန်နှင့် ကိုင်ဆောင်ထားရန်တို့အတွက် ကိုယ်ပိုင်စမ်းသပ် Platform တစ်ခုကိုတည်ထောင်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဩစတြေးလျ၏ အကြီးဆုံးဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုဖလှယ်ရေး (Digital Asset Exchange) သူဌေးကြီး Caroline Bowler ကပင် လုပ်ငန်းကဏ္ဍ၌ စည်းမျဉ်းနှင့်ကြီးမားသောထိန်းကျောင်းမှု မရှိသည့်အတွက် ဈေးကွက်တွင်ပါဝင်သူများအတွက် ခိုင်မာသောဘဏ္ဍာရေးဆိုင်ရာအကြံဉာဏ် ပေးသည့်နည်းလမ်းလုံးဝမရှိကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

ဩစတြေးလျနိုင်ငံတွင် cryptocurrency ရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေမူဘောင်မှာ ဆောင်ရွက်ဆဲဖြစ်ပြီး၊ Liberal MP Andrew Bragg ဦးဆောင်သည့် ဆီးနိတ်ရွေးချယ်ရေးကော်မတီသို့ လုပ်ငန်းကဏ္ဍက ရာပေါင်းများစွာသော တင်ပြမှုများ ပြုလုပ်ပြီးနောက် အဆိုပါလုပ်ငန်းကဏ္ဍကို မည်ကဲ့သို့တင်းကြပ်ရန်ကို လေ့လာလျက်ရှိပါသည်။ Treasurer Josh Frydenberg ကဩစတြေးလျကိုနည်းပညာနှင့်ဘဏ္ဍာရေးဗဟိုဌာနအဖြစ် ဆီးနိတ်ရွေးချယ်ရေးကော်မတီနောက်ဆုံးအစီရင်ခံစာကို ကြိုဆိုပါကြောင်းနှင့်အစိုးရသည်ကော်မတီ၏ အကြံပြုချက်များကို ဂရုတစိုက်နှင့် သုံးသပ်လျက်ရှိပြီး၊ ယခုနှစ်ကုန်တွင် တုံ့ပြန်မှုကိုအပြီးသတ်ရန် ရည်ရွယ်ထားကြောင်းသိရှိရပါသည်။ ဩစတြေးလျနိုင်ငံသည် cryptocurrency အတွက် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာကိစ္စရပ်များကို စိစစ်ဆဲဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလက တရုတ်သည် cryptocurrency လုပ်ငန်းများကို အရှိန်မြင့်ဖြိုခွဲလိုက်သောအခါ Bitcoin ၏ ဈေးနှုန်းပျက်သွားခဲ့ရပါသည်။ Cryptocurrency နယ်ပယ်ရှိလူများသည် စည်းမျဉ်း၊ စည်းကမ်းများကို ပိုမိုလိုအပ်ကြောင်း ပြောဆိုသော်လည်း အထောက်အထားများအရ ရင်းနှီးမြှုပ်နှံသူများသည် စည်းမျဉ်းအသစ်များကို လိုက်နာမှုအားနည်းကြောင်း တွေ့ရှိရပါသည်။

ယခုအခါ ဩစတြေးလျ ဓနသဟာယဘဏ်သည် ၎င်း၏ဖောက်သည်များအား cryptocurrencies ဝယ်ခြင်း၊ ရောင်းချခြင်းနှင့် ကိုင်ဆောင်ခြင်းတို့ကို ခွင့်ပြုမည်တော့ဖြစ်သည်။ သို့သော် ANZ၊ NAB နှင့် Westpac တို့သည် crypto ဈေးကွက်သို့ဝင်ရောက်ရန် အစီအစဉ် မရှိသေးကြောင်းနှင့် cryptocurrencies မှာပြိုကွဲလွယ်ကြောင်း နာမည်ဆိုးဖြင့် ကျော်ကြားလျက်ရှိ

ရာကျွမ်းကျင်သူများက cryptocurrencies ဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းများကို တောင်းဆို လျက်ရှိကြောင်း သိရှိရပါသည်။

Source: www.abc.net.au

### (ဃ) ကိုဗစ်-၁၉ ဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများ ပြီးဆုံးသွားပြီဖြစ်သော်လည်း စီးပွားရေး လုပ်ငန်းများ ရုန်းကန်ရဆဲဖြစ်ခြင်း

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၏ Lockdown က မကြာသေးမီက ပြီးဆုံးသွားပြီဖြစ် သော်လည်းစီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုပြင်းထန်ခဲ့ရာ ဧည့်ဝတ်ပြုမှုနှင့် အခြား လုပ် ငန်းကဏ္ဍများတွင် ကျပန်းအလုပ်များကို ဖြည့်ဆည်းရန် လုပ်သားများ ပိုမိုလိုအပ်လာကြောင်း သိရှိရပါသည်။

ဖက်ဒရယ်ဘတ်ဂျတ်စီမံကိန်းများအရ ကိုဗစ်-၁၉ ကူးစက်မှုဆိုင်ရာ နိုင်ငံတကာ ဝင်/ ထွက်ပေါက်များ ပိတ်ပစ်ခြင်းကြောင့် ၁၉၄၆ ခုနှစ်ကတည်းမှစတင်၍ ၂၀၂၀-၂၀၂၁ ခုနှစ် အတွင်း ရွှေ့ပြောင်းသွားလာမှု သိသိသာသာကျဆင်းခဲ့ပြီး၊ လူ ၇၁,၆၀၀ ဦး ထွက်ခွာမှုနှင့်အတူ ဩစတြေးလျနိုင်ငံ၏ လက်ရှိအလုပ်သမားရှားပါးမှုကို ပိုမိုဆိုးရွားစေသည်။ ကူးစက်ရောဂါ မဖြစ်မီက နိုင်ငံတကာကျောင်းသားများနှင့် အခြားယာယီရွှေ့ပြောင်းနေထိုင်သူများက အဆိုပါ အခန်းကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းပြီး၊ အများအားဖြင့် တရုတ်၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံတကာကျောင်းသားများဖြစ်ပါသည်။

သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ဩစတြေးလျနယ်စပ်ကို ပိတ်လိုက်ခြင်းသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံတကာ ကျောင်းသားဦးရေ ၇၅၆,၆၅၆ ဦးမှ ၂၀၂၁ ခုနှစ် ၊ ဩဂုတ်လတွင် ၅၅၂,၄၉၁ ဦးသို့ ကျဆင်းသွားခဲ့ရသည်။ ဝန်ထမ်းအင်အား နည်းပါးမှုကြောင့် စားသောက်ဆိုင်များ၏ ဖွင့်လှစ်မှုအချိန်ကို လျှော့ချခဲ့ရပြီး၊ Lockdown ကြောင့် ဝယ်လိုအား မြင့်တက်လာရာ Delivery ကွန်ယက်မှာလည်း လုပ်သားအင်အားနည်းပါးမှုကြောင့် ရိုက်ခတ် မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

ယခုအခါစီးပွားရေးလုပ်ငန်းများသည်ရှင်သန်ရန်ခက်ခဲမှုများရှိနေပြီး၊ ဧည့်ဝတ်ပြုမှုကဏ္ဍ အတွက် လုပ်သားလိုအပ်ချက်မှာ အရေးကြီးသောပြဿနာတစ်ရပ်အဖြစ် ရှိနေပါသည်။ အလုပ် ရှင်များကမူ နိုင်ငံတကာကျောင်းသားများ ပြန်လည်ဝင်ရောက်လာရေးကို မျှော်လင့်လျက်ရှိပါ သည်။ သို့သော် လုပ်ငန်းကဏ္ဍရေရှည်ရပ်တည်နိုင်ရေးအတွက် ဧည့်ဝတ်ပြုမှုကဏ္ဍနှင့် လက်လီ ရောင်းချမှုကဏ္ဍတို့မှာ ဒေသခံဝန်ထမ်းများ ဆွဲဆောင်ရန်နှင့် စွမ်းရည်မြင့်တင်ရန် လိုအပ်လာပြီ ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

## (င) လယ်ယာလုပ်သားများ၏ လစာနှုန်းထားများ ပြောင်းလဲသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိခြင်း

သစ်သီးဝလံပန်းမာလ်ကဏ္ဍ၏ လုပ်သားများအတွက် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ခူးဆွတ်ရန် လစာပေးချေမှု နည်းလမ်းကြောင့် ယခုအပတ်အတွင်း ငြင်းခုံမှုများ ဖြစ်ပွားစေကြောင်းသိရှိရပါသည်။ လုပ်ငန်းကဏ္ဍသည် လယ်ယာလုပ်သားများ အသီးအနှံခူးသည့်နှုန်းတွင် အနည်းဆုံးတစ်နာရီလျှင် အနိမ့်ဆုံး ဩစတြေးလျ ဒေါ်လာ ၂၅.၄၁ အာမခံရမည်ဟူသည့် တရားမျှတသော အလုပ်ကော်မရှင်၏ (The Fair Work Commission) စီရင်ချက်ဆိုင်ရာ သက်ရောက်မှုများကို သိရှိနားလည်အောင်ကြိုးစားလျက်ရှိကြောင်းနှင့် ယခုဆုံးဖြတ်ချက်မှာ လုပ်ငန်းကဏ္ဍဆုံးဖြတ်ချက်များအနက် ယနေ့ခေတ်၏ အထင်ရှားဆုံးသော ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း၍သိရှိရပါသည်။

သမားရိုးကျခူးဆွတ်မှု နှုန်းများပေးရာတွင် အလုပ်သမားများကို ၎င်းတို့ရိတ်သိမ်းသည့် သို့မဟုတ် ထုပ်ပိုးသည့် ပမာဏအလိုက် ပေးချေခြင်းဖြစ်ပါသည်။ လယ်ယာလုပ်ငန်းစည်းရုံးရေးအဖွဲ့ကမူ အရည်အချင်းရှိဝန်ထမ်းများသည် ယခုအနိမ့်ဆုံးတစ်နာရီစာနှုန်းထက် ပိုမိုရရှိစေကြောင်း ငြင်းခုံထားပါသည်။ တစ်ဖက်တွင်မူ ဩစတြေးလျ အလုပ်သမားများသမဂ္ဂ (AWU) သည် အပိုင်းလိုက်နှုန်းထားစနစ်က သစ်သီးခူးသူများကို ခေါင်းပုံဖြတ်ပြီး၊ အခကြေးငွေနည်း ပါးစွာပေးချေခြင်းဖြစ်ကြောင်း အရေးဆိုထားသည်မှာ ကြာမြင့်လျက်ရှိနေပြီဖြစ်ပါသည်။ ကော်မရှင်သည် ရာသီအလိုက်ရိတ်သိမ်းသည့် လုပ်သားအင်အား၏ များပြားလှသောအချိုးအစားမှာ လက်ခစားနှုန်းထားဖြင့် လုပ်ကိုင်နေခြင်းဖြစ်ပြီး၊ ယာယီရွှေ့ပြောင်း အလုပ်သမား အများအပြားမှာခေါင်းပုံဖြတ်ခံရမှုတွင် ပါဝင်လျက်ရှိသည်ကိုတွေ့ရှိခဲ့ပါသည်။

အမျိုးသားတောင်သူလယ်သမားများအဖွဲ့ချုပ် (The National Farmers' Federation) က အဆိုပါအပြောင်းအလဲကို ဆန့်ကျင်လျက်ရှိပြီး၊ အပိုင်းလိုက်နှုန်းထားစနစ်က ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ပြီး၊ ယခုတစ်နာရီအနိမ့်ဆုံးနှုန်းထားက လယ်သမားများ၏စီးပွားရေးကို ပျက်သွားစေနိုင်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ အလုပ်ရှင်အများအပြားသည် ထုတ်လုပ်နိုင်စွမ်းမရှိသော အလုပ်သမားများအတွက် နာရီအလိုက်နှုန်းထားများကိုမပေးဆောင်နိုင်ခြင်း (သို့) အပိုအုပ်ချုပ်ရေးဝန်ထုပ်ဝန်ပိုးကို မထမ်းဆောင်နိုင်ခြင်းကြောင့် အပိုင်းလိုက်နှုန်းထားများကို ပေးဆောင်ရန်တတ်နိုင်တော့မည် မဟုတ်ကြောင်းသိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

## (စ) သြစတြေးလျနိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း စီးပွားရေးအခြေအနေ အစီရင်ခံစာ

ပြည်တွင်းတွင်ကိုဗစ်-၁၉ ဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများကြောင့် စီးပွားရေးမှာ တစ်ပတ်လျှင် သြစတြေးလျဒေါ်လာ ၃ ဘီလီယံဆုံးရှုံးသကဲ့သို့ နိုင်ငံတကာ ဝင်/ထွက်ပေါက်များပိတ်ထားခြင်းက တစ်ပတ်လျှင် ၁.၃ ဘီလီယံခန့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ စက်တင်ဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၄.၆ % အထိ မြင့်တက်ခဲ့ပြီး၊ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၃၈,၀၀၀ မှ အလုပ်အကိုင် ဆုံးရှုံးခဲ့ရပါသည်။ အဓိကမြို့ကြီးများတွင် ကိုဗစ်-၁၉ ဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများကို ယခုလလယ်အတွင်း ဖယ်ရှားလိုက်ပြီဖြစ်ရာ စီးပွားရေးလုပ်ဆောင်မှုများ ပြန်လည်သက်ဝင်လာပြီဖြစ်သော်လည်း Lockdown ကာလကြာမြင့်မှုကြောင့် စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့ရပါသည်။

သြစတြေးလျနိုင်ငံတကာဝင်/ထွက်ပေါက်များကိုနိုဝင်ဘာလတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ သြစတြေးလျ နိုင်ငံသားများ ပြည်ပသို့ဘေးကင်းစွာ သွားလာနိုင်ရေးအတွက် အစိုးရက နိုင်ငံတကာ COVID– 19ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထား )International COVID– 19proof of vaccination) အစီအစဉ်ကို စတင်လိုက်ပြီး၊ သြစတြေးလျနိုင်ငံသားများနှင့် သြစတြေးလျဗီဇာဖြင့် တရားဝင်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများသည် ၁၉-၁၀-၂၀၂၁ ရက်နေ့မှ စတင်ကာ Australian Immunisation Register (AIR) တွင် မှတ်ပုံတင်ထားသည့် ၎င်းတို့၏ ကာကွယ်ဆေးမှတ်တမ်းများကို နိုင်ငံတကာ COVID–19 ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထားအဖြစ်ရယူနိုင်ရန် စီစဉ်ထားရှိပါသည်။

Qantas လေကြောင်းလိုင်းသည် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ နိုင်ငံအဝှမ်း လုပ်ငန်းပြန်လည်စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ ယမန်နှစ်မတ်လနောက်ပိုင်းမှစတင်၍ လေကြောင်းလိုင်း၏ ပထမဆုံးပုံမှန်ပျံသန်းမှုအဖြစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဆစ်ဒနီမှ ဒါဝင် – လန်ဒန်သို့ ထွက်ခွာမည်ဖြစ်ပါသည်။ ပြည်နယ်များနှင့်နယ်မြေများအကြား ခရီးသွားလာမှုများသည် ကန့်သတ်ချက်များ ရုပ်သိမ်းခြင်းနှင့်အညီ ပြည်တွင်းလေကြောင်းလိုင်း ပြန်လည်စတင်နိုင်ရန် မျှော်မှန်းထားပါသည်။

ကနဦးအနေဖြင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များတွင် နိုင်ငံသားများ၊ အမြဲနေထိုင်သူများနှင့်၎င်းတို့၏ မိသားစုဝင်များကို ကန့်သတ်ချက်များရှိမည်ဖြစ်ပြီး၊ ဆက်လက်၍ နိုင်ငံတကာ ကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာခြင်းများကို ခွင့်ပြုပေးမည်ဖြစ်ပါသည်။ နောက်ပိုင်းတွင် ကျွမ်းကျင်ရွှေ့ပြောင်းနေထိုင်သူများနှင့် ခရီးသွားများအတွက် လျင်မြန်စွာ ဖွင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖြစ် ဗြိတိန်နည်းပညာကုမ္ပဏီ SoftIron က သြစတြေးလျနိုင်ငံတွင် ပထမဆုံးသောထုတ်လုပ်မှုစက်ရုံတစ်ရုံကို စတင်ဖွင့်လှစ်လိုက်ပြီး၊ ဒေတာစင်တာများအတွက် စက်ပစ္စည်းများကို ထုတ်လုပ်မည်ဖြစ်ပါသည်။ ယင်းတို့တွင် ပုဂ္ဂလိကနှင့် အများပြည်သူသုံး Cloud နှင့်လုပ်ငန်းသုံးအတွက် enterprise-scale facilities များပါဝင်ပြီး၊ ၂၀၂၂ ခုနှစ်အစောပိုင်းတွင် စတင်ထုတ်လုပ်သွားနိုင်ရန် မျှော်မှန်းထားပါသည်။ ထို့အပြင် အလယ်ပိုင်းကွင်းစလန်ပြည်နယ်တွင် ကမ္ဘာ့အကြီးဆုံး အစိမ်းရောင် ဟိုက်ဒရိုဂျင် ထုတ်လုပ်မည့် စက်ရုံကို တည်ဆောက်မည်ဖြစ်ရာ သြစတြေးလျသည် ကမ္ဘာ့အကြီးဆုံး အစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်မည့်နေရာအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။ အဆိုပါ စက်ရုံသည် ကမ္ဘာ့အစိမ်းရောင်ဟိုက်ဒရိုဂျင် ထုတ်လုပ်မှု စွမ်းရည်ကို (၂) ဆ မြင့်တက်နိုင် ပြီး၊ ပထမအဆင့်အနေဖြင့် နှစ်စဉ်ဟိုက်ဒရိုဂျင် လျှပ်စစ်ဓါတ်အား ၂ ဂစ်ဂါဝပ် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပါသည်။ အစိုးရသည် စံချိန်တင်ရင်းနှီးမြှုပ်နှံမှုနှင့် အရည်အချင်းများရရှိရေး ဆွဲဆောင်ရန်၊ သြစတြေးလျအလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ရန်တို့အတွက် ဗြိတိန်နိုင်ငံနှင့် ဘဏ္ဍာနည်းပညာ ပေါင်းကူးသဘောတူစာချုပ် ချုပ်ဆိုခဲ့သည့်အပြင် သြစတြေးလျနိုင်ငံ၏ တိုးတက်လျက်ရှိသော ဘဏ္ဍာနည်းပညာ) FinTech) ကဏ္ဍကို ပံ့ပိုးပေးလျက်ရှိပါသည်။

ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် သြစတြေးလျနှင့် ပစိဖိတ်ကျွန်းစုနိုင်ငံများအကြား စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ရောင်းဝယ်မှုဆိုင်ရာ MOU တစ်ရပ်ကို ၆၂၀၂၁-၁၀- ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြပြီး၊ MOU အရ ပစိဖိတ်ကျွန်းစုနိုင်ငံများ၏ အစားအသောက် လုံခြုံစိတ်ချရမှုကို တိုးတက်စေရေးနှင့် ဇီဝလုံခြုံမှုအန္တရာယ်များကို စီမံခန့်ခွဲရာတွင် အကူအညီ ပေးရေးတို့ကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သြစတြေးလျသည် စင်္ကာပူနိုင်ငံနှင့် နှစ်နိုင်ငံ အစိမ်းရောင် စီးပွားရေးသဘောတူစာချုပ်တစ်ရပ်ကို လေ့လာဖော်ထုတ်လျက်ရှိပြီး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကုန်စည်များနှင့်ဝန်ဆောင်မှုများအတွက် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုဖယ်ရှားရန်နှင့် ထုတ်လွှတ်မှုနည်းသော အစိမ်းရောင်နည်းပညာဆိုင်ရာ သဘောတူညီမှုများကို အရှိန်မြှင့်တင်ရန် ရည်ရွယ်ပါသည်။

ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုဒေသဖြစ်လာမည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက်ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်မည့် ဥပဒေတစ်ရပ်ကို ပါလီမန်က ၂၁၂၀၂၁-၁၀- ရက်နေ့တွင် အတည်ပြုခဲ့ပြီး၊ ၂၂၀၂၁-၁၁- ရက်နေ့တွင် သြစတြေးလျနိုင်ငံနှင့်အတူ နယူးဇီလန်နိုင်ငံကလည်း RCEP သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုး (Ratify ) ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အဓိကသိုးထုတ်လုပ်သော ဒေသများရှိ စိုစွတ်သော နွေဦး ရာသီကြောင့် ယခုနှစ်တွင် အမျိုးသားသိုးအုပ်စုဆောင်းမှုမှာ ကောင်ရေသန်း ၇၀ ကျော် ရောက် ရှိရန်ခန့်မှန်းထားပါသည်။မွေးမြူသူများ၏ထိန်းသိမ်းထားရှိမှုနှင့်ထုတ်လုပ်သူများက ကောင်းမွန် သောရာသီဥတုကို အသုံးချ၍ သိုလှောင်မှုနှုန်း မြှင့်တင်ခြင်းဖြင့် အမျိုးသားသိုးအုပ်စု ပြန်လည် တည်ဆောက်ရေးအရှိန်သည် ကနဦးမျှော်မှန်းထားသည်ထက် ပိုမိုမြန်ဆန်လာခြင်း ဖြစ်ပါသည်။ ပြည်ပနိုင်ငံဈေးကွက်များသို့ ကျွဲအရှင်တင်ပို့မှု မြင့်တက်လာခဲ့ပြီး၊ အထူးသဖြင့် အရှေ့တောင် အာရှနိုင်ငံများအနက် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝယ်လိုအား မြင့်တက်ခဲ့ပါသည်။ Red Meat တင်ပို့မှုများအနက် ဆိတ်သားတင်ပို့မှုမှာ ဈေးနှုန်းခိုင်မာမှုနှင့်အတူ အမေရိကန်နိုင်ငံ၏ တိုးတက်လာသောဝယ်လိုအားနှင့် ကိုရီးယားနိုင်ငံ၏ ချက်ခြင်းမြင့်တက်လာသည့် ဝယ်လိုအား တို့ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၂၁ % တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ဈေးကွက်အသစ် အခွင့်အလမ်းအဖြစ် မက္ကဆီကိုနိုင်ငံသို့ စားသုံးနိုင်သည့် အမဲဆီကို ပထမဦးဆုံးတင်ပို့နိုင်ခဲ့ပြီး၊ တင်ပို့ရာတွင် CPTPPP သဘောတူစာချုပ်အရ အကောက်ခွန် ကင်း လွတ်ခွင့်ဖြင့်တင်ပို့နိုင်မည့် အခွင့်အလမ်းရရှိခြင်းဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံသည် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အမဲဆီကို ဩစတြေးလျ ဒေါ်လာ ၁၀၈. သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး၊ ကိုရီးယား နိုင်ငံသို့ ၆၉ %၊ နယူးဇီလန်နိုင်ငံသို့ ၁၀ % နှင့် ထိုင်ဝမ်သို့ ၇ % အသီးသီးတင်ပို့နိုင်ခဲ့ခြင်းဖြစ် ပါသည်။

ယခုလအတွင်း ဘရစ်ဘိန်းအခြေစိုက် Cannon Hill အသားထုတ်လုပ်မှုလုပ်ငန်းက တရုတ်နိုင်ငံသို့ တင်ပို့လိုက်သော အေးခဲအမဲသားများတွင် တားမြစ်ဓာတုပစ္စည်းများ တွေ့ရှိမှု ကြောင့် တရုတ်အာဏာပိုင်များက တင်ပို့ခွင့် ပိတ်ပင်လိုက်ရာ ဩစတြေးလျနိုင်ငံ၏ (၉) ခု မြောက်တင်ပို့မှုပိတ်ပင်ခံရသည့်လုပ်ငန်းဖြစ်လာပါသည်။ တရုတ်နိုင်ငံကဩစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံတင်သွင်းခွန် ၂၂၀ % ကောက်ခံသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ WTO တွင် ဩစတြေးလျ၏ အရေးဆိုမှုကို WTO အငြင်းပွားမှု အဖွဲ့ဖြေရှင်းရေးက စစ်ဆေးရန် သဘော တူညီခဲ့ပါသည်။ တရုတ်၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများသည် WTO စည်းမျဉ်းများကို ချိုး ဖောက် ခြင်းဖြစ်ကြောင်း ဩစတြေးလျက စွပ်စွဲပြောဆိုထားပြီး၊ တရုတ်နိုင်ငံကမူ ၎င်းတို့ ချမှတ်ကျင့်သုံးလိုက်သည့် အစီအမံများမှာ WTO စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိကြောင်း တန်ပြန် ပြောဆိုထားပါသည်။ ဩစတြေးလျ ဝိုင်တင်ပို့မှုမှာ (၅) နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွား သော်လည်း ဟောင်ကောင်မှာ ဩစတြေးလျဝိုင်ဝယ်လိုအားမှာ ၁၃၅ % မြင့်တက်ခဲ့ပြီး၊ အရှေ့

တောင်အာရှမှ ၄၃ % နှင့် ဖြိတိန်အပါအဝင် အီးယူနိုင်ငံများ၏ ဝယ်လိုအားက ၄ % မြင့်တက်လာခဲ့ပါသည်။

ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည့် ကုန်သွယ်ရေးအငြင်းပွားမှုများကြောင့် ဩစတြေးလျပို့ကုန်များ တရုတ်ဈေးကွက်ဝင်ရောက်မှုမှ ပိတ်ပင်ကန့်သတ်ထားခံရသည့် အခြေအနေတွင် အမေရိကန်ပို့ကုန်များက တရုတ်ဈေးကွက်သို့ အစားထိုးဝင်ရောက်လျက်ရှိပါသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံ၏ တရုတ်နိုင်ငံသို့ အမဲသားတင်ပို့မှုမှာ သိသာစွာမြင့်တက်ခဲ့ပြီး၊ဩစတြေးလျအမဲသားတင်ပို့သူများအတွက်စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါသည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားအကြပ်အတည်းကြောင့် ဩစတြေးလျကျောက်မီးသွေးတင်သွင်းခွင့် ပိတ်ပင်ထားမှုကို ယာယီဖြေလျှော့လိုက်ရာ ဆိပ်ကမ်းများသို့ရောက်ရှိနေသည့် ကျောက်မီးသွေးများအတွက် ကုန်စည်ရှင်းလင်းခွင့် ရရှိခဲ့ပါသည်။

တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် ကုန်သွယ်ရေးအငြင်းပွားမှုများ ဖြစ်ပွားလျက် ရှိသော်လည်း ယခုနှစ်အတွင်း ကုန်စည်ဝယ်ယူမှု ပိုမိုများပြားလာပြီး၊ တင်ပို့မှုတန်ဖိုးမှာ ယမန်နှစ်ကနှင့်နှိုင်းယှဉ်ပါက ၂၄ % မြင့်တက်လာခဲ့ပါသည်။ အပြန်အလှန်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေပြနေခြင်းက ဩစတြေးလျနိုင်ငံ၏ ကုန်သွယ်မှုအားသာချက်ကို ဖြစ်ပေါ်စေပါသည်။

**သုံးသပ်တင်ပြချက်**

၂၀၂၁ ခုနှစ်၊ ဇွန်လမှ စတင်၍ COVID-19 ဒယ်လ်တာမျိုးကွဲ ပျံ့နှံ့ဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရပြီး၊ ပြည်နယ်များရှိ မြို့ကြီးအများစုတွင် COVID-19 ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှု များဖြစ်ပေါ်ခဲ့ရာ ရလဒ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက် စီးပွားရေး အခြေအနေမှာ မသေချာမရေရာမှုများကို ဖြစ်ပေါ်စေပါသည်။ အဓိကပြည်နယ်များရှိ မြို့ကြီးများတွင် Lockdown ပြုလုပ်မှုများကြောင့် တတိယသုံးလပတ်တွင်စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အလုပ်လုပ်ကိုင်မှုတို့ ကျဆင်းစေနိုင်ကြောင်း တွေ့ရှိရပါသည်။ မျိုးကွဲအသစ်၏ ပျံ့နှံ့နိုင်မှု မြင့်မားခြင်းကြောင့်ထိခိုက်ခံရသော နေရာများရှိ စီးပွားရေးကို တဖြေးဖြေးချင်း ပြန်လည်ဖွင့်လှစ်ရန် လိုအပ်လာပြီဖြစ်ပါသည်။

ပြည်နယ်အလိုက် ကာကွယ်ဆေးထိုးနှံမှုမှာ သတ်မှတ်ရာခိုင်နှုန်းများသို့ ရောက်ရှိလာသည်နှင့်အမျှ နိုင်ငံတကာဝင်/ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် အဓိကဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းမှာ ပြန်လည်ဦးမော့လာတော့မည်ဖြစ်ပါသည်။ အစိုးရသည် အဆင့်မြင့် စွမ်းအင်လောင်စာ နည်းပညာကဏ္ဍနှင့် ဘဏ္ဍာနည်းပညာကဏ္ဍတို့ရှိ ရင်းနှီး

မြှုပ်နှံမှုများအတွက် ပံ့ပိုးကူညီခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ကာ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဩစတြေးလျအစားအသောက်ထုတ်လုပ်မှုနှင့် တင်ပို့မှုသည် နှစ်ရှည်များစွာ တရုတ်နိုင်ငံအပေါ် မှီခိုနေခဲ့ခြင်းကြောင့် တရုတ်နိုင်ငံဈေးကွက်၏ အကန့်အသတ်များ ဖြစ်ပေါ်လာချိန်တွင် အခြားဈေးကွက်သစ်များရှာဖွေ၍ ပြောင်းလဲတင်ပို့ခြင်းက ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအတွက် လက်တလောခက်ခဲမှုများရှိစေသော်လည်း ဩစတြေးလျနိုင်ငံ၏ ရေရှည်ကုန်သွယ်မှုအတွက် ကောင်းမွန်သော လက္ခဏာများဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

.....................................................................................................................

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၂ ၅.ဘီလီယံ ရရှိ

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံသည် ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၂.၅ ဘီလီယံ ကုန်သွယ်မှုပိုငွေ ရရှိခဲ့ကြောင်း၊ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၄.၄ ဘီလီယံ ရရှိခဲ့သဖြင့် နှိုင်းယှဉ်ပါက ၄၃.၁ ရာခိုင်နှုန်းလျော့နည်း ရရှိခဲ့ကြောင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးဝန်ကြီးဌာန၏သတင်းတွင် ဖော်ပြထားသည်။

အောက်တိုဘာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂.၅ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ဟဲရာ ၄၂.၅ ဘီလီယံ ရရှခဲ့သဖြင့် ပို့ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂.၅ ဘီယီယံတန်ဖိုးအား ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏သတင်းတွင် ဖော်ပြထားသည်။

ပို့ကုန်တင်ပို့မှုလျော့နည်းခြင်းသည် နိုင်ငံခြားငွေတန်ဖိုး အတက်အကျများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဘရာဇီးလ်နိုင်ငံမှ တင်ပို့နေသည့် သံရိုင်း ၁ တန်ဈေးနှုန်းသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၆၀ ဈေးနှုန်းရှိခဲ့သော်လည်း အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁၀၀ ဈေးနှုန်းသို့ကျဆင်းခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာနမှ Herlon Brandao ကပြောကြား ခဲ့သည်။

ထို့အပြင် အောက်တိုဘာလတွင် သတ္တုတွင်းထွက်ပို့ကုန် တင်ပို့မှုလျော့ကျခြင်းနှင့် လယ်ယာကဏ္ဍမှ ပြောင်းနှင့် ကော်ဖီကဲ့သို့သော သီးနှံပို့ကုန်တင်ပို့မှုများ လျော့ကျခဲ့သည့်အတွက် ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု ကျဆင်းခဲ့ကြောင်း၊ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံ၏

ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူ ပမာဏနှင့်နှိုင်းယှဉ်ပါက လျော့ကျခဲ့သော်လည်း ၂၀၂၁ ခုနှစ်၏ ကုန်သွယ်မှုပမာဏ စုစုပေါင်းတွင် တိုးတက်ခဲ့ကြောင်း Brandao က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိကာလအတွင် ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၃၅.၈၇ ဘီလီယံတန်ဖိုးရှိခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၅၈. ၅၇၉ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့ကြောင်း၊ ၎င်းပမာဏသည် ၁၉၈၉ ခုနှစ်ကာလနောက်ပိုင်း ဘရာဇီးလ်နိုင်ငံ၏ ကုန်သွယ်မှုတွင် အမြင့်ဆုံးကုန်သွယ်မှုပိုငွေရရှိမှုဖြစ်ကြောင်း Brandao ကပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄၅.၂ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၂၉.၆ ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ကြောင်း Brandao ကပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအထိ ကုန်သွယ်မှုပမာဏသည် ၂၀၂၀ ပြည့်နှစ် ကာလတူပမာဏထက် ၃၆ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုတွင် ၃၈.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်ကုန်ဆုံးပါက ပို့ကုန်တန်ဘိုးသည် အမေရိကန်ဒေါ်လာ ၂၈၁.၀၀ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၁၀.၁၀ ဘီလီယံ၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ သည် အမေရိကန်ဒေါ်လာ ၄၉၁.၁ ဘီလီယံအထိ ရရှိနိုင်ရန်ခန့်မှန်းထားပြီး ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၇၀.၉၀ ဘီလီယံအထိ ရရှိနိုင်ရန်မျှော်မှန်းထားကြောင်း ဝန်ကြီးဌာန၏သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – correiobraziliense.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာသတင်းများ

### (က) ဟူနန် လွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာရေး ပံ့ပိုး ကူညီပေးရန် မူဝါဒနှင့် စီမံဆောင်ရွက်မှုပေါင်း (၁၉)ရပ်ကို ချမှတ်ထား

ဟူနန်ပြည်နယ်ရှိ လွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်ရလာစေရေး ပံ့ပိုးကူညီပေးရန် မူဝါဒနှင့် စီမံဆောင်ရွက်မှုပေါင်း (၁၉)ရပ်အား ဟူနန်ပြည်နယ် ဘဏ္ဍာရေးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးဌာနတို့က ပြည်နယ်အစိုးရ၏ အတည်ပြုချက်ဖြင့် ပူးတွဲထုတ်ပြန်ခဲ့ပါသည်။

ရန်ဇီမြစ် စီးပွားရေးရပ်ဝန်းနှင့် ကွမ်တုန်း–ဟောင်ကောင်–မကာအို မဟာပင်လယ်အော် ဒေသတို့ကို ဆက်သွယ်ပေးထားသော အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးစကြံ

အဖြစ်လည်းကောင်း၊ တရုတ်နှင့် အာဖရိကတို့အကြား နက်ရှိုင်းသည့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် စမ်းသပ်ဇုန်အဖြစ်လည်းကောင်း ဖြစ်ပေါ်လာစေရန် လွတ်လပ်သောကုန်သွယ်ရေး စမ်းသပ်ဇုန်ဝန်းကျင်တွင် ကမ္ဘာ့အဆင့်မီ အဆင့်မြင့်စက်မှုကုန်ထုတ်လုပ်သော အစုအဖွဲ့တည်ဆောက်ရေးကို ဦးစားပေးမဟာဗျူဟာအဖြစ် ဟူနန်ပြည်နယ်က ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဟူနန်လွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန်သည် တိကျသည့် မူဝါဒများကို အကောင်အထည်ဖော်ရန်၊ လွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန် အဆင့်မြင့် ဆောက်လုပ်ရေးနှင့်အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် တံခါးဖွင့်ပေးလိုက်သည့် ကုန်းတွင်းပိုင်းဇုန်တစ်ဇုန် ဖြစ်ပါသည်။

မူဝါဒနှင့် စီမံဆောင်ရွက်မှုပေါင်း (၁၉)ရပ်တို့မှာ အဓိကအားဖြင့် ရှုထောင့် (၈) ရပ်ကို ခြုံငုံထားကြောင်း တစ်ဖက်ဖော်ပြပါတို့အရ တွေ့ရပါသည် -

(၁) **ပြုပြင်ပြောင်းလဲမှုနှင့် တီထွင်ဆန်းသစ်မှုကို ပံ့ပိုးကူညီခြင်း။** တရုတ်နိုင်ငံတွင် စတင်ပြုလုပ်သည့် စနစ်ဆန်းသစ်တီထွင်မှုအပေါ် အောင်မြင်ဖြစ်ထွန်းမှု တစ်ခုစီတိုင်းအတွက် ယွမ်ငွေ (၅)သန်း ဆုချီးမြှင့်မည်ဖြစ်ကာ၊ ၎င်းဆန်းသစ်တီထွင်မှုကို ပုံတူပွား၍ တရုတ်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) **အဆင့်မြင့် စက်မှုကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးကူညီခြင်း။** “အကောက်ခွန်ကြီးကြပ်မှုအောက်တွင်ရှိသည့် စက်မှုကုန်ထုတ်လုပ်မှု”ပုံစံအသစ်ဖွံ့ဖြိုးလာရေးကို အားပေးထားပြီး၊ ကုန်ထုတ်လုပ်မှုကွင်းဆက်ကို တိုးချဲ့ရန်၊ ပံ့ပိုးပေးရန်၊ တည်ငြိမ်စေရန်နှင့် ခိုင်မာစေရန် အဆင့်မြင့် စက်မှုကုန်ထုတ်လုပ်မှုကို ပံ့ပိုးကူညီခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်မှုကွင်းဆက်များ၏ အပြည်ပြည်ဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်မည်ဖြစ်ပါသည်။

(၃) **တရုတ်နှင့်အာဖရိကအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာစေရန်ပံ့ပိုးကူညီခြင်း။** ဟူနန် လွတ်လပ်သော ကုန်သွယ်ရေး စမ်းသပ်ဇုန် အတွင်း ဝင်ရောက် လုပ်ကိုင်ရန်၊ အာဖရိကကုန်ပစ္စည်းများအတွက် ပြခန်းနေရာများ တည်ဆောက်ရန်၊ အာဖရိကသွင်းကုန်ပစ္စည်းများကို ပိုမိုတင်သွင်းရန်နှင့် တရုတ်နိုင်ငံတွင် အာဖရိက၏သယံဇာတမဟုတ်သည့် ကုန်စည်များဖြန့်ဖြူးရေးနှင့် ကုန်သွယ်မှုစင်တာ တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဘဏ္ဍာရေးအထောက် အပံ့များနှင့် အခြားမူဝါဒမက်လုံးများဖြင့် တရုတ်-

အာဖရိက စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများကို အားပေး ကူညီသွားမည်ဖြစ်ပါသည်။

(၄) **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာ စေရန် ပံ့ပိုးကူညီခြင်း။** ရန်ဇီမြစ် စီးပွားရေးရပ်ဝန်းနှင့် ကွမ်တုန်း – ဟောင်ကောင် – မကာအို မဟာပင်လယ်အော်ဒေသတို့ကို ဆက်သွယ်ထားသည့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစကြံတစ်ရပ်ကို ဖန်တီးရန်၊ ထုတ်လုပ်မှုကိုရှေးရှုသည့် နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံဖြတ်ကျော် e-commerce နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး ဆောင်ရွက်ကြသည့် ကုမ္ပဏီများအတွက် ပံ့ပိုးကူညီမှု တိုးမြှင့်ရန်နှင့် စီးပွားရေးနယ်မြေအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များနှင့် အခြားစက်မှုဇုန်များကို အားပေးကူညီရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

(၅) **ဘဏ္ဍာရေးဝန်ဆောင်မှုများ အဆင့်မြှင့်တင်ခြင်းကို အားပေးကူညီခြင်း။** နိုင်ငံဖြတ်ကျော် ဘဏ္ဍာရေးဝန်ဆောင်မှုအဖွဲ့အစည်းများ တည်ထောင်ရေးကို အားပေးကူညီသွားမည်ဖြစ်ကာ၊ လွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်အတွင်း စက်မှုကုန်ထုတ် စီမံကိန်းများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံရန် ရံပုံငွေများ ခွဲဝေချထားပေးမည်ဖြစ်ပါသည်။ အသေးစားနှင့် အငယ်စားလုပ်ငန်းများအတွက် တစ်စုတစ်စည်းတည်းပြုလုပ်ထားသည့် ပို့ကုန်ချေးငွေအာမခံ ပေါင်းကူးနေရာကို တည်ထောင်ကာ၊ ဦးဆောင်နေသည့် နိုင်ငံခြား ကုန်သွယ်ရောင်းဝယ်သည့် ကွင်းဆက် platform များ၏ ဘဏ္ဍာ ရေးကုန်ကျစရိတ်များကို လျှော့ချပေးသွားမည်ဖြစ်ပါသည်။

(၆) **အပြည်ပြည်ဆိုင်ရာ ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ တည်ဆောက်မှုကိုပံ့ပိုးကူညီခြင်း။** အာဖရိက အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ ကွမ်တုန်း – ဟောင်ကောင် – မကာအို မဟာပင်လယ်အော်ဒေသကို ဆက်သွယ်ပေးထားသည့် ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် တရုတ်အနောက်ပိုင်းဒေသနှင့် ဆက်သွယ်ပေးထားသည့် ကုန်းလမ်း – ပင်လယ်ရေကြောင်းလမ်းအသစ်များကို ဦးစားပေး ကာကွယ်လျက် အဓိကပံ့ပိုး ကူညီ ပေးသွားမည် ဖြစ်ပါသည်။

(၇) **အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များနှင့် ပါရမီရှင်များကို မိတ်ဆက် ပေးမှုအား ပံ့ပိုးပေးခြင်း**

(၈) **အခြေခံအဆောက်အအုံနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် ပေါင်းကူးနေရာ (platform)များ တည်ဆောက်ရေးကို ပံ့ပိုးကူညီခြင်း။** ဒေသအတွင်း အများပြည်သူသုံး အခြေခံအဆောက်အအုံ များတည်ဆောက်ရေး ပံ့ပိုးကူညီရန် (၃)နှစ်ဆက်တိုက်ကာလ များအတွက် ယွမ်ငွေ (၁၀)ဘီလီယံထက်မနည်းသည့် ပြည်နယ် အဆင့်အထူးငွေချေးစာချုပ်များကို စီစဉ်ပေးသွားမည် ဖြစ်ပါသည်။

ရင်းမြစ် ၊ hunan.gov.cn (၂၉-၁၀-၂၀၂၁)

## (ခ) RCEP ၏ အဓိကအစိတ်အပိုင်းအဖြစ် အတည်ပြုသည့် လုပ်ထုံးလုပ်နည်းများ ဆက်လက်ဆောင်ရွက်ရန်လို

ပြီးခဲ့သည့်နှစ် နှောင်းပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်ကို ဆောလျင်စွာ အသက်ဝင်လာစေရန်နှင့် လက်တွေ့အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေရန် စာချုပ်ဝင်နိုင်ငံများအကြား အတည်ပြုသည့် လုပ်ထုံးလုပ်နည်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရန် အဖွဲ့ဝင် နိုင်ငံများ၏ အစိုးရအရာရှိများနှင့် စီးပွားရေးထိပ်သီးများက တိုက်တွန်းလိုက်ပါသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီ ချက်ဖြစ်သည့် RCEP က ကပ်ရောဂါခံစားရမှုမှ ဒေသတွင်းဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြန်လည်နာလန်ထူလာရန် တွန်းအားအသစ်များကို ထည့်သွင်းပေးနိုင်မည် ဖြစ်ကာ၊ တရုတ်နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု ၎င်းတို့ က တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။

RCEP သဘောတူညီချက်တွင် အာရှနှင့် ပစိဖိတ်ဒေသမှ နိုင်ငံပေါင်း (၁၅) နိုင်ငံပါဝင်ပြီး ကမ္ဘာ့ပြည်တွင်းအသားတင်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် လူဦးရေ၏ (၃၀) ရာခိုင်နှုန်းခန့်ကို ခြုံငုံမိပါသည်။

တရုတ်နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် စာချုပ်ပါ ကတိကဝတ်များအား အကောင်အထည်ဖော်ရန် ကောင်းစွာပြင်ဆင်နေကာ၊ RCEP ကို အရှေ့အာရှစီးပွားရေး ပေါင်းစည်းမှုသို့ အရှိန်အဟုန်သစ်အဖြစ် ထည့်သွင်းလိုနေပါသည်။

ထို့ပြင် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းနှင့် စက်မှုအသိုက်အဝန်းများအတွက် RCEP က အမှန်တကယ် အကျိုးရလဒ်များ ဆောင်ကြဉ်းပေးနိုင်ကာ၊ စက်မှုကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီသည့် အစိမ်းရောင်စီးပွားရေးကဲ့သို့ ကဏ္ဍများတွင် စီးပွားရေးအခွင့်အလမ်းကြီးများ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဟုလည်း တရုတ်နိုင်ငံက မျှော်လင့်ထားပါသည်။

RCEP က အဖွဲ့ဝင်နိုင်ငံများ၏ ပို့ကုန်တင်ပို့မှုကို ၂၀၂၅ ခုနှစ်တွင် (၁၀) ရာခိုင်နှုန်းကျော် တိုးတက်စေနိုင်ပြီး၊ ၂၀၃၀ ပြည့်နှစ်တွင် ဒေသတွင်း GDP ဖွံ့ဖြိုးမှုနှုန်းကို (၀.၂) ရာခိုင်နှုန်း ထပ်မံတိုးတက်စေနိုင်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်၌ ကမ္ဘာ့ဝင်ငွေရရှိမှုတွင် အမေရိကန်ဒေါ်လာ (၂၀၉) ဘီလီယံခန့်နှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာ ဘီလီယံ (၅၀၀)ခန့် ထပ်မံရရှိစေနိုင်ကြောင်း Peterson Institute for International Economics ၏ လေ့လာချက်ကို ကိုးကား၍ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dato Lim Jock Hoi က မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

RCEP သဘောတူညီချက်တွင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းအချို့၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ကျန်းမာရေး၊ ပိုးမွှားရောဂါ အန္တရာယ်ကင်းစင်ရေးတို့ကို အထူးပြုသည့် ကုန်စည်ကုန်သွယ်ရေးအတွက် တိုးတက်ကောင်းမွန်စွာပြုလုပ်ထားသည့် စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း နယူးဇီလန် အခြေစိုက် Zespri ကီဝီသီးအမှတ်တံဆိပ်၏ အမှုဆောင် အရာရှိချုပ် Dan Mathieson က မှတ်ချက်ပြုပြောကြားပါသည်။

ရင်းမြစ်၊ China Daily Global (၂၆-၁၀-၂၀၂၁)

## (ဂ) တုန်းကွမ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူတစ်ဦး တွေ့ရှိခဲ့

ကွမ်တုန်းပြည်နယ်အတွင်းရှိ တုန်းကွမ် (Dongguan)တွင် ကြက်ငှက်တုပ်ကွေး ရောဂါ ကူးစက်ဖြစ်ပွားသူတစ်ဦးကို အောက်တိုဘာလ (၂၈) ရက်နေ့က တွေ့ရှိခဲ့ပြီး၊ ၎င်းဖြစ်ပွားသူမှာ တတိယမြောက်လူနာဖြစ်ပါသည်။

လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားသူများကို သီးခြားထားရှိကာ၊ ဆေးရုံ၌ကုသမှု ပေးနေသောကြောင့် ရောဂါကူးစက်နိုင်ခြေနည်းနေသေးကြောင်း သိရပါသည်။ H5N6 ကြက်ငှက်တုပ်ကွေးရောဂါအမျိုးအစား ကူးစက်ဖြစ်ပွားလျှင် ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ကြွက်သားများ နာကျင်ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများကို ခံစားရပြီး၊ အလွန်ပြင်းထန်သည့်လူနာများတွင် အဆုတ်ရောင်ရောဂါ ခံစားရနိုင်ပါသည်။

ယခုအခါ တရုတ်နိုင်ငံတွင် ဆောင်းရာသီသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ပြီး၊ ပြည်တွင်း၌ ကိုရိုနာကပ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုအချို့လည်း တွေ့ရှိလာရာ ဖျားနာမှုများဖြစ်လာလျှင် ဆေးရုံများရှိ ဖျားနာကုအရေးပေါ်ဌာနများထံ သွားရောက်ကာ လိုအပ်သည့် စစ်ဆေးမှုများကိုခံယူရန် လိုအပ်နေသည့် အနေအထားဖြစ်နေပြီး၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ရောဂါကူးစက်လွယ်သူအုပ်စုများ အထူးသတိထားနေရသည့်ကာလလည်း ဖြစ်ပါသည်။

ရင်းမြစ်၊ newsgd.com (၂၉-၁၀-၂၀၂၁)

## (ဃ) နိုင်ငံခြားသားများကို ကူညီရန် ဘာသာစကားအမျိုးမျိုးဖြင့် hotline စတင်လိုက်သည့် တရုတ်နိုင်ငံ

နိုင်ငံခြားရေးရာများ၊ နိုင်ငံခြားနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများနှင့် အကူအညီလိုအပ်နေသည့် ကျွမ်းကျင်သူများကို ကူညီရန် ထိရောက်ပြီး အရည်အသွေးမြင့်သည့် အများပြည်သူဝန်ဆောင်မှုများပေးနိုင်ရေးအတွက် တရုတ်နိုင်ငံက အောက်တိုဘာလ (၂၈) ရက်နေ့တွင် ဘာသာစကားအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးနိုင်သည့် (၁၂၃၄၅) hotline ကို စတင်လိုက်ပါသည်။

Hotline နံပါတ် (၁၂၃၄၅) ကို ခေါ်ဆိုပြီး နံပတ် (၃)ကို နှိပ်မည်ဆိုပါက နိုင်ငံခြားသားများအတွက် ကောင်စစ်ရေးရာကိစ္စများ၊ ဗီဇာကိစ္စများ၊ APEC Business Travel Card ကိစ္စများနှင့် ကာကွယ်ဆေးကိစ္စများအတွက် အသံဖြင့် လမ်းညွှန်ချက်များကို နားထောင်နိုင်မည်ဖြစ်ပါသည်။

ဝန်ဆောင်မှုပေးသည့်အချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် (၉) နာရီမှ မွန်းတည့်ချိန်အထိနှင့် နေ့လည် (၂) နာရီမှ ညနေ (၆) နာရီအထိ ဖြစ်ပါသည်။

ဖုန်းအော်ပရေတာများက အင်္ဂလိပ်ဘာသာဖြင့် ဝန်ဆောင်မှုပေးကာ၊ ကျိုးဟိုင်နိုင်ငံခြားရေးရုံးက ဂျပန်၊ ကိုရီးယား၊ ဂျာမန်နှင့် ရုရှားဘာသာစကားများ ပံ့ပိုးကူညီပေးပါသည်။

၎င်းဝန်ဆောင်မှုမှာ ကြိုဆိုမှုများနှင့် တာဝန်ယူမှုများကို တပြေးညီဖြစ်စေကာ၊ အချိန်မီ အကြောင်းပြန်ကြားပေးလျက်၊ စောဒကတက်မှုများကို ဖြေရှင်းပေးခြင်းနှင့် ဝန်ဆောင်မှု အသုံးပြုသူများထံမှ တုံ့ပြန်ချက်များကို ကောက်ယူစုဆောင်းပါသည်။

ယခုကဲ့သို့ ဘာသာစကားအမျိုးမျိုးဖြင့် hotline ဝန်ဆောင်မှုပေးခြင်းမှာ ခေတ်မီအပြည်ပြည်ဆိုင်ရာအဆင့်မြင့်တင်ထားသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးကို အရှိန်မြှင့်တင်ကာ၊ ကျိုးဟိုင်၏အပြည်ပြည်ဆိုင်ရာ စီးပွားရေးပတ်ဝန်းကျင်အား အကောင်းဆုံးဖြစ်စေရန် အတွက်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Chinadaily.com.cn (၁-၁၁-၂၀၂၁)

## (င) ကွမ်ရှီးလွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန်၏ နန်နင်းနယ်မြေတွင် နိုင်ငံခြားကုမ္ပဏီ ပေါင်း (၂၅,၀၀၀)ခန့် လုပ်ငန်းတည်ထောင်ပြီးဖြစ်

ယခုနှစ် ပထမ (၉)လအတွင်း ကွမ်ရှီးလွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်၏ နန်နင်းနယ်မြေတွင် ကုမ္ပဏီအသစ်ပေါင်း (၁၇,၁၀၀) တည်ထောင်ခဲ့ကာ ယခင်နှစ်က ထက် (၂၅.၂.၉) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကွမ်ရှီးလွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်၏ နန်နင်းနယ်မြေကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့ကာ၊ စုစုပေါင်းဧရိယာ (၄၆.၈) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။

နန်နင်းနယ်မြေတွင် ခေတ်မီဘဏ္ဍာရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ စမတ် နည်းပညာသုံးကုန်စည်သယ်ယူပို့ဆောင်ရေး၊ အသစ်ပေါ်ထွန်းလာသည့် စက်မှုကုန်ထုတ် လုပ်ရေးနှင့် ယဉ်ကျေးမှု၊ အားကစားနှင့် ဆေးဝါးဟူသည့် ကဏ္ဍကြီး (၅)ရပ်အပေါ် အထူးအလေးထားကာ ဆောင်ရွက်နေပါသည်။

လက်ရှိအချိန်တွင် နန်နင်းနယ်မြေ၌ လုပ်ငန်းကြီးများဖြစ်ကြသည့် Deutsche Post DHL Group၊ China Taiping Insurance Group နှင့် Alibaba တို့အပါအဝင် ကုမ္ပဏီပေါင်း (၂၅,၀၀၀) ကျော်တို့က ၎င်းတို့၏ လုပ်ငန်းများကို လာရောက်တည်ထောင်ထားပြီးဖြစ်ပါသည်။

ရင်းမြစ်၊ chinadaily.com.cn (၂၆-၁၀-၂၀၂၁)

## (စ) နိုဝင်ဘာ (၁)ရက်နေ့တွင် ရှန်တုန်းရေနံချက်စက်ရုံမှ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာ

နိုဝင်ဘာလ (၁)ရက်နေ့တွင် ရှန်တုန်းရေနံချက်စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်ဆီဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၈,၄၇၄.၈၀)နှင့် ဒီဇယ်ဆီဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၈,၁၀၇.၄၀) အသီးသီး ရှိခဲ့ပါသည်။ ၎င်းစက်ရုံမှ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများ ကို ကောင်းစွာ ဆောင်ရွက်နေသည်ဟု သိရပါသည်။

ရှန်တုန်းရှိ ဒီဇယ်ဆီဈေးနှုန်းမှာ မြင့်တက်နေပြီး၊ ဓာတ်ဆီဈေးနှုန်းတွင်မူ အပြောင်းအလဲ အနည်းငယ်သာ ရှိပါသည်။

လုပ်ငန်းသုံးဈေးနှုန်း (transaction price)များအနေဖြင့် guoliu မော်တော် ယာဉ်သုံး 92# ဓာတ်ဆီဈေးနှုန်းမှာ ယွမ်ငွေ (၈,၄၅၀ မှ ၈,၆၅၀ ကြား)၊ guoliu မော်တော် ယာဉ်သုံး 95# ဓာတ်ဆီဈေးနှုန်းမှာ ယွမ်ငွေ (၈,၅၅၀ မှ ၈,၇၅၀ ကြား)၊ guoliu မော်တော် ယာဉ်သုံး 0# ဒီဇယ်ဆီဈေးနှုန်းမှာ ယွမ်ငွေ (၈,၀၀၀ မှ ၈,၂၀၀ ကြား) ဖြစ်ပေါ်နေပါသည်။

ရေနံစိမ်း ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ ပိုမိုမြင့်မားသည့်ဈေးနှုန်း ဖြစ်ပေါ် နေသဖြင့် U.S. WTI ရေနံစိမ်းဈေးမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၈၃.၅၇)အထိ လည်းကောင်း၊ Brent

ရေနံစိမ်းဈေးမှာ တစ်စည်လျှင်အမေရိကန်ဒေါ်လာ (၈၃.၇၂)အထိ လည်းကောင်း အဓိကစာချုပ်ဈေးနှုန်းများ ဖြစ်ပေါ်နေပါသည်။

လက်ရှိအချိန်တွင် လောင်စာဆီဈေးကွက်မှာ စိုးရိမ်ပူပန်မှုများဖြင့် ပြည့်နှက်နေပြီး၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် ကျင်းပမည့် ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့နှင့် ၎င်း၏ မိတ်ဖက်များ ကျင်းပသည့် အစည်းအဝေး၏ ရလဒ်ကို စောင့်ဆိုင်းနေကြပါသည်။

ရင်းမြစ်၊ SunSirs (၂-၁၁-၂၀၂၁)

(ဆ) **အောက်တိုဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံရှိရာဘာတု (Butadiene rubber) ဈေးကွက် ကျဆင်းခဲ့**

အောက်တိုဘာလနောက်ဆုံးရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းရာဘာတု ဈေးကွက် ကျဆင်းခဲ့ပါသည်။ အောက်တိုဘာလ (၂၆) ရက်နေ့တွင် ရာဘာတု တစ်တန်လျှင် ယွမ်ငွေ (၁၄,၈၂၀) ရှိခဲ့ပြီး၊ ၎င်းရက်သတ္တပတ်အစောပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်း တစ်တန်လျှင် ယွမ်ငွေ (၁၅,၂၆၀)မှ (၂.၈၈) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်း အတက်အကျရှိခဲ့ကာ၊ ကုန်ကျစရိတ်မှာ ပြည်တွင်းဓာတုဗေဒဆိုင်ရာဈေးကွက်တွင် ရေတိုကာလဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

Daqing ၊ Qilu ၊ Yanshan နှင့် စီချွမ်းရှိ တရုတ်ပြည်တွင်းထုတ် ရာဘာတု၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၄,၄၀၀)မှ (၁၅,၀၀၀) ကြားတွင် ရှိနေပါသည်။

ရာဘာတုထုတ်လုပ်ရာတွင် ပါဝင်သည့် butadiene ကုန်ကြမ်း၏ဈေးနှုန်းမှာ ကျဆင်းနေပါသည်။ အောက်တိုဘာလ (၂၉) ရက်နေ့တွင် butadiene တစ်တန်လျှင် ယွမ်ငွေ (၇,၉၉၁) ရှိခဲ့ကာ၊ ၎င်းရက်သတ္တပတ်အစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် တစ်တန်လျှင်ယွမ်ငွေ (၈,၄၃၅)မှ (၅.၂ ၇) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

တစ်ဖက်တွင်မူ ဈေးနှုန်းအကြီးအကျယ် မြင့်တက်ခဲ့ပြီးနောက် အောက်တို ဘာလ (၁၉) ရက်နေ့နောက်ပိုင်းတွင် ပြန်လည်ကျဆင်းခဲ့သည့် သဘာဝရာဘာဈေးနှုန်းမှာ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။

အောက်တိုဘာလ (၂၉) ရက်နေ့တွင် ပြည်တွင်းရှိ သဘာဝရာဘာတစ်တန် လျှင် ယွမ်ငွေ (၁၃,၇၂၃) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ ယင်းရက်သတ္တပတ်အစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်း တစ်တန်လျှင် ယွမ်ငွေ (၁၃,၅၈၃)မှ (၁.၀၃) ရာခိုင်နှုန်း မြင့်တက် လာခြင်း ဖြစ်ပါသည်။

သဘာဝရာဘာဈေးနှုန်း မြင့်တက်လာခြင်းက cis-polybutadiene ရာဘာကို အကျိုးအမြတ်ရရှိစေနိုင်ပါသည်။ လက်ရှိအချိန်တွင် cis-polybutadiene ရာဘာ ဈေးနှုန်း မြင့်နေသော်လည်း၊ ၎င်းရာဘာကို အသုံးပြုသည့်ဈေးကွက်မှာမူ ဈေးနှုန်းကြောင့် ဝယ်လိုအား ရပ်တန့်

နေပါသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ရာဘာတုစျေးကွက် သိသိသာသာကျဆင်းနိုင်မည်ဟု SunSirs မှ စျေးကွက်သုံးသပ်သူများက ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs (၁-၁၁-၂၀၂၁)

**(ဇ) အောက်တိုဘာလ (၂၈) ရက်နေ့တွင် တရုတ်နိုင်ငံရှိ အဖိုးတန်သတ္တုများ၏ စျေးနှုန်း မြင့်တက်ခဲ့**

**လက်ငင်းအဝယ်စျေး**

အောက်တိုဘာလ (၂၈)ရက်နေ့တွင် တရုတ်နိုင်ငံ၏ ငွေသတ္တုပျမ်းမျှစျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၄,၉၀၅.၃၃) ရှိခဲ့ပြီး၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် လက်ငင်းအဝယ်စျေးနှုန်းဖြစ်သည့် တစ်ကီလိုဂရမ်လျှင် (၄,၅၈၅) ယွမ်နှင့် နှိုင်းယှဉ်ပါက (၆.၉၉) ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရပါသည်။ သို့ရာတွင် ယခုနှစ် အစပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ငွေသတ္တုလက်ငင်းအဝယ်စျေးနှုန်း တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၅,၅၅၀)နှင့် နှိုင်းယှဉ်ပါကမူ (၁၁.၆၂) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အောက်တိုဘာလ (၂၈)ရက်နေ့မှာပင် တရုတ်နိုင်ငံ၏ ရွှေသတ္တု လက်ငင်း အဝယ်စျေးနှုန်းမှာ တစ်ဂရမ်လျှင် ယွမ်ငွေ (၃၇၁.၀၃) ရှိခဲ့ပြီး၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် လက်ငင်းအဝယ်စျေးနှုန်းဖြစ်သည့် တစ်ဂရမ်လျှင် (၃၈၀.၂၀) ယွမ်နှင့် နှိုင်းယှဉ်ပါက (၂.၄၁) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယခုနှစ် အစပိုင်းတွင် ရွှေသတ္တု တစ်ဂရမ်၏ လက်ငင်းအဝယ်စျေးနှုန်းမှာ တစ်ဂရမ်လျှင် ယွမ်ငွေ (၃၉၂.၇၀) ဖြစ်သဖြင့်၊ ၎င်းစျေးနှုန်းနှိုင်းယှဉ်ပါက အောက်တိုဘာလ (၂၈)ရက်နေ့ရှိ စျေးနှုန်းမှာ (၅.၅၂) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

**(ဈ) ရွှေနှင့် ငွေသတ္တုများ၏ စျေးနှုန်းအတက်အကျနှိုင်းယှဉ်ခန့်မှန်းချက်**

မကြာမီက ငွေသတ္တု၏ စျေးနှုန်းမှာ အတက်အကျများစွာ ရှိခဲ့ပါသည်။ ခြုံငုံ ကြည့်ရလျှင် ငွေသတ္တုစျေးနှုန်းမှာ အလွန်ကျဆင်းနေသည့် အနေအထားမှာ အားကောင်းစွာ ပြန်တက်လာသည့် အနေအထားရှိပါသည်။

လက်ရှိအနေအထားတွင် အဖိုးတန်သတ္တုများ၏စျေးနှုန်းများမှာ အာရှ ကုန်သွယ်မှုပြုသည့် အချိန်နာရီများကြောင့် သက်ရောက်မှုများရှိပါသည်။ နိုင်ငံခြားတွင် အာရှအစုရှယ်ယာများ ကျဆင်းနေခြင်း၊ ပြည်တွင်း အစုလိုက်အပုံလိုက်ဝယ်ယူရသည့် ကုန်စည်စျေးနှုန်းများ ကျဆင်းနေခြင်းနှင့် စျေးကွက်ဆုံးရှုံးနိုင်ခြေကို ရှောင်ရှားလိုမှုများ များပြားနေခြင်းတို့က အဖိုးတန်သတ္တုစျေးကွက်အတွက် ရတ်ချည်းအချိုးအကွေ့များ ဖြစ်ပေါ်စေလျက်ရှိပါသည်။

၎င်းအခြေအနေပေါ်တွင် အမေရိကန်နှင့် တရုတ်တို့၏ ဆက်ဆံရေးကလည်း စျေးကွက်ဆုံးရှုံးနိုင်ခြေများအပေါ် ထပ်မံဖိအားပေးလျက်ရှိပါသည်။

ရွှေသတ္တုနှင့်စပ်လျဉ်း၍ အခြေခံဝယ်လိုအားရှုထောင့်မှကြည့်လျှင် တတိယ (၃)လပတ် အတွင်း စုစုပေါင်းရွှေဝယ်လိုအား ကျဆင်းခဲ့သော်လည်း၊ ကမ္ဘာလုံးဆိုင်ရာ ဗဟိုဘဏ်မှ တန်ချိန် (၆၉) တန်ဝယ်ယူခဲ့ပါသည်။ စုစုပေါင်း ရွှေကိုင်ဆောင်ထားရှိမှုပေါင်း တန်ချိန် (၃,၅၉၂) တန်ရှိနေဆဲဖြစ်ရာ၊ ရွှေကိုင်ဆောင်မှု မြင့်မားနေဆဲဖြစ်ပါသည်။ ရွှေချောင်းများနှင့် ရွှေဒင်္ဂါးများ ဝယ်လိုအားမှာ တန်ချိန် (၂၆၂) တန်ရှိခဲ့ရာ ယခင်နှစ်ကထက် (၁၈) ရာ ခိုင်နှုန်းနှင့် ပြီးခဲ့သည့်လကထက် (၈) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ မကြာသေးမီက ရွှေကို ရင်းနှီးမြှုပ်နှံမှုပစ္စည်းအဖြစ် ဝယ်လိုအား နည်းပါးလာသော်လည်း၊ ရုပ်ဝတ္ထုပစ္စည်းအဖြစ် ဝယ်လိုအား တိုးတက်လာပါသည်။

အရေးပေါ်အခြေအနေများ မရှိခဲ့လျှင် အဖိုးတန်သတ္တုများ၏ စျေးနှုန်းများမှာ မကြာခဏ လှုပ်ခပ်နေနိုင်သော်လည်း တည်ငြိမ်နေမည်ဟု ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs (၂၉-၁၀-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး

နန်နင်း

---

## ထိုင်းနိုင်ငံအနေဖြင့် RCEP သဘောတူညီချက်ကိုအတည်ပြုလိုက်ခြင်း

ထိုင်းနိုင်ငံအနေဖြင့် ဒေသတွင်းဘက်စုံစီးပွားရေး ဘက်စုံပူးပေါင်းဆောင်ရွက်မှု(RCEP) ကုန်သွယ်ရေးသဘောတူညီချက်အတွက် အတည်ပြုချက်ကို မကြာသေးခင်ကပင် တင်သွင်းခဲ့ပြီး ဖြစ်ကြောင်းနှင့် အဆိုပါ ကမ္ဘာ့အကြီးမားဆုံးလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်သည် လာမည့်နှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင် သတ်မှတ်ထားသည့်အတိုင်း အသက်ဝင်မည် ဖြစ်ကြောင်း ကို ထပ်မံ၍အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

အမည်မဖော်လိုသူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းအရင်း အမြစ်တစ်ခုအရထိုင်းနိုင်ငံသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင် မှတစ်ဆင့် RCEP သဘောတူညီချက်အတွက် အတည်ပြုသဘောတူညီချက်ကို ယခင်ကသတ်မှတ်ထားခဲ့သည့် နိုဝင်ဘာလမတိုင်မီ အောက်တိုဘာလ(၂၈)ရက်နေ့တွင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့တင်သွင်းခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းပါလီမန်က အဆိုပါသဘောတူညီချက်ကို ဖေဖေါ်ဝါရီလ(၉)ရက်နေ့တွင် အတည်ပြု ပေးခဲ့ပြီးဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်နိုဝင်ဘာလတွင် နိုင်ငံပေါင်း(၁၅)နိုင်ငံက လက်မှတ်ရေးထိုးခဲ့ သော အဆိုပါသဘောတူစာချုပ်သည် အနည်းဆုံး အာဆီယံအဖွဲ့ဝင်(၆)နိုင်ငံနှင့် အခြားလက်မှတ် ရေးထိုးထားသည့်နိုင်ငံ(၃)နိုင်ငံတို့ အတည်ပြုပြီးသည့်နောက် ရက်ပေါင်း(၆)တွင်စတင်၍ အသက် ဝင်မည်ဖြစ်ပါသည်။

လက်မှတ်ရေးထိုးထားသည့်နိုင်ငံများအနက် စင်္ကာပူနှင့်တရုတ်နိုင်ငံတို့အနေဖြင့် အတည်ပြုလုပ်ငန်းစဉ်များဆောင်ရွက်ပြီးဖြစ်ကြောင်းသိရှိရပါသည်။ RCEP တွင် အာဆီယံနိုင်ငံများဖြစ်ကြသောဘရူနိုင်း၊ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့အပြင် ဩစတြေးလျ၊တရုတ်၊ဂျပန်၊နယူးဇီလန်နှင့် တောင်ကိုရီးယားတို့ပါဝင်ကြပါသည်။

လက်ရှိတွင်အာဆီယံအဖွဲ့ဝင်ငါးနိုင်ငံဖြစ်သည့်စင်္ကာပူ၊ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် သဘောတူစာချုပ်အတွက်၎င်းတို့၏ အတည်ပြုချက်များ အားတင်သွင်းပြီးဖြစ်ကြောင်းသိရှိရပါသည်။ တရုတ်နှင့်ဂျပန်နိုင်ငံတို့အနေဖြင့် သဘောတူညီချက်ကို အတည်ပြုထားပြီးဖြစ်ကြောင်း၊ ဩစတြေးလျ၊ နယူးဇီလန်တို့အနေဖြင့် မကြာမီအတည်ပြုလိမ့်မည်ဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် သဘောတူညီချက်သည် စီစဉ်ထားသည့်အတိုင်း အသက်ဝင်လာမည်ဟု အခိုင်အမာယုံကြည်ကြောင်း သတင်းရင်းမြစ်ကဆိုပါသည်။

RCEP သည်ကမ္ဘာ့အကြီးဆုံးကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဖြစ်ပြီး နိုင်ငံပေါင်း (၁၅) နိုင်ငံပါဝင်ကာ လူဦးရေ(၂.၃)ဘီလီယံနီးပါးရှိကြောင်း၊ ၂၀၂၀ခုနှစ်တွင် စုစုပေါင်းGDP အနေဖြင့် အမေရိကန်ဒေါ်လာ(၂၈.၅)ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်ကြီးမားသော ဈေးကွက်ကြီးဖြစ်သည့် RCEPမှနေ၍ အကျိုးအမြတ်များရရှိလိမ့်မည်ဖြစ်ကြောင်း ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Auroman Supthaweethum ကပြောကြားခဲ့ပါသည်။

RCEP၏ ကုန်သွယ်မှုပမာဏမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ(၁၀.၇)ထရီလီယံ ကျော် (သို့မဟုတ်) ကမ္ဘာ့ကုန်သွယ်မှု၏ (၃၀.၃%)ရှိကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံ အနေဖြင့် စုစုပေါင်း ကုန်စည်(၃၉,၃၆၆)အတွက် အခွန်လျှော့ချခြင်းမှ အကျိုးအမြတ်ကိုရရှိမည်ဖြစ်ကြောင်း၊ ပထမအဆင့်တွင် ကုန်စည်(၂၉,၈၉၁)အတွက် အခွန်ကင်းလွတ်ခွင့်ကို ရရှိလိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားပါသည်။ ကျန်ရှိသည့် ကုန်စည်များအတွက် (၁၀-၂၀)နှစ်အတွင်း အခွန်သုညသို့တဖြည်းဖြည်းလျှော့ချရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

အဆိုပါသဘောတူညီချက်မှ သိသာထင်ရှားသောအကျိုးကျေးဇူးမှာ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ လွပ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အရ ကမ်းလှမ်းထားသောကုန်ပစ္စည်းများထက် ထိုင်းနိုင်ငံမှအပိုတင်ပို့သောကုန်ပစ္စည်းများအပေါ် အခွန်လျှော့ချပေးရန် (သို့မဟုတ်) ဖျက်သိမ်းပေးရန် ကတိပြုထားခြင်းဖြစ်ကြောင်းသူမကပြောကြားခဲ့ပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ဟောင်ကောင်ဒေသ၏ စီးပွားရေးဆိုင်ရာသတင်းများ

### (က) ဟောင်ကောင်ဒေသ၏ စီးပွားရေး (၆.၅) ရာခိုင်နှုန်း တိုးတက်နိုင်သော်လည်း ကုန်ဈေးနှုန်းများ တစ်ရှိန်ထိုး မြင့်တက်နေစဉ်တွင် ဝင်ငွေလစာတို့က လိုက်မမီနိုင်ဘဲဖြစ်နေကြောင်း

ယခုနှစ်အတွင်း ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ(၆.၅) ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ သို့သော် ကုန်ဈေးနှုန်းများ တစ်ရှိန်ထိုးတက်နေသော်လည်း ဝင်ငွေလစာတို့က လိုက်မမီနိုင်ဘဲဖြစ်လျက်ရှိသောကြောင့် ဒေသခံများ အနေဖြင့် စီးပွားရေးတိုးတက်မှုမှ အကျိုးအမြတ်ခံစားရခြင်း မရှိကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Tony Cheung နှင့် Ng Kang-chung တို့က"City Heading For 6.5pc Growth, But Wages Lagging" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ပြောကြားရာတွင် ဟောင်ကောင်ဒေသသည် ၂၀၁၀ ပြည့်နှစ်က ငွေကြေးအကျပ်အတည်းဖြစ်ပွားခဲ့ပြီး ပြန်လည်တိုးတက်လာပြီးနောက် ဟောင်ကောင်ဒေသခံများအတွက် တိုးတက်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဟောင်ကောင်ဒေသနှင့် တရုတ်ပြည်မကြီးတို့၏ နယ်စပ်ဂိတ်များ ပြန်လည် ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ပိတ်ထားဆဲဖြစ်ပြီး ဟောင်ကောင်ဒေသလူမှု အသိုက်အဝန်းအတွက် စီးပွားရေးတိုးတက်မှု၏ အကျိုးအမြတ် ရရှိခံစားရန်မှာ ကာလကြာရှည်လျက်ရှိဦးမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အလုပ်သမားများ၏ လုပ်ခလစာနှုန်းမှာ ဇွန်လ တွင်(၁.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ကုန်ဈေးနှုန်း တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက အမှန်တကယ်ပမာဏမှာ (၀.၃) ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း၊ သို့ဖြစ်ရာ ဒေသ၏စီးပွားရေး ဆက်လက်တိုးတက်လျက်ရှိသော်လည်း လုပ်ခလစာနည်းပါးသည့် အလုပ်သမားများအတွက် အကျိုးအမြတ်ရရှိမှု နည်းပါးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၏ဂျီဒီပီမှာ အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့်ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် (၁.၇) ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် (၆.၁) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသ စီးပွားရေးမှာ ယခုနှစ် ပထမသုံးလပတ်အတွင်းတွင် (၈) ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ်တွင် (၇.၆) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ ၂၀၂၁ ခုနှစ်တွင် (၅.၅) ရာခိုင်နှုန်းနှင့်(၆.၅) ရာခိုင်နှုန်းအတွင်း မြင့်တက်နိုင်ကြောင်းဒေသအစိုးရမှ ဩဂုတ်လအတွင်းတွင် ခန့်မှန်းထားခဲ့ကြောင်း၊ သို့သော်ဒေသ၏ တတိယသုံးလပတ်ဂျီဒီပီမှာ ပထမနှစ်ဝက်ကထက် လျော့နည်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ကုန်သွယ်ရေးနှင့် စားသုံးသူညွှန်းကိန်းများအရ ဟောင်ကောင်

ဒေသ၏ စီးပွားရေးနာလန်ထူမှုမှာ မကြာမီလများအတွင်းက ကောင်းမွန်လာသောကြောင့် တတိယ သုံးလပတ်တွင်လည်း စီးပွားရေးကောင်းမွန်နိုင်သည်ဟု ယုံကြည်ထားကြောင်း၊ ဟောင်ကောင် ဒေသ၏ ပို့ကုန်တင်ပို့မှုမှာနှေးကွေးနိုင်သော်လည်း စတုတ္ထသုံးလပတ်တွင် ဒေသအစိုးရမှပံ့ပိုး သည့် e-consumption voucher scheme ကြောင့် စီးပွားရေးကောင်းမွန် နိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးပြန်လည်မြင့်တက်ရန်မှာ တရုတ်ပြည်မကြီးနှင့် စောင့်ကြပ် ကြည့်ရှုရေး ကင်းလွတ်သည့်ခရီးသွားလာမှု စတင်နိုင်ရန်သည်လည်း အရေးကြီးဆုံးအချက် ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ် ဗီဇပြောင်း မျိုးကွဲသစ် ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်လျက်ရှိသော ကြောင့် ဟောင်ကောင်ဒေသ၌လည်း ကုန်ဈေးနှုန်းများမြင့်တက် သွားစေခြင်းဖြစ်ကြောင်း၊ ဒေသ အစိုးရအနေဖြင့် အလုပ်သမားများ၏ လုပ်ခလစာအတွက် စိုးရိမ်ပူပန်လျှင် စာချုပ်ချုပ်ဆို လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများအတွက် လစာများ တိုးမြှင့်ပေးသင့်ကြောင်း၊ ၎င်းတို့၏ လစာ မှာ အနည်းဆုံးအနေဖြင့် တစ်နာရီလျှင် ဟောင်ကောင် ဒေါ်လာ ၃၇.၅ ဒေါ်လာသာ ရရှိကြောင်း၊ သို့ဖြစ်ရာ ဒေသအစိုးရအနေဖြင့် တစ်နာရီလျှင် ဟောင်ကောင် ဒေါ်လာ ၅၅ ဒေါ်လာ သတ်မှတ် ပေးသင့်ကြောင်း Federation of Trade Union က အဆိုပြုထားကြောင်း ရေးသားဖော်ပြထား ပါသည်။

**(ခ) တရုတ်ပြည်မကြီးသို့ တင်ပို့မည့်ဟောင်ကောင်ဒေါ်လာ (၁.၂) ဘီလီယံ တန်ဖိုးရှိကုန် ပစ္စည်းများ အကောက်ခွန်ဌာနမှ ဖမ်းဆီးသိမ်းဆည်းရမိခဲ့ခြင်း**

ဟောင်ကောင်အကောက်ခွန်ဌာနသည် တရုတ်ပြည်မကြီးသို့ တင်ပို့မည့် သင်္ဘောပေါ်ရှိ ကွန်တိန်နာ(၂၄)ခုပေါ်တွင် တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ(၁.၂)ဘီလီယံ တန်ဖိုးရှိ တရား မဝင် ကုန်ပစ္စည်းများ ဖမ်းဆီးသိမ်းဆည်းရမိခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Clifford Lo က"Customs Seizes Record HK" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင်လည်း ပင်လယ်ရေကြောင်းမှ တရားမဝင်ကုန်ကူးမှု (၂၁၁)ခု ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါဖမ်းဆီးရရှိခဲ့မှုတွင် တန်ဖိုးမြင့်မားသည့် လက်ကိုင်အိတ်များ၊ ပင်လယ်စာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ အစရှိသည်တို့ ပါဝင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း (၁၀)လပိုင်းအထိ တရားမဝင်ကုန်ကူးမှု(၈၁) ခု တန်ဖိုးအားဖြင့် ဟောင်ကောင် ဒေါ်လာ (၂.၀၇) ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွန်တိန်နာ (၈၀) ကျော် သယ်ဆောင်လာသော သင်္ဘောအား ၁၄-၁၀-၂၀၂၂ ရက်နေ့က စစ်ဆေးခဲ့ရာတွင် Polypropylene ပစ္စည်းစာရင်းဖြင့်

အကောက်ခွန်ရှင်းလင်းထားသောကွန်တိန်နာ (၂၄) ခုတွင် တရားမဝင်ကုန်ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ပါသည်။

အဆိုပါ Polypropylene အမြောက်အမြား ပါဝင်သည်ဆိုသည့် ကွန်တိန်နာ (၂၄) ခုအား တင်ဆောင်လာသည့် သင်္ဘောအားစစ်ဆေးခြင်းသည် အကောက်ခွန်ရှင်းလင်းခြင်းမှာ ပုံမှန်မဟုတ်ဘဲ သံသယဖြစ်ဖွယ် ရှိသောကြောင့်ဖြစ်ကြောင်း၊ အဆိုပါ တရားမဝင် ကုန်ပစ္စည်းများတွင် တန်ဖိုးမြင့်မားသည့် အလှကုန်ပစ္စည်းများ၊ ငါးမျိုးစိတ်များ၊ အမေရိကန်ဂျင်စင်း၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တန်ဖိုးကြီးနာရီများ၊ အဝတ်အစားများ၊ လက်ကိုင်အိတ်များ၊ တစ်ပုလင်းလျှင် အမေရိကန် ဒေါ်လာထောင်ကျော် တန်ဖိုးရှိသည့် ဂျပန်ဆန်အရက် (ဆာကေး) အစရှိသည့် ကုန်ပစ္စည်းများ ပါဝင်ကြောင်း၊ လက်ကိုင်အိတ်များတွင် Gucci ၊ Hermes ၊ Louis Vuitton နှင့် Fendi အစရှိသည့် အမျိုးအစားတို့ပါဝင်ပြီး နာရီတွင် Chopard နှင့် Rolex အစရှိသည်တို့ ပါဝင်ကြောင်း၊ လျှပ်စစ်ပစ္စည်းများ စာရင်းတွင် Cryptocurrency mining အတွက် ဒီဇိုင်းရေးဆွဲထားသော တစ်ခုလျှင်ဟောင်ကောင်ဒေါ်လာ ၇,၀၀၀ တန်ဖိုးရှိသော High-end graphics cards များပါဝင်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်း စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ဟောင်ကောင်ဒေါ်လာ(၁.၂) ဘီလီယံ ရှိကြောင်း၊ အဆိုပါ ဖမ်းဆီးရရှိမိသည့်ပစ္စည်းများအား တရုတ်ပြည်မကြီးသို့ တင်ပို့ရာတွင် ပေးသွင်းရမည့် သွင်းကုန်ခွန်နှုန်းမှာ ကုန်ပစ္စည်းတန်ဖိုး၏ (၁၆၀) ရာခိုင်နှုန်းရှိကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆဲဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

## (ဂ) SINOVAC ကာကွယ်ဆေး ထိုးနှံထားသူများအား ဆေးရှိန်မပျက်အောင် ဆက်ပေးရန် ကာကွယ်ဆေးထိုးနှံရန် အကြံပြုပြောကြားခဲ့ကြောင်း

ဟောင်ကောင်ဒေသ၌ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် SINOVAC ကာကွယ်ဆေး ထိုးနှံထားသူများ အနေဖြင့် ဆေးရှိန်မပျက်အောင် ဆက်ပေးနိုင်ရန်အတွက် ကိုယ်ခံစွမ်းအားနည်းသည့် အသက်(၆၀)နှစ်နှင့်အထက် အသက်အရွယ်ကြီးသူများ၊ကိုဗစ်-၁၉ရောဂါထိတွေ့မှုနှင့် ကူးစက်နိုင်ခြေ မြင့်မားနိုင်သည့်အလုပ်သမားများအား ဦးစားပေး၍ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရန်ကျွမ်းကျင်ပညာရှင်များမှ ဒေသအစိုးရအား အကြံပြုပြောကြားခဲ့ကြောင်း ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Elizabeth Cheung က"Booster Shots Advised for Those who took SINOVAC" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်း၌ ဂျာမနီနိုင်ငံထုတ် BioNTech ကာကွယ်ဆေး Booster shot အား ကိုဗစ်-၁၉ ရောဂါနှင့်ထိတွေ့မှုနှင့် ကူးစက်နိုင်ခြေ မြင့်မားနိုင်သည့် အလုပ်သမားများအုပ်စုအား

ဦးစားပေး၍ ထိုးနှံပေးရန် အကြံပြုပြောကြားထားကြောင်း၊ ကျန်းမာရေးဆိုင်ရာ အာဏာပိုင်များ အနေဖြင့်လည်း ပိုလျှံသည့် ကာကွယ်ဆေးများကို အကောင်းဆုံးနည်းလမ်းဖြင့် ဖြန့်ဖြူးနိုင်ရေး ဆုံးဖြတ်ရန်လိုအပ်ကြောင်း၊ SINOVAC ကာကွယ်ဆေးထိုးနှံထားသူများအနေဖြင့် antibody level ပိုမိုမြင့်မားသည့် BioNTech ကာကွယ်ဆေးထိုးနှံလိုပါက ကြွက်သားများ နာကျင်မှု အစရှိသည့် ဘေးထွက်ဆိုးကျိုးများကို စဉ်းစားရမည်ဖြစ်ကြောင်း၊ သို့သော် အချိန်ကာလ ကြာလာသည်နှင့် အမျှ BioNTech ကာကွယ်ဆေး၏ antibody level ထုတ်လွှတ်မှုမှာ လျော့ကျနိုင်သည်ဟု လေ့လာမှုများအရ တွေ့ရှိထားသော်လည်း ကူးစက်နိုင်ခြေ မြင့်မားနိုင်သည့် လုပ်ငန်းများတွင် မလုပ်ကိုင်သူများ အနေဖြင့် တတိယအကြိမ် ကာကွယ်ဆေး မထိုးနှံသော်လည်း antibody level မှာ လုံလောက်စွာ ဆက်လက်မြင့်မားမှု ရှိနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ ကျန်းမာရေးဝန်ကြီး Ms. Sophia Chan Siu-chee မှ ပြောကြားရာတွင် ဟောင်ကောင်ဒေသ၌ Sinovac လက်ကျန် (၇.၅) မီလီယံနှင့် အရေအတွက် ပမာဏတူညီသည့် BioNTech လက်ကျန်တို့ရှိပြီး တတိယအကြိမ်ထပ်မံထိုးနှံပေးရန် လုံလောက်လိမ့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အာဏာပိုင်များအနေဖြင့် ကာကွယ်ဆေး ထပ်မံဝယ်ယူရန်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်မချမီ ကာကွယ်ဆေး လိုအပ်ချက်ကို သေချာအလေးထားတွက်ချက်ရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံလိုသူများ၏ လိုလားချက်နှင့် ဒေသ၌ လက်ကျန်ရှိသော ကာကွယ်ဆေးအရေအတွက် ပမာဏအား အခြေခံ၍ လိုအပ်လျှင် ကာကွယ်ဆေးများကို ဆေးဝါး လုပ်ငန်းများထံမှ ထပ်မံ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ခံအား လျော့နည်းသည့် သက်ကြီးရွယ်အိုများနှင့် ကိုရိုနာဗိုင်းရပ်စ်နှင့် ထိတွေ့မှုများသည့် လုပ်ငန်းများ လုပ်ကိုင်သူများ ဖြစ်သည့် ဟောင်ကောင်ဒေသခံ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများ၊ နယ်စပ်ဖြတ်ကျော် ကားမောင်းနှင်သူများ၊ လေဆိပ်ဝန်ထမ်းများ၊ ကန့်သတ်စောင့်ကြည့်ရေး ဟိုတယ်ဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု ဝန်ထမ်းများ အနေဖြင့် Booster ဆေးထိုးနှံသင့်ကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များ၊ကိုယ်ခန္ဓာအစိတ်အပိုင်း အစားထိုးကုသထားသူများ၊ ကျောက်ကပ်သန့်စင်ထားသူများ၊ HIV/AIDS ရောဂါ ကူးစက်ခံထားရသူများ (သို့မဟုတ်) HIV/AIDS ဆေးဝါး အသုံးပြုနေသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ဒုတိယအကြိမ်နှင့် Booster ဆေးထိုးနှံမှုအတွက် ကာလအား အနည်းဆုံးရက်သတ္တပတ် (၄)ပတ်ခြား၍ ထိုးနှံရမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများနှင့် ကိုရိုနာဗိုင်းရပ်စ်နှင့် ထိတွေ့မှုများသည့် လုပ်ငန်းများ လုပ်ကိုင်သူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဆေးထိုးနှံမှုအား အချိန် (၆) လ ခြား၍ ထိုးနှံရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် သတ်မှတ်ချက်ပြည့်မီသော လူဦးရေ (၄.၆) သန်းတွင် (၆၈.၃) ရာခိုင်နှုန်းမှာအနည်းဆုံးကာကွယ်ဆေး (၁) ကြိမ်စီ ထိုးနှံပြီးပြီဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အချို့သော နိုင်ငံများဖြစ်သည့် စင်ကာပူ၊ ဗြိတိန်

နှင့် အမေရိကန်နိုင်ငံတို့၌ သက်ကြီးရွယ်အိုများနှင့် ရောဂါကူးစက်မှု ခံနိုင်ရည် အားနည်းသူများ အား တတိယအကြိမ် ကာကွယ်ဆေး Booster ဆေး စတင်ထိုးနှံပေးလျက်ရှိကြောင်း ရေးသား ဖော်ပြထားပါသည်။

**(ဃ) ဟောင်ကောင်ဒေသ၌ နိုဝင်ဘာလ (၁၁) ရက်နေ့မှ စတင်၍ COVID-19 Booster စတင် ထိုးနှံပေးမည်ဖြစ်ကြောင်း**

ဟောင်ကောင်ဒေသ၌ သက်ကြီးရွယ်အိုများနှင့် ကူးစက်နိုင်ခြေ မြင့်မားနိုင်သည့်အုပ်စု အား နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်၍ COVID-19 Booster စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၅ ရက်နေ့မှ စတင်၍ ဆေးထိုးနှံရန် ကြိုတင် စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Victor Ting နှင့် Gigi Choy တို့က "COVID-19 booster shots offered from November" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်း၌ SINOVAC ကာကွယ်ဆေး ထိုးနှံထားသူများ အနေဖြင့် တတိယအကြိမ် COVID-19 Booster ထိုးနှံရန် သတ်မှတ်ချက် ပြည့်မီမှုရှိကြောင်း၊ သို့သော် ဂျာမနီ နိုင်ငံထုတ် BioNTech ကာကွယ်ဆေး ထိုးနှံထားသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ထိတွေ့မှုနှင့် ကူးစက် နိုင်ခြေ မြင့်မားနိုင်သည့် အုပ်စုတွင် ပါဝင်ခြင်းမရှိပါက တတိယအကြိမ် Booster ထိုးနှံခွင့်မရှိသေး ကြောင်း၊ ကာကွယ်ဆေးများအား အစိုးရနှင့် ပုဂ္ဂလိကဆေးရုံ နှစ်ခုစလုံး၌ ထိုးနှံနိုင်မည်ဖြစ် ကြောင်း၊ပထမဦးစားပေးအနေဖြင့် ခန့်မှန်းလူဦးရေ (၁.၈) မီလီယံအား တတိယအကြိမ် Booster စတင်ထိုးနှံ ပေးမည်ဖြစ်ကြောင်း ဟောင်ကောင်ဒေသ အစားအစာနှင့် ကျန်းမာရေးအတွင်းဝန် (ဝန်ကြီး)ပရော်ဖက်ဆာSophia Chan Siu- chee ကပြောကြားခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံထားမှုအပေါ်မူတည်၍ သေဆုံးနှုန်းများ ကွာခြားမှုရှိသည်ကိုတွေ့ရှိရကြောင်း၊ ကာကွယ်ဆေး ထိုးနှံထားသူများ သေဆုံးနှုန်းမှာ (၂) ရာခိုင်နှုန်းနှင့် ကာကွယ်ဆေးမထိုးနှံထားသူများ သေဆုံး နှုန်းမှာ (၈) ရာခိုင်နှုန်းရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံး နှုန်းများ လျှော့ချနိုင်ရန် ပံ့ပိုးနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်း မျိုးကွဲသစ်များ ကြောင့် ကိုဗစ်-၁၉ ပဉ္စမလှိုင်းဖြစ်ပွားပါက ကူးစက်မှုနှုန်း ပိုမိုလျှင်မြန်နိုင်ကြောင်း ရေးသားဖော်ပြ ထားပါသည်။

**(င) လောင်စာဆီဈေးနှုန်းများ တစ်ဟုန်ထိုး မြင့်တက်လျက်ရှိသောကြောင့် ယာဉ်မောင်းများ အတွက် အကျပ်အတည်းနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း**

ဟောင်ကောင်ဒေသ၌ လောင်စာဆီဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီး ဒီဇယ်ဆီတစ်လီ တာ ဈေးနှုန်းမှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဟောင်ကောင်ဒေါ်လာ ၁၅.၄၀ ဖြစ်ပြီး အောက်တို

ဘာလတွင် ၁၇.၇၅ သို့ မြင့်တက်ခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Xinlu Liang က "Soaring fuel prices pushing drivers to a breaking point" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် လောင်စာဆီဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်လျက်ရှိသောကြောင့် ဓါတ်ဆီ၊ လောင်စာဆီဈေးနှုန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထိန်းသိမ်းဆောင်ရွက်ပေးရန်နှင့် အမျိုးအစား အမျိုးမျိုးသော ယာဉ်များအား မောင်းနှင်သူများအား ထောက်ပံ့ငွေများ ပံ့ပိုးနိုင်ရန် ဒေသ၏ သယ်ယူပို့ဆောင်ရေးအုပ်စု ကိုယ်စားပြုသည့် The Hong Kong Land Transport Alliance မှ ဟောင်ကောင်ဒေသ အစိုးရအား တိုက်တွန်း ပြောကြားခဲ့ကြောင်း၊ ဒေသ အစိုးရမှ အစောပိုင်းက ပံ့ပိုးပေးခဲ့သည့် epidemic–fund တွင် ကုန်တင်ယာဉ်များနှင့် ကျောင်းကားများ အတွက်လောင်စာဆီထောက်ပံ့ငွေ အစီအစဉ် ပါဝင်ခဲ့ကြောင်း၊ မီနီဘတ်စ်များနှင့် ကျောင်းဘတ်စ် ကားများအတွက် တစ်လီတာလျှင်ဟောင်ကောင်ဒေါ်လာ ၁ ဒေါ်လာစီ (သို့မဟုတ်) တစ်နှစ်စာ သုံးစွဲသည့် လောင်စာဆီ အမှန်ကုန်ကျစရိတ်၏ သုံးပုံတစ်ပုံ ထောက်ပံ့ငွေ ပံ့ပိုးပေးခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ အနေဖြင့် Free Market Principle ဓါတ်ဆီဈေးနှုန်းအပေါ် စည်းမျဉ်း စည်းကမ်းဖြင့်ထိန်းသိမ်းဆောင်ရွက်ခြင်း မရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ဓါတ်ဆီအရောင်း ဆိုင်များဖွင့်လှစ်မည့် မြေနေရာဈေးနှုန်းမှာ မြင့်မားခြင်း၊ လောင်စာဆီတင်သွင်းမှု၊ အခွန်ပေး ဆောင်ရမှုများ၊ လုပ်ခလစာနှင့် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ကုန်ကျစရိတ်များ မြင့်မား ခြင်းတို့ကြောင့် ဟောင်ကောင်ဒေသ၏ လောင်စာဆီ ဈေးနှုန်းမှာ ကမ္ဘာ့အမြင့်မားဆုံး ဖြစ်လျက်ရှိ ကြောင်း၊ globalpetrolprices.com မှ ဒေတာအချက်အလက်များအရ ဒေသများနှင့် နိုင်ငံပေါင်း ၁၆၄ နိုင်ငံ အကြားတွင် ဟောင်ကောင်ဒေသ၏ ဓါတ်ဆီနှင့် ဒီဇယ်ဆီ တစ်လီတာ ဈေးနှုန်းမှာ စရိတ် အကြီးမားဆုံးဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**(စ) အချက်အလက်များ အနည်းငယ် ရွေ့ပြောင်းစမ်းသပ် တွက်ချက်ပြီးနောက် အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ချေးငွေဒေါ်လာ (၉၀၀) မီလီယံ ရရှိခဲ့ခြင်း**

ဘဏ်များဖွင့်လှစ်ရန် လွယ်ကူချောမွေ့စေရန်နှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ချေးငွေရရှိမှု ပိုမိုလွယ်ကူစေနိုင်မည့် Commercial Data Interchange(CDI) အားရွေ့ပြောင်းစမ်းသပ် တွက်ချက်မှုမှာ စတင်ဆောင်ရွက်သည့် အဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့ (Hong Kong Monetary Authority–HKMA) က ပြောကြားခဲ့ကြောင်း၊ ဘဏ်များမှ အမှတ်ပေးဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် Commercial Data များ ဖလှယ်တွက်ချက်မှုအပေါ် အလေးထား ဆောင်ရွက်သည့် အယူအဆအပေါ် အခြေတည် စမ်းသပ်

သည့် ဒုတိယအဆင့်မှာ ပြီးမြောက်ပြည့်စုံသွားပြီဖြစ်ကြောင်း၊ အစီအစဉ်တွင် ပါဝင်ဆောင်ရွက်သည့် ဘဏ်များမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေ စုစုပေါင်း (၅၅၀) ကျော်အား ထောက်ခံခွင့်ပြုပေးခဲ့ပြီး စုစုပေါင်း ဟောင်ကောင်ဒေါ်လာ (၉၀၀) မီလီယံ ချေးပေးခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Karen Ng က “SMEs win $900m loans as data pilot takes off” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် ရွေ့ပြောင်းစမ်းသပ်မှု အဆင့်၌ ဘဏ်များနှင့် ဒေတာအချက်အလက်များ ပံ့ပိုးသူများအဖွဲ့ (၈) ခုပါဝင်ပြီး ၂၀၂၂ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် စတင်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားကြောင်း၊ Bank of China (BOC) သည် CDI ၏ ဒုတိယအဆင့် စမ်းသပ်မှု အစီအစဉ်တွင် ချေးငွေအတည်ပြုချက်များ ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့သည့် ပထမဆုံးဘဏ်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုအတွက် Multiple Central Bank Digital Currency Bridge (mBridge) စီမံကိန်း CBDC platform အတွက် ဖြစ်နိုင်ချေအလားအလာရှိသော စီးပွားရေးလုပ်ငန်း (၁၅) ခု အမည်အား HKMA က ထုတ်ပြန်ခဲ့ကြောင်း၊ HKMA သည် ယူအေအီး (United Arab Emirates)၊ ထိုင်းနိုင်ငံ (Thailand) တို့၏ ဗဟိုဘဏ်များနှင့် Digital Currency Institute of the People’s Bank of China နှင့် Bank for International Settlements Innovation Hub Hong Kong Centre တို့နှင့် ပူးပေါင်း လုပ်ကိုင်လျက်ရှိကြောင်း၊ HKMA ၏ အမှုဆောင်အရာရှိအဟောင်းမှလည်း Digital know–your–customer service ezlink အား ၂၀၂၂ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် စတင်ဆောင်ရွက် ရန် စီစဉ်ထားကြောင်း ရေးသားဖော်ပြထားပါသည်။

**(ဆ) ဟောင်ကောင်ဒေသ မြောက်ဘက်ပိုင်းအား ပိုမိုကောင်းမွန်သည့် အချက်အချာကျသည့် ဒေသဖြစ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mrs. Carrie Lam ကပြောကြားခဲ့ခြင်း**

ဟောင်ကောင်ဒေသ မြောက်ဘက်ပိုင်းရှိ တရုတ်ပြည်မကြီး နယ်စပ်အနီး၌ မြို့တော်စီမံကိန်းဖွံ့ဖြိုးတိုးတက်ရန် ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ်၊ Mrs. Carrie Lam Cheng Yuet–ngor က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဒေသမှာ ဟောင်ကောင်ဒေသ၏ မြို့အသစ် ဖွံ့ဖြိုးတိုးတက်ရန် ပထမဆုံး မိမိဘာသာ လုပ်ကိုင်သည့် စီမံကိန်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသခံများအတွက်လည်း အလုပ်အကိုင်များ လုံလောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခင်လက ပြောကြားခဲ့သည့် Mrs. Carrie Lam ၏ မူဝါဒရေးရာမိန့်ခွန်းတွင်လည်း ဟောင်ကောင်ဒေသ မြောက်ဘက်ပိုင်း၌ မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Ng Kang–chung က

"Lam Paints Rosy Picture of Life In Northern Hub" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ စီမံကိန်း၏ ရေရှည်ရည်ရွယ်ချက်မှာ ဟောင်ကောင်ဒေသ၏ လူနေအိမ်ရာများ မလုံလောက်မှု လျော့နည်းပပျောက်စေရန်နှင့် ပေကျင်း၏ မဟာပင်လယ်ကွေ့ဒေသ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အဆင့်မြင့်နည်းပညာ အချက်အချာကျသည့် ဒေသအဖြစ် အဆင့်မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း၊အဆိုပါ မြောက်ပိုင်းမြို့တော်ကြီး စီမံကိန်းတွင် လူဦးရေ (၂.၅) မီလီယံအတွက် လူနေအိမ်ရာတိုက်ခန်း (၉၀၀,၀၀၀) ကျော်နှင့် အလုပ်အကိုင် (၆၅၀,၀၀) ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး တီထွင်ဆန်းသစ်မှုနှင့် နည်းပညာဆိုင်ရာ ဆက်စပ်သည့်လုပ်ငန်း (၁၅၀,၀၀၀) ခန့်ပါဝင်ကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်မြို့တော် "Healthy City" တည်ထောင်ရန်အတွက် ပြည်သူများ မော်တော်ယာဉ်များအသုံးပြုခြင်းအစား အများပြည်သူသုံးယာဉ်များ ပိုမိုအသုံးပြုနိုင်ရန် ရထားလမ်းကြောင်းအသစ် (၅)ခုတည်ဆောက်ရန်လိုအပ်ကြောင်း၊ ဟောင်ကောင် ဒေသမြောက်ပိုင်းမြို့တော်ကြီး စီမံကိန်းသည် ကောင်းမွန်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ရည်ရွယ်ချက် အောင်မြင်စေရန် ပံ့ပိုးကူညီရမည်ဖြစ်ကြောင်း၊ စီမံကိန်း အောင်မြင်ပြီးဆုံးရန် အချိန် (၂၀) နှစ် ကြာမြင့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

---

## အိန္ဒိယနှင့် ဘူတန်တို့အကြား နယ်စပ်ကုန်သွယ်ရေး ဝင်ထွက်ဂိတ် (၇) ခုအား တရားဝင် အတည်ပြုသတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံနှင့် ဘူတန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ၃-၁၁-၂၀၂၁ နေ့၌ ကျင်းပခဲ့ရာ အိန္ဒိယဘက်မှ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အတွင်းဝန် Mr. BVR Subrahmanyam နှင့် ဘူတန်ဘက်မှ စီးပွားရေးဝန်ကြီးဌာန၊ အတွင်းဝန် Mr. Dasho Karma Tshering တို့ဦးဆောင်သော နှစ်ဘက် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံအကြားရှိ နယ်စပ်ကုန်သွယ်ရေး ဝင်ထွက်ဂိတ် ၇ ခုအား တရားဝင် အတည်ပြုသတ်မှတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၃-၁၁-၂၀၂၁ နေ့၌ သတင်းထုတ်ပြန်ရာတွင် အဆိုပါဆွေးနွေးပွဲ၌ လက်ရှိဆောင်ရွက်နေသော ကုန်သွယ်မှုလုပ်ငန်းများနှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် ကုန်သွယ်ဆက်

ဆံမှု တိုးမြှင့်ရေးကိစ္စများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ကွန်ယက်ဖြန့်ကျက်မှု တိုးမြှင့်ရေးကိစ္စများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အောက်ဖော်ပြပါ နယ်စပ်အဝင်အထွက်စခန်း ၇ ခုအား တရားဝင် အတည်ပြု လက်မှတ်ရေးထိုးသည့် စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြောင်း ဖော်ပြထားပါသည်–

(က) ကုန်စည်အမျိုးအမည် ကန့်သတ်ထားခြင်းမရှိသော Nagarkata Land Customs Station

(ခ) Agartala Land Customs Station အဝင်အထွက်ဂိတ်

(ဂ) နယ်စပ်ဖြတ်ကျော်မှုအား အာသံပြည်နယ် Dhubri မြို့မှ တစ်ဆင့်ခံ ထိန်းချုပ်သည့် Pandu port (Guwahati Steamerghat) အဝင်အထွက်ဂိတ်

(ဃ) နယ်စပ်ဖြတ်ကျော်မှုအား အာသံပြည်နယ် Dhubri မြို့မှ တစ်ဆင့်ခံ ထိန်းချုပ်သည့် Jogighopa port အဝင်အထွက်ဂိတ်

(င) အိန္ဒိယနိုင်ငံဘက်ခြမ်း၌ Torsha Tea Garden နှင့် ဘူတန်နိုင်ငံဘက်ခြမ်းတွင် Ahllay ဒေသတို့အား အာရှလမ်းမကြီးအမှတ် ၄၈ ဖြင့် ဆက်သွယ်မည့် Land Custom Station at Jaigaon ဂိတ်

(စ) Kamardwisa အဝင်အထွက်ဂိတ်

(ဆ) Birpara အဝင်အထွက်ဂိတ်

ယခုကဲ့သို့ တရားဝင်အတည်ပြုလိုက်သည့် နယ်စပ်ဂိတ်များအား ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ဘူတန်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သော ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် တစ်ဆင့်ခံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်၏ လုပ်နည်းစနစ်များ၌ ထည့်သွင်းမည်ဖြစ်ပါသည်။

အိန္ဒိယနှင့် ဘူတန် နှစ်နိုင်ငံအကြားကုန်သွယ်မှုပမာဏမှာ တိုးတက်လျက်ရှိပြီး ၂၀၁၄–၁၅ ခုနှစ်၌ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၄ သန်းသာရှိရာမှ နှစ်ဆကျော်တိုးမြှင့်၍ ၂၀၂၂–၂၁ ခုနှစ်တွင် ဒေါ်လာ ၁၀၈၃ သန်းအထိ ရရှိခဲ့ကြောင်း သိရှိရသည်။

Source: India–Bhutan to have seven additional entry/exit points for trade, 3–11–2021, Press Information Bureau of India

## စက်သုံးဆီ အခွန်နှုန်းထားများအား အိန္ဒိယအစိုးရက လျှော့ချပေးခြင်း

နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိချိန်တွင် စက်သုံးဆီအပေါ် ကောက်ခံလျက်ရှိသည့် အထူးထပ်ဆောင်းကုန်စည် အခွန်အား လျှော့ချကောက်ခံမည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက ၃-၁၁-၂၀၂၁ နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၌ စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် မေလမှစ၍ တရိပ်ရိပ်မြင့်တက်လာခဲ့ရာ ၃-၁၁-၂၀၂၁ နေ့တွင် ဒေလီမြို့တော်၌ ဓာတ်ဆီ ၁ လီတာလျှင် ၁၁၀.၀၄ ရူပီးနှုန်းနှင့် ဒီဇယ် ၁ လီတာလျှင် ၉၈.၄၂ ရူပီးနှုန်းသို့ ရောက်ရှိလာပြီး ၄-၅-၂၀၂၀ နေ့ရှိ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၄၀.၄၅ ရူပီးနှင့် ၃၆.၁၃ ရူပီး အသီးသီး ပိုမိုလာခဲ့သည်။

၃-၁၁-၂၀၂၁ နေ့တွင် ဝန်ကြီးချုပ်နာရင်ဒရာမိုဒီက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသည့် အခွန် အရပ်ရပ်ကောက်ခံရှိမှုအခြေအနေ သုံးသပ်ဆွေးနွေးပွဲအပြီး အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ဌာနက အထူး ကုန်စည်အခွန်နှုန်းထားများ ၄-၁၁-၂၀၂၁ နေ့မှစတင်၍ ဆီ ၁ လီတာလျှင် ဓာတ်ဆီ အပေါ် ၅ ရူပီးနှင့် ဒီဇယ်ဆီအပေါ် ၁၀ ရူပီး အသီးသီး လျှော့ချပေးမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုဆုံးဖြတ်ချက်သည် ပြည်တွင်းစားသုံးမှုကို မြှင့်တင်ပေးသကဲ့သို့ ဈေးနှုန်းဖောင်းပွမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဝင်ငွေနည်းပါးသူများနှင့် အလယ်အလတ်ရှိသူများအပေါ် ကူညီပံ့ပိုးမှုဖြစ်စေမည့်အပြင် စီးပွားရေးလည်ပတ် လုပ်ကိုင်မှုကို အထောက်အပံ့ပြုမည်ဖြစ် ကြောင်း၊ အထူးသဖြင့် ဒီဇယ်ဆီအပေါ် ကောက်ခံသော အထူးကုန်စည်အခွန်အား ဓာတ်ဆီထက် ၂ ဆပိုမို၍ လျှော့ချပေးခြင်းမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် Lockdown ပြုလုပ်ထားချိန်၌ပင် လယ်ယာကဏ္ဍမှ စီးပွားရေးတိုးတက် အောင် မနားမနေကြိုးပမ်းလုပ်ဆောင်ကြသည့် တောင်သူလယ်သမားများ၏ လာမည့် ဆောင်းသီးနှံစိုက်ပျိုးမှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူများအတွက် သက်သာရာရ ရှိစေရေး ဓာတ်ဆီနှင့် ဒီဇယ်အပေါ် ကောက်ခံလျက်ရှိသော တန်ဖိုးမြှင့် ကုန်စည်အခွန် (VAT) ကိုလည်းလျှော့ချပေးကြရန် ပြည်နယ်အစိုးရများသို့ တိုက်တွန်းလိုကြောင်းဖြင့် ၎င်းကြေညာချက် ၌ ဖော်ပြပါသည်။

ထို့နောက် အာသံ၊ ဂိုအာ၊ ဂူဂျရတ်၊ ကာနာတကာ၊ မဏိပူ၊ ဆစ်ကင်း၊ တြိပူရနှင့် ဥတ္တရကန် ပြည်နယ်အစိုးရများသည် ဓာတ်ဆီနှင့် ဒီဇယ်အပေါ် ကောက်ခံလျက်ရှိသော VAT အခွန်ကို ဆီ ၁ လီတာလျှင် ၇ ရူပီးစီ လျှော့ချပေးခဲ့ကြောင်း၊ အခြားသော ပြည်နယ် ၉ ခုကလည်း အလားတူ VAT အခွန်များ လျှော့ပေါ့ပေးခဲ့ကြကြောင်းသိရှိရသည်။

အခွန်နှုန်းထားလျှော့ချမှုမပြုမီက ဒေလီမြို့တွင် ဓာတ်ဆီသုံးစွဲသူ တစ်ဦးသည် ဆီ ၁ လီတာ အပေါ် အထူးကုန်စည်အခွန် ၃၂.၉၀ ရူပီးနှင့် VAT အခွန် ၂၅.၃၁ ရူပီး၊ နှစ်ရပ်ပေါင်း အခွန်ငွေ ၅၈.၂၁ ရူပီး ပေးဆောင်ခဲ့ရသည်။ အလားတူ ဒီဇယ်ဆီ ၁ လီတာလျှင် အထူးကုန်စည်အခွန် ၃၁.၈၀ ရူပီး အပါအဝင် အခွန်ငွေစုစုပေါင်း ၄၆.၁၇ ရူပီး ကျသင့်ခဲ့သည်။ နယူးဒေလီမြို့ပေါ်၌ ၄–၁၁–၂၀၂၁ နေ့တွင် ဓာတ်ဆီ ၁ လီတာလျှင် ၁၀၃.၉၇ ရူပီးနှုန်းနှင့် ဒီဇယ်ဆီ ၁ လီတာလျှင် ၈၆.၆၇ ရူပီးနှုန်းဖြစ်ပေါ်ခဲ့ပြီး ယခင်နေ့ဈေးနှုန်းအောက် ၆.၀၇ ရူပီးနှင့် ၁၁.၇၅ ရူပီး အသီးသီးကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအခွန်အရပ်ရပ် ကောက်ခံရရှိမှုအခြေအနေမှာ စီးပွားရေးပြန်လည်နာလန်ထူထောင်လာမှုအရ မြင့်တက်လာခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွက် မူလခန့်မှန်းထားသည်ထက် ကျော်လွန်၍ အခွန်ငွေ ရူပီးကုဋေ ၂ သိန်းခန့် ပိုမိုဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက တွက်ဆလျက်ရှိသည်။ အစိုးရ၏ ခန့်မှန်းစာရင်းအရ ဧပြီလမှ စက်တင်ဘာလအထိ ပထမနှစ်ဝက်အတွင်း မူလခန့်မှန်းထားသည့် အခွန်ငွေ ရူပီးကုဋေ ၁၅.၄၅ သိန်းအပေါ် ၆၀% ခန့်ပိုမိုရရှိနိုင်ကြောင်း သိရှိရသည်။ ယခုကဲ့သို့ စက်သုံးဆီအပေါ် အခွန်လျှော့ချခြင်းက အစိုးရ၏ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း လက်ကျန် ၅ လ၌ အခွန်ကောက်ခံရရှိမည့်ငွေပမာဏအနက် ရူပီးကုဋေ ၆၀၀၀၀ မှ ၆၅၀၀၀ ခန့်အထိ လျော့နည်းစေမည်ဖြစ်သည်။ သို့သော် အစိုးရ၏ ယခုလုပ်ဆောင်ချက်သည် စားသုံးသူများအတွက် တိုက်ရိုက်အားဖြင့် ဈေးနှုန်းသက်သာမှုရရှိစေသည့် အပြင် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ လျော့နည်းစေခြင်းအပါအဝင် ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်ရှိ စရိတ်အရပ်ရပ်လျော့ကျစေမည့် သွယ်ဝိုက်အကျိုးဖြစ်ထွန်းမှုကိုလည်း ရရှိစေမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ပြောဆိုလျက်ကြိုဆိုမှုပြုခဲ့ကြသည်။

Source: 1. Government announces Excise Duty reduction on Petrol and Diesel on the eve of Diwali, 3–11–2021, Press Information Bureau of India

2. Fuel prices across metros effective from today after cut in Excise duty, 4–11–2021, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………

## ပို့ကုန်တိုးမြှင့်ရေးချိတ်ဆက်ဆောင်ရွက်မှုများ

အာရှ-ပစိဖိတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးများ၏ခရီးစဉ်(Ambassadors in Dialogue Part 3) ကို ဂျာမန်အာရှနှင့်ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့်၁၁.၁၀.၂၀၂၁ မှ ၁၃.၁၀.၂၀၂၁ ရက်နေ့အထိ ဟမ်းဘတ်မြို့တွင်ပြုလုပ်ခဲ့ရာ စီးပွားရေးသံမှူးအနေဖြင့် သံအမတ်ကြီးနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ဟမ်းဘတ်မြို့ဒေသခံ ဂျာမန် ကုမ္ပဏီများနှင့် နိုင်ငံများအလိုက် တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်တွင် မြန်မာနိုင်ငံရှိ စားသောက်ကုန် ဈေးကွက်ကို စိတ်ဝင်စားမှုရှိသောကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ တွေ့ဆုံခဲ့သော ဂျာမန်ကုမ္ပဏီများအနက် I.Schroeder KG. (GmbH&Co) သည် ဟမ်းဘတ်မြို့အခြေစိုက်ကုမ္ပဏီ တစ်ခုဖြစ်ပြီး ဗီယက်နမ်နိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားရှိပြီး Market diversification ပြုလုပ်၍ မြန်မာနိုင်ငံနှင့်လည်း ဈေးကွက်ရရှိဆောင်ရွက်လိုသည့် ကုမ္ပဏီဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးမှုအရ မြန်မာနိုင်ငံမှ အေးခဲသစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ရေထွက်ကုန်များ၊ ငါးသေတ္တာဘူးများ၊ အခြားစည်သွပ်ဘူးများကို အီးယူဈေးကွက်သို့တင်သွင်းရန် စိတ်ဝင်စားကြောင်း ဆွေးနွေးရရှိပါသည်။ မြန်မာနိုင်ငံရှိ Myanmar Golden Produce(MGP)မှ ထုတ်လုပ်သည့် Mango Puree အား မိတ်ဆက်ဆွေးနွေးခဲ့ရာ စိတ်ဝင်စားမှုရှိကြောင်း ဆွေးနွေးသိရှိရပါသည်။

ခရီးစဉ်ပြီးနောက် I.Schroeder KG. (GmbH&Co) နှင့်ဆက်သွယ်၍ စီးပွားရေး သံမှူးထံ MGP မှ ပေးပို့ထားသည့် Mango Puree (စိန်တစ်လုံး)နမူနာထုတ်ကုန်အား ဟမ်းဘတ်ရှိ ကုမ္ပဏီ ရုံးချုပ်သို့ ပေးပို့ခဲ့ပါသည်။ နမူနာထုတ်ကုန်အားလက်ခံရရှိပြီးနောက် ကုမ္ပဏီဘက်က Mango Puree ၏ အရသာ၊ အရောင်အသွေး၊ ထုတ်ပိုးပြင်ဆင်ထားမှုစသည်တို့မှာ ကောင်းမွန်ပါကြောင်း၊ MGP မှ တာဝန်ရှိသူနှင့် ဆက်သွယ်ဆောင်ရွက်လိုကြောင်း၊ MGP မှ ထုတ်လုပ်သည့် အခြား စည်သွပ်ဘူး အမျိုးအစားများကိုလည်း စိတ်ဝင်စားမှုရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။ သို့ဖြစ်၍ နှစ်ဖက်ကုမ္ပဏီအကြား အပြန်အလှန်ချိတ်ဆက်၍ ၅.၁၁.၂၀၂၁ရက်နေ့ ဂျာမနီအချိန် နံနက် ၈ နာရီတွင် Zoom meeting ဖြင့် နှစ်ဖက်တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ I.Schroeder KG. မှ ဗီယက်နမ်ရုံး ကိုယ်စားလှယ်က ဗီယက်နမ်နိုင်ငံမှ တက်ရောက်၍ MGP မှ ကိုယ်စားလှယ်က စင်ကာပူနိုင်ငံမှ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် MGP က ကုမ္ပဏီ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအကျဉ်းကို စတင် တင်ပြပြီးနောက် အပြန်အလှန်ဆွေးနွေးကြပါသည်။ ဆွေးနွေးမှုများအရ I.Schroeder KG. သည် Trading Company တစ်ခုအနေနှင့် ၁၉၅၃ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ်တွင်

ဗီယက်နမ်နိုင်ငံတွင် လုပ်ငန်းခွဲစတင်လုပ်ကိုင်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် စက်ရုံ(၂) ခုနှင့် ဂရိနိုင်ငံတွင် စက်ရုံ(၁)ခုရှိကြောင်း၊ MGP မှ Mango Puree သည် ဗီယက်နမ်ထုတ်ကုန်ထက်သာလွန်ကောင်းမွန်ကြောင်း၊ Mango Puree ကို ၃ ကီလိုဂရမ်ဘူးများဖြင့်လည်းရရှိနိုင်၍ ပိုမို ကောင်းမွန်ကြောင်း၊MGP မှ Offer ပေးပို့ပေးရန်ဖြစ်ကြောင်း၊ Canned Pineapple (pieces) ကိုလည်း စိတ်ဝင်စားကြောင်း၊လက်ရှိတွင် တစ်နှစ်လျှင် ကွန်တိန်နာ ၆ဝဝနှင့် ၇ဝဝ အကြား တင်သွင်းနေပြီးအဓိကအားဖြင့် ထိုင်းနိုင်ငံမှ ဖြစ်ကြောင်း၊ MGP မှ ထုတ်လုပ်သည့် Canned Chickpea ကိုလည်း နမူနာရယူလိုကြောင်း၊ ISKGအနေဖြင့်IFS (International Featured Standard) သို့မဟုတ် BRC (Global Standard for food safety) Certification ပါရှိသော ထုတ်ကုန်များကိုသာ အီးယူဈေးကွက်သို့တင်သွင်းကြောင်း၊ ဂျာမနီ၏ Retail Chain များဖြစ်သည့် ALDI, EDEKA စသည်တို့တွင်စားသုံးသူများသည် အဆိုပါ Certificate များကိုစစ်ဆေး ဝယ်ယူကြကြောင်း၊ I.Schroeder KG. က ထုတ်ကုန်များအတွက် လိုအပ်သည့် Specification နှင့် Certification list များကို ပေးပို့ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်၍ Production Site များကို လေ့လာလိုကြောင်း၊ MGP ဘက်မှ သရက်သီးနှင့် နာနတ်သီး Queen အမျိုးအစားနှင့် အခြားLocal အမျိုး အစားဓာတ်ပုံများ၊ Canned Chickpea နမူနာထုတ်ကုန်တို့ကို ပေးပို့မည်ဖြစ်ကြောင်း၊ MGP က Canned Chickpea ကို လက်ရှိတွင် စပိန်နှင့်ပေါ်တူဂီသို့ တင်ပို့နေကြောင်း၊ Canned Jackfruit (ပိန္နဲသီး) ကိုလည်း MGP မှ R&D ပြုလုပ်နေပြီး ပြီးစီးပါက နမူနာပေးပို့ပေးမည်ဖြစ်ကြောင်း၊ Control Union နှင့် Food Safety Certification များကို ဆောင်ရွက်လျှက်ရှိကြောင်း ဆွေးနွေးကြ ပါသည်။ ဆက်လက်၍ I.Schroeder KG. အနေနှင့် Mango Puree ကို ဂျာမနီ၊ ပြင်သစ်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့သို့ တင်သွင်းရန် ရည်ရွယ်ထားကြောင်း၊ မြန်မာနိုင်ငံအနေနှင့် လက်ရှိတွင် အီးယူနှင့် Free Trade Agreement ချုပ်ဆိုထားခြင်းမရှိသေးဘဲ GSP အခွင့်အရေးရရှိထားပြီး ကုန်သွယ်မှုဆိုင်ရာအချက်အလက်များအတွက် စီးပွားရေးသံမှူးက Update ပြုလုပ်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် I.Schroeder KG.က ၈.၁၁.၂ဝ၂၁ရက်နေ့ တွင် Canned Chickpea အတွက် Specification များနှင့် အခြားလိုအပ်သည့် အချက်အလက်များကို ပေးပို့ထားပြီးဖြစ်ပါသည်။

I.Schroeder KG. (GmbH&Co) အနေနှင့် မြန်မာနိုင်ငံမှ အောက်ပါစားသောက်ကုန်များကိုလည်း တင်သွင်းလိုကြောင်း အကြောင်းကြားလာမှုအရ သက်ဆိုင်ရာကုမ္ပဏီများသို့ အောက်ပါအတိုင်းဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်–

(က) Canned fruits and vegetables

(ခ) Frozen (IQF) fruits and vegetables

(ဂ) Canned seafood, mainly canned Skipjack tuna

(ဃ) IQF frozen seafood, mainly tuna (Yellowfin), shrimps and pangasius

(က) Canned fruits and vegetables

MGP မှ ထုတ်လုပ်သည့် Canned သစ်သီးဝလံ ထုတ်ကုန်များကို မိတ်ဆက်ပေးထားပြီး အခြား အီးယူဈေးကွက်ဝင်ရောက်နိုင်မည့် ကုမ္ပဏီများနှင့်ချိတ်ဆက်နိုင်ရန် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) Frozen (IQF) fruits and vegetables

မြန်မာနိုင်ငံရှိ Frozen နှင့် Dehydrated သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ ထုတ်လုပ်နေသော Myanmar Belle Company နှင့်ချိတ်ဆက်၍ Company Profile ကို I.Schroeder KG. သို့ပေးပို့ပေးခဲ့ပါသည်။ Frozen ထုတ်ကုန်များအပြင် Myanmar Belle မှ ဆောင်ရွက်နေသော အခြားထုတ်ကုန်များကိုလည်း စိတ်ဝင်စားမှုရှိကြောင်း၊ ဆက်သွယ်ဆောင်ရွက်လိုကြောင်း အကြောင်းပြန်ကြားလာမှုအရ နိုဝင်ဘာလဒုတိယအပတ်ထဲတွင် Zoom meeting ဖြင့် နှစ်ဘက်တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားရှိပါသည်။

(ဂ) Canned seafood, mainly canned Skipjack tuna

မြန်မာနိုင်ငံရှိ Myanmar Makro Company နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာတွင် Myanmar Makro Company သည် လက်ရှိတွင် Canned Sardines နှင့် Mackerel များကိုသာ ထုတ်လုပ်လျှက်ရှိပြီး tuna ငါးမှာ ထိုင်းနိုင်ငံမှတင်သွင်းနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်ရှိကြောင်းသိရှိရပါသည်။ အခြားကုမ္ပဏီတစ်ခုဖြစ်သည့် Grandma Company မှ ထုတ်လုပ်သည့် curry and streamed fish အချက်အလက်များကိုလည်း ပေးပို့ခဲ့ပါသည်။ I.Schroeder KG. အနေဖြင့် လက်ရှိတွင် Canned tuna ကိုသာ ရရှိလိုကြောင်း ဆက်သွယ်သိရှိရပါသည်။

(ဃ) IQF frozen seafood, mainly tuna (Yellowfin), Shrimps and Pangasius

Myanmar Fishery Product Processors and Exporters Association (MPEA) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးထွန်းအေးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌက အသင်းဝင် ကုမ္ပဏီ များသို့ ဖြန့်ဝေပေးထားပြီး အကြောင်းပြန်ကြားချက်ကို စောင့်ဆိုင်းလျှက်ရှိပါသည်။ ထို့ပြင် ရောဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ Global earth agro&aqua public Co., ltd မှ တည်ဆောက်လျှက်ရှိသော Aquaculture farm မှ ငါးဒန် (pangasius) နှင့် ပုဇွန်များ ထုတ်လုပ်ရရှိနိုင်မည့်အခြေအနေအား ကုမ္ပဏီနှင့်ဆက်သွယ်ရယူ၍ I.Schroeder KG.ဘက်သို့ အကြောင်းကြားပေးထားပါသည်။ Global earth agro&aqua public Co., ltd အနေနှင့် လက်ရှိတွင် Pangasius

အတွက် စက်ရုံတည်ဆောက်မှုမှာ ၂၀၂၂ခုနှစ် နှစ်လယ်ပိုင်းတွင်ပြီးစီးနိုင်မည်ဖြစ်ပြီး ပုဇွန်ထုတ်လုပ်မှုမှာ ဆက်လက်ဆောင်ရွက်နေကာ ကုန်လက်ကျန်အခြေအနေစစ်ဆေး၍ အဆင်သင့်ဖြစ်ပါက အကြောင်းပြန်ကြားပေးမည်ဖြစ်ပါသည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ပြုလုပ်မည့် Fruit Logistica ပြပွဲတွင် Myanmar Golden Produce(MGP)မှ ပါဝင်ပြသရန် ဆောင်ရွက်ထားရှိမှုအား အစီရင်ခံတင်ပြခဲ့ပါသည်။ ယခုအခါ Fruit Logistica ပြပွဲကျင်းပသူဘက်က အောက်တိုဘာလအတွင်း Stand Proposal ကို ပေးပို့ခဲ့ပြီး MGP က 16 Sqm (Corner Stand, two sides open ) ပြခန်းအတွက် Confirmation ပြုလုပ်ပြီးဖြစ်ပါသည်။ Fruit Logistica ဘက်က နိုဝင်ဘာလအတွင်း Invoice ပေးပို့မည်ဖြစ်ပြီး ပြခန်းအတွက် ကျသင့်ငွေပေးသွင်းရန်ဖြစ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.......................................................................................................

## ဂျပန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်အား အစီရင်ခံပြုစုတင်ပြခြင်း

### (က) ဂျပန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၏ ယေဘုယျစီးပွားရေးအခြေအနေ

ဂျပန်နိုင်ငံ၊ အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွက်စီးပွားရေးဆိုင်ရာအချက်အလက်များကို ကိုးကား၍ ဂျပန်နိုင်ငံ၏ လက်ရှိ စီးပွားရေးအခြေအနေများကို ပြုစုအစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း စီးပွားရေးအခြေအနေသည် ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကူးစက်ပြန့်ပွားခဲ့မှုများ၏သက်ရောက်မှုကြောင့် ယခင်တိုးတက်မှုနှုန်းအနေအထားသို့ရောက်ရှိရန် အားနည်းနေဆဲဖြစ်သော်လည်း အတန်အသင့်ပြန်လည်နာလန်ထူလာသည်ကိုတွေ့ရပါသည်။ ယေဘုယျအားဖြင့် ပုဂ္ဂလိကစားသုံးမှုအပိုင်း (အထူးသဖြင့်) ဝန်ဆောင်မှုအပိုင်းတွင် ကျဆင်းဆဲဖြစ်သည်ကို တွေ့ရပါသည်။ စီးပွားရေးပိုင်းရင်းနှီးမြှုပ်နှံမှုတွင် ပြန်လည်မြင့်တက်လာပြီး ပို့ကုန်ကဏ္ဍသည် ဖြည်းဖြည်းမှန်မှန် မြင့်တက်လာပါသည်။ စက်မှုကုန် ထုတ်ကဏ္ဍသည် အနည်းငယ် မြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းမှ အမြတ်ဝင်ငွေရရှိမှုမှာလည်း ပြန်လည်မြင့်တက်လာပါသည်။ သို့သော် ကုန်ထုတ်လုပ်ငန်းမဟုတ်သည့် ဝန်ဆောင်မှုလုပ်ငန်းမှ အမြတ်ဝင်ငွေရရှိမှုမှာမူ ကူးစက်ရောဂါပြန့်ပွားခဲ့မှု၏ နောက်ဆက်တွဲသက်ရောက်မှုများကြောင့် ကျဆင်းနေဆဲဖြစ်သည်ကိုတွေ့ရပါသည်။

လက်ရှိစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်မှုမှာ (အထူးသဖြင့်) ကုန်ထုတ်လုပ်မှု လုပ်ငန်းများမဟုတ်သည့် ဘဏ်များနှင့် အခြားသော ဝန်ဆောင်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများတွင် စောင့်ကြည့်အကဲဖြတ်နေဆဲဖြစ်ကြောင်းတွေ့ရပါသည်။ ထို့အပြင် ပြည်တွင်းရှိ အလုပ်အကိုင်အခြေအနေများမှာ ပုံမှန်နှုန်းဖြင့်တိုးတက်လာသော်လည်း ဗိုင်းရပ်စ်ကူးစက်မှုများ၏သက်ရောက်မှုကြောင့် အလုပ်ကမ်းလှမ်းမှုများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ပါသည်။ စားသုံး ကုန်ဈေးနှုန်းများမှာ ဖြည်းဖြည်းမှန်မှန် တိုးတက်လာသည်ကို တွေ့ရပါသည်။

**(ခ) ဂျပန်အစိုးရ၏ မူဝါဒပိုင်း ချမှတ်ပံ့ပိုးဆောင်ရွက်မှုများ**

ဂျပန်အစိုးရသည် မကြာခဏဖြစ်ပွားတတ်သော ငလျင်ဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ဘေးကင်းလုံခြုံစေရန်၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ၏ သက်ရောက်မှုမှ တုန့်ပြန်နိုင်ရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်၊ နိုင်ငံ၏စီးပွားရေးထိခိုက်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေ တည်ငြိမ်စေရန်၊ ပြည်သူတို့၏ အလုပ်အကိုင်အခြေအနေ တည်ငြိမ်ကောင်းမွန်စေရန်တို့ကို ရည်မှန်းချက်ထားကာ အစီအမံများ ချမှတ်ဆောင်ရွက်နေပါသည်။ ပြီးခဲ့သည့်စက်တင်ဘာလကုန်တွင် စီရင်စု ၁၉ ခု၌ ချမှတ်ထားသည့် အရေးပေါ်အခြေအနေများကို ရုတ်သိမ်းခဲ့သော်လည်း ဗိုင်းရပ်စ်ကူးစက်မှု များထပ်မံမဖြစ်ပွားစေရန် အစိုးရအနေဖြင့် ကျန်းမာရေးနည်းစနစ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရှိခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အစိုးရသည် ကူးစက်ရောဂါ၏ သက်ရောက်မှုဒဏ်ခံစားရသည့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပုံမှန်အနေအထားသို့ ပြန်လည် ဆောင်ရွက်နိုင်စေရန် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းနှင့် အခြားအစီအမံများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပံ့ပိုးလျက်ရှိပါသည်။

ဂျပန်အစိုးရသည် COVID-19 အလွန်ကာလတွင် ပြည်သူအားလုံး အညီအမျှ ဖွံ့ဖြိုးတိုးတက်စေမည့် လူမှုအဖွဲ့အစည်းပုံစံအသစ်အဖြစ် အောင်မြင်စွာဖော်ဆောင်နိုင်ရေး စီးပွားရေးနှိုးဆွမှုအစီအမံသစ်များကို ထပ်မံပံ့ပိုးပေးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရသည်လက်ရှိဗိုင်းရပ်စ်ကူးစက်မှုအခြေအနေများ၊ ရောဂါကူးစက်မှု၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ၏ နေ့စဉ်ဘဝအပေါ် သက်ရောက်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်သုံးသပ်ကာ နိုင်ငံ့စီးပွားရေးထိခိုက်မှုသက်သာစေရန်နှင့် ပြည်သူများ၏လူမှုဘဝတိုးတက်စေရန် အရန်ငွေကြေးများနှင့် အခြားရန်ပုံငွေများကို အကျိုးရှိရှိအသုံးပြုဆောင်ရွက်နေပါသည်။ ဂျပန်ဗဟိုဘဏ်မှလည်း စီးပွားရေးလုပ်ငန်းများလည်ပတ်မှုအဆင်ပြေစေရန်နှင့် ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်မှုရှိစေရန် ငွေကြေးမူဝါဒများကို အတတ်နိုင်ဆုံးဖြေလျှော့ပေးခြင်းဖြင့် ပံ့ပိုးပေးနေပါ

သည်။ အစိုးရအနေဖြင့်လည်း ဂျပန်ဗဟိုဘဏ်အနေဖြင့် ကူးစက်ရောဂါ၏ နိုင်ငံ၏စီးပွားရေး အပေါ်သက်ရောက်မှုများကို အလေးထားဆောင်ရွက်ရန်၊ သင့်လျော်သည့်ငွေကြေးမူဝါဒစီမံခန့်ခွဲမှုကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းစီးပွားရေးဆောင်ရွက်ချက်အနေအထားအပေါ်မူတည်၍ ကုန်ဈေးနှုန်းတည်ငြိမ်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေများကို တည်ငြိမ်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

**(ဂ) ပုဂ္ဂလိကစားသုံးမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ**

လက်ရှိ၌ ပုဂ္ဂလိကစားသုံးမှုအခြေအနေများသည် သိသိသာသာမြင့်တက်လာနိုင်ခြင်း မရှိနိုင်သေးပါ။ မိသားစုဝင်ငွေနှင့်အသုံးစရိတ် (ဝယ်လိုအားအပေါ်) အခြေတည်သည့် စစ်တမ်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းနှင့် တင်ပို့ခြင်း (ရောင်းလိုအားအပေါ်) အခြေတည်သည့် စစ်တမ်းဖြစ်သည့် Synthetic Consumption Index သည် ပြီးခဲ့သည့် ဒုတိယသုံးလပတ်ကာလတွင် ၂.၀ % ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ လတ်တလောမိသားစုဝင်ငွေနှင့် အသုံးစရိတ်စစ်တမ်းအခြေအနေများအရ အမှန်စားသုံးမှုအခြေအနေများမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃.၉% ခန့် ကျဆင်းသွားပါသည်။ ထို့အပြင် လတ်တလောကူးသန်းရောင်းဝယ်ရေးအခြေအနေအရ လက်လီအရောင်းပမာဏများမှာ ယခင်နှစ်ကာလတူထက် ၄.၁% ကျဆင်းသွားသည်ကို တွေ့ရပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အစိုးရ၏ ကူးစက်ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအစီအမံများနှင့် ကာကွယ်ဆေးဝါးများ ကျယ်ပြန့်စွာထိုးနှံလာနိုင်ခြင်းများကြောင့် ကောင်းမွန်သည့် တိုးတက်မှုများရရှိနိုင်ကြောင်း မျှော်လင့်ရပါသည်။ စားသုံးမှုနောက်ခံအနေအထားကို သုံးသပ်ပါက လုပ်သားများ၏ အမှန်လုပ်ခလစာရရှိမှုများမှာ ရပ်တန့်နေကြောင်း တွေ့ရပါသည်။ သို့သော် စားသုံးသူများ၏ ယုံကြည်မှုအနေအထားမှာ လက်ရှိအနေအထား၌ မြင့်တက်လာသော်လည်း အဆိုပါအခြေအနေများအပေါ် သုံးသပ်ချက်အရ ပုဂ္ဂလိကစားသုံးမှုများမှာ ဆက်လက်အားနည်းနေဆဲဖြစ်မည်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဗိုင်းရပ်စ်ကူးစက်မှုအနေအထားများကို စနစ်တကျ စောင့်ကြည့်ရန် လိုအပ်ပါသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းပိုင်းရင်းနှီးမြှုပ်နှံမှုများမှာ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရပါသည်။ ပထမသုံးလပတ်ကာလမှ အစပြုကာ ဆော့ဖ်ဝဲပိုင်းရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံမှုများမှာ ပြန်လည်မြင့်တက်လာပါသည်။ လုပ်ငန်းပိုင်းအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ ၃.၉ % မြင့်တက်လာပြီး ဝန်ဆောင်မှုလုပ်ငန်းများမှာ ၂.၈% အသီးသီးမြင့်တက်လာသည်ကို တွေ့ရပါသည်။ အလားတူ လုပ်ငန်းသုံးကုန်စည်များတင်ပို့မှုနှင့် တင်သွင်းမှုများမှာလည်း ပြန်လည်မြင့်တက်လာကြောင်း တွေ့ရပါသည်။ ဂျပန်ဗဟိုဘဏ်၏ ကာလတို စီးပွားရေးသုံးသပ်ချက် တန်းကန်းစစ်တမ်း (Tankan survey) အရ ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးလုပ်ငန်းပိုင်းရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်ထုတ်လုပ်ငန်းများအားလုံးမှာ မြင့်တက်

လာနိုင်ကြောင်း သိရပါသည်။ စီးပွားရေးလုပ်ငန်းများအပေါ် သုံးသပ်အကဲဖြတ်နှင့်ပတ်သက်၍ အပိုပစ္စည်းပံ့ပိုးမှုတွင် ပြတ်လပ်မှုများရင်ဆိုင်ရသော်လည်း ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာသည်ကို တွေ့ရပါသည်။ စက်ပစ္စည်းကုန်အမှာစာများမြင့်တက်လာသကဲ့သို့ လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသည်လည်း သိသိသာသာပြန်လည်မြင့်တက်လာခဲ့ပါသည်။

ကာလတိုသုံးသပ်ချက်အရ အနာဂတ်တွင် မရေရာမှုများ ရှိနိုင်သော်လည်း စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံမှုသည် မြင့်တက်လာနေပြီး အထူးသဖြင့် စက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတွင် မြင့်တက်လာမည်ဖြစ်ပါသည်။ အိမ်ယာဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ အထူးသဖြင့် ကိုယ်ပိုင်အိမ်ဆောက်လုပ်ခြင်းများသည် လက်ရှိ၌ မြင့်တက်လာနေကြောင်းသိရပါသည်။ အငှားအိမ်ယာတည်ဆောက်ခြင်းများမှာ ဖြည်းဖြည်းမှန်မှန်ဖြင့်သာရှိနေပြီး ရောင်းချမည့် အိမ်ယာများ တည်ဆောက်ခြင်းများလည်း ပုံမှန်အနေအထား၌သာရှိနေပါသည်။ မြို့တော်တိုကျိုနယ်နိမိတ်အတွင်း ကွန်ဒိုတိုက်ခန်းများရောင်းချရမှုမှာ အားနည်းနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ သို့သော် နေအိမ်တည်ဆောက်ခြင်းလုပ်ငန်းများသည် ပြန်လည်မြင့်တက်လာနိုင်ကြောင်း သုံးသပ်ရပါသည်။

အများပြည်သူဆိုင်ရာရင်းနှီးမြှုပ်နှံမှုမှာ လတ်တလော၌ အားနည်းနေဆဲဖြစ်သည်ကို တွေ့ရသော်လည်း မြင့်မားသည့်အနေအထား၌ရှိနေပါသည်။ အများပြည်သူနှင့်ဆိုင်သည့် တည်ဆောက်ခြင်းလုပ်ငန်းများသည် ပြီးခဲ့သည့် ဒုတိယသုံးလပတ်ကာလအစကတည်းကပင် ၁.၁ % တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် စက်တင်ဘာလကုန်ခန့်မှစ၍ အများပြည်သူဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများသည် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည့်အတွက် ကာလတို သုံးသပ်ချက်အနေဖြင့် အားနည်းနေမည့် အနေအထား၌ ရှိနေနိုင်ပါသည်။

**(ဃ) ကုန်သွယ်မှုအခြေအနေ**

လက်ရှိ၌ ပို့ကုန်ကဏ္ဍမှာ ဖြည်းဖြည်းနှင့်မှန်မှန် တိုးတက်လာနေပြီး သွင်းကုန်ကဏ္ဍမှာ ရပ်တန့်နေသည့်အတွက် ကုန်စည်နှင့်ဝန်ဆောင်မှု၏ balance မှာ လိုငွေပြနေပါသည်။ ပို့ကုန်တင်ပို့မှုဒေသများအနေဖြင့် အာရှတိုက်နှင့် ဥရောပဒေသနိုင်ငံများမှာ ပုံမှန်သာရှိနေပြီး အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများတိုးတက်လာသည်ကို တွေ့ရပါသည်။ အခြားကမ္ဘာ့နိုင်ငံများသို့ တင်ပို့မှုများလည်း ပုံမှန်သာရှိနေပါသည်။ ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် ပြည်တွင်းခရီးသွားလုပ်ငန်းမှာ ထိခိုက်ဆဲဖြစ်ရာ ၂၀၁၉ ခုနှစ်မှ အခြေအနေနှင့် နှိုင်းယှဉ်ပါက ၉၉ % ထိခိုက်ကျဆင်းခဲ့ရပါသည်။ သို့သော် ကူးစက်ရောဂါပြန့်ပွားမှုကျဆင်းသွားပြီး ပြည်တွင်း၌အရေးပေါ်အခြေအနေပြန်လည်ရုတ်သိမ်းပြီးနောက်ပိုင်း ပြည်တွင်းစီရင်စုများအကြား ခရီးသွားလာမှုများပြန်လည်မြင့်တက်လာနိုင်သည်ဟု မျှော်လင့်နေပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် အခြားပင်လယ်ရပ်ခြားနိုင်ငံများ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုများကြောင့် ဂျပန်၏ပို့ကုန်ကဏ္ဍမှာ ဆက်လက်မြင့်တက်လာနိုင်ပါသည်။သို့သော် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ကုန်ထုတ်လုပ်ငန်းသုံး အပိုပစ္စည်းပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများနှင့် ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုအနေအထားများကို အထူးသတိပြုရန်လိုပါသည်။ သွင်းကုန်ကဏ္ဍမှာလတ်တလောရပ်တန့်နေပြီး အထူးသဖြင့်အာရှတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ တင်သွင်းမှုများရပ်တန့်နေပြီး ဥရောပဒေသမှ သွင်းကုန်တင်သွင်းမှုများမှာ ပြန်လည်တိုးတက်လာသည်ကိုတွေ့ရပါသည်။ သို့သော် ပံ့ပိုးမှုကွင်းဆက်တစ်လျှောက်အဟန့်အတားများ ဖြစ်ပေါ်မှု၏သက်ရောက်မှုများကိုထည့်သွင်းကာ ဂရုပြုရန်လိုပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု၏မျှခြေမှာ လိုငွေပြနေပါသည်။ ဒုတိယသုံးလပတ်ကာလမှစတင်၍ သွင်းကုန်တန်ဖိုးမြင့်တက်လာပြီး ဝန်ဆောင်မှုပိုင်းတွင်အားနည်းနေသည်ကို တွေ့ရပါသည်။

**(င) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်အလုပ်အကိုင်အခြေအနေများ**

စက်မှုကုန်ထုတ်လုပ်ငန်းများမှာ လတ်တလောမြင့်တက်လာသည်ကိုတွေ့ရပြီး အချို့ကုန်ထုတ်လုပ်မှုနယ်ပယ်များမှာ အားနည်းဆဲဖြစ်ပါသည်။ ဒုတိယသုံးလပတ်ကာလတွင် ကုန်ထုတ်လုပ်မှုမှာ ၃.၂ % ကျဆင်းခဲ့ပြီး စက်မှုလုပ်ငန်းတီထွင်ထုတ်လုပ်မှုများမှာ ၀.၃% ကျဆင်းခဲ့ပါသည်။ ကုန်ထုတ်လုပ်မှုသုံးသပ်ချက်စစ်တမ်းအရ ပြီးခဲ့သည့် စက်တင်ဘာလတွင် ၀.၂% နှင့် အောက်တိုဘာလတွင် ၆.၈% တိုးတက်လာကြောင်း သိရပါသည်။ လုပ်ငန်းအမျိုးအစားအလိုက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာစက်ပစ္စည်းထုတ်လုပ်မှုမှာ အားနည်းဆဲဖြစ်ပါသည်။ စက်ပစ္စည်းထုတ်လုပ်မှုမှာတိုးတက်လာပြီး လျှပ်စစ်ပစ္စည်းနှင့် ကိရိယာများထုတ်လုပ်မှုများမှာလည်း တိုးတက်လာပါသည်။ ကာလတိုသုံးသပ်ချက်အရ ကုန်ထုတ်လုပ်မှုအနေအထားမှာ မြင့်တက်လာနိုင်ကြောင်း သိရပါသည်။ သို့သော် အပိုပစ္စည်းပံ့ပိုးမှုကွင်းဆက်တွင် အားနည်းချက်များနှင့် တစ်ဝက်တစ်ပျက် လျှပ်ကူးပစ္စည်းပြတ်လပ်မှုများသည် ကမ္ဘာ့အခြားနိုင်ငံများ၏ စီးပွားရေးကိုသက်ရောက်စေနိုင်သည့်အချက်ကို အထူးသတိပြုရန်လိုပါသည်။

စီးပွားရေးလုပ်ငန်းပိုင်းအမြတ်ရရှိမှုသည် ပြန်လည်မြင့်တက်လာသော်လည်း ကုန်ထုတ်လုပ်ငန်းမဟုတ်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှာ ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် အမြတ်ရရှိမှုတွင် အားနည်းချက်များရှိဆဲဖြစ်ပါသည်။ လက်ရှိစီးပွားရေးလုပ်ငန်းများ၏ အနေအထားအပေါ်သုံးသပ်ချက်သည် အကောင်းမြင်မှုများမြင့်တက်လာနေပါသည်။ သို့သော် အချို့စီးပွားရေးလုပ်ငန်းများမှာ ကျဆင်းနေဆဲအနေအထား၌ရှိသည်ကို တွေ့ရပါသည်။ စီးပွားရေးလုပ်ငန်းများ ဖျက်သိမ်းခြင်းနှင့်ဒေဝါလီခံခြင်းများ လျော့ကျလာပါသည်။

စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းအမျိုးအစားအလိုက် သုံးလပတ်ဘဏ္ဍာရေးဖော်ပြချက် စာရင်းအင်းများအရ ၂၀၂၁ ဘဏ္ဍာနှစ်၊ ပထမသုံးလပတ်ကာလတွင် လုပ်ငန်းမှအမြတ်ဝင်ငွေရ ရှိမှုသည် ၉၃.၉% အထိ မြင့်တက်လာကြောင်း၊ လုပ်ငန်းအမျိုးအစားအရ ကုန်ထုတ်လုပ်ငန်းများမှ အမြတ်ဝင်ငွေရရှိမှုသည် ၁၅၉.၄% ၊ ဝန်ဆောင်မှုလုပ်ငန်းများမှ အမြတ်ဝင်ငွေရရှိမှုသည် ၆၄.၂% အသီးသီးရှိကြောင်းသိရပါသည်။ လုပ်ငန်းအရွယ်အစားအရ အကြီးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသည် ယခင်နှစ်က အမြတ်ဝင်ငွေရရှိမှုထက် ၇၄.၁%၊ အသေးစားစီးပွားရေးလုပ်ငန်း များမှာ ၂၇၈.၆% တိုးတက်ရရှိခဲ့ကြောင်း သိရပါသည်။

ထို့အပြင် ဂျပန်ဗဟိုဘဏ်၏ ဒုတိယသုံးလပတ်တန်းကန်းစစ်တမ်း(Tankan survey)အရ ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးလုပ်ငန်းများ၏ ရောင်းအားသည် နှစ်ဝက်အတွင်း ၆.၁% မြင့် တက်လာကြောင်း၊ ဒုတိယနှစ်ဝက်တွင်လည်း ယခင်ကာလတူနှစ်ကထက် ၀.၇% မြင့်တက်ရရှိနိုင် ကြောင်း ခန့်မှန်းထားပါသည်။ ၎င်းတန်းကန်းစစ်တမ်းအရ လက်ရှိစီးပွားရေးလုပ်ငန်းများ၏ ဆောင်ရွက်ချက် အပေါ်အကဲဖြတ်မှုနှင့်ပတ်သက်၍ လုပ်ငန်းအားလုံးနီးပါး မြင့်တက်လာကြောင်း၊ လာမည့် ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်သုံးသပ်ချက်အရ ဆက်လက်မြင့် တက်လာနိုင်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဖျက်သိမ်းခြင်းများမှာလည်း လျော့ကျလာ ကြောင်း သိရှိရပါသည်။

အလုပ်အကိုင်အခြေအနေများမှာ ပုံမှန်အနေအထားဖြင့် ပြန်လည်မြင့်တက်လာကြောင်း၊ အလုပ်ကမ်းလှမ်းမှုများမှာ ကူးစက်ရောဂါ၏သက်ရောက်မှုအခြေအနေကြောင့် သိသိသာသာ တိုး တက်လာခြင်းမရှိသေးကြောင်း တွေ့ရပါသည်။ ပြီးခဲ့သည့် ဒုတိယသုံးလပတ်ကာလတွင် အလုပ် လက်မဲ့နှုန်းထားမှာ ၂.၈% ရှိကြောင်း၊ အလုပ်လုပ်ကိုင်နေသည့်လူဦးရေမှာလည်း ကျဆင်းဆဲဖြစ် ကြောင်း၊ အလုပ်မရှိသည့်လူဦးရေမှာလည်း များပြားဆဲဖြစ်ကြောင်းသိရပါသည်။ ကုန်ထုတ်လုပ် ငန်းများမှ အချိန်ပိုကြေးပံ့ပိုးငွေမှာ မြင့်တက်လာသည်ကို တွေ့ရပါသည်။

ဗဟိုဘဏ်၏တန်းကန်းစစ်တမ်းသုံးသပ်ချက်အရ လက်ရှိအလုပ်အကိုင်အခြေအနေများနှင့် ပတ်သက်၍ လုပ်သားအင်အားပြတ်လပ်မှုများ မြင့်မားဆဲဖြစ်သည်ကို တွေ့ရပါသည်။ သို့သော် အရေးပေါ်အခြေအနေရုတ်သိမ်းပြီးနောက် ပုဂ္ဂလိကကုမ္ပဏီများ၏ နေ့စဉ်နှင့်အမျှ အလုပ်အကိုင် ကမ်းလှမ်းမှုများ ပြန်လည်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် အနာဂတ်တွင် အလုပ် အကိုင်များ ပြန်လည်တိုးတက်လာနိုင်ကြောင်း သုံးသပ်ရပါသည်။ ကာလတိုသုံးသပ်ချက်အရ အလုပ်အကိုင်အခြေအနေနှင့်ပတ်သက်၍ လက်ရှိ၌ ကျဆင်းနေသည့်အနေအထားဖြစ်သော်လည်း အနာဂတ်၌ ပြန်လည်မြင့်တက်လာနိုင်ကြောင်း၊ သို့သော် အလုပ်အကိုင်ဆိုင်ရာ ပြန်လည်ချိန်ညှိမှု များနှင့် သတ်မှတ်ချက်များကြောင့် အလုပ်အကိုင်ရရှိမှုတွင် အားနည်းနိုင်မည်ဟု ယူဆရကြောင်း

၊ထို့အပြင် အနာဂတ်၌ကူးစက်ရောဂါ၏ ပြန့်ပွားမှုအနေအထားကိုလည်း ထည့်သွင်းသုံးသပ်ရမည်ဖြစ်ကြောင်းသိရပါသည်။

**(စ) ဈေးနှုန်းများနှင့် ဘဏ္ဍာရေးဈေးကွက်အခြေအနေ**

ကုန်ထုတ်လုပ်မှုဈေးနှုန်းများမှာ တိုးတက်လာသကဲ့သို့ စားသုံးကုန်ဈေးနှုန်းများမှာလည်း မကြာသေးမီက ဖြည်းဖြည်းမှန်မှန် မြင့်တက်လာသည်ကို တွေ့ရပါသည်။ လတ်ဆတ်သော စားသောက်ကုန်ဈေးနှုန်းများနှင့် စွမ်းအင်ဈေးနှုန်းများမှအပ ကျန်သောစားသုံးကုန်ဈေးနှုန်းများမှာအနည်းငယ်မြင့်တက်လာပါသည်။ Monthly Consumer Confidence Survey သုံးသပ်ချက်အရ ဒုတိယသုံးလပတ်ကာလအတွင်း ၄.၀% မြင့်တက်လာကြောင်းသိရပါသည်။ ကာလတိုသုံးသပ်ချက်အရ လတ်ဆတ်သောစားသောက်ကုန်ဈေးနှုန်းများနှင့် စွမ်းအင်ဈေးနှုန်းများမှအပ ကျန်သောစားသုံးကုန်ဈေးနှုန်းများမှာ အချိန်နှင့်အမျှအနည်းငယ်စီ မြင့်တက်လာနိုင်ကြောင်း သိရပါသည်။

နစ်ကေးစတော့ရှယ်ယာပေါက်ဈေးများမှာ ၃၀,၅၀၀ ယန်းမှ ၂၇,၅၀၀ ယန်းသို့ ကျဆင်းခဲ့ပါကြောင်း၊ ပျမ်းမျှအားဖြင့် ၂၈,၁၀၀ ယန်းခန့်သာ မြင့်တက်ခဲ့ကြောင်း တွေ့ရပါသည်။ ထို့အပြင် ယန်း နှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်းမှာလည်း ပြီးခဲ့သည် စက်တင်ဘာလအတွင်းက အမေရိကန် တစ်ဒေါ်လာလျှင် ၁၀၉ ယန်းပေါက်ဈေးမှ လက်ရှိ၌ ၁၁၃ ယန်းကျော်ထိရောက်ရှိကာ ယန်းငွေ တန်ဖိုးကျဆင်းလာခဲ့သည်ကိုတွေ့ရပါသည်။

**သုံးသပ်တင်ပြချက်**

ကမ္ဘာတစ်ဝှမ်း၌ ကိုရိုနာကူးစက်ရောဂါကာကွယ်ဆေးများ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံလျက်ရှိကြသော်လည်း ရောဂါပြန့်ပွားမှုများ ရှိနေဆဲဖြစ်ပြီး ရောဂါပိုးအပြီးသတ်ပျောက်ကွယ်သွားမည့် အချိန်ကာလကို မည်သူမျှ ခန့်မှန်းနိုင်ခြင်းမရှိသေးသည့်အတွက် ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်ရမည့် အလားအလာများကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများသည် အနာဂတ်အခြေအနေကို ချင့်တွက်၍ အပြောင်းအလဲများ ဆောင်ရွက်လာကြကြောင်းတွေ့ရပါသည်။ အဆိုပါအခြေအနေများမှ ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုဘဏ္ဍာနှစ် ၂၀၂၁ ခုနှစ်အကုန်တွင် ပြီးဆုံးမည့် စီးပွားရေးအစီအမံများအပြင် အခြားစီးပွားရေးပံ့ပိုးမှုအစီအမံများ ထပ်မံချမှတ် ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် အစီအမံများထက် ပိုမိုပြီးပြည့်စုံသည့် ပံ့ပိုးမှုများ ချမှတ်သင့်ပါကြောင်း၊ ကိုရိုနာကပ်ရောဂါပြန့်ပွားမှုအခြေအနေများနှင့် နိုင်ငံ၏ စီးပွားရေးအခြေအနေ အပေါ်သက်ရောက်နိုင်မှုများကို အခြေပြုကာ ဦးတည်ချက်နည်းနည်းနှင့် ထိထိရောက်ရောက်ပံ့ပိုးဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းသုံးသပ်ရပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန်ပွားမှုကြောင့် ပြည်သူတို့၏ စားသုံးနေထိုင်မှု ပုံစံပြောင်းလဲလာမှုကို တုံ့ပြန်ရန် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များသည် စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် များစွာ အကျိုးသက်ရောက်စေနိုင်မည်ဖြစ်ပါသည်။

ကိုရိုနာကူးစက်ရောဂါသည် ဂျပန်နိုင်ငံ၏ အလုပ်အကိုင်ကဏ္ဍ၊ ဝင်ငွေကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့်အရင်းအနှီးဈေးကွက်များအပေါ် သက်ရောက်မှု

များကြောင့် ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကဏ္ဍရပ်များဆိုင်ရာ အတက်အကျများကို အထူးအာရုံစိုက်လေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့တစ်ဝှမ်းတွင် ဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်ပြန့်ပွားနေဆဲဖြစ်သဖြင့် ဂျပန်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဆက်လက်အားနည်းနေမှုများ၊ ခရီးသွားလုပ်ငန်းဆက်လက်ကျဆင်းနေမှုများ၊ ဒေသတွင်းပထဝီနိုင်ငံရေးအပိုင်းတင်းမာနေမှုများ၊ ရံဖန်ရံခါရင်ဆိုင်တွေ့ကြုံနေရသည့် သဘာဝဘေးအန္တရာယ်များ စသည်တို့ကြောင့် လက်ရှိဂျပန်နိုင်ငံ၏စီးပွားရေးသည် ယခင်သုံးလပတ်ကာလများကထက် ပြန်လည်နလန်ထူကာ တိုးတက်လာသော်လည်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ဆက်လက်၍ အားနည်းနေဆဲဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကိုးကားချက် ။** **ဂျပန်နိုင်ငံ၊ အစိုးရအဖွဲ့ရုံးမှထုတ်ပြန်သည့် Recent Economic Develop– ments (October, 2021) ဆိုင်ရာအချက်အလက်များ**

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

…………………………………………………………………………………………………….

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၄ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်

| ၁၉-၁၁-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၇.၇ |
| ယူရို | ၂၀၁၃.၄ |
| စင်္ကာပူဒေါ်လာ | ၁၃၀၇.၆ |
| စတာလင်ပေါင် | ၂၃၉၃.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၃.၅ |
| တရုတ်ယွမ် | ၂၇၈.၅၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၂၁ |
| အိန္ဒိယရူပီး | ၂၃.၉၄၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၈၆ |
| မလေးရှား ရင်းဂစ် | ၄၂၅.၄၉ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၂၄၄ |
| ထိုင်းဘတ် | ၅၄.၄၁၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၄၅၁ |

ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၆ သန်း တင်ပို့နိုင်ရန်မျှော်မှန်း

➢ ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံကာလတွင် ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၂၈၉.၈ သန်းအထိရောက်ရှိနိုင်

➢ တရုတ်နိုင်ငံတွင် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ပြန်လည်ကျဆင်း နေပြီဟုဆို

➢ တိုကျိုအခြေစိုက် သစ်သီးနှင့်ဟင်းသီးဟင်းရွက် လက်ကားရောင်းချသူများသည် ဂျပန်ရိုးရာစက္ကူဖူးများဖြင့် ထုပ်ပိုးကာ ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နေကြောင်းသိရ

➢ “SUGOI” အမှတ်တံဆိပ်ဖြင့် ပြည်ပသို့တင်ပို့နေသည့် ဂျပန်နိုင်ငံထွက်သစ်သီးမျိုးစုံ

➢ ဂျာမနီနိုင်ငံ၏သရက်သီးဈေးကွက်အားလေ့လာခြင်း

- **အထွေထွေသတင်းများ**

➢ Human Rights in Agricultural Value Chain အွန်လိုင်းအစည်းအဝေးကျင်းပခြင်း

➢ ဂျာမနီနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးတက်ဆောင်ရွက်မှု

➢ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

- လာမည့်နှစ်တွင်ဆင်းရဲသူဦးရေ(၁၅)သန်းရှိလာနိုင်ခြင်း **(ထိုင်းနိုင်ငံ)**
- ဂျပန်မှ မော်တော်ကားကုမ္ပဏီများ ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရောင်းအားခန့်မှန်းချက်အပေါ် လျှော့ချပြင်ဆင်ခဲ့
- တစ်ပိုင်းလျှပ်ကူးပစ္စည်း (**semiconductor**) များ ဖူလုံစေရေးအစီအမံအား

  ဂျပန်နိုင်ငံ၊ **METI** ဝန်ကြီးဌာနမှ ပံ့ပိုးဖော်ဆောင်နေကြောင်းသိရ
- အမေရိကန်-ဂျပန်အကြား သံမဏိနှင့်အလူမီနီယံ သတ္တုများ၏ အခွန်နှုန်းများ နှင့် ပတ်သက်၍ ဆွေးနွေးရန်ရှိ
- ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးဆိုင်ရာသတင်းများ
- ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခုနှစ်ကုန်တွင် ဘတ်ငွေ(၆၀၀)ဘီလီယံ ရှိလာနိုင်ခြင်း **(ထိုင်းနိုင်ငံ)**
- အိန္ဒိယနိုင်ငံ၌ ၂၀၂၅ ခုနှစ်မှစတင်၍ အီသနော ၂၀% ပါဝင်သည့် ဓာတ်ဆီကိုသာ ရောင်းချရန် စီစဉ်လျက်ရှိခြင်း

## နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၆ သန်းတင်ပို့နိုင်ရန် မျှော်မှန်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၆ သန်းအား တင်ပို့နိုင်ရန် မျှော်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ပဲပုတ်စေ့တန်ချိန် ၂.၉၉ သန်းနှင့် နိုဝင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၇၇၀,၃၀၀ တန်တို့အား အသီးသီး တင်ပို့ခဲ့ကြောင်း National Association of Cereal Exporters (ANEC) ၏ သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ မှ နိုဝင်ဘာလ ၆ ရက်နေ့အတွင်း ပဲပုတ်စေ့ တန်ချိန် ၃၈၆,၈၀၀ တန်အားတင်ပို့ခဲ့ပြီး နိုဝင်ဘာ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိကာလတွင် ပဲပုတ်စေ့ တန်ချိန် ၇၀၄,၇၇၀ တန်အား တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလ မှ နိုဝင်ဘာလအထိ ပဲပုတ်စေ့တန်ချိန် ၈၄.၅၆ သန်းအား တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ANEC ကပြောကြား ခဲ့သည်။

ပဲပုတ်စေ့စားသောက်ကုန်ပစ္စည်း တင်ပို့မှုတွင် ယခုနှစ် အောက်တိုဘာလတွင် တန်ချိန် ၁.၃၄ သန်းအား တင်ပို့ခဲ့ပြီး နိုဝင်ဘာလအတွင်းတန်ချိန် ၁.၂၂ သန်းအားတင်ပို့နိုင်ရန် ခန့်မှန်းထား ကြောင်း၊ ၂၀၂၀ ပြည်နှစ်၊ နိုင်ဝင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၁.၃၂ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ချိန်တွင် စုစုပေါင်းတင်ပို့မှုသည် တန်ချိန် ၁၅.၃၁ သန်းအား တင်ပို့နိုင်ရန် မျှော်မှန်ထားကြောင်း ANEC ၏ သတင်းတွင် ဖော်ပြထားသည်။

သတင်းအရင်းအမြစ်-canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………

## ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံကာလတွင် ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၂၈၉.၈ သန်းအထိရောက်ရှိနိုင်

၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံကာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ သီးနှံမျိုးစုံစိုက်ပျိုးထုတ် လုပ်မှုတန်ချိန် ၂၈၉.၈ သန်း အထိရောက်ရှိနိုင်ကြောင်း ၂၀၂၀-၂၀၂၁ ခုနှစ် သီးနှံကာလတွင် ရာသီဉတုဖောက်ပြန်မှုများကြောင့် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တန်ချိန် ၂၅၂.၇၅ သန်း သာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့တွင်ထုတ်ပြန်သည့် အစိုးရပိုင် ကုမ္ပဏီ

တစ်ခုဖြစ်သည့် National Supply Company (Conab)၏ ဒုတိယအကြိမ်မြောက် သုတေသန တွေ့ရှိချက်တွင် ဖော်ပြထားသည်။

ယခုနှစ်သီးနှံစိုက်ပျိုးရာသီတွင် မိုးရေချိန်လုံလောက်စွာရရှိသဖြင့် ပထမသီးနှံ စိုက်ပျိုးမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁- ၂၀၂၂ ခုနှစ် သီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးမြေဧရိယာစုစုပေါင်း ဟက်တာ ၇၁.၈ သန်းအထိ စိုက်ပျိုးပြီးစီးရန် ခန့်မှန်းထားကြောင်း၊ အဆိုပါစိုက်ပျိုးမြေဧရိယာများတွင် ပထမသီးနှံ စိုက်ပျိုးရာသီ ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း စိုက်ပျိုးခဲ့သည့် မြေဧရိယာများ၊ ဒုတိယသီးနှံစိုက်ပျိုးရာသီဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း စိုက်ပျိုးမည့် မြေဧရိယာများနှင့် တတိယသီးနှံစိုက်ပျိုးရာသီဖြစ်သည့် ဧပြီလဒုတိယပတ်မှ ဇွန်လအတွင်း စိုက်ပျိုးမည့် မြေဧရိယာများပါဝင်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံရာသီတွင် စိုက်ပျိုးမည့် မြေဧရိယာသည် ယခင်သီးနှံစိုက်ပျိုးရာသီနှင့် နှိုင်းယှဉ်ပါက ၄.၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

Conab ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတွင် စိုက်ပျိုးဧရိယာတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့မှုနှင့် ပဲပုတ်စေ့ တိုးတက်ထွက်ရှိမှုအခြေအနေကို အလေးထားဖော်ပြထားသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ယခင်စိုက်ပျိုးရာသီတွင် ပြောင်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှုတွင် တန်ချိန် ၁၄၂ သန်းထိရောက်ရှိနိုင်ပြီး ကမ္ဘာ့ဈေးကွက်သို့ အများဆုံးတင်ပို့နိုင်သည့်နိုင်ငံအဖြစ် ဘရာဇီးနိုင်ငံက ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ယခင်သီးနှံထွက်ရှိချိန်ကာလအတွင်း ဆီထွက်သီးနှံတန်ချိန် ၁၃၇.၃၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း သုတေသနတွေ့ရှိချက်တွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ ခုနှစ်ကာလ၌ **ပြောင်း**သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် တန်ချိန် ၁၁၆.၇ သန်းအထိ ထွက်ရှိနိုင်ကြောင်း၊ စိုက်ပျိုးရာသီတွင် မိုးရေချိန်မလုံလောက်မှုနှင့် သီးနှံထွက်ရှိချိန်တွင် ဆီးနှင်းအေးခဲသည့်ရာသီဥတုတို့ ဖြစ်ပေါ်ခဲ့မှုကြောင့် ယခင်နှစ်သီးနှံထွက်ရှိချိန် ကာလတွင် ပြောင်းတန်ချိန် ၈၇.၀၂ သန်းသာထွက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဝါဂွမ်း**ထုတ်လုပ်ရန်အတွက် မြေဟက်တာ ၁.၄၉ သန်းအပေါ်တွင် ဝါမျိုးများစိုက်ပျိုးခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် ဝါခူးဆွတ်ချိန်တွင် ဝါတန်ချိန် ၂.၃၆ သန်းအား ထုတ်လုပ်နိုင်ခဲ့ပြီး

၂၀၂၁-၂၀၂၂ ခုနှစ် ဝါစိုက်ပျိုး ကာလတွင် ၉.၃ ရာခိုင်နှုန်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် ဝါတန်ချိန် ၂.၆၅ သန်းအထိ တိုးတက်ထွက်ရှိနိုင်ရန် ခန့်မှန်းထားကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် ဝါရာသီတွင် ဝါတန်ချိန် ၂.၃၆ သန်းထွက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် **ဆန်တန်ချိန်** ၁၁.၇၅ သန်းအား စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဆန်တန်ချိန် ၁၁.၅ သန်းအားထုတ်လုပ်နိုင်ရန် ခန့်မှန်းထား ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်ကာလ ပထမသီးနှံတွင် **ပဲတန်ချိန်** ၉၇၆,၆၀၀ တန်ထွက်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ် ပထမသီးနှံရာသီတွင် ပဲတန်ချိန် ၁.၀၁ သန်း ထွက်ရှိနိုင်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် ကာလ တစ်ခုလုံး၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပဲတန်ချိန် ၂.၈၈ သန်း ထွက်ရှိခဲ့ပြီး၊ ၂၀၂၁-၂၀၂၂ ခုနှစ် ကာလ တွင် ပဲတန်ချိန် ၃.၁ သန်းထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

သတင်းအရင်းအမြစ်-canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

...............................................................................................................

## တရုတ်နိုင်ငံတွင် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ပြန်လည်ကျဆင်းနေပြီဟုဆို

နို၀င်ဘာလအစောပိုင်းတွင် တရုတ်နိုင်ငံတစ်ဝှမ်း၌ ရာသီဥတုကောင်းမွန်နေသော ကြောင့် ကုန်စည်စီးဆင်းမှုနှင့် ရောင်းလိုအားကောင်းနေပြီး ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ပြန်လည် ကျဆင်းလာကြောင်း စိုက်ပျိုးရေးအရာရှိများက ဆိုပါသည်။

စက်တင်ဘာလနှောင်းပိုင်းတွင် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ နိုင်ငံအဝှမ်း ဝက်သား ဈေးနှုန်းထက်ပင် ပိုမိုလာသောကြောင့် စားသုံးသူများနှင့် ရောင်းချသူများကြား၌ စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ပေကျင်းမြို့ စင်ဖန်ဒီ (Xinfadi) လက်ကားဈေးတွင် ရောင်းချနေသူတစ်ဦး၏ ပြောကြား ချက်အရ ယခင်နှစ်များက ဟင်းနုနယ်ရွက်များကို အဓိကစိုက်ပျိုးထွက်ရှိရာ ရှန်တုန်းပြည်နယ်မှ ဝယ်ယူလေ့ရှိသော်လည်း ယခုနှစ်တွင် ဟေလုံကျန်းပြည်နယ်မှ ဝယ်ယူခဲ့ရကြောင်း၊ ယခင်က ဟင်းနုနယ်လက်ကားဈေးနှုန်း တစ်ကီလိုဂရမ်လျှင် (၁.၆၀) ယွမ်မှ (၂.၄၀)ယွမ်သာ ရှိခဲ့ သော်လည်း၊ ယခုနှစ် ပြီးခဲ့သည့်လအတွင်း (၁၀)ယွမ်အထိ တက်သွားခဲ့ကြောင်း သိရပါသည်။

MISDOP

ပြီးခဲ့သည့်လအတွင်း ဟင်းသီးဟင်းရွက် (၂၈)မျိုးတို့၏ ပျမ်းမျှလက်ကားဈေးမှာ တစ်ကီလို ဂရမ်လျှင် (၅.၂၅)ယွမ်ဖြစ်ကာ၊ စက်တင်ဘာလကထက် (၁၆.၇) ရာခိုင်နှုန်းနှင့် ယခင်နှစ် ကထက် (၁၁.၇) ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ပါသည်။

၎င်းလ နောက်ဆုံးရက်သတ္တပတ်တွင် ဟင်းသီးဟင်းရွက် (၁၉)မျိုးတို့၏ ပျမ်းမျှဈေးနှုန်းများမှာ ယခင်လကထက် (၁၃.၅) ရာခိုင်နှုန်းနှင့် ယခင်နှစ်ကထက် (၄၉.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ယေဘုယျအားဖြင့် တရုတ်နိုင်ငံတွင် ဟင်းသီးဟင်းရွက် ဈေးကွက်ပမာဏမှာ အောက်တိုဘာလအတွင်း အမြင့်ဆုံးဖြစ်ကာ၊ ၎င်းနောက် ဈေးနှုန်းတဖြည်းဖြည်းပြန်လည် ကျဆင်းတတ်ကြောင်း စိုက်ပျိုးရေးဌာနမှ သုတေသီ Zhang Jing က မှတ်ချက်ပြုပြောကြားပါသည်။

၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိကာလများတွင် အောက်တိုဘာလတိုင်း၌ ဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာ စက်တင်ဘာလကထက် ပျမ်းမျှအားဖြင့် (၃.၆) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ယခုနှစ်တွင်မူ တရုတ်မြောက်ပိုင်း၌ ရာသီဥတုဆိုးရွားမှုကြောင့် ဟင်းသီးဟင်းရွက်ခင်းများ ပျက်စီးခဲ့ရသဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် စက်တင်ဘာလနှောင်းပိုင်းမှစ၍ တရုတ်နိုင်ငံမြောက်ပိုင်း လျိုနင်း၊ ရှန်တုန်း၊ ဟာပေ၊ အတွင်းမွန်ဂိုလီးယားဒေသများမှ ဟင်းသီးဟင်းရွက် အဓိကထုတ်လုပ်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချပါသည်။ ၎င်းဟင်းသီးဟင်းရွက်များအနက် ဟင်းနုနယ်နှင့် သခွားသီးတို့ အများအပြားပါဝင်ပါသည်။

ယခုနှစ်တွင်မူ ဆောင်းဦးရာသီ ရေကြီးမှုများကြောင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ဟက်တာ (၁၃၀,၀၀၀)ကျော် ပျက်စီးခဲ့ရကာ၊ ထပ်မံစိုက်ပျိုးရန်အတွက်လည်း နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ဖန်လုံအိမ်စိုက်ခင်းများထံ လျှပ်စစ်မီး လုံလောက်စွာမရရှိမှုနှင့် မြောက်ပိုင်း ဒေသတွင် ကိုဗစ်ရောဂါဖြစ်ပွားနှုန်း ပြန်လည်မြင့်တက်လာမှုများကလည်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချမှုများအပေါ် သက်ရောက်မှုများဖြစ်ခဲ့ပါသည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုမှုအတွက်နှင့် ပြည်နယ်များသို့ သယ်ယူပို့ဆောင်မှုများအတွက်လည်း ကုန်ကျစရိတ်များ ထပ်မံမြင့်တက်ခဲ့ပါသည်။

ယခုကဲ့သို့ တရုတ်နိုင်ငံမြောက်ပိုင်းတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း အခြားစိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် အနည်းငယ်ပိုလျှံလာသည့်အတွက် ရောင်းလိုအားလုံလောက်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ဟင်းသီးဟင်းရွက်တန်ချိန်

MIS DOP

(၇၅၀) သန်း ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း၊ ၎င်းပမာဏမှာ ယခင်နှစ် ကထက် (၁) ရာခိုင်နှုန်းပိုမိုကြောင်း သိရပါသည်။

လာမည့် (၃) လအတွင်း တောင်ပိုင်းဒေသများမှ ဆောင်းရာသီစိုက် ဟင်းသီးဟင်းရွက်များနှင့် ဖန်လုံအိမ်စိုက်ခင်းများမှ ဟင်းသီးဟင်းရွက်များ ထွက်ရှိလာမည်ဖြစ်ရာ လူတစ်ဦးတစ်နေ့လျှင် ဟင်းသီးဟင်းရွက် (၁.၅) ကီလိုဂရမ် စားသုံးနိုင်လောက်သည့် အဆင့်သို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ နွေဦးရာသီပွဲတော်နှင့် ပေကျင်းမြို့၌ကျင်းပမည့် ဆောင်းရာသီအိုလံပစ်ပွဲတော်ကာလများအတွင်း လုံလောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

ပြည်နယ်တစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ရန်ခက်ခဲသည့် အစိမ်းရောင် ဟင်းသီးဟင်းရွက်များကို ဖူလုံစွာစားသုံးနိုင်ရေးအတွက် မြို့များ၌တိုးချဲ့စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် လာနီညာကြောင့် ဖြစ်ပေါ်လာနိုင်သော အရေးပေါ်အစီအစဉ်များကို ကြိုတင်ပြင်ဆင်ထားရန်၊ အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသများတွင် ရာသီဥတုဆိုးရွားမှုနှင့် အင်းဆက်ပိုးမွှားများကျရောက်မှုများအတွက် ကြိုတင်စီစဉ်ထားရန်၊ ဟင်းသီးဟင်းရွက် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် စားသုံးမှုအချက်အလက်များကို ချက်ချင်းထုတ်ပြန်ရန် ဒေသခံအာဏာပိုင်များကို စိုက်ပျိုးရေးဌာနက အားပေးတိုက်တွန်းထားပါသည်။

ရင်းမြစ်၊ China Daily (၈-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

........................................................................................................................................

## တိုကျိုအခြေစိုက် သစ်သီးနှင့်ဟင်းသီးဟင်းရွက် လက်ကားရောင်းချသူများသည် ဂျပန်ရိုးရာစက္ကူဖူး များဖြင့် ထုပ်ပိုးကာ ပြည်ပပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်နေကြောင်းသိရ

ဂျပန်နိုင်ငံမှ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ကားရောင်းချနေသည့် Tokyo Seika Corporation သည် ပြည်ပတင်ပို့ရာတွင် ထုပ်ပိုးမှု ဒီဇိုင်းပုံစံအသစ်များဖြင့် ထုပ်ပိုးကာ တင်ပို့ရောင်းချသွားမည်ဖြစ်ပါသည်။ Tokyo Seika Corporation အနေဖြင့် အခြားသောနိုင်ငံများမှ တင်ပို့သည့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်ပို့ကုန်များနှင့် မတူဘဲ တမူထူးခြားစေရန် ဂျပန်ရိုးရာပုံစံဖြင့် ခမ်းနားစွာဖန်တီးထားခြင်းဖြစ်ကြောင်း သိရပါသည်။

Tokyo Seika Corporation သည် "SUGOI" အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံထွက် သစ်သီးမျိုးစုံကို ပြည်ပသို့တင်ပို့နေသည့် Wismettac Foods, Inc. နှင့် လုပ်ငန်းအတူတကွ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဂျပန်ဘာသာစကားဖြင့် "SUGOI" ဟူသည် **"အလွန်ကောင်းမွန်သည်"** ဟု အဓိပ္ပါယ်ရပါကြောင်း၊ Tokyo Seika Corporation နှင့် Wismettac Foods, Inc. တို့သည် စက္ကူဖူးများထုတ်လုပ် သည့် Rengo Co., Ltd., နှင့် ပူးပေါင်းကာ လုပသည့် ဂျပန် ရိုးရာစက္ကူဖူးများဖြင့် ထုပ်ပိုးထားသော သစ်သီးများတင်ပို့ရန် ပြင်ဆင်နေပါသည်။

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

.........................................

## "SUGOI" အမှတ်တံဆိပ်ဖြင့် ပြည်ပသို့တင်ပို့နေသည့် ဂျပန်နိုင်ငံထွက်သစ်သီးမျိုးစုံ

MISDOI

လက်ရှိ ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကန်စွန်းဥများနှင့် တန်ဂျရင်း လိမ္မော်သီး များ(tangerine oranges) ကို စတင် တင်ပို့နေပါကြောင်း၊ ပြည်ပဈေးကွက်တွင် ၎င်းတို့၏ ကုန်ပစ္စည်းများကိုတုပ၍ ရောင်းချခြင်းများမဖြစ်စေရန် ဂျပန်ရိုးရာဒီဇိုင်းများပါသည့် စက္ကူဖူးများကို အသုံးပြုခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့၏ ကုန်ပစ္စည်းများ၏အရသာနှင့် အရည်အသွေး ပိုင်းကောင်းမွန်မှုကို စားသုံးသူများသိရှိခံစားနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

အီဘာရာခိစီရင်စုရှိ ဒေသခံစိုက်ပျိုးရေးသမဝါယမအစုအဖွဲ့ဖြစ်သည့် JA Namegata Shiosai သည် ယခုနှစ်အတွင်း ကန်စွန်းဥတန်ချိန် ၆၈၀ ခန့် ပြည်ပသို့တင်ပို့ရန် စီမံချက်ချထားကြောင်း၊ အဆိုပါပမာဏသည် ယခင်နှစ်မှ ပမာဏထက် ၁၀ ဆ ခန့် များပြားပါကြောင်း၊ ၎င်းတို့အနေဖြင့် ဂျပန်ရိုးရာဒီဇိုင်းဖြင့်လှပစွာပုံဖော်ထားသည့် စက္ကူဖူးများအသုံးပြုကာ ပြည်ပသို့ ဂျပန်နိုင်ငံထွက် အရည်အသွေးမြင့်ကုန်ပစ္စည်းများ တင်ပို့ရခြင်းကြောင့် များစွာအားတက် ရပါကြောင်း၊ ဆက်လက်၍လည်း ၎င်းတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၏ အရသာနှင့် အရည်အသွေးပိုမိုကောင်းမွန်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း JA Namegata Shiosai မှ တာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

"SUGOI" အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံထွက်သစ်သီးမျိုးစုံကို ပြည်ပသို့တင်ပို့ နေသည့် Wismettac Foods, Inc. သည် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်း၊Japan External Trade

Organization (JETRO) ၏ ၂၀၂၁ ခုနှစ်အတွက် “(JETRO) Chairman's Award” ကိုရရှိခဲ့ပါသည်။

**ရင်းမြစ်။** http://english.agrinews.co.jp/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

.............................................................................................................

## ဂျာမနီနိုင်ငံ၏သရက်သီးဈေးကွက်အားလေ့လာခြင်း

ဂျာမနီနိုင်ငံတွင် သရက်သီးစားသုံးမှုသည် ၂၀၁၀ခုနှစ်နောက်ပိုင်းတွင် မြင့်တက်လာ ခဲ့ပြီး Tropical fruits များထဲတွင် ငှက်ပျောသီးပြီးနောက် အီးယူနှင့် ဂျာမနီဈေးကွက်တွင် ဒုတိယ အကြီးဆုံးသစ်သီးဝလံဈေးကွက်ဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သရက်သီး စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အရသာအမျိုးမျိုးရှိသည့် သရက်သီးများကို အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်တင်ပို့နိုင်သည့် အခွင့်အလမ်းများရရှိကြပါသည်။ ဂျာမနီနိုင်ငံသို့ အများဆုံး ဝင်ရောက်နေသော သရက်သီးအမျိုးအစားမှာ Mangifera indica ဖြစ်ပြီး အခြား အမျိုးအစားများမှာ Tommy Atkins, Kent, Haden နှင့် Keitt တို့ဖြစ်ပါသည်။ သရက်သီး၏ အရောင်အဆင်းမှာ အဝါ၊ အနီ၊ အစိမ်းရောင် စသည်ဖြင့် အမျိုးမျိုး ကွဲပြားခြားနားစွာရှိကြရာ ဂျာမန်စားသုံးသူများအနေဖြင့် အနီရောင်အခွံ အမျိုးအစား သရက်သီး (Tommy Atkins)ကို ပိုမိုကြိုက်နှစ်သက်ကြပြီး ဘရာဇီး၊ ပီရူး၊ စပိန်နိုင်ငံတို့မှ တင်သွင်းလျှက်ရှိပါသည်။ ယခုအခါ အစိမ်းရောင်အမျိုးအစား သရက်သီး များကိုလည်း ဈေးကွက်တွင် တင်သွင်းစားသုံးမှုပြုလာ ကြပါသည်။ သရက်သီးသည် နိုင်ငံဒေသများ အလိုက်ထွက်ရှိသည့် ရာသီများအမျိုးမျိုးကွဲပြား ခြားနားကြရာ ဂျာမနီနိုင်ငံအတွက် အီးယူဒေသ တွင် အဓိက သရက်သီးတင်သွင်းသည့် စပိန်နိုင်ငံတွင် နှစ်စဉ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း လည်းကောင်း၊ ဘရာဇီးနိုင်ငံတွင်နှစ်စဉ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်းလည်းကောင်း စိုက်ပျိုး ထွက်ရှိပါသည်။

**သရက်သီးတင်သွင်းမှု၊ စားသုံးမှုအခြေအနေ**

ဂျာမနီနိုင်ငံတွင် သရက်သီးစိုက်ပျိုးထုတ်လုပ်ခြင်းမရှိဘဲ ပြည်တွင်းစားသုံးမှုအတွက် ပြည်ပ တင်သွင်းမှုကိုသာ အားထားရသည့် နိုင်ငံဖြစ်ပါသည်။ သရက်သီးအတွက် Harmonised System

MIS DOP

(HS) code သီးခြားမရှိဘဲ လတ်ဆတ်သီးနှံ သို့မဟုတ် အခြောက်ခံ သရက်သီး၊ မာလကာသီးနှင့် မင်းဂွတ်သီး (Fresh or dried mangoes, guavas and mangosteens) တို့အတွက် HS code 08045000 ကို အသုံးပြုပါသည်။ ကုန်သွယ်မှုစာရင်းအင်း အချက်အလက်များကိုလည်း သရက်သီး၊ မာလကာသီးနှင့် မင်းဂွတ်သီးအုပ်စုအနေနှင့် ရရှိနိုင်ပြီး စုစုပေါင်းပမာဏနှင့်တန်ဘိုးတွင် သရက်သီးမှာ ၉၀ ရာခိုင်နှုန်း ကျော် ပါဝင်ပါသည်။

နယ်သာလန်နိုင်ငံသည် Re–exporter အနေနှင့် ဂျာမနီနိုင်ငံအတွက် အဓိက သရက်သီးတင်သွင်းသူဖြစ်ပြီး ၂၀၀၈ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့မှု တိုးတက်လာပြီး နောက်အခြားအီးယူနိုင်ငံများ(စပိန်နှင့်ဘယ်လ်ဂျီယံနိုင်ငံမှအပ) မှ ဂျာမနီနိုင်ငံသို့ တင်ပို့မှု ကျဆင်းခဲ့သည်။ ဂျာမနီနိုင်ငံသည် ၂၀၁၉ခုနှစ်တွင် သရက်သီးစားသုံးမှု တန်ချိန် ၈၁၀၀၀ ရှိခဲ့ပြီး ဂျာမနီနိုင်ငံ၏ အရည်အသွေးစံနှုန်း သတ်မှတ်ချက်ကို ကောင်းစွာသိရှိသော နယ်သာလန်နိုင်ငံရှိ တင်သွင်းသူများမှတဆင့် ဝယ်ယူခြင်းကို ပိုမိုပြုလုပ်ကြပါသည်။

အီးယူဒေသတွင် စပိန်နိုင်ငံသည် သရက်သီးထုတ်လုပ်သူဖြစ်ပြီး ပြန်လည်တင်ပို့သူ (Re–exporter)လည်းဖြစ်သည်။ ဂျာမနီနိုင်ငံအနေဖြင့်လည်း သရက်သီးဝယ်ယူတင်သွင်းမှု များပြားလာသောကြောင့် Re –export အနေဖြင့် Austria, the Netherlands, Switzerland, France, Italy, UK နိုင်ငံများသို့ ပြန်လည်တင်ပို့မှုများ ရှိလာခဲ့ပါသည်။ ဂျာမနီနိုင်ငံသို့ သရက်သီးတင်သွင်း နေသောနိုင်ငံများမှာ ပီရူး၊ ဘရာဇီး၊ တောင်အာဖရိက၊ ဂါနာ၊ အိန္ဒိယ၊ ထိုင်း၊ ပါကစ္စတန်နိုင်ငံတို့ ဖြစ်ကြပါသည်။

**ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ**

ဂျာမနီနိုင်ငံအနေဖြင့် သရက်သီးတင်သွင်းခြင်းအတွက် စည်းမျဉ်းသတ်မှတ်ချက် များကို အီးယူမှ ထုတ်ပြန်ထားသောစည်းမျဉ်းများအတိုင်း လိုက်နာကျင့်သုံးပြီး လိုအပ်ပါက ထပ်မံ ဖြည့်စွက်ထုတ်ပြန်ခြင်းပြုလုပ်ပါသည်။ General Food Law သည် စားသောက်ကုန်များ တင်သွင်းမှုအတွက်အခြေခံ လိုက်နာဆောင်ရွက်ရမည့် ဥပဒေတစ်ရပ်ဖြစ်ပြီး အီးယူ၏ Regulation (EC) 178/2002. အရ လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါသည်။ MRL(Maximum Residue Level) သတ်မှတ်ချက်အတွက် ဂျာမနီနိုင်ငံတွင် အီးယူမှ ခွင့်ပြုသတ်မှတ်ချက် ထက်ပိုမိုကန့်သတ်ခြင်းများရှိပြီး အီးယူသတ်မှတ်ချက်၏ ၃၀ ရာခိုင်နှုန်းခန့်သာ ခွင့်ပြုခြင်း များလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ EU food safety policy အရ ညစ်ညမ်း ပစ္စည်းပါဝင်မှုအဆင့်သတ်မှတ်ချက်(maximum levels for contaminants) ကို EU Regulation (EC) 1881/2006. အရ သတ်မှတ်ထားရှိပြီး

ဂျာမနီနိုင်ငံက ထပ်မံဖြည့်စွက် သတ်မှတ်ချက်များ ပြုလုပ်ထားပါသည်။ microbiological criteria အတွက် Regulation (EC) 2073/2005. တွင် လေ့လာနိုင်ပါသည်။

အခြားဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များအတွက် စည်းမျဉ်းသတ်မှတ်ချက်ထုတ်ပြန်မှုများမှာ အပင်ပိုးမွှားရောဂါကင်းရှင်းရေး (EC/1756/2004 နှင့် Directive 2000/29/EC)၊ ထုတ်လုပ်မှုစနစ်များတွင် ကောင်းစွာစီမံဆောင်ရွက်မှု -HACCP (Regulation (EC) 852/ 2004)၊ official controls (Regulation (EC) 882/2004) တို့ ဖြစ်ပါသည်။ ထို့ပြင် Global GAP နှင့် လူမှုရေးဆိုင်ရာပံ့ပိုးထောက်ပံ့မှုများ တိုးတက်စေခြင်းနှင့် သက်ဆိုင်သည့် The Business Social Compliance Initiative (BSCI) လက်မှတ်များလည်းလိုအပ်ပါသည်။ စားသောက်ကုန် ထိန်းချုပ်ဆောင်ရွက်ခြင်းဆိုင်ရာ လိုအပ်သည့် အသေးစိတ်အချက်အလက်များကို Federal Ministry of Food and Agriculture ဝက်ဆိုက်(www.bmel.de/EN )တွင် ရရှိနိုင်ပါသည်။

ထို့ပြင် Global Food Safety Initiative မှ စီစဉ်ဆောင်ရွက်သည့် စားသောက်ကုန်လုံခြုံစိတ်ချမှုစီမံဆောင်ရွက်ခြင်းစနစ်များ(food safety management system)ဖြစ်သည့် ISO22000 သို့မဟုတ် IFS အသိအမှတ်ပြုလက်မှတ်များသည်လည်း ဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ IFS Standard ကို Union of German Supermarket Chains က စီစဉ်ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပါသည်။ အခြားဂျာမန်ဈေးကွက် လိုအပ်ချက်တစ်ခုမှာ ရေရှည် စဉ်ဆက်မပြတ်တိုးတက်မှုဆောင်ရွက်ခြင်းနှင့် တန်းတူညီမျှမှုဆိုင်ရာ Fairtrade certificate ဖြစ်ပြီး Fairtrade International က စီမံဆောင်ရွက်ပါသည်။ အော်ဂဲနစ်ထုတ်ကုန်ထုတ်လုပ် တင်ပို့ခြင်းအတွက် လိုအပ်သည့် အသိအမှတ်ပြုလက်မှတ်များအတွက် စည်းမျဉ်းများကို Regulation (EC) 834/2007 ၊ Regulation (EC) 889/2008၊ Regulation (EC) 1235/2008 တို့တွင် လေ့လာ နိုင်ပါသည်။

ဂျာမနီနိုင်ငံသို့ဝင်ရောက်မည့် သရက်သီးများအတွက် ယေဘူယျအားဖြင့် လိုအပ်သည့် Labeling ဆိုင်ရာအချက်အလက်များမှာ ထုတ်ကုန်အမည်၊ အရည်အသွေး အဆင့်အတန်း (Extra, class I or class II) ပို့ကုန်တင်ပို့သူအမည်နှင့် လိပ်စာ၊ ကုဒ်နံပါတ်၊ အရွယ်အစား၊ အရေအတွက်၊ အသားတင်အလေးချိန်တန်၊ သိုလှောင်ထားမှုအခြေအနေ၊ အော်ဂဲနစ်ထုတ်ကုန်အတွက် စစ်ဆေးသည့်အဖွဲ့အစည်းအမည်နှင့် အသိအမှတ်ပြု လက်မှတ်နံပါတ် စသည်တို့ဖြစ်ပါသည်။ တင်ပို့သည့်ကုမ္ပဏီဘက်က လိုအပ်သည့်စာရွက်စာတမ်းများ ပေးပို့ရာတွင် ပိုးသတ်မှိုင်းသတ်ခြင်းဆိုင်ရာအထောက်အထားများ လိုအပ်မှုရှိပြီး ဂျာမန်ဝယ်ယူသူများအနေဖြင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ခြင်းနောက်ခံ အကြောင်းအချက်အလက်များကိုလည်း အထူးလိုအပ်ကြပါသည်။

MIS DOP

သရက်သီးတင်ပို့ရာတွင် ကုန်သေတ္တာများသန့်ရှင်းမှု၊ ပိုးမွှားများကင်းစင်မှု၊ ထိခိုက် ပျက်စီးမှု မရှိစေရန် စက္ကူ၊ သိုးမွေးစ၊ ကောက်ရိုးစသည်တို့ဖြင့် ခုခံထားရန်လိုအပ်ပါသည်။ ထို့ပြင် မှိုတက် ပျက်စီးမှုများမဖြစ်စေရန် အစိုဓါတ်ထိန်းသိမ်းကာကွယ်မှု လိုအပ်ပြီး သာမန်သရက်သီးများနှင့် အော်ဂဲနစ်သရက်သီးများကို ခွဲခြားထားသိုရန်လိုအပ်ပါသည်။ ထားရှိရမည့်အပူချိန်မှာ သရက်သီး အမျိုးအစားနှင့် ပို့ဆောင်နေသည့်ကာလ အခြေအနေပေါ်မူတည်၍ အမျိုးမျိုးကွဲပြားခြားနား နိုင်ပါသည်။ ဂျာမနီနိုင်ငံသို့ သရက်သီးတင်ပို့ခြင်းအတွက် လိုအပ်သည့် ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင် ရာတွင် သိုလှောင်သိမ်းဆည်းမှုများ၊ ဆုံးရှုံးမှုမရှိစေရန် စနစ်တကျ ကြိုတင်ကာကွယ်သည့် နည်းလမ်းများဖြစ်သော ထားရှိသင့်သည့် အပူချိန်၊ စိုထိုင်းဆ၊ လေဝင် လေထွက်ကောင်းမွန်စေမှု စသည်တို့အတွက် Transport Information Service (TIS)မှ ထုတ်ပြန်ထားသော အသေးစိတ် အချက်အလက်များကို https://www.tis-gdv.de/tis_e/ware/obst/mango/mango.htm/ တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

အီးယူအနေဖြင့် Rapid Alert System for Food and Feed. (RASFF)စနစ်ကို တည်ထောင်၍ အဖွဲ့ဝင်နိုင်ငံများသို့ ဝင်ရောက်လာသည့် စားသောက်ကုန်စည်များတွင် သတ်မှတ် စည်းမျဉ်းနှင့် မကိုက်ညီသည့် အချက်များပါရှိပါက သက်ဆိုင်ရာတင်ပို့သည့် နိုင်ငံများနှင့် စားသုံးသူ များသိရှိနိုင်ရန် သတိပေးအကြောင်းကြားသည့် သတင်းအချက်အလက် များအား တင်သွင်းသည့် နိုင်ငံ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်တွေ့ရှိချက်၊ အရေးယူ ဆောင်ရွက်ရန် လိုအပ်သည့် အဆင့် အတန်း စသည်တို့ကို RASFF consumers' portal တွင် အချိန်နှင့် တစ်ပြေးညီ ဖော်ပြပေးလျှက် ရှိပါသည်။ သရက်သီးအတွက် အသေးစိတ်လိုအပ် ချက်များကို Regulation (EC) 178 /2002.တွင် လေ့လာနိုင်ပြီး သရက်သီးအပါအဝင် သစ်သီးဝလံများနှင့် ပတ်သက်သည့် notifications များကို RASFF database (https://webgate.ec.europa.eu/rasff-window/screen/search) တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။

**သရက်သီးတန်ဘိုးမြှင့်ထုတ်ကုန်ဈေးကွက်**

ဂျာမနီနိုင်ငံသို့ လတ်ဆတ်နှင့် တန်ဘိုးမြှင့်ထုတ်လုပ်ထားသော သရက်သီးထုတ်ကုန်များ တင်သွင်းနိုင်သည့် အခွင့်အလမ်းများရှိနေပြီး စားသောက်ကုန် လုံခြုံစိတ်ချမှုဆိုင်ရာ လိုအပ် ချက်များ ပြည့်စုံစွာဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ဂျာမန် စူပါမားကက်များသို့ ဝင်ရောက် နိုင်ရန် ဂျာမနီနိုင်ငံ၏ စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် စားသောက်ကုန် လုံခြုံစိတ်ချမှုနှင့်

ခေတ်ကြွင်းပါဝင်မှုပမာဏတို့သည် ပို့ကုန်တင်ပို့သူများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ အီးယူနှင့်ဂျာမနီနိုင်ငံတွင် သရက်သီးစားသုံးမှုတွင်ကျယ်လာမှုနှင့်အတူ သရက်သီးမှည့်များကို အလွယ်တကူစားသုံးနိုင်ရန် ခွဲစိတ်ထားသည့် Ready to eat Mango များမှာလည်း ဈေးကွက်တွင်နေရာယူလာလျှက်ရှိပြီး သယ်ယူပို့ဆောင်မှုပိုင်းနှင့် အအေးခန်းသိုလှောင်နိုင်မှု အခြေအနေများမှာလည်း အရေးပါသောအချက်များဖြစ်လာပါသည်။ Keitt နှင့် Kent အမျိုး အစားများသည် Ready to eat Mango အနေဖြင့် ရင့်မှည့်ချိန်နှင့် သယ်ယူပို့ဆောင်ချိန်တွင် အရည်အသွေး ထိန်းသိမ်းထားနိုင်သည့် အခြေအနေတွင် ရှိပြီး Tommy Atkins အမျိုးအစားမှာ Ready to eat အတွက် သင့်တော်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အော်ဂဲနစ်သရက်သီးများ ဈေးကွက်ဝင်ရောက်မှုရှိလာပြီး အများစုမှာ Keitt နှင့် Kent အမျိုးအစားများက organic certificate များဖြင့် ဝင်ရောက်လာခြင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် အော်ဂဲနစ်သရက်သီးများ ကို ဘရာဇီး၊ ပီရူး၊ အီကွေဒေါနှင့် အာဖရိက အနောက်ပိုင်းနိုင်ငံများ (ဥပမာ– Burkina Faso) တို့မှ အဓိက တင်သွင်းပြီး Edeka, Rewe စသည့် စူပါမားကက်ကြီးများတွင်သာ ရောင်းချလေ့ရှိပါသည်။

အီးယူဈေးကွက်တွင် အခြောက်ခံပြုလုပ်ထားသော သရက်သီးများ(dried mango) တင်သွင်းမှုမှာ နှစ်စဉ် ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအတွင်း တိုးတက်လျှက်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းမှုများပြားပြီး Burkina Faso၊ တောင်အာဖရိက၊ ဂါနာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မက္ကဆီကို နိုင်ငံတို့မှ အများဆုံးတင်သွင်းလျှက်ရှိပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သော Snack များစားသုံးလိုခြင်းနှင့် သကြားဓာတ်ပါဝင်မှုလျော့နဲသော Snack များကိုစားသုံးရန် ဦးတည်ချက်ရှိလာကြခြင်းကြောင့်လည်းဖြစ်ပါသည်။ စက်မှုကုန်ထုတ်လုပ်ငန်း အချက်အလက်များအရ အီးယူဈေးကွက်သို့ ၂၀၁၉ခုနှစ် တွင် dried mango တန် ၆၅၀၀မှ ၇၀၀၀ အတွင်း တင်သွင်းခဲ့ပြီး ယင်းအနက် အော်ဂဲနစ် dried mango မှာ ၂၀ ရာခိုင်နှုန်းခန့်ပါဝင်ခဲ့ပါသည်။

ဂျာမနီနိုင်ငံသည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံပြီးလျှင် dried mango တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး ဆက်လက်တိုးတက်တင်သွင်းနိုင်ဘွယ်ရှိကြောင်း ခန့်မှန်းထားကြပါသည်။ အော်ဂဲနစ် dried mango များကို အများဆုံးတင်သွင်းပါသည်။ ဂျာမနီနိုင်ငံ၏ Fruit barsများ (ဥပမာ–DM) တွင် dried mango အပြင် mango puree များကိုလည်း အသုံးပြု၍ ထုတ်လုပ်လာကြကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် နံနက်စာ Breakfast cereal များ တွင်လည်း Candied mango နေရာတွင် dried mango ကို ပိုမိုအသုံးပြုလာနိုင်ကြောင်းလည်း ခန့်မှန်းထားကြပါသည်။ လတ်ဆတ်သော တန်ဘိုးမြှင့် သရက်သီး ထုတ်ကုန်များကို ဂျာမနီနိုင်ငံတွင် နှစ်စဉ် ဖေဖေါ်

MIS DOP

ဝါရီလတွင် ကျင်းပလေ့ရှိသော Fruit Logistica (ဘာလင်) နှင့် အော်ဂဲနစ် Biofach (နူရင်ဘတ်) ကုန်စည်ပြပွဲနှင့် အောက်တိုဘာလတွင် ကျင်းပလေ့ ရှိသည့် ANUGA food exhibition (ကိုလုံးမြို့) များတွင် ပါဝင်ပြသခြင်းဖြင့် အီးယူဈေးကွက် ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်ပါသည်။ မြန်မာနိုင်ငံမှ အီးယူဈေးကွက်ဝင် လတ်ဆတ်သော တန်ဘိုးမြင့် သရက်သီးထုတ်ကုန်များကို စားသောက်ကုန်လုံခြုံစိတ်ချမှု စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အသိအမှတ်ပြုလက်မှတ် များရယူခြင်း(ဥပမာ–IFS)၊ အီးယူအော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်များရယူခြင်းတို့ဖြင့် ဝယ်လို အားကြီးမားသော ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

Sources: Mango in Germany, IPD and CBI

https://www.cbi.eu/market-information/fresh-fruit-vegetables/mangoes/market-potential
https://www.cbi.eu/market-information/processed-fruit-vegetables-edible-nuts/dried-mango/market-potential

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

……………………………………………………………………………………………………..

## Human Rights in Agricultural Value Chain အွန်လိုင်းအစည်းအဝေးကျင်းပခြင်း

ဂျာမနီနိုင်ငံတွင် Supply Chain Act ကို ၂၀၂၁ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပြီးနောက် EU Due Diligence Directive ကို ရေးဆွဲဆောင်ရွက်လျှက်ရှိရာတွင် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတစ်လျှောက် လူ့အခွင့်အရေးပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ (Human Right Due Diligence –HRDD) အတွက် ကုမ္ပဏီများ၊ ထုတ်လုပ်သူများအနေဖြင့် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများ၊ စည်းမျဉ်းအသစ်များအပေါ် လိုက်နာဆောင်ရွက်နိုင်မှုနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများ၊ အကျိုးသက်ရောက်မှုများ၊ လယ်သမားများနှင့် အလုပ်သမားများအတွက် အစားအစာဖူလုံရရှိရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးညှိနှိုင်း သည့် Webinar Digital Conference ကို ၁၇.၁၁.၂၀၂၁ ရက်နေ့တွင် Food Security Standard(FSS) အဖွဲ့က စီစဉ်ကျင်းပခဲ့ရာ စီးပွားရေးသံမှူးတက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲ တွင် Meo Carbon Solution၊ Welthungerhlife၊ Green Coffee development (Nestle)၊ 4C advisory board၊ Naturaleza Energia Sociedad (NES) တို့မှ ကိုယ်စားလှယ်များက အသီးသီးရှင်းလင်းတင်ပြကြပြီး Kiel Institute of World Economy မှ Prof. Dr.Gernot Klepper က Moderator

MIS DOP

အဖြစ် ဆောင်ရွက်ပါသည်။ Webinar Digital Conference သို့ နိုင်ငံအသီးသီးမှ တက်ရောက်သူပေါင်း (၁၀၀) ကျော်ရှိခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတစ်လျှောက် လူ့အခွင့်အရေးပိုင်း ဆိုင်ရာ လိုက်နာဆောင်ရွက်ရေးသည် ကမ္ဘာ့တစ်ဝှန်း ပါဝင်ပတ်သက်လာနေသည့် အကြောင်းတစ်ခု ဖြစ်လာကြောင်း၊ Due Diligence Directive ကို ၂၀၂၂ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးသတ်ရေးဆွဲနိုင်ရန်မျှော်လင့်ကြောင်း၊ ဥပဒေအာဏာ သက်ရောက်မှုဖြစ်စေရေးသည် လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း၊ ကော်ဖီ၊ ကိုကိုး၊ ဝါစိုက်ပျိုးမှု လုပ်ငန်းများတွင် လေ့လာမှုများအရ လိုအပ်ချက်များ တွေ့ရကြောင်း၊ ထုတ်လုပ်သူများအတွက် ကျိုးကြောင်းဆီလျော်သည့် ဆွေးနွေးမှုများ၊ လိုက်နာဆောင်ရွက်ရန် ဖြစ်နိုင်ချေများရှိရန်လိုအပ်ကြောင်း၊ လယ်သမားများ၊ ထုတ်လုပ်သူများ၊ အစိုးရများ၊ ကုန်သည်များ၊ ဘဏ်များနှင့်စားသုံးသူများအကြား ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆွဒ်ဇာလန်နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကပင် Commodity sector Directive တွင် HRDDကို ဖော်ပြခဲ့ပြီး အစိုးရအနေဖြင့် PPP နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဂျာမနီနိုင်ငံ Supply Chain ဥပဒေနှင့် Due Diligence ဆိုင်ရာ အကောင်အထည်ဖော်မှုများ တိကျစွာ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ ဥပဒေပြုရေးနှင့် လူ့အခွင့်အရေးပိုင်း ထိန်းချုပ်ဆောင်ရွက်မှုများအကြား ညှိနှိုင်းမှုများရှိရန်လိုကြောင်း၊ အီးယူ၏ ဥပဒေပြုရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများသည် တရုတ်၊ အမေရိကန်၊ အိန္ဒိယစသည့် သွင်းကုန်တင်သွင်းနေသောနိုင်ငံများဘက်က အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ HRDDသည် လုပ်ငန်းခွင်သာယာ ဝပြောမှုနှင့် ထုတ်လုပ်သူများ၏ စီးပွားရေးအခြေအနေများပေါ်တွင်လည်း မူတည်ကြောင်း၊ ထုတ်လုပ်သူများ မရှိဘဲ ထုတ်ကုန်များထုတ်လုပ်ပို့ဆောင် စားသုံးရန်ခက်ခဲကြောင်း၊ ရေရှည်တည်တံ့မှု တိုးတက်ဆောင်ရွက်မှုများအတွက် ပြည့်စုံလုံလောက်သော လူနေမှုဘဝ၊ ခွဲခြားဆက်ဆံမှု၊ အလုပ်သမားအခွင့်အရေး၊ ကလေးသူငယ်အလုပ်သမားများ ခိုင်းစေမှုများ ရှိနေဆဲဖြစ်ကြောင်း၊ Food security ရရှိရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ Food security standard (FSS) အစီအစဉ်သည် Meo Carbon Solution နှင့် Welthungerhlife တို့ပူးပေါင်းဆောင်ရွက်နေသော အစီအစဉ်တစ်ခု ဖြစ်ပြီး လယ်သမား၊ အလုပ်သမားများတို့တွင် Food security ရရှိသေချာစေရေး၊ ကုမ္ပဏီများ အနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လူမှုဘဝတာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာစေရန်ရည်ရွယ်ကြောင်း၊ FSS အနေဖြင့် လူ့အခွင့်အရေးပိုင်းဆိုင်ရာလိုက်နာ ဆောင်ရွက်မှုများအတွက် သင်တန်းအစီအစဉ်များ ပြုလုပ်ခြင်း၊ Assessment Tool များဖြင့် စစ်ဆေးမှုများ

MIS DDP

ပြုလုပ်ခြင်း၊ အစီရင်ခံစာပြုစုခြင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

ဆက်လက်၍ စားသောက်ကုန်များထုတ်လုပ်ရာတွင် လိုအပ်သည့် Certificate များမှာ အဓိကကုန်ကျရသည့်စရိတ်တစ်ခုဖြစ်ပြီး စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ရန်အတွက် ဖြစ်ပြီး လယ်သမားများအနေဖြင့် အခြားသေးငယ်သောစရိတ်အချို့ကိုသာ ထုတ်လုပ်သူနှင့် ပူးပေါင်းကျခံရန်ဖြစ်ကြောင်း၊ living standard နှင့် ကိုက်ညီသည့် လုပ်ခလစာပံ့ပိုးနိုင်ရန် လိုအပ်ကြောင်း၊ Certification စနစ်များကို အကောင်အထည် ဖော်သည့်အဖွဲ့အစည်းသည် လွတ်လပ်စွာရပ်တည်သော အဖွဲ့အစည်းဖြစ်သင့်ပြီး အစိုးရ ကဏ္ဍထက် ပုဂ္ဂလိကကဏ္ဍမှ လုပ်ဆောင်ရန် ပိုမိုသင့်တော်ကြောင်း၊ Level playing field ကို ဦးတည်သွားသင့်ကြောင်း ဝိုင်းဝန်းဆွေးနွေးကြပါသည်။

ဂျာမနီနိုင်ငံတွင် Supply Chains လုပ်ငန်းစဉ်တစ်လျှောက် လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များ လိုက်နာဆောင်ရွက်ရေးအတွက် ဥပဒေပြဋ္ဌာန်းမှု ကို ၂၀၂၁ ခုနှစ်ဇွန်လတွင် ဂျာမန်လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ဥရောပ သမဂ္ဂအဖွဲ့အနေဖြင့်လည်း ဂျာမနီနိုင်ငံပြီးနောက် Supply Chains ဥပဒေပြုရေး လုပ်ငန်းရပ်များ စီစဉ်ထားရှိမှုများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် ဥပဒေတစ်ခုတည်း ဖြစ်စေရန် ဆက်လက်ချမှတ် ဆောင်ရွက်သွားရန်စီစဉ်ထားရှိပါသည်။

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………………………………………

## ဂျာမနီနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးတက်ဆောင်ရွက်မှု

ဂျာမနီနိုင်ငံသည် ဥရောပတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဈေးကွက် အကြီးမားဆုံးဖြစ်သည်။ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုများကလည်း ဂုဏ်သတင်းကောင်းများရရှိထားကြသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို novel mRNA Techno-logy ကို အခြေခံ၍ဂျာမနီနိုင်ငံ Mainz မြို့အခြေစိုက် Biotech ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံ Pfizer ကုမ္ပဏီတို့ပူးပေါင်း၍ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ခြင်းသည် ပူးပေါင်းဆောင်ရွက်မှုအစပျိုးမှု တစ်ခုဖြစ်ခဲ့ပြီး ဆက်လက်၍ သုတေသနနှင့်တီထွင်တိုးတက်မှုများပြုလုပ်၍အခြား ကူးစက်ရောဂါ များအတွက် ကာကွယ်ဆေးများကိုလည်းထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်ရန်ရှိလာ

ပါသည်။ ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုကြောင့် ဘိုင်အိုနည်းပညာတီထွင်ဆန်း သစ်မှုနှင့် ဒစ်ဂျစ်တယ်စနစ် တိုးတက်ပြောင်းလဲမှုများကို လျင်မြန်စွာလုပ်ဆောင်လာနိုင်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ဆေးဝါးထုတ်လုပ်သည့်နေရာ ဒေသ(၄၄)ခုရှိကာ အီးယူဒေသတွင် အများဆုံးဖြစ်ပြီး ဘိုင်အိုဆေးဝါး ဖော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝင်ငွေသည် ၂၀၁၉ ခုနှစ်တွင် ယူရို ၁၂.၈ ဘီလီယံမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၄.၆ ဘီလီယံသို့ တိုးတက်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း စီးပွားရေးကျဆင်းမှု၊ အလုပ်လက်မဲ့များ တိုးပွားမှုများကြုံတွေ့ရခြင်း ရှိခဲ့သော်လည်း တစ်ဖက်တွင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများက ဂျာမန်ကုမ္ပဏီများနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကုသမှုနည်းလမ်းများနှင့် ကာကွယ် ဆေးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ဝင်ရောက်လာကြခြင်းများရှိလာပါသည်။ အထူးသဖြင့် နိုင်ငံတောင်ပိုင်း Bavaria ပြည်နယ်ရှိ တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုများကလည်း ဆွဲဆောင်နိုင်သည့် အရာတစ်ခု ဖြစ် လာသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံ Takeda ကုမ္ပဏီသည် Baden Wurttemberg ဒေသတွင် ဒုတိယမြောက် ဆေးဝါးထုတ်လုပ်သည့်စက်ရုံကို မကြာသေးမီကဖွင့်လှစ်ခဲ့သည်။ ပြည်နယ်အစိုးရမှလည်း လိုအပ်သောအစီအစဉ်များနှင့် အဆောက်အဦခွင့်ပြုချက်များ မြန်ဆန်စွာရရှိရေးပံ့ပိုးပေးခဲ့သည်။ Takeda ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ Mr.Andres Hundt က ဂျာမနီနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ရသည့် အကြောင်းရင်းများစွာရှိပြီး အဓိကအားဖြင့် ကျွမ်းကျင်တတ်မြောက်သော လုပ်သားအင်အားရှိခြင်း၊ ထူးခြားကောင်းမွန်သည့် နည်းပညာအရင်းအမြစ်များရှိခြင်း၊ အခြားကဏ္ဍများနှင့် နီးစပ်စွာဆောင်ရွက်နိုင်ခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းသည် အဆင့်မြင့်အရည် အသွေးတစ်ခုရောက်ရှိရန် စိန်ခေါ်မှုများစွာကြုံတွေ့ ဖြတ်သန်းရပြီး အထူးပြုကျွမ်းကျင်သူနှင့် နည်းပညာပိုင်းပညာရှင်များ နှစ်ပေါင်းများစွာ တွဲဖက်လုပ်ကိုင်သည့် တိုးတက်မှုရလဒ်များကို ဂျာမနီနိုင်ငံတွင် တွေ့မြင်နိုင်ကြောင်း ပြောကြားပါသည်။ Takeda ကုမ္ပဏီသည် ဂျာမနီနိုင်ငံ၏ မြို့တော်ဘာလင်မြို့တွင် ဆေးဝါးဖြန့်ဖြူးမှု စင်တာတစ်ခု အခြေစိုက်ဖွင့်လှစ်ထားပါသည်။ ဘာလင်မြို့တော် အစိုးရအနေနှင့် လူမှုဘဝနေထိုင်မှု တိုးတက်ရေးအတွက် တီထွင်ဖန်တီးသည့် ကုမ္ပဏီများ၊ Startup များ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများတို့နှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။ ဘာလင်မြို့တွင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကုမ္ပဏီပေါင်း (၂၁၀၀၀) ရှိပြီး ဥရောပ၏ အရေးပါဆုံး ကျန်းမာရေးကဏ္ဍနေရာဒေသ တစ်ခုအဖြစ် တည်ရှိနေပါသည်။

ဂျာမနီနိုင်ငံ၏ လူဦးရေ (၈၃) သန်းအတွက် ဆေးရုံပေါင်း (၁၉၀၀)၊ ဆရာဝန် (၄၀၉၀၀၀) ဦး၊ ဆေးဆိုင်ပေါင်း(၁၉၀၀၀) ပွံ့ပိုးထားရှိပါသည်။ APOTHEKE ဟု ခေါ်ဆိုသော ဆေးအရောင်းဆိုင်များ နေရာအနှံ့ဖွင့်လှစ်ထားပြီး သာမန်အိမ်သုံးဆေးဝါးများမှအပ ဆေးဝါးအများစုမှာ သက်ဆိုင်ရာ ဆရာဝန်ထောက်ခံချက်ဖြင့်သာ ဝယ်ယူရရှိပါသည်။ ကျန်းမာရေးစနစ် လည်ပတ်မှုအတွက် ဆရာဝန်၊ ဆေးရုံ၊ ကျန်းမာရေးအာမခံလုပ်ငန်းများ၊ လူနာများအားလုံးပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု ကော်မတီတစ်ရပ်ဖွဲ့စည်းထားပြီး စီမံခန့်ခွဲဆောင်ရွက်ပါသည်။ ဂျာမနီနိုင်ငံတွင် နေထိုင်သူများအားလုံး ကျန်းမာရေးအာမခံ ထားရှိရန်လိုအပ်ပြီး Public နှင့် Private ဟူ၍ ခွဲခြားထားပြီး လစဉ်ပေးဆောင်ရန်လိုအပ်ပါသည်။ Public Insurance မှာ နိုင်ငံတွင်းအမြဲနေထိုင် သူများအတွက်ဖြစ်ပြီး လစာ၏ ၁၄.၆ရာခိုင်နှုန်းကို ပေးဆောင်ရပါသည်။ Private Insurance မှာ ကာလအပိုင်းအခြားတစ်ခု နေထိုင်သူများအတွက်ဖြစ်ပြီး အသက်အပိုင်းအခြားနှင့် ထားရှိလိုသည့် အာမခံအမျိုးအစားပေါ်မူတည်၍ နှုန်းထားများကွဲပြားခြားနားမှုရှိပါသည်။ အလုပ်မရှိသူများအတွက် ကျန်းမာရေးအာမခံကြေးကို အမျိုးသားလူမှုဖူလုံရေးအေဂျင်စီက ကျခံပေးပါသည်။

Source: German Trade and Invest (GTAI) report

သီတာဝင်းငွေ၊စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………………

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### တရုတ်-အမေရိကန်ဆက်ဆံရေး လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိလာစေရန် နှစ်နိုင်ငံ သမ္မတများ ဆွေးနွေးခဲ့

တရုတ်သမ္မတ မစ္စတာရှီကျင်းပင်နှင့် အမေရိကန်သမ္မတ မစ္စတာ ဂျိုးဘိုင်ဒန် တို့သည် နိုဝင်ဘာလ (၁၆)ရက်နေ့က ဗွီဒီယိုမှတစ်ဆင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး အတွက် ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် အောက်ဖော်ပြပါအချက်များ အဓိကရရှိခဲ့သည်ဟု သိရပါသည်-

(က) တရုတ်-အမေရိကန် အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းရေး အဓိကကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာမှုကိုပုံဖော်ရာတွင် မဟာဗျူဟာကျသည့် အရေးပါသောအခြေခံကိစ္စရပ်များ အပေါ်အမြင်ချင်း ဖလှယ်ခဲ့ကြခြင်း၊

(ခ) နှစ်နိုင်ငံဆက်ဆံရေး လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိစေရန် ဆက်သွယ်မှု ပုံစံအမျိုးမျိုးဖြင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊

(ဂ) တွေ့ဆုံမှုမှာ ပွင့်လင်းပြီး၊ အပြုသဘောဆောင်ကာ၊ လက်တွေ့ကျ၍၊ ရလဒ်ကောင်း ခြင်း၊

(ဃ) တရုတ်-အမေရိကန် ဆက်ဆံရေးအပေါ် နိုင်ငံတကာအသိုက်အဝန်းက အပြု သဘောဆောင်သည့် မျှော်လင့်ချက်ရှိခဲ့ခြင်း၊ အပြန်အလှန် နားလည်မှုတိုးမြင့် လာခြင်း၊ နှစ်နိုင်ငံနှင့် ကမ္ဘာသို့ အင်အားကြီးသည့် သတင်းစကား ပေးပို့ခဲ့ခြင်း။

တရုတ်သမ္မတက ဆွေးနွေးရာတွင်အဓိကပါဝင်သည့်အချက်များမှာ တစ်နိုင်ငံ၏ လူမှုရေး စနစ်များနှင့် ဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ အဓိကစိတ်ဝင်စားမှုများနှင့် စိုးရိမ်ပူပန်မှုများကို အခြား နိုင်ငံဘက်က လေးစားနားလည်ပေးရန်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်၊ နှစ်ဦးနှစ်ဘက် အကျိုး ဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုပြုရန်၊ တရုတ်နိုင်ငံက အဆိုပြုထားသည့် ကမ္ဘာလုံး ဆိုင်ရာ စီမံကိန်းများတွင် အမေရိကန်ကိုလည်း တံခါးဖွင့်ကြိုဆိုထားရာ သာတူညီမျှရှိမှု၊ နှစ်နိုင်ငံဆက်ဆံ ရေးအတွက် အဆင့်တိုင်း၊ နယ်ပယ်တိုင်း၌ အပြန်အလှန်အကျိုး ကျေးဇူးဖြစ်ထွန်းမှုများဖြင့် ဆောင် ရွက်သွားရန်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဆောင် ရွက်လာနိုင်စေရေးအတွက် စီးပွားရေး၊ စွမ်းအင်၊ စစ်ရေး၊ ဥပဒေအသက်ဝင်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ဆိုက်ဘာ၊ သဘာဝပတ်ဝန်း ကျင်ကာကွယ်ရေးတို့တွင် အချင်းချင်းရိုင်းပင်း ဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား မတူညီမှုများနှင့် ထိရှလွယ်သည့်ကိစ္စရပ်များအပေါ် အပြုသဘောဆောင်၍ဖြေရှင်းရန်၊ ကမ္ဘာသို့ ကျန်းမာရေးသုံး ပစ္စည်းများ ပိုမိုထောက်ပံ့ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အဓိကကိစ္စရပ်များကို ပေါင်းစပ်ဆောင်ရွက်မှု အားကောင်းခိုင်မာစေရန်၊ နှစ်နိုင်ငံအကြားစီးပွား ရေးနှင့် ကုန်သွယ်ရေးပြဿနာရပ်များကို နိုင်ငံရေးအသွင်ပြောင်းလဲမှုမပြုရန်၊ သဘာဝဓာတ်ငွေ့ နှင့် စွမ်းအင်အသစ်အပေါ် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းခိုင်မာစေ၍ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်စိတ်ချလုံခြုံရေးကို နိုင်ငံတကာအသိုက်အဝန်းနှင့် လက်တွဲကာကွယ်ဆောင်ရွက်ရန်၊ ရာသီ ဥတု ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပါရီသဘောတူညီချက်ကို ဖော်ဆောင်ရေး တရုတ်-အမေရိကန် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် တရုတ်နှင့် အမေရိကန်တို့က ကမ္ဘာလုံး ဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့် ကူးစက်နိုင်သည့်ရောဂါကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက် မှုယန္တရားထည်ထောင်ရန်နှင့် အပြည်ပြည်ဆိုင်ရာဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ထပ် ဆောင်းမြှင့်တင်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

MIS DOP

အမေရိကန်သမ္မတဘက်မှ ဆွေးနွေးရာတွင် အဓိကပါဝင်သည့် အချက်များမှာ တစ်နိုင်ငံ၏ ရည်ရွယ်ချက်များကို အခြားနိုင်ငံဘက်မှ ပိုမိုနားလည်စေရန် ပွင့်လင်းသည့်ဆွေးနွေးညှိနှိုင်းမှု ရှိရန် လိုကြောင်း၊ နှစ်နိုင်ငံအကြား ပြိုင်ဆိုင်ရာတွင် မျှတပြီးသင့်လျော်မှု ရှိရန်လိုကာ ပဋိပက္ခ အသွင်သို့ မကူးပြောင်းရန်လိုကြောင်း၊ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်ရန်မရည်ရွယ်ကြောင်း၊ အမေရိကန်သည် တရုတ်နိုင်ငံနှင့် အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုကို အခြေခံ၍ ဆက်သွယ်မှုကိုတိုးမြှင့်ကာ၊ နားလည်မှုလွဲမှားခြင်းကို လျှော့ချလျက်၊ မတူညီမှုများကို အပြုသဘောဆောင်၍ ကိုင်တွယ်ဖြေရှင်းလိုကြောင်း၊ အမေရိကန်က တရုတ်နိုင်ငံဘက်မှ နီးကပ်စွာဆောင်ရွက်လိုသည့်နယ်ပယ်များတွင် လိုအပ်ချက်များအပေါ်အလေးထားကြောင်း၊ ကပ်ရောဂါနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် စိန်ခေါ်မှုများကို တုံ့ပြန်ကာ၊ နှစ်နိုင်ငံမှ ပြည်သူများ ပိုမိုကောင်းမွန်သည့် ဘဝများရရှိစေရန် ဆောင်ရွက်သင့်ကြောင်း၊ နှစ်နိုင်ငံမှလူငယ်များကို တစ်ဖက်နိုင်ငံ၏ယဉ်ကျေးမှုအား ပိုမိုလေ့လာစေရေး အားပေးတိုက်တွန်း၍ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့်နေရာတစ်ခုသို့ရောက်ရှိစေရန် ကူညီပေးရမည်ဖြစ်ကြောင်း စသည်တို့ ဖြစ်ပါသည်။

နှစ်နိုင်ငံမှ သမ္မတများသည် အာဖဂန်နစ္စတန်အရေးကိစ္စ၊ အီရန်နယူကလီးယား ပြဿနာ၊ ကိုရီးယားကျွန်းဆွယ်အခြေအနေနှင့် အခြားအပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ ပြဿနာများအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်ဟု သိရပါသည်။

MIS DOP

ရင်းမြစ်၊ Xinhua (၁၆–၁၁–၂၀၂၁)
ဒေါက်တာသွေးစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

.................................................

## တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်၏ တံခါးဖွင့်ပေးမည့်စီမံကိန်းကို ထုတ်ပြန်ကြေညာ

တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ပြည်နယ်သည် အခွန်လွတ်စျေးဝယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အပြည်ပြည်ဆိုင်ရာပညာရေးတို့ ပါဝင်သည့်ကဏ္ဍ (၃)ရပ်တွင် ဦးစားပေးကာ အပြည်ပြည်ဆိုင်ရာခရီးသွားနှင့် စားသုံးမှုဦးတည်လာရောက်သည့် နေရာဖြစ်စေရန် ကြိုးပမ်းသွားမည်ဟု ၎င်း၏ (၂၀၂၁ – ၂၀၂၅) ဖွံ့ဖြိုးမှု စီမံကိန်းတွင် ဖော်ပြထားပါသည်။

ဟိုင်နန်ပြည်နယ်သည် ကျွန်းပြည်နယ်ဖြစ်ကာ လွတ်လပ်သည့်ကုန်သွယ်ရေးဆိပ်ကမ်းလည်းရှိပါသည်။ ယခုအစီအစဉ်ကို ထုတ်ပြန်ကြေညာရာ၌ ၂၀၂၅ ခုနှစ်တွင် ၎င်း၏ခရီးသွားကဏ္ဍကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ (၁၇.၈) ရာခိုင်နှုန်းခန့် ပါဝင်ဖြည့်ဆည်းနိုင်ရန် ရည်မှန်းချက်ချမှတ်ထားကြောင်း သိရပါသည်။

ပင်မဆဲလ် (stem cell)၊ ကိုယ်ခံအားဆဲလ် (immune cell)၊ မျိုးဗီဇကုထုံး (genetherapy) နှင့် အခြားဇီဝဆေးဝါးကဏ္ဍများရှိ နည်းလမ်းအသစ်များအပေါ် သုတေသနပြုမှုများ မြှင့်တင်သွားနိုင်ရေးအတွက် ဟိုင်နန်ရှိ Boao Lecheng International Medical Tourism Pilot Zone တွင် အဆင့်မြင့်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကိုမိတ်ဆက်၍ ပျိုးထောင်ပေးသွားရန် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ပြုမှု (RCEP)တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများကိုလည်း ဤဆေးဘက်ဆိုင်ရာ စမ်းသပ်ဇုန်တွင် ဆေးကုသမှုများလာရောက် ပြုလုပ်ကြရန် တိုက်တွန်းထားပါသည်။ စီမံကိန်းအရ ၂၀၂၅ ခုနှစ်တွင် ဟိုင်နန်၌ လူပေါင်း (၅)သိန်းခန့် ဆေးဝါးကုသမှုများ လာရောက်ပြုလုပ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဟိုင်နန်ကျွန်းပေါ်တွင် ပြည်ပမှ ကောလိပ်များနှင့် ပညာရေးအဖွဲ့အစည်းများ လာရောက်တည်ထောင်ကြရန် တိုက်တွန်းထားပါသည်။ ၂၀၂၅ ခုနှစ်တွင် ဟိုင်နန်ကျွန်း၌ နိုင်ငံတကာမှ ကျောင်းသားဦးရေ (၁၀,၀၀၀) လာရောက် ပညာသင်ကြားနိုင်ရန် ရည်ရွယ်ထားသည်ဟုလည်း စီမံကိန်းတွင် ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်၌ ဟိုင်နန်ကျွန်းပေါ်တွင် နိုင်ငံတကာမှ အထက်တန်းကျောင်းနှင့် မူကြိုကျောင်းပေါင်း (၁၅)ကျောင်းခန့်နှင့် သိပ္ပံ၊ စိုက်ပျိုးရေးနှင့် ဆေးပညာနယ်ပယ်များမှ အဆင့်မြင့်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းကောလိပ် (၃)ခုကျော် လာရောက်ဖွင့်လှစ်ရန် ကြိုးပမ်းသွားမည်ဟုလည်း သိရပါသည်။

ဇွန်လနှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ တောင်ဘက်ပိုင်းအကျဆုံးဖြစ်သည့် ဟိုင်နန်ပြည်နယ်ကို ရာစုနှစ်ဝက်၌ ကမ္ဘာပေါ်တွင် ဩဇာတိက္ကမကြီးမားပြီး၊ အဆင့်မြင့်သည့် လွတ်လပ်သောကုန်သွယ်ရေးဇုန်ဆိပ်ကမ်းတစ်ခုအဖြစ် တည်ဆောက်သွားမည့် ပင်မစီမံကိန်းတစ်ခုကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာထားပါသည်။

ရင်းမြစ်၊ Xinhua (၁၇-၁၁-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး

နန်နင်း

MSDP

## ပထမဆုံး တရုတ်-ဗီယက်နမ် နယ်စပ်စစ်ဆေးရေးဂိတ် မီးရထားဥမင်လိုဏ်ခေါင်းကို ဆက်လက်တည်ဆောက်လျက်ရှိ

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဖန်ချန်းကန် (Fangchenggang)-တုန်ရှင်း (Dongxing) မီးရထားလမ်းပေါ်တွင် အရှည်လျားဆုံးဖြစ်သည့် ထုံးကူလင် (Tongguling) ဥမင်လိုဏ်ခေါင်းအတွက် တူးဖော်နေမှုများနှင့် လိုဏ်ခေါင်းဖောက်လုပ်နေမှုများမှာ စတင်ဖောက်လုပ်ချိန်မှ ရက်ပေါင်း(၉၀၀)ကျော်ကြာမြင့်သည့် နိုဝင်ဘာလ (၉) ရက်နေ့တွင် ပြီးစီးသွားပြီဖြစ်ပါသည်။

ယခုအခါ ၎င်းရထားလမ်းပေါ်ရှိ လိုဏ်ခေါင်းများအားလုံးတို့မှာ ဆက်သွယ်ပြီးသွားပြီဖြစ်ကာ ထုံးဂူလင်ဥမင်လိုဏ်ခေါင်းမှာ တရုတ်-ဗီယက်နမ်နယ်စပ် စစ်ဆေးရေးဂိတ်နှင့် ဆက်သွယ်ပေးထားသည့် တရုတ်နိုင်ငံ ပထမဆုံးဥမင်လိုဏ်ခေါင်းဖြစ်ပါသည်။ နောက်ပိုင်း အဆင့်များဖြစ်သည့် ကြမ်းခင်းလောင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ဆက်သွယ်မှုများ တည်ထောင်ခြင်းတို့ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဖန်ချန်းကန် - တုန်ရှင်း မီးရထားလမ်းမှာ(၄၆.၉) ကီလိုမီတာရှည်လျားပြီး တစ်နာရီလျှင် အမြန်နှုန်း (၂၅၀) ကီလိုမီတာဖြင့်ပြေးဆွဲသွားရန် သတ်မှတ်ထားပါသည်။ ယခုအခါ အရှည် (၃,၇၉၀)မီတာရှိသည့် ထုံးဂူလင်ဥမင်လိုဏ်ခေါင်းနှင့် လိုဏ်ခေါင်း (၈)ခုကို ဆက်သွယ်နိုင်ပြီဖြစ်ရာ စတင်ပြေးဆွဲပါက ဖန်ချန်းကန်နှင့် တုန်ရှင်းကြားတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို မြှင့်တင်လာနိုင်မည်ဖြစ်ကာ ခရီးသွားလာရာတွင် ကြာမြင့်ချိန်မှာ ယခင်က မိနစ် (၉၀) ရှိခဲ့ရာမှ မိနစ် (၂၀)သာ ကြာမြင့်တော့မည် ဖြစ်ပါသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တရုတ်-ဗီယက်နမ် နိုင်ငံဖြတ်ကျော် ရထားပေါင်း (၁,၄၉၆)စင်း ပြေးဆွဲခဲ့ကာ၊ ၎င်းအနက် ကုန်တင်ရထားစင်းရေ (၂၇၂)စင်း ပါဝင်ခဲ့ပြီး၊ ယခင်နှစ်ကထက် (၅၇.၅) ရာခိုင်နှုန်းနှင့် (၁၁၂.၅) ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။

ဖန်ချန်းကန်သည် တရုတ်နိုင်ငံအဆင့် ပင်လယ်ဆိပ်ကမ်းများနှင့် ကုန်းလမ်း စစ်ဆေးရေးဂိတ်များ၏ ကုန်စည်သယ်ယူပို့ဆောင်ရေး အချက်အချာနေရာကျသည့် မြို့တစ်မြို့ဖြစ်လာ စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဖန်ချန်းကန် သယ်ယူပို့ဆောင်ရေးဗျူရို၏ ညွှန်ကြားရေးမှူး Qiu Zumeng က ပြောကြားထားပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn (၁၁-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

MISDP

## တရုတ်နိုင်ငံ၏ မက်ခရိုစီးပွားရေးအခြေအနေများ

စီးပွားရေးအခြေအနေကို တိုင်းတာရာတွင် အရေးကြီးသည့် အညွှန်းကိန်းဖြစ်သော တရုတ်နိုင်ငံ၏တန်ဖိုးဖြည့် စက်မှုကုန်ထုတ်လုပ်မှုမှာ အောက်တိုဘာလအတွင်း (၃.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ စက်တင်ဘာလအတွင်းက တိုးတက်မှုနှုန်းမှာ (၃.၁) ရာခိုင်နှုန်း ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအရ သိရပါသည်။

အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၏ လက်လီရောင်းချမှုတွင် (၄.၉) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ၊ အိမ်ခြံမြေဈေးကွက်မှာမူ ပိုမိုတင်းကြပ်လာသည့် ဈေးကွက်စည်းမျဉ်းများ အောက်တွင် ဆက်လက်ကျဆင်းလာကြောင်း သိရပါသည်။

စက်တင်ဘာလမှ အောက်တိုဘာလကြားတွင် ပထမတန်းမြို့ကြီး (၄)မြို့မှ အိမ်အသစ်ဈေးနှုန်းများ အပြောင်းအလဲ မရှိခဲ့သော်လည်း၊ အိမ်အသစ်ဈေးနှုန်းမှာ အောက်တိုဘာလ အတွင်း ဒုတိယတန်းမြို့ပေါင်း (၃၁) မြို့တွင် (၀.၂) ရာခိုင်နှုန်းနှင့် တတိယအဆင့်မြို့ပေါင်း (၃၅) မြို့တွင် (၀.၃)ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။

ရင်းမြစ်၊ Xinhua (၁၅-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

..................................................

## Beijing Stock Exchange တွင် ရောင်းဝယ်မှုများ စတင်ပြုလုပ်

အသစ်တည်ထောင်လိုက်သည့် Beijing Stock Exchange (BSE)ကို နိုဝင်ဘာလ (၁၅) ရက်နေ့တွင် စတင်လိုက်ပြီး၊ ၎င်းအစုရှယ်ယာဈေးကွက်တွင် ပထမအသုတ်အဖြစ် ကုမ္ပဏီ (၈၁)ခု ပါဝင်ပါသည်။

Beijing Stock Exchange တွင် ပါဝင်သည့် ကုမ္ပဏီများအနက် (၇၁)ခုမှာ "new third board" ဟု လူသိများသည့် တရုတ်နိုင်ငံ၏ National Equities Exchange and Quotations မှ လွှဲပြောင်းပေးခြင်းဖြစ်ပြီး၊ ကျန် (၁၀)ခုမှာ အသစ်အတည်ပြုလိုက်သော ကုမ္ပဏီများဖြစ်ပါသည်။

နံနက် (၁၀ : ၂၀)နာရီတွင် စာရင်းအသစ်ပါဝင်လာသည့်ကုမ္ပဏီ (၁၀)ခုတို့၏ အစုရှယ်ယာဈေးနှုန်းများမှာ (၆၀)ရာခိုင်နှုန်းကျော် ခုန်တက်သွားခဲ့သဖြင့် နှစ်ကြိမ်မျှ ခေတ္တ ရပ်ဆိုင်းခဲ့ရသည်ဟု သိရပါသည်။ သို့ရာတွင် ရောင်းဝယ်မှုပြန်လည်စတင်သည့်အခါ ၎င်းအစုရှယ်ယာများ၏ ဈေးနှုန်း

MIS DOP

များမှာ ဆက်လက်မြင့်တက်ခဲ့ပြီး၊ အမြင့်ဆုံး (၅၀၀) ရာခိုင်နှုန်းကျော်အထိ ဖြစ်သွားခဲ့သည်ဟု သိရပါသည်။

stock exchange တွင် အသစ်ပါဝင်လာသည့်ကုမ္ပဏီများ၏ အစုရှယ်ယာ ဈေးနှုန်းများ အပြောင်းအလဲကို ပထမနေ့တွင် ကန့်သတ်မည်မဟုတ်သော်လည်း၊ ဈေးနှုန်းအတက်အကျ (၃၀) ရာခိုင်နှုန်း ကျော်မှ (၆၀)ရာခိုင်နှုန်းကျော်ကြား အတက်အကျဖြစ်ခဲ့လျှင် ရောင်းဝယ်မှုကို (၁၀)မိနစ်ခန့် ယာယီဆိုင်းငံ့မည်ဖြစ်ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ကာလကြာရှည် ကြုံတွေ့နေရသည့် ဘဏ္ဍာရေး ပြဿနာကိုဖြေရှင်းရန် ရည်ရွယ်သည့်အနေဖြင့် အစုရှယ်ယာရောင်းဝယ်မှု အသစ်တစ်ရပ်တည်ထောင်ရေးအတွက်အစီအမံကို တရုတ်နိုင်ငံက ကြေညာပြီးနောက် (၂)လမျှသာကြာမြင့်ပြီး Beijing Stock Exchange ကို စတင်ခြင်းဖြစ်ပါသည်။ ဤသို့လုပ်ဆောင်မှုကို ဈေးကွက်တွင် တရုတ်နိုင်ငံ၏ အစုရှယ်ယာဈေးကွက် ပြုပြင်ပြောင်းလဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ နောက်ထပ်မှတ်တိုင်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ကြိုဆိုကြပါသည်။

ရင်းမြစ်၊ Xinhua (၁၅-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

........................................................................................................................................

**မော်တော်ယာဉ်၊ အစားအသောက်လုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွား ကဏ္ဍများကို မြှင့်တင်ပေးမည့် စီမံဆောင်ရွက်မှုများကို ကွမ်တုန်းပြည်နယ်က ထုတ်ပြန်ကြေညာ**

မော်တော်ယာဉ်၊ ညှိခံပွဲများ၌ အကျွေးအမွေးတာဝန်ယူခြင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွား ကဏ္ဍများကို အသုံးပြုမှု မြှင့်တင်ပေးရန် “မြို့ပြစားသုံးမှု မြှင့်တင်ရေးမူဝါဒနှင့် စီမံဆောင်ရွက်မှုအချို့” ခေါင်းစဉ်ရှိ ထုတ်ပြန်ကြေညာချက်ကို ကွမ်တုန်းပြည်နယ်က မကြာသေးမီက ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် အထူးပြုစီမံဆောင်ရွက်မှုပေါင်း (၂၆)ရပ်ကို ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများအဖြစ် ထည့်သွင်းထားပါသည်။

ကုန်သန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် လုပ်ငန်းများသည် ကူပွန်လက်မှတ်များကို QR code များဖြင့် ထုတ်ပေးရန် ဘဏ္ဍာရေး ဆိုင်ရာနှင့် ငွေပေးချေသည့် အဖွဲ့အစည်းများနှင့် အထူးဈေးရောင်းချသည့် လှုပ်ရှားမှုများကို ပိုမိုပြုလုပ်သွားရန်တို့ကို မိတ်ဖက်ပြုရေးနှင့် တိုက်တွန်းထားပါသည်။

ကွမ်တုန်းပြည်နယ်တွင် မော်တော်ယာဉ်၊ အစားအသောက်လုပ်ငန်း၊ အိမ်အသုံးအဆောင်၊ အလှကုန်နှင့် အခြားကဏ္ဍများကို လွှမ်းခြုံသည့် ဈေးရောင်းပွဲတော်အမျိုးမျိုးကို ကျင်းပသွားမည်ဟု သိရပါသည်။

၎င်းကဏ္ဍများအနက် မော်တော်ယာဉ်ဝယ်ယူမှုများမှာ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဥပမာ ကွမ်ကျိုးနှင့် ရှန်းကျန့်မြို့များတွင် မော်တော်ယာဉ်လိုင်စင်ပြုလုပ်ပါက ကန့်သတ်ချက်များကို တဖြည်းဖြည်းဖြေလျှော့ပေး၍ ဝယ်ယူမှုများကို မြှင့်တင်သွားမည် ဖြစ်ကြောင်းနှင့် စွမ်းအင်သက်သာသောယာဉ်များနှင့် စွမ်းအင်အသစ်သုံးယာဉ်များကို ပိုမိုဝယ်ယူရန်အားပေးကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ကြားတွင် ကွမ်ကျိုးရှိ စွမ်းအင်သက်သာသော ယာဉ်များ အတွက် အရေအတွက်ကန့်သတ်ချက်ကို အစီးရေ (၈၀,၀၀၀)စင်းသို့ တိုးမြှင့်သွားမည်ဖြစ်ပြီး၊ ရှန်းကျန့်မြို့တွင် စွမ်းအင်အသစ်သုံးယာဉ်များကို ဝယ်ယူရန် လူမှုဖူလုံရေး လိုအပ်ချက်ကို ပယ်ဖျက်ရန် ကဲ့သို့သော လိုအပ်ချက်များကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း သိရပါသည်။

အစားအသောက်လုပ်ငန်းကဏ္ဍတွင်လည်း စီမံဆောင်ရွက်မှုများမှ ပံ့ပိုးကူညီမှုများစွာကို ရရှိလိမ့်မည်ဖြစ်ပါသည်။ စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်သူများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်ချိန်ကိုတိုးချဲ့ရန် အားပေးထားပြီး၊ ထိုသို့စီစဉ်ခြင်းက ညအချိန်စားသောက်မှုများ အတွက် စားသုံးသူများကို ပိုမိုအာမခံပေးနိုင်မည်ဟု ဖော်ပြထားပါသည်။

အစားအသောက်လုပ်ငန်းများကို digital marketing ၏ အကျိုးကျေးဇူးကို အသုံးပြု၍ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများဖြင့် ပေါင်းစည်းထားသည့် ပေါင်းကူးနေရာ (platform) တည်ဆောက်ရန်၊ စားသုံးသူများကို အတွေ့အကြုံအသစ်များပေးရန် အဆိုပြုထားပါသည်။

ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများကို ပိုမိုအသုံးပြုလာစေရန် ပြည်နယ်အတွင်း ယဉ်ကျေးမှုနှင့် ခရီးသွား platform များကို ပိုမိုခိုင်မာစွာတည်ဆောက်ရန် အဆိုပြုထားပါသည်။ ညဘက်ယဉ်ကျေးမှုနှင့် ခရီးသွားလာမှုကို ပိုမိုအသုံးပြုလာစေရန် အဓိကအနှစ်သာရများဖြင့် ပွဲများနှင့်လှုပ်ရှားမှုများ ကျင်းပသွားရန် အဆိုပြုထားပါသည်။

ပြတိုက်များနှင့် အနုပညာပြခန်းများ၏ ဖွင့်ချိန်များကို တိုးမြှင့်သွားမည်ဖြစ်ပြီး၊ ညဘက် ခရီးသွားဝန်ဆောင်မှုများအား အကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေရှိသည့်ခရီးသွားလာမှုများသည့် နေရာများကို အားပေးသွားမည်ဖြစ်ပါသည်။

ရင်းမြစ်၊ newsgd.com (၁၁-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်းနင်း

MSDOP

## ဟန်ချင်း (Hengqin) ရှိ ကွမ်တုန်း – မကာအို ပူးပေါင်းဆောင်ရွက်မှုတွင် ပထမဆုံး နိုင်ငံဖြတ်ကျော် ယွမ်ငွေကြေးဘဏ္ဍာရေးလုပ်ငန်း ပြုလုပ်ပြီးစီးခဲ့

မကြာသေးခင်က Bank of China ၏ ဟန်ချင်း (Hengqin)ရှိ ကွမ်တုန်း – မကာအို ပူးပေါင်းဆောင်ရွက်ရေးဘဏ်ခွဲသည် Luso International Bank အတွက် ယွမ်ငွေသန်း (၄၈၀) ကို နိုင်ငံဖြတ်ကျော် ဘဏ္ဍာရေးဝန်ဆောင်မှုပေးခဲ့ပါသည်။ ၎င်းဝန်ဆောင်မှုသည် ပူးပေါင်းဆောင်ရွက်ရေးဇုန်တည်ထောင်စဉ်မှစ၍ တရုတ်ပြည်မကြီးရှိ ဘဏ်တစ်ဘဏ်နှင့် မကာအိုဘဏ်တို့အကြား ယွမ်ငွေကြေးဖြင့် ပထမဆုံးဘဏ္ဍာရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ပြည်မကြီးနှင့် မကာအိုတို့အကြား ဘဏ္ဍာရေး ဈေးကွက်များ ဆက်သွယ်မှုကိုမြှင့်တင်ရန်နှင့် ကွမ်တုန်း – မကာအို ဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှု ပူးပေါင်းဆောင်ရွက်ရေးကို အားကောင်းခိုင်မာစေရန် အရေးပါသောခြေလှမ်းသွားမှုတစ်ရပ်ဖြစ်ပါသည်။

၎င်းဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပူးပေါင်းဆောင်ရွက် ရေးဇုန်တွင် နိုင်ငံဖြတ်ကျော်ဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို ဆက်လက်စူးစမ်းရှာဖွေသွားမည်ဖြစ်ကာ၊ နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်း၊ ပိုင်ဆိုင်ပစ္စည်းများ လွှဲပြောင်းခြင်းနှင့် အခြားနယ်ပယ်များတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

ပူးပေါင်းဆောင်ရွက်ရေးဇုန်၏ ဘဏ္ဍာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဗျူရိုက ဘဏ္ဍာရေးဆိုင်ရာတီထွင်ဆန်းသစ်မှုဝန်ဆောင်မှုများကိုပြုလုပ်စဉ် ကြုံတွေ့ရသည့် ပြဿနာရပ်များကို ဖြေရှင်း၍ လုပ်ကိုင်ပေးသွားမည်ဖြစ်ကာ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ဖလှယ်မှုများကို ပိုမိုပြုလုပ်သွားမည်ဖြစ်ပါသည်။

ဗျူရိုသည် ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်တာများကို တိုးမြှင့်ရန်၊ ဘဏ္ဍာရေးလုပ်ငန်းကို ပိုမိုတံခါးဖွင့်ပေးရန်နှင့် မကာအို၏ အလယ်အလတ်စီးပွားရေးအမျိုး အစားများကို ပံ့ပိုးကူညီရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ်၊ newsgd.com (၁၂–၁၁–၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး

နန်နင်း

## တရုတ်စျေးကွက်၌ အဖိုးတန်သတ္တုစျေးနှုန်းများ အမြင့်ပိုင်း၌ရှိနေ

### အဖိုးတန်သတ္တုလက်ငင်းအဝယ်စျေးနှုန်းလမ်းကြောင်းများ

နိုဝင်ဘာလ (၁၂)ရက်နေ့အစောပိုင်း အရောင်းအဝယ်တွင် ငွေသတ္တု၏ပျမ်းမျှ စျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၅,၁၆၂.၃၃)ယွမ် ဖြစ်ပါသည်။ ၎င်းစျေးနှုန်းမှာ နိုဝင်ဘာလ (၁) ရက် နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှစျေးနှုန်း တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၄,၈၄၆) နှင့် နှိုင်းယှဉ် ပါက (၆.၅၃) ရာခိုင်နှုန်း တက်လာခဲ့ခြင်းဖြစ်ပြီး၊ ယခုနှစ် ဇန်နဝါရီလ (၁)ရက် နေ့တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ကီလို ဂရမ်လျှင် ယွမ်ငွေ (၅,၅၅၀)နှင့် နှိုင်းယှဉ်ပါက (၆.၉၉) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

နိုဝင်ဘာလ (၁၅)ရက်နေ့တွင်မူ ငွေသတ္တုပျမ်းမျှစျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၅,၁၀၀.၆၇) သို့ပြန်လည်ကျဆင်းခဲ့ရာ၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှ စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက (၁.၁၉) ရာခိုင်နှုန်း၊ ယခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက (၈.၁၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

နိုဝင်ဘာလ (၁၂)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ရွှေသတ္တုလက်ငင်းစျေးနှုန်းမှာ တစ်ဂရမ်လျှင် ယွမ်ငွေ (၃၈၂.၃၂) ဖြစ်ပါသည်။ ၎င်းစျေးနှုန်းသည် နိုဝင်ဘာလ (၅) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှစျေးနှုန်း တစ်ဂရမ်လျှင် ယွမ်ငွေ(၃၇၀.၅၁)မှ (၁.၉၅) ရာခိုင်နှုန်း တက်လာခဲ့ပြီး၊ ယခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့်စျေးနှုန်း တစ်ဂရမ်လျှင် (၃၉၂.၇၀) ယွမ်နှင့် နှိုင်းယှဉ် ပါက (၂.၆၄) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

နိုဝင်ဘာလ (၁၅)ရက်နေ့တွင်မူ ရွှေသတ္တုလက်ငင်းစျေးနှုန်းမှာ တစ်ဂရမ်လျှင် ယွမ်ငွေ (၃၈၁.၃၁) ဖြစ်ပါသည်။ ၎င်းစျေးနှုန်းသည် နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှ စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက (၀.၂၆) ရာခိုင်နှုန်း၊ ယခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက (၂.၉၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

### အမေရိကန်ပြည်ထောင်စု၏ အခြေအနေ

အမေရိကန်ပြည်ထောင်စုတွင် အောက်တိုဘာလအတွင်းထုတ်လုပ်သူ စျေးနှုန်းအညွှန်း ကိန်းမှာ ယခင်နှစ်ကထက် (၈.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ၊ (၁၀)နှစ် အတွင်း မြင့်မားခဲ့သည် ထက်ပိုမိုခဲ့ပါသည်။ စားသုံးသူစျေးနှုန်းအညွှန်းကိန်းမှာ ယခင်နှစ်ကထက် (၆.၂) ရာခိုင်နှုန်းမြင့် တက်လာပြီး၊ (၁၉၉၀) ပြည့်နှစ်မှစ၍ အမြင့်ဆုံးနှုန်းဖြစ်ပါသည်။

MIS DOP

နိုဝင်ဘာလ ပထမပတ်အတွင်း အလုပ်လက်မဲ့အကျိုးခံစားခွင့်အတွက် တောင်းယူခဲ့ သူဦးရေ (၂၆၇,၀၀၀)ဦးရှိခဲ့ပြီး၊ ကပ်ရောဂါစတင်စဉ်ကတည်းက အနိမ့်ဆုံးအရေအတွက်ဖြစ်ပါသည်။ မိချီဂန် တက္ကသိုလ် စားသုံးသူဈေးနှုန်းအညွှန်းကိန်းမှာ အောက်တိုဘာလအတွင်း (၇၁.၇) ရှိခဲ့ရာမှ နိုဝင်ဘာလတွင် (၆၆.၈)ထိ ကျဆင်းခဲ့ပါသည်။ လာမည့်နှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း (၄.၉) ရာခိုင်နှုန်းရှိနိုင်မည်ဟု ခန့်မှန်းထားပြီး၊ (၂၀၀၈) ခုနှစ်နောက်ပိုင်း ၌ အမြင့်ဆုံးအဆင့် ဖြစ်ပါသည်။ စက်တင်ဘာလအတွင်း JOLTs ၌ အလုပ်အကိုင်ခေါ်ယူသည့် နေရာပေါင်း (၁၀.၄၃၈)သန်းရှိခဲ့ရာ၊ ဈေးကွက်မျှော်မှန်းချက် (၁၀.၃) သန်းထက် ပိုမိုမြင့်မားခဲ့ သည်ကို တွေ့ရပါသည်။

**အမေရိကန်ဒေါ်လာအညွှန်းကိန်း**

အမေရိကန်ဒေါ်လာအညွှန်းကိန်းမှာ မြင့်မားနေပြီး၊ အထူးသဖြင့် လက်ရှိဥရောပဇုန်တွင် ကပ်ရောဂါ၏ရိုက်ခတ်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရပါသည်။ အမေရိကန်ပြည်ထောင်စု၏ တက်ကြွသောဘဏ္ဍာရေးဆိုင်ရာမူဝါဒဖြင့် ဆောင်ရွက်မှုအောက်တွင် နည်းပါးသည့်အတိုးနှုန်း အမှန်တစ်ရပ်ကို ထိန်းထားမည်ဟု မျှော်မှန်းထားရာ အမေရိကန်ဒေါ်လာနှင့် ရွှေတန်ဖိုး တစ်ပြိုင်နက်တည်း မြင့်တက်လာခြင်းဖြစ်ပါသည်။

ခြုံငုံ၍သုံးသပ်ရလျှင် မကြာသေးမီအချိန်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ရေတိုငွေကြေးဖောင်းပွမှုကို စိုးရိမ်ပူပန်မှုများကြောင့် အဖိုးတန်သတ္တုများ၏ဈေးနှုန်းများမှာအတက်ဘက်သို့ရောက်ရှိနေရာ၊ ဆက်လက်၍လည်း ဈေးနှုန်းအမြင့်ပိုင်းတွင် တည်ငြိမ်စွာရှိနေဦးမည်ဟု ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs (၁၅-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

……………………………………

**နိုဝင်ဘာလ ဒုတိယပတ်အတွင်း တရုတ်ပြည်တွင်းဈေးကွက်၌ မဂ္ဂနီဆီယမ်ဈေးနှုန်းများ မြင့်တက်ခဲ့**

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း မဂ္ဂနီဆီယမ်ဈေးကွက်မှာ အလယ်အလတ်မှ အားကောင်းသည့်ပုံစံရှိခဲ့ပါသည်။ မဂ္ဂနီဆီယမ်အချောင်းဈေးကွက်မှာ ၎င်းရက်သတ္တပတ် အစောပိုင်းတွင် အဓိကတည်ငြိမ်နေခဲ့သော်လည်း ရက်သတ္တပတ်နှောင်းပိုင်းတွင် သတ္တုသန့်စင်သည့်လုပ်ငန်း

များဘက်မှ စုံစမ်းမှုများရှိလာသောကြောင့် အနည်းငယ်ဈေးနှုန်းမြင့်တက်လာပါသည်။ ကုန်သည်များကလည်း ကုန်ပစ္စည်းပို့ဆောင်မှု ပိုမိုလာသည်ကိုတွေ့ရပါသည်။

နိုဝင်ဘာ (၁၂)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် တစ်တန်လျှင် အခွန်အပါအဝင် စက်ရုံတိုက်ရိုက်ဈေးနှုန်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

(က) Fugu ဒေသပေါက်ဈေး ယွမ်ငွေ (၃၂,၇၀၀)မှ (၃၂,၈၀၀) ကြား
(ခ) Ningxia ဒေသပေါက်ဈေး ယွမ်ငွေ (၃၂,၈၀၀)မှ (၃၂,၉၀၀) ကြား
(ဂ) Taiyuan ဒေသပေါက်ဈေး ယွမ်ငွေ (၃၂,၈၀၀)မှ (၃၂,၉၀၀) ကြား
(ဃ) Wenxi ဒေသပေါက်ဈေး ယွမ်ငွေ (၃၂,၉၀၀)မှ (၃၃,၀၀၀) ကြား

**ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးကွက်ဆန်းစစ်ချက်**

**ကုန်ကြမ်း**

အပူပေးကျောက်မီးသွေးဈေးကွက်၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁,၀၈၆.၂၅) ဖြစ်ကာ၊ ထုတ်လုပ်မှုစွမ်းအား တင်းကြပ်ထားခြင်းကို ဖြေလျှော့ပေးလိုက်သဖြင့် ရောင်းလိုအားအခက်အခဲဖြစ်နေမှုမှာ လျော့ပါးသွားပြီး ဈေးနှုန်း (၀.၅၇) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ferrosilicon ဈေးကွက်၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉,၂၀၀) ဖြစ်ပါသည်။ နိုဝင်ဘာလအတွင်း သံမဏိလေလံဆွဲမှုမှာ အနာဂတ် ဈေးကွက်ကျဆင်းနေမှုနှင့် ဈေးကွက်အတွင်း ကုန်စည်လှည့်လည်သုံးစွဲမှု နှေးကွေးနေမှုများကြောင့် ရိုက်ခတ်မှုများရှိခဲ့ပါသည်။

**ရောင်းလိုအားဘက်**

လက်ရှိအချိန်တွင် မဂ္ဂနီဆီယမ်စက်ရုံအများအပြား၌ ကုန်လက်ကျန်များစွာ မရှိသော်လည်း ကုန်ချောထုတ်လုပ်သူများဘက်မှ ဝယ်လိုသည့်ပမာဏမြင့်မားနေပါသည်။ မဂ္ဂနီဆီယမ်အရောင်းအဝယ်ပြုလုပ်သူများကလည်း ဈေးနှုန်းများတိုးမြှင့်နေပါသည်။ ထို့ပြင် Yulin ဒေသ၌ ပြည်နယ်အတွင်းမှ အဝယ်နှင့် သိုလှောင်ရေးမူဝါဒများဖြင့်ပံ့ပိုးပေးထားရာ ရောင်းလိုအားနှင့် ဝယ်လိုအားအကြား ဆက်နွယ်မှုကြောင့် မဂ္ဂနီဆီယမ်ဈေးနှုန်းများ များစွာတက်လာစေသည့် အကြောင်းရင်း ဖြစ်လာပါသည်။

MIS DOP

**မူဝါဒဘက်**

Shaanxi ပြည်နယ်ရှိ Yulin ဒေသတွင် စွမ်းအင်အသုံးပြုမှုကို နှစ်ထပ်ကွမ်း ထိန်းချုပ်ရန်အတွက် စည်းမျဉ်းအသစ်များစတင်ချမှတ်ခြင်းနှင့် စွမ်းအင်အသုံးပြုမှုအလွန်များသည့် လုပ်ငန်းအချို့မှထုတ်လုပ်မှုများကို ကန့်သတ်လိုက်ခြင်းနှင့် ဆိုင်းငံ့လိုက်ခြင်းတို့ကြောင့် နောက်ပိုင်းတွင် မဂ္ဂနီဆီယမ်ထုတ်လုပ်မှုစွမ်းရည်ကို အတိုင်းအတာတစ်ခုအထိ သက်ရောက်လာနိုင်ဖွယ်ရှိနေပါသည်။

**ဈေးကွက် ခန့်မှန်းချက်**

ဈေးကွက်ကို ခြုံငုံ၍ ကြည့်ရလျှင် မဂ္ဂနီဆီယမ်ဈေးကွက်ကို ထိခိုက်ကျဆင်း စေနိုင်သည့် ferrosilicon နှင့် ကျောက်မီးသွေးဈေးနှုန်းများ ဆက်လက်ကျဆင်းနေသော်လည်း ကုန်ချောထုတ်လုပ်မှုအတွက် ရောင်းဝယ်နေမှုများကြောင့် မဂ္ဂနီဆီယမ်ဈေးနှုန်း ဆက်လက် အားကောင်းနေဦးမည်ဖြစ်ပါသည်။ မဂ္ဂနီဆီယမ်ကိုအသုံးပြု၍ ကုန်ချောထုတ် လုပ်နေသည့် စက်ရုံများတွင် လက်ငင်းအသုံးပြုမည့်ရင်းမြစ်များ နည်းပါးနေခြင်းနှင့် Yulin ဒေသမှ ဝယ်ယူ သိုလှောင်မှုများပြုနေသည့် သတင်းများကြောင့် ရေတိုကာလအတွင်း မဂ္ဂနီဆီယမ်အချောင်း ဈေးနှုန်းများ မြင့်တက်နေနိုင်ဦးမည်ဟု ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs (၁၅-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး
နန်နင်း

MIS DOP

.................................................................................

**တရုတ်ပြည်တွင်းဈေးကွက်၌ သံမဏိ (Stainless Steel) ဈေးနှုန်း ဆက်လက်ကျဆင်းဖွယ်ရှိ**

နိုဝင်ဘာလ (၁၅)ရက်နေ့တွင် သံမဏိ (Stainless Steel)ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၉,၉၈၆.၆၇)ဖြစ်ခဲ့ကာ၊ ယခင်နေ့ကထက် (၀.၈၃) ရာခိုင်နှုန်းနှင့် နှစ်စကထက် (၃၇.၄၉) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ အောက်တိုဘာလနှောင်းပိုင်းမှစ၍ သံမဏိဈေးနှုန်းများမှာ ဆက်တိုက်ကျဆင်းနေသည်ကို တွေ့ရပါသည်။

ရောင်းလိုအားဘက်တွင် နေရာအနှံ့အပြား၌ လျှပ်စစ်မီးဖြတ်တောက်ခြင်းကို ဖြေလျှော့ပေးခဲ့ရာ နိုဝင်ဘာလအတွင်း သံမဏိအကြမ်းထည်ထုတ်လုပ်မှုမှာ ယခင်လကထက် (၁၄.၃၉) ရာခိုင်နှုန်း ပိုမိုလာမည်ဖြစ်ပါသည်။

ဝယ်လိုအားဘက်တွင် ပုံမှန်ဝယ်လိုအားမြင့်သည့်အချိန် ပြီးဆုံးသွားပြီဖြစ်ရာ ကုန်လက်ကျန်ထားရှိသည့်နှုန်းမှာ နှေးကွေးနေပါသည်။ ကုန်ချောထုတ်လုပ်သည့် ကုမ္ပဏီများဘက်မှ ကုန်ကြမ်းသိုလှောင်ထားလိုသည့်ဆန္ဒမှာလည်း နည်းနေပြီး၊ ၎င်းကုမ္ပဏီအများစုမှာ ဈေးပိုမိုဆစ်ပြီး၊ ဈေးကွက်အနေအထားကို စောင့်ကြည့်လိုသည့် အနေအထားသာ ရှိနေပါသည်။

ကုန်ကျစရိတ်နှင့် အမြတ်အားဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် စွမ်းအင်တို့၏ ဈေးနှုန်း များမှာ ကျဆင်းနေရာ၊ သံမဏိစက်ရုံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ကျဆင်းနေပါသည်။ အားနည်းနေသည့် ဝယ်လိုအားနှင့် ထုတ်လုပ်မှုပြန်လည်စတင်နေမှုတို့ကြောင့် သံမဏိလက်ငင်းဈေးကွက်မှာ ဆက်လက်အားနည်းနေဖွယ် ရှိပါသည်။

ရင်းမြစ်၊ SunSirs (၁၆-၁၁-၂၀၂၁)

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး

နန်နင်း

---

## လာမည့်နှစ်တွင်ဆင်းရဲသူဦးရေ(၁၅)သန်းရှိလာနိုင်ခြင်း (ထိုင်းနိုင်ငံ)

ကာလရှည်ဖြစ်ပွားနေသော ကိုဗစ်-၁၉ကပ်ရောဂါသက်ရောက်မှုကြောင့် ထိုင်းနိုင်ငံတွင် ဆင်းရဲသူဦးရေသည် လာမည့်နှစ်တွင် လက်ရှိ(၁၄)သန်းမှနေ၍ (၁၅)သန်းသို့ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Santi Promphat ၏ ပြောကြားချက် အရသိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် လာမည့်နှစ်အစောပိုင်းတွင်နိုင်ငံ၏ လူမှုဖူလုံရေးကတ်ပြား အသစ်များ မှတ်ပုံတင်ခြင်းကိုဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကတ် ကိုင်ဆောင်ခွင့်ရှိသူများ၏ အချက်အလက်များကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကတ် ကိုင်ဆောင်ခွင့်ရှိသူ အရည်အချင်းပြည့်မီသည့် အရေအတွက်မှာ ယခုမှတ်ပုံတင်အသစ် ပြုလုပ်မှုတွင် (၁-၂)သန်းအထိ တိုးလာနိုင်သည်ဟု ဝန်ကြီးဌာနမှခန့်မှန်းထားကြောင်း သတင်းတွင်ဖော်ပြထားပါသည်။

လက်ရှိအားဖြင့် လူမှုဖူလုံရေးကတ်ကိုင်ဆောင်ထားသူ ဦးရေ (၁၃.၆၅) သန်း ရှိကြောင်း၊ ကတ်ကိုင်ဆောင်ခွင့်အရည်အချင်းရှိသူများ အနေဖြင့်အသက်(၁၈)နှစ်ပြည့်ပြီးသည့် ထိုင်းလူမျိုးများဖြစ်ရန်လိုအပ်ကြောင်း၊ ၎င်းတို့၏တစ်နှစ်ဝင်ငွေမှာ ဘတ်ငွေ (၁၀၀,၀၀၀) ထက်မပိုရကြောင်း၊

လက်ရှိကတ်ကိုင်ဆောင်ထားသူများအနေဖြင့် ယခုအကြိမ်တွင် ပြန်လည်မှတ်ပုံတင်ရန်လိုအပ်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့်အစိုးရ၏ လူမှုဖူလုံရေးကတ်ရရှိရန် အရည်အချင်းပြည့်မီသူများကို စစ်ဆေးနိုင်ရန်အချက်အလက်များကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချက် အလက်များ အရ ၎င်းတို့၏ဝင်ငွေနှင့် မြေကွက်များကဲ့သို့သောပိုင်ဆိုင်မှုများသာ အကျုံးဝင်ကြောင်းသိရှိရပါသည်။ဝန်ကြီးဌာနအနေဖြင့်မော်တော်ကားကဲ့သို့သော အခြားပိုင်ဆိုင်မှုများကိုထပ်မံ၍ ထည့်သွင်းသွားနိုင်ဖွယ်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါပိုင်ဆိုင်မှုများ ကိုစစ်ဆေးရန်အတွက် အခြားသောအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ် ကြောင်း၊ အချက်အလက်အသစ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့အတည်ပြုချက်ရယူရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုမှတ်ပုံတင်အသစ်ပြုလုပ်ရာတွင် ကတ်ကိုင်ဆောင်သူများ၏ ပျမ်းမျှ အိမ်ထောင်စုဝင်ငွေကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ အိမ်ထောင်စု တစ်ခုတွင် ခင်ပွန်းအနေဖြင့် လစာမြင့်ရရှိနေပြီး ဇနီးသည်ကလစာမရှိသောကိစ္စရပ်မျိုးတွင် ဇနီးသည်အနေဖြင့် ကတ်ရရှိရန် အရည်အချင်းပြည့်မီသည်ဟုဆိုလိုကြောင်း၊ အကယ်၍ မိသားစုဝင်တစ်ဦးဦးသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ပျမ်းမျှမိသားစုဝင်ငွေ ဘတ် (၁၀၀,၀၀၀) ထက်ကျော်လွန်ရရှိသည်ဆိုပါက ၎င်းအနေဖြင့် လူမှုဖူလုံရေးကတ်ရရှိရန် အရည်အချင်းပြည့်မီမည် မဟုတ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post

https://www.bangkokpost.com/business/2215483/number-of-poor-people-to-reach-15m-next-year

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဘန်ကောက်

........................................................................................................................

MIS DOP

## ဂျပန်မှ မော်တော်ကားကုမ္ပဏီများ ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရောင်းအားခန့်မှန်းချက်အပေါ်

တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အခြားသောစက်ပစ္စည်းအစိတ်အပိုင်းများ မလုံလောက်မှုကြောင့် ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီကြီးများသည် ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် မော်တော်ကားရောင်းချမှုပမာဏ ခန့်မှန်းချက်အပေါ် လျှော့ချပြင်ဆင်ခဲ့ကြကြောင်းသိရပါသည်။

ယခု၂၀၂၁ ခုနှစ်ဧပြီလမှ လာမည့်၂၀၂၂ မတ်လကုန်ဖြစ်သည့် ၂၀၂၁ ဘဏ္ဍာရေး နှစ်အတွင်း ဂျပန်မော်တော်ကားကုမ္ပဏီကြီး ၇ ခု၏ မော်တော်ကားရောင်းချမှုအရေအတွက် ခန့်မှန်းချက်သည် မူလလျာထားချက်ထက် အစီးရေ ၂ သန်းကျော် ပမာဏလျှော့ချကာ ပြင်ဆင်ထားပါသည်။ မော်တော်ကားကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ နှစ်ဝက်ဘဏ္ဍာရေး အစီရင်ခံစာထုတ်ပြန်ရာတွင် ထိုကဲ့သို့အရောင်းပမာဏပြင်ဆင်ချက်များကို ထုတ်ပြန် ကြေငြာခဲ့ကြောင်း သိရပါသည်။

Toyota ကုမ္ပဏီသည် ၎င်းတို့၏အုပ်စုဝင် မော်တော်ကားကုမ္ပဏီအားလုံးအတွက် အရောင်းပမာဏခန့်မှန်းချက်ကို ၁၀.၂၉ သန်းဟု ပြင်ဆင်ထုတ်ပြန်ခဲ့ရာ ၎င်းပမာဏသည် မူလခန့်မှန်းထားသည်ထက် အစီးရေ ၂၆၀,၀၀၀ လျော့နည်းနေပါသည်။

Honda ကုမ္ပဏီသည် မော်တော်ကားအစီးရေ ၆၅၀,၀၀၀ လျှော့ချပြီး ၄.၂ သန်း၊ Nissan ကုမ္ပဏီသည် မော်တော်ကားအစီးရေ ၆၀၀,၀၀၀ လျှော့ချပြီး ၃.၈ သန်း၊ Suzuki ကုမ္ပဏီသည် မော်တော်ကားအစီးရေ ၂၂၅,၀၀၀ ၊ Subaru ကုမ္ပဏီသည် မော်တော်ကား အစီးရေ ၁၃၀,၀၀၀၊ Mazda ကုမ္ပဏီသည် မော်တော်ကားအစီးရေ ၉၈,၀၀၀၊ Mitsubishi ကုမ္ပဏီသည် မော်တော်ကား အစီးရေ ၆၄,၀၀၀ စသည်ဖြင့် အသီးသီး လျှော့ချသွားမည်ဟု အရောင်းပမာဏကို ပြင်ဆင်ခဲ့ကြပါသည်။

ကမ္ဘာတစ်ဝှမ်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်း ပြတ်လပ်မှုအကျပ်အတည်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန့်ပွားမှု၏ သက်ရောက်မှုများကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် မော်တော်ကား ထုတ်လုပ်မှုဆိုင်ရာ အပိုပစ္စည်းအစိတ်အပိုင်းများ လုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းကြောင့် ဂျပန်မှ မော်တော်ကားကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့၏ အရောင်းပမာဏများကို လျှော့ချပြင်ဆင်သတ်မှတ်ခဲ့ရခြင်းဖြစ်ပါသည်။

ရင်းမြစ်။ https://www3.nhk.or.jp/

နန္ဒာဝင်း၊စီးပွားရေးသံမှူး

တိုကျို

MIS DOP

## တစ်ပိုင်းလျှပ်ကူးပစ္စည်း (semiconductor) များ ဖူလုံစေရေးအစီအမံအား ဂျပန်နိုင်ငံ၊ METI ဝန်ကြီးဌာနမှ ပံ့ပိုးဖော်ဆောင်နေကြောင်းသိရ

ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန (METI) သည် ပြည်တွင်း ကုန်ထုတ်လုပ်ငန်းအတွက်အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းစီမံချက်တစ်ရပ် ကိုချမှတ်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စိတ်ချလုံခြုံစေရေး ရည်ရွယ်ချက်ဖြင့် လတ်တလောကာလတွင် မဟာဗျူဟာမြောက် ပစ္စည်းများအဖြစ် ပိုမိုအရေးပါလာသည့် တစ်ပိုင်းလျှပ်ကူး ကိရိယာ(semiconductor) များထုတ်လုပ်မှုတွင် ပံ့ပိုးပေးခြင်းဖြင့်ပြည်တွင်း ကုန်ထုတ်လုပ်မှုကိုတိုးတက်လာစေရန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

(METI) ၏ အဆိုပါဆောင်ရွက်ချက်သည် နှစ်ဝင်ဘာလအတွင်းဖော်ဆောင်သွားမည့် အစိုးရ၏ စီးပွားရေးပံ့ပိုးမှုအစီအမံများတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်မည်ဖြစ်ပြီး (METI) သည် လာမည့် နွေဦးရာသီတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်း (semiconductor) များ ထုတ်လုပ်မှုအတွက် စက်ရုံတည်ဆောက်မည့်ကိစ္စ၊ R & D နှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အချက်များကို ယခု နှစ်ဝင်ဘာလအတွင်း သတင်းစာရှင်းလင်းပွဲအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(METI) သည် နိုင်ငံတော်၏ အဆိုပါပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုတွင် စိတ်ချလုံခြုံမှုရှိစေရေးအတွက် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်မည့်စက်ရုံကို ဒစ်ဂျစ်တယ်စက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာ မဟာဗျူဟာအရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ (METI) အနေဖြင့် ၎င်းစက်ရုံကို ဂျပန်ပြည်တွင်း၌ တည်ထောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ တွင်အသုံးပြုရသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများဖူလုံမှုမှုရှိစေရန်၊ ပြည်ပမှတင်သွင်းမှု ကုန်ကျစရိတ်သက်သာစေရန်ရည်ရွယ်၍ အလျင်အမြန်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

ကမ္ဘာ့ပေါ်တွင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နေသည့် တရုတ် (ထိုင်ဝမ်) မှ Semiconductor Manufacturing Co.Ltd.,(TSMC) နှင့်ပူးပေါင်းကာ ဂျပန်ပြည်တွင်း၌ စက်ရုံတည်ဆောက်သွားမည်ဖြစ်ပြီး အစိုးရမှ ဘဏ္ဍာရေးပံ့ပိုးမှုများ၊ ပြည်တွင်းမှ စက်ပစ္စည်းအစိတ်အပိုင်းထုတ်လုပ်သူများနှင့် အကောင်အထည်ဖော်ဆောင် သွားမည်ဖြစ်ကြောင်း သိရပါသည်။ အသေးစိတ်ဆောင်ရွက်ချက်များကို လာမည့်ကျွမ်းကျင်သူများ၏ အစည်းအဝေးတွင် ထပ်မံညှိနှိုင်းသွားမည်ဖြစ်ကြောင်း (METI) က ထုတ်ဖော် ပြောကြားခဲ့ပါသည်။

**ရင်းမြစ်။** https://www.kensetsunews.com

နန္ဒာဝင်း၊စီးပွားရေးသံမှူး

တိုကျို

MSDP

## အမေရိကန်-ဂျပန်အကြား သံမဏိနှင့်အလူမီနီယံ သတ္တုများ၏ အခွန်နှုန်းများနှင့်ပတ်သက်၍ ဆွေးနွေးရန်ရှိ

အမေရိကန်ပြည်ထောင်စု ယခင်သမ္မတ Donald Trump လက်ထက်တွင် သံမဏိနှင့် အလူမီနီ ယံတင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံခဲ့သည့် အခွန်နှုန်းထားများလျှော့ချပေးရန် ရည်ရွယ်၍ ဂျပန် နိုင်ငံနှင့် ဆွေးနွေးရန် ကမ်းလှမ်းခဲ့ကြောင်း သိရပါသည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှုတွင် အကြီးအကျယ်လွှမ်းမိုးလာသည့် တရုတ်နိုင်ငံ၏လက်ရှိ အနေ အထားကိုထောက်ပြကာ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့အကြား ထိုအရေးကိစ္စကို လက်တွဲဖြေရှင်းသင့်ကြောင်းဟု အမေရိကန်ပြည်ထောင်စုမှ Trade Representative ဖြစ်သူ Ms. Katherine Tai နှင့် Commerce Secretary ဖြစ်သူ Ms. Gina Raimondo တို့က ပြောကြားခဲ့ပါ သည်။

MIS DOP

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့သည် သမိုင်းဝင်မိတ်ဖက်နိုင်ငံများ ဖြစ်ကြပြီး အပြန်အလှန်လေးစားယုံကြည်မှုဖြင့် အတူပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေး နှင့် ကုန်ထုတ်လုပ်မှုတို့တွင် လွှမ်းမိုးရန် ကြိုးပမ်းမှုများကို ထိန်းချုပ်နိုင်ရေးစသည့် အကြောင်းအရာများအပေါ် နှစ်နိုင်ငံအကြား အမြင်ချင်းဖလှယ်ကာ ရလဒ်ကောင်းများရရှိ ရန် အဓိကဆွေးနွေး သွားလိုကြောင်း Ms. Tai နှင့် Ms. Raimondo တို့က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုဈေးကွက်အပေါ် မညီမမျှဖြစ်စေသည့်ဆောင်ရွက်ချက်များ သည် အမေရိကန်ပြည်ထောင်စု၏ သံမဏိနှင့် အလူမီနီယံထုတ်လုပ်မှုများ၊ ဈေးကွက်များနှင့် အဆိုပါကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်သားများအပေါ်များစွာ သက်ရောက်မှု ရှိစေသည်ဟု အမေရိကန်အစိုးရအရာရှိများက ထောက်ပြခဲ့ပါသည်။

Ms. Raimondo သည် မကြာမီတွင် ဂျပန်နိုင်ငံသို့လာရောက်ပြီး ဂျပန်နိုင်ငံမှ အစိုးရ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ ၎င်းနောက် သူမ၏ပထမဆုံး အာရှဒေသ ခရီးစဉ်အဖြစ် မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံမှ အစိုးရအရာရှိများနှင့် တွေ့ဆုံသွားရန်ရှိကြောင်း သိရပါသည်။

လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်၊ အမေရိကန်သမ္မတ Donald Trump လက်ထက်တွင် ဥရောပ သမဂ္ဂနှင့် ဂျပန်နိုင်ငံတို့အပါအဝင် အခြားသောကမ္ဘာ့နိုင်ငံများအပေါ် သံမဏိတင်သွင်း မှုတွင် ၂၅ %

နှင့် အလူမီနီယံတင်သွင်းမှုအပေါ် ၁၀% စည်းကြပ်ကောက်ခံခဲ့ပါသည်။ Republican သမ္မတ Trump ၏ ထိုသို့အခွန်စည်းကြပ်ခဲ့မှုအပေါ် ဝေဖန်မှုများစွာရှိခဲ့သော်လည်း ၎င်းအနေဖြင့် နိုင်ငံအတွင်းရှိ ကုန်ထုတ်လုပ်ငန်းများ၏ အကျိုးစီးပွားနှင့် လုံခြုံရေးရှုဒေါင့်မှ ချင့်တွက်ကာ ထိုကဲ့သို့ အခွန်များစည်းကြပ်ခဲ့ခြင်း ဖြစ်သည်ဟု Trump က ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့အကြား "new era in transatlantic cooperation" ဟူ၍ အမေရိကန်သမ္မတ Joe Biden က သုံးနှုန်းထားသည့် သံမဏိနှင့် အလူမီနီယံထုတ်ကုန်များကို အမေရိကန်နိုင်ငံသို့ တင်သွင်းရာတွင် အခွန်နှုန်းများ ကင်းလွတ်မည်ဖြစ်ကြောင်း ပူးတွဲကြေငြာခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့သည် တရုတ်၊ ဥရောပမဂ္ဂနှင့် အိန္ဒိယ နိုင်ငံများ ပြီးနောက် ကမ္ဘာ့သံမဏိထုတ်လုပ်မှုတွင် ထိပ်တန်းနိုင်ငံများ ဖြစ်ကြကြောင်း ကမ္ဘာ့သံမဏိအသင်းမှ အချက်အလက်များအရ သိရှိရပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/

နန္ဒာဝင်း၊စီးပွားရေးသံမှူး

တိုကျို

....................................................................................................................

## ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးဆိုင်ရာသတင်းများ

### ၂၀၂၁ ခုနှစ်၊ ပထမနှစ်ဝက်၌ နယ်သာလန်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုသည် ကပ်ရောဂါမတိုင်မီ အဆင့်ထက် ကျော်လွန်ခဲ့ခြင်း

၂၀၂၁ ခုနှစ်၊ ပထမ (၆)လအတွင်း နယ်သာလန်နိုင်ငံ၏ ကုန်စည်တင်ပို့မှုသည် ယခင်နှစ်က ထက် ယူရို (၄၂) ဘီလျံ၊ ကုန်စည်တင်သွင်းမှုသည် ယူရို(၃၅) ဘီလျံ ပိုမိုရရှိခဲ့ရာ ပို့ကုန်/သွင်းကုန် နှစ်ရပ်စလုံးတွင် ကပ်ရောဂါမတိုင်မီကအဆင့်ထက် ပိုမိုကျော်လွန်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ပထမ နှစ်ဝက်နှင့်နှိုင်းယှဉ်လျှင် ပို့ကုန် (၆) ရာခိုင်နှုန်း၊ သွင်းကုန် (၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း Statistics Netherlands (CBS) ၏ ထုတ်ပြန်ချက်အရ သိရပါသည်။

၂၀၂၁ ခုနှစ်၊ ပထမ (၆) လတွင် အထူးပြုစက်ပစ္စည်းများ (specialized machinery) တင်ပို့မှုတန်ဖိုးမှာ ယူရို (၁၄) ဘီလျံကျော်ရှိခဲ့ပြီး မကြုံစဖူးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ အလားတူ ဆေးနှင့် ဆေးပစ္စည်း၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်၊ ဆေးပစ္စည်းကိရိယာ တန်ဆာပလာ၊

ကွန်ပျူတာ၊ ပလပ်စတစ်၊ ပန်းနှင့်အပင်များ တင်ပို့မှုတန်ဖိုးသည်လည်း အမြင့်ဆုံးအဆင့်သို့ စံချိန်တင်ရောက်ရှိခဲ့ကြောင်းသိရပါသည်။

ဥရောပတစ်ဝန်း၌ စီးပွားရေးပြန်လည်ပတ်လာနိုင်မှု၏ အကျိုးဆက်အဖြစ် နယ်သာလန်နိုင်ငံမှ သယ်ယူပို့ဆောင်ရေးပစ္စည်းများ တင်ပို့မှုသည်လည်း ကပ်ရောဂါမတိုင်မီကာလက အဆင့်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ရေနံနှင့်ဓါတ်ငွေ့တင်ပို့မှုမှာ သိသာစွာပြန်လည်တိုးတက်လာခဲ့သော်လည်း ၂၀၁၉ ခုနှစ်ကရှိခဲ့သည့်အဆင့်သို့ မရောက်ရှိသေးဟုဆိုသည်။

၂၀၂၁ ခုနှစ်၊ ပထမနှစ်ဝက်တွင် နယ်သာလန်နိုင်ငံ၌ ထုတ်လုပ်သည့်ကုန်စည် (သို့မဟုတ်) ပြည်ပမှတင်သွင်းပြီးနောက် နယ်သာလန်တွင် အကြီးစားပြုပြင်ထုတ်လုပ်သည့် ကုန်စည်များ တင်ပို့မှု (Domestic Exports) တန်ဖိုးစုစုပေါင်းမှာ ယူရို (၁၅၇) ဘီလျံရှိခဲ့ပြီး Re-exports ထက်ပို၍ မြန်ဆန်စွာတိုးတက်လာခဲ့ကြောင်း၊ အဆိုပါပမာဏသည် လွန်ခဲ့သည့် တစ်နှစ်ကထက် (၂၂) ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်ကထက် (၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်၊ ပထမနှစ်ဝက်တွင် နယ်သာလန်နိုင်ငံ၏ ရေနံထွက်ပစ္စည်းနှင့် ဓါတ်ငွေ့ တင်သွင်းမှုသည် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ သိသာစွာမြင့်တက်ခဲ့ပြီး၊ တင်သွင်းမှုတန်ဖိုး (၆.၆) ဘီလျံယူရို နှင့် (၁.၉) ဘီလျံယူရို အသီးသီးရှိခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ ကုန်စည်ဝယ်လိုအား အပေါ်သက်ရောက်မှုကြောင့် ၂၀၂၀ ခုနှစ်၏ ပထမနှစ်ဝက်တွင် သယ်ယူပို့ဆောင်ရေးကိရိယာ၊ အဝတ်အထည်၊ သံနှင့်သံမဏိစသည့် ကုန်စည်များတင်သွင်းမှုမှာ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ်၏ ပထမ နှစ်ဝက် ၎င်းကုန်စည်များ တင်သွင်းမှုသည် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်က အဆင့်နီးပါးသို့ ပြန်လည်ရောက်ရှိ လာခဲ့ကြောင်း သိရပါသည်။

MIS DOP

ရင်းမြစ် - https://www.cbs.nl/en-gb/news/2021/37/dutch-goods-trade-above-pre-pandemic-level-in-first-half-of-2021

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

.......................................................................................................................

## ၂၀၂၄ ခုနှစ်မတိုင်မီ ပြန်လည်နိုးထနိုင်ဖွယ်မရှိသည့် ဥရောပ၏ ခရီးသွားလုပ်ငန်းကဏ္ဍ

ဥရောပနိုင်ငံများစွာ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်မားမှုကြောင့် နွေရာသီလများအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ၌ တိုးတက်မှုများရှိလာခဲ့စေကာမူ ဥရောပ၏ ခရီးသွား

လုပ်ငန်းအခြေအနေသည် ၂၀၂၄ ခုနှစ်မတိုင်မီ ကပ်ရောဂါမဖြစ်ပွားမီကအဆင့်သို့ ပြန်လည်ရောက်ရှိနိုင်မည် မဟုတ်ကြောင်း သိရပါသည်။

ကာကွယ်ဆေးများအောင်မြင်စွာ ထိုးနှံနေမှုအစီအမံများကြောင့် ၂၀၂၂ ခုနှစ်တွင် ခရီးသွားကန့်သတ်ချက်များကို ထပ်မံဖြေလျှော့နိုင်မည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်း ကဏ္ဍ အပြည့်အဝပြန်လည်နာလန်ထူလာရန် အချိန်ကြာဦးမည်ဟု ဥရောပခရီးသွား ကော်မရှင် (European Travel Commission–ETC) မှ နောက်ဆုံးထုတ်ပြန်သည့် ဥရောပခရီးသွားလုပ်ငန်း လားရာနှင့်အလားအလာများဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ဥရောပခရီးသွား လုပ်ငန်းသည် ပြန်လည်နိုးထမှု လမ်းကြောင်းပေါ်တွင်ရှိနေသည်ဟု ယူဆရသော်လည်း ခရီးရှည်ကိုလျှောက်လှမ်းရဦးမည်ဟု ETC ၏ အမှုဆောင်အဖွဲ့မှ Jennifer Iduh က ဆိုသည်။ ခရီးသွားအရေအတွက် ပြန်လည်မြင့်တက်လာခြင်း၊ အီးယူပြင်ပနိုင်ငံများအတွက် ကန့်သတ်ချက်များဖြေလျှော့ပေးခြင်း၊ ဥရောပဆေးဝါးအေဂျင်စီမှ အသိအမှတ်ပြုမထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုပါ အသိအမှတ်ပြုလာခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်နိုးထမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားပါသည်။

အီးယူ၏ ကိုဗစ်-၁၉ ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ် အသုံးပြုမှုကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအစောပိုင်းတွင် မိတ်ဆက်ခဲ့ခြင်းကြောင့် အီးယူနိုင်ငံများအတွင်း ခရီးသွားလာမှုကိုလွယ်ကူစေပြီး၊ ဒေသတွင်းဘေးကင်းလုံခြုံသောခရီးသွားလာမှုကို ဖြစ်ပေါ်စေခဲ့ကာ နယ်စပ်ဖြတ်ကျော်သွားလာမှု လုပ်ငန်းစဉ်များကိုချောမွေ့စေရေး အကူအညီပေးခဲ့သည်ကို တွေ့ရကြောင်း ETC ၏ အစီရင်ခံစာက ဖော်ပြထားပါသည်။

အီးယူအတွင်း ခရီးသွားလာမှုလွယ်ကူစေခြင်း၏ အကျိုးဆက်အဖြစ် ဥရောပခရီးသွားဒေသများ၌ ဟိုတယ်အခန်းငှားရမ်းရမှုသည် ၂၀၂၁ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ ကာလ၌ ၂၀၂၀ ခုနှစ် နွေရာသီနှင့်ယှဉ်လျှင် မြင့်တက်လာခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ်အကုန်၌ ဥရောပသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ၂၀၁၉ ခုနှစ်ကထက် (၆၀) ရာခိုင်နှုန်း လျော့နည်းဖွယ်ရှိမည်ဟု ခန့်မှန်းထားပါသည်။

အီးယူအတွင်း လေကြောင်းခရီးသွားလာမှု ပြန်လည်မြင့်တက်လာသဖြင့် ခရီးသွား အရေအတွက်တိုးတက်လာခဲ့သော နွေရာသီလများ၌ပင်လျှင် ဥရောပခရီးသည်များ ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်ကထက် (၇၇) ရာခိုင်နှုန်း နိမ့်ကျနေဆဲဖြစ်ကြောင်း၊ လေကြောင်းခရီးရှည် ပျံသန်းရသည့်နိုင်ငံများမှ ခရီးသွားများအပေါ် များစွာမှီခိုနေရသည့် ဥရောပခရီးသွားဒေသများအတွက်

MIS DOP

ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်လာရေးမှာ အချိန်ယူရနိုင်ကြောင်း၊ ဥပမာအားဖြင့် ဥရောပသို့ အမေရိကန်ခရီးသည်များ ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်ကထက် (၉၀) ရာခိုင်နှုန်းလျော့နည်းနေဆဲ ဖြစ်ကြောင်းသိရပါသည်။

ဥရောပတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်း၊ ဆောင်းဥတု၌ဖြစ်ပွားတတ်သည့် ရာသီတုပ်ကွေးအပေါ် စိုးရိမ်မှုများကြောင့် ခရီးသွားလာမှု လျော့နည်းခြင်း၊ ခရီးသွားကန့်သတ်ချက်များ ပြန်လည်တင်းကျပ်ခြင်း တို့ရှိလာနိုင်သဖြင့် လာမည့်လများ၌ အီးယူအတွင်းခရီးစဉ်များ လျော့ကျနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက် /မူဝါဒများ အမြဲပြောင်းလဲနေခြင်း၊ ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်ဖြစ်ပွားနေခြင်း၊ အီးယူ၏ colour-code travel system မှာ နိုင်ငံအလိုက် မတူကွဲပြားသဖြင့် ရှုပ်ထွေးမှုရှိခြင်း စသည့်အချက်များကြောင့် ပြည်ပခရီးသွားဝင်ရောက်မှုအပေါ် မှီခိုရသည့်ဥရောပခရီးသွားဒေသများအပေါ် ဆက်လက်သက်ရောက်မှု ရှိနေဦးမည်ဟု European Travel Commission က ဖော်ပြထားပါသည်။

ရင်းမြစ် - https://www.brusselstimes.com/news/eu-affairs/192911/european-travel-wont-recover-to-pre-pandemic-levels-until-2024/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

........................................................................................................................................

## ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ ၁၀ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများသည် (၁၀) နှစ်ကာလအတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ စာရင်းဇယားများအရသိရပါသည်။ နံ့စားသီးနှံများ၊ ဟင်းသီး ဟင်းရွက်ဆီနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများသည် သိသာစွာ မြင့်တက်ခဲ့ပြီး၊ အသားနှင့် သကြားဈေးနှုန်းများမှာမူ အနည်းငယ်ကျဆင်းခဲ့သည်ဟု FAO အစီရင်ခံစာက ဆိုသည်။

နိုင်ငံတကာ စားသောက်ကုန်များ၏ လစဉ်ဈေးနှုန်းအပြောင်းအလဲကို တိုင်းတာ သည့် FAO ၏ စားသောက်ကုန်ဈေးနှုန်းညွှန်းကိန်း (FAO Food Price Index-FFPI) အရ ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများသည် (၃) လဆက်တိုက် မြင့်တက်လာပြီးနောက် အောက်တိုဘာလတွင် အမြင့်

ဆုံးအဆင့်၌ ရပ်တည်ခဲ့ပြီး၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း စျေးနှုန်းအမြင့်ဆုံးအဆင့် ဖြစ်ခဲ့ပါသည်။

စားသောက်ကုန်စျေးနှုန်းမြင့်တက်မှုသည် ဟင်းသီးဟင်းရွက်ဆီနှင့် နံ့စားသီးနှံများ၏ ကမ္ဘာ့စျေးနှုန်းများ မြင့်တက်နေခြင်းကြောင့် အဓိကဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ဆီအုန်း၊ ပဲပုပ်၊ နေကြာနှင့် ပန်းနှမ်းဆီများ၏ စျေးနှုန်းများမြင့်တက်လာမှုနှင့်အတူ FAO ၏ ဟင်းသီးဟင်းရွက်ဆီစျေးနှုန်း ညွှန်းကိန်းမှာ အောက်တိုဘာလ၌ (၁၈၄.၈ ပွိုင့်) ရှိခဲ့ရာ လအလိုက် နှိုင်းယှဉ်လျှင် (၉.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာဆီအုန်းစျေးနှုန်းများသည် လေးလဆက်တိုက်မြင့်တက်လာခဲ့ပြီး၊ အဓိကအားဖြင့် ရွှေ့ပြောင်းလုပ်သားရှားပါးမှုကြောင့် မလေးရှားနိုင်ငံ၌ ဆီအုန်းထုတ်လုပ်မှုအပေါ် သက်ရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း FAO က ဆိုသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် FAO ၏ နံ့စားသီးနှံပျမ်းမျှစျေးနှုန်းညွှန်းကိန်းမှာ (၁၃၇.၁ ပွိုင့်) ရှိခဲ့ပြီး၊ လွန်ခဲ့သည့်တစ်နှစ်ကအဆင့်ထက် (၂၂.၄) ရာခိုင်နှုန်းမြင့်မားလာ ကြောင်း၊ နံ့စားသီးနှံ အဓိကတင်ပို့နိုင်ငံများ၌ အထွက်လျော့ကျခဲ့ခြင်းကြောင့် ကမ္ဘာ့စျေးကွက်၌ ကုန်ပစ္စည်းရရှိနိုင်မှု လျော့နည်းလာခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နို့ထွက်ပစ္စည်းစျေးနှုန်းညွှန်းကိန်းတွင် လွန်ခဲ့သည့်တစ်နှစ်က အဆင့်ထက် (၁၅.၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတကာ၌ ထောပတ်၊ နို့မှုန့်စျေးနှုန်းများသည် (၂) လဆက်တိုက်သိသာစွာမြင့်တက်လာခဲ့ပြီး၊ ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှုကြောင့် ထိုသို့စျေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဥရောပတစ်ဝန်း၌ ရာသီအလိုက် နို့ထုတ်လုပ်မှုလျော့နည်းခဲ့ခြင်း၊ သမုဒ္ဒရာပိုင်းဒေသနိုင်ငံများ၌ နို့ထုတ်လုပ်ရာသီအသစ်အား မျှော်မှန်းသည် ထက် ပို၍နှေးကွေးစွာစတင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့နို့ထွက်ပစ္စည်းစျေးနှုန်းများ မြင့်တက်မှုကို ဖြစ်စေနိုင်ကြောင်း FAO အရ သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/news/business/192372/global-food-prices-hit-10-year-high/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

…………………………………………………………

## ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်း

စွမ်းအင်/လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် (၄.၁၆) ရာခိုင်နှုန်းသို့ မြင့်တက် ခဲ့ပြီး၊ ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်ဖြစ်ခဲ့ကြောင်း၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်လျှင် ငွေကြေး ဖောင်းပွမှုနှုန်းမှာ (၂.၈၆) ရာခိုင်နှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတမှုကြောင့် ဓါတ်ငွေ့နှင့်စွမ်းအင်ဈေးနှုန်းများ သမိုင်းဝင် မြင့်တက်မှုဖြစ်ပေါ်နေခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်း တက်လာရခြင်း၏ အဓိကအကြောင်း အရင်းဖြစ်သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ Federal Public Service Economy က ဆိုသည်။ လက်ရှိ တွင် စွမ်းအင်ကဏ္ဍ၌ ငွေကြေးဖောင်းပွမှု (၃၀.၈၆) ရာခိုင်နှုန်းအထိရှိပြီး၊ ယင်းသည် အလုံးစုံ ငွေကြေး ဖောင်းပွမှု၏ (၂.၆၂) ရာခိုင်နှုန်းကို ဖြစ်ပေါ်စေကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ လျှပ်စစ်ဓါတ်အားဈေးနှုန်းများသည်လည်း ယခင်နှစ်ကာလတူ ထက် (၄) ဆမြင့်တက်လာခဲ့ပြီး၊ သဘာဝဓါတ်ငွေ့ဈေးနှုန်းမှာ (၇၇.၅) ရာခိုင်နှုန်းအထိ တက်လာ ကြောင်း၊ ဒီဇယ်ဈေးနှုန်းမှာ ယခင်နှစ်ကထက် (၂၈) ရာခိုင်နှုန်း၊ ဓါတ်ဆီဈေးနှုန်း မှာ (၂၃.၃) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း၊ အောက်တိုဘာလတွင် စားသုံးသူဈေးနှုန်း ညွှန်းကိန်း (Consumer Price Index) မှာ (၁.၆၅ ပွိုင့်) သို့မဟုတ် (၁.၄၇) ရာခိုင်နှုန်းမြင့် တက်လာကြောင်း သိရပါသည်။

ထို့အပြင် အောက်တိုဘာလအတွင်း ဘယ်လ်ဂျီယံ၌ ဟိုတယ်အခန်းခဈေးနှုန်းများ စံချိန်တင် မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး (၁၄.၆) ရာခိုင်နှုန်း တက်လာကြောင်း၊ အသားဈေးနှုန်း မြင့်တက်မှု (၁.၆) ရာခိုင်နှုန်း၊ စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်များ၏ ဈေးနှုန်းမြင့်တက်မှု (၀.၇) ရာခိုင်နှုန်းရှိခဲ့ ကြောင်း၊ တစ်ဖက်တွင် အယ်လ်ကိုဟောထုတ်ကုန်များ ဈေးနှုန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ အစားအစာနှင့် အယ်လ်ကိုဟောမပါဝင်သော သောက်သုံးဖွယ်ပစ္စည်းများ၏ ငွေကြေးဖောင်းပွမှု သည် (၉) လ ဆက်တိုက်ကျဆင်းခဲ့ပြီး၊ လက်ရှိ (-၀.၃၁) ရာခိုင်နှုန်း၌ ရပ်တည်နေကြောင်း သိရပါသည်။

လက်ရှိကုန်ဈေးနှုန်းများမြင့်တက်မှုသည် မျှော်မှန်းထားသည်ထက် ပို၍မြန်ဆန်စွာ ဖြစ်ပေါ် ခဲ့ပြီး၊ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ အကျိုးဆက်ကြောင့်အဓိကဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ကူး စက်မှုကို ထိန်းချုပ်ရန်လိုအပ်မှုနှင့် ဝယ်လိုအားကျဆင်းမှုတို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြား၌

MIS DOP

စက်ရုံများပိတ်ထားခဲ့ရကြောင်း၊ သို့ရာတွင် ယခုအချိန်၌ စီးပွားရေး ပြန်လည် နာလန်ထူလာပြီး၊ ကမ္ဘာ့ထုတ်လုပ်မှုသည် မြန်ဆန်စွာတိုးတက်လာနေသည့် ဝယ်လိုအားကို ပြည့်မီမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် -https://www.brusselstimes.com/belgium/191110/belgian-inflation-skyrocketed-to-highest-level-since-2008/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

……………………………………………………………………………………………………………

## ရင်းနှီးမြှုပ်နှံမှုအနေဖြင့်ယခုနှစ်ကုန်တွင်ဘတ်ငွေ(၆၀၀)ဘီလီယံ ရှိလာနိုင်ခြင်း (ထိုင်းနိုင်ငံ)

အစိုးရအနေဖြင့် ယခုနှစ်ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် ပတ်သက်၍ စိတ်အားတက်ကြွလျှက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(BOI)မှတစ်ဆင့် ယခုနှစ်ကုန်တွင် စီမံကိန်း လျှောက်ထားမှုပေါင်းမှာ တန်ဖိုးအားဖြင့် ဘတ်ငွေ(၆၀၀)ဘီလီယံအထိရှိနိုင်ကြောင်း၊ ၎င်းမှာ ၂၀၁၉ခုနှစ်တွင် ရရှိခဲ့သည့် တန်ဖိုးနီးပါးခန့်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံအတွင်း Covid-19 ကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း ထိုင်းနိုင်ငံ ၏ ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာများ တင်ပြထားမှုတန်ဖိုးမှာ ယခင်ကအတိုင်း ရှိနေဆဲဖြစ်ကြောင်း ယခုနှစ်ပထမကိုးလအထိ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(BOI)သို့ ပြည်တွင်းပြည်ပမှ ရင်းနှီး မြှုပ်နှံမှုအတွက် တင်ပြသည့်လျှောက်ထားမှု စုစုပေါင်းတန်ဖိုးမှာ ထိုင်းဘတ်ငွေ (၅၂၀) ဘီလီယံ ရှိပြီး ယခင်နှစ်အလားတူကာလတွင် တင်သွင်းသည့်လျှောက်ထားမှုတန်ဖိုး (၂၁၇) ဘီလီယံ ထက် နှစ်ဆကျော် ပိုမိုများပြားနေကြောင်း၊ ၂၀၁၉ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားမှုများ သည် ဘတ်ငွေ(၇၅၆)ဘီလီယံရှိခဲ့ပြီး၂၀၂၀ခုနှစ်တွင် ဘတ်ငွေ (၄၈၁) ဘီလီယံ ရှိခဲ့ကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(BOI)၏ စီမံကိန်းပရောဂျက်များအရ ပထမ(၉)လအတွင်း စီမံကိန်း ပရောဂျက်လျှောက်ထားမှုပေါင်း (၁,၂၇၃)ခုရှိပြီး ၎င်းမှာနှစ်အလိုက်တွင် ရှိခဲ့သော စီမံကိန်း ပရောဂျက် (၁,၀၇၃)ထက် ပိုများခဲ့ကြောင်းသိရှိရပါသည်။ ၂၀၂၀ ခုနှစ် တစ်နှစ်လုံးအတွက် စီမံကိန်း ပရောဂျက် တင်ပြမှုပေါင်း(၁,၆၂၃)ခုရှိခဲ့ကြောင်း သိရှိရပါသည်။ ပစ်မှတ် (target) ထားသော ကဏ္ဍ(၁၂)ခု အတွက်စုစုပေါင်းစီမံကိန်းတင်ပြမှု (၆၀၅)ခု ရှိခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး

ဘတ်ငွေ(၂၇၀) ဘီလီယံရှိကြောင်း၊ ယမန်နှစ်ကာလတူတွင်ရှိခဲ့သော စီမံကိန်းပရောဂျက် တင်ပြမှု ပေါင်း(၅၃၃)ခု တန်ဖိုးအားဖြင့် ဘတ်ငွေ(၁၂၇) ဘီလီယံထက် ပိုများကြောင်းဖော်ပြထားပါသည်။

အစိုးရအနေဖြင့်BOIသို့ တင်သွင်းသော ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာများ၏ တန်ဖိုးမှာ နောက်နှစ်တွင် ဆက်လက်မြင့်တက်နေဦးမည်ဟုယုံကြည်ကြောင်းနှင့် ၎င်းမှာစီးပွားရေး တိုးတက်မှု အတွက် တွန်းအားပေးရာတွင် အဓိကအခန်းမှ ပါဝင်နေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အစိုးရအနေဖြင့် လာမည့်နှစ်တွင်ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်နိုင်ရန်အတွက် ရည်ရွယ် ပြီးရင်းနှီးမြှုပ်နှံမှုမူဝါဒများ ပိုမိုကောင်းမွန်တိုးတက်လာစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းတွင်ပထမS-curveစက်မှုလုပ်ငန်းများ (လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ ရေနံနှင့်ဓါတုဗေဒလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် လယ်ယာ စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်ရေးလုပ်ငန်းများနှင့် New S-curve စက်မှုလုပ်ငန်းများဖြစ်သည့် စက်ရုပ်များ (robotics)၊ လေကြောင်းနှင့် သယ်ယူပို့ဆောင်ရေး၊ ဒီဂျစ်တယ်လုပ်ငန်းများ၊ ဇီဝလောင်စာနှင့် ဇီဝဓါတုပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ စသည်တို့ပါဝင်ကြောင်း သတင်းတွင် ဖော်ပြထားပါသည်။

နေရောင်ခြည်စွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် သန့်ရှင်းသော စွမ်းအင် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအမျိုးကို လာမည့်နှစ်တွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ထားကြောင်းနှင့် လျှပ်စစ်ကား(Evs)များကဏ္ဍသည် လာမည့်နှစ်တွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အဓိကအခန်း ကဏ္ဍမှပါဝင်လိမ့်မည် ဖြစ်ကြောင်း သိရှိ ရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.................................................................................................................................

MIS DOP

## အိန္ဒိယနိုင်ငံ၌ ၂၀၂၅ ခုနှစ်မှစတင်၍ အီသနော ၂၀% ပါဝင်သည့် ဓာတ်ဆီကိုသာ ရောင်းချရန် စီစဉ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်မှစတင်၍ အီသနောလောင်စာဆီ ရောစပ်မှု ၂၀% ပါဝင်သည့် ဓာတ်ဆီကိုသာရောင်းချခွင့်ပြုရန် အစိုးရကစီစဉ်ဆောင်ရွက်လျက်ရှိရာ မော်တော်ယာဉ်အသစ်များအား ရောစပ်လောင်စာဆီနှင့်ကိုက်ညီမှုရှိစွာ ထုတ်လုပ်ရောင်းချရမည်ဖြစ်ပြီး မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် လက်ရှိထုတ်လုပ်ထားသောဓာတ်ဆီသုံး မော်တော်ကားများကိုလည်း လိုက်ဖက်ညီသည့်လောင်စာစနစ် ပြန်လည်ပြုပြင်တပ်ဆင်ရဖွယ်ရှိကြောင်း သိရှိရပါသည်။

အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီက အီသနောဈေးနှုန်းများအား မြှင့်တင်ရန် အတည်ပြုချမှတ်ခဲ့ပြီး နောက်တစ်ရက် ၁၁-၁၁-၂၀၂၂ နေ့တွင် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ အိန္ဒိယရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနမှ အတွင်းဝန် Mr. Tarun Kapoor က အစိုးရသည် အီသနောလောင်စာ ၂၀ ရာခိုင်နှုန်း ပါဝင်ရောစပ်ထားသည့် ဓာတ်ဆီ အရော အနှော (E20 blended petrol) အား မိတ်ဆက်အသုံးပြုခြင်းကို ၂၀၂၃ ခုနှစ်မှ အစပြု ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်မှ စတင်၍ E20 ရောနှောဓာတ်ဆီကိုသာ ရောင်းချခွင့် ပြုရန် ရည်မှန်းချက်ချမှတ်ထားကြောင်း၊ ထိုသို့ အကူးအပြောင်းကာလအတွင်း စက်ဆုံးဆီ ဆိုင်များတွင် ၎င်း E20 ဓာတ်ဆီနှင့် အီသနော ၁၀ ရာခိုင်နှုန်း ပါဝင်သည့် E10 ဓာတ်ဆီတို့ကို ရောင်းချပေးလိမ့်မည်ဖြစ်ကြောင်း၊ E20 ဓာတ်ဆီ သီးသန့်ရောင်းချသည့် အရောင်းဆိုင်များ ထားရှိမည်မဟုတ်ပဲ တည်ရှိပြီးသား စက်သုံးဆီဆိုင်များမှ ဖြန့်ဖြူးမည်ဖြစ်ကြောင်း ပြောကြား ပါသည်။

မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများက အစိုးရ၏အီသနောလောင်စာ ရောစပ်သုံးစွဲရေးအစီအစဉ်အပေါ် လိုက်ပါဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောဆိုသကဲ့သို့ စိုးရိမ်ပူပန်ဖွယ်အချက်များလည်းရှိကြောင်း ဖော်ပြကြပါသည်။

အိန္ဒိယပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်ရောင်းချရာတွင် ဈေးကွက်ဝေစု ၅၀% ကျော် ရရှိထားသည့် Maruti Suzuki ကုမ္ပဏီသည် လက်ရှိကာလ၌ E10 ဓာတ်ဆီနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် E20 ရောနှောဓာတ်ဆီ နှင့် လိုက်လျောညီထွေမှုရှိစွာ ထုတ်လုပ်နိုင်မည့်အခြေအနေရှိပါသည်။ အဆိုပါကုမ္ပဏီမှ နည်းပညာဆိုင်ရာအရာရှိချုပ် Mr. C V Raman က အစိုးရ၏ E10 နှင့် E20 ရောနှောဆီများ အသုံးပြုရေး ရှေ့ရှု

ဆောင်ရွက်မှုတွင် လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် သာမန်ဓာတ်ဆီ နှင့် CNG တို့အပြင် ပြုပြင်ပြောင်းလဲလွယ်သည့် ရောနှောဆီ (flex fuel) စနစ်ကိုလည်း မော်တော်ယာဉ် ထုတ်လုပ်မှုလိုင်း၌ အစပြုထည့်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောဆိုပါသည်။

သို့ရာတွင် အီသနောလောင်စာ ၂၀ ရာခိုင်နှုန်းပါဝင်သည့် စက်မောင်းဆီ ထည့်သွင်း အသုံးပြုရန် သင့်လျော်မှုမရှိသော မော်တော်ယာဉ်များအား လိုက်လျောညီထွေမှုရှိအောင် ပြုပြင်ရာ၌ ကုန်ကျစရိတ်ကြီးမားခြင်း၊ အီသနောရောနှောဆီ၏ ဆီစားမှုနှုန်းမြင့်မားခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏နှစ်သက်လက်ခံမှုကို မရရှိနိုင်သည့်ပြဿနာရပ်များနှင့်ကြုံတွေ့ရနိုင်ကြောင်း ပြည်ပမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုမှ အမှုဆောင်အရာရှိတစ်ဦးက ပြောဆိုပါသည်။

အတွင်းဝန် Mr. Tarun Kapoor ၏ ပြောကြားချက်အရ အိန္ဒိယအစိုးရသည် မော်တော်ယာဉ်များ၌ ၁၀၀ ရာခိုင်နှုန်းပြည့် အီသနောလောင်စာဆီဖြင့် မောင်းနှင်အသုံးပြုနိုင်သည့် အဆင့်ရောက်ရှိရန် ရည်မှန်းထားပြီး ကနဦးလေ့လာဆန်းစစ်မှုစီမံကိန်းကို Pune မြို့၌ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်တွင်း၌ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်လျက်ရှိသော Bajaj Auto ၊ TVS နှင့် Toyota ကုမ္ပဏီတို့က အီသနောပါဝင်မှု မြင့်မားသော flex fuel လောင်စာဆီများ ထည့်သွင်းအသုံးပြုနိုင်သည့် အင်ဂျင်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ ထို့အပြင် TVS Motor နှင့် Mahindra & Mahindra ကုမ္ပဏီများသည် အီသနော လောင်စာဆီသုံး မော်တော်ယာဉ်များ ကနဦး စမ်းသပ်ထုတ်လုပ်မှုကို Pune မြို့၌ လုပ်ဆောင်လျက်ရှိပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ E20 ရောနှောလောင်စာဆီဖြင့် မောင်းနှင်အသုံးပြုနိုင်သည့် မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချမှုကို ကုန်းလမ်းပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဝန်ကြီးဌာနက ခွင့်ပြုပေးရမည်ဖြစ်သော်လည်း ၂၀၂၅ ခုနှစ်အရောက်တွင် အဆိုပါရောနှော လောင်စာဆီများ ထုတ်လုပ်ရောင်းချနိုင်မှု သေချာစေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနက တွန်းအားပေး လုပ်ဆောင်လျက်ရှိသည်။ ယခင်က ပြည်တွင်း၌ လေထုညစ်ညမ်းမှု ကို လျော့ချရန် Bharat Stage VI အဆင့်ရှိ စက်မောင်းဆီသုံးစွဲရေးကို တွန်းအားပေး ဆောင်ရွက် စဉ်ကလည်း လောင်စာဆီ ထုတ်လုပ်ရေးကဏ္ဍ၏ ဦးဆောင်မှုနောက်တွင် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများက တဖြည်းဖြည်း လိုက်ပါလာသည့် သာဓကရှိခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ အီသနောရောနှောလောင်စာဆီ အသုံးပြုရေး လမ်းပြမြေပုံ ၂၀၂၀-၂၅ ကို ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ ၅-၆-၂၀၂၁ ရက်နေ့တွင် ချမှတ်ထုတ်ပြန်ခဲ့ရာ အိန္ဒိယ

စက်သုံးဆီထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီများသည် ခါတ်ဆီ၌ အီသနော ၁၀% ရောနှောထည့်သွင်းမှုအား ၂၀၂၁-၂၂ ESY အီသနောထုတ်လုပ် ပေးသွင်းရေးနှစ် (ဒီဇင်ဘာလမှ နိုဝင်ဘာလ အထိ) တွင်လည်းကောင်း အီသနော ၂၀% ပေါင်းစပ်မှုအား ၂၀၂၅-၂၆ ESY နှစ်၌ လည်းကောင်း ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည်။ Business Standard သတင်းဌာန၏ ဖော်ပြချက်အရ အိန္ဒိယရေနံကုမ္ပဏီ များသည် ၂၀၁၃-၁၄ ESY နှစ်တွင် အီသနောလောင်စာဆီ လီတာ ၃၄ ကုဋေသာ ထုတ်လုပ်ခဲ့ရာမှ ၂၀၂၀-၂၁ ESY နှစ်တွင် လီတာ ကုဋေပေါင်း ၃၅၀ ကျော်အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

Source: India aims to sell only 20% ethanol-blended petrol from 2025: Oil Secretary, 11-11-2021, Business Standard

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.............................................................................................................................................

MIS DOP

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၅ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်

| ၂၅-၁၁-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၉၀.၈ |
| ယူရို | ၂၀၀၉.၄ |
| စင်္ကာပူဒေါ်လာ | ၁၃၁၀.၂ |
| စတာလင်ပေါင် | ၂၃၉၀.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၂.၄ |
| တရုတ်ယွမ် | ၂၈၀.၄၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၉.၆၈ |
| အိန္ဒိယရူပီး | ၂၄.၀၁၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၅၅ |
| မလေးရှား ရင်းဂစ် | ၄၂၃.၇၆ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၄၄ |
| ထိုင်းဘတ် | ၅၃.၇၀၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၉၇၇ |

ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ် (၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တရုတ်ပြည်တွင်းဈေးကွက်၌ စားအုန်းဆီနှင့် ပဲပုပ်ဆီ ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့

➢ နိုဝင်ဘာလ (၂၃)ရက်နေ့တွင် တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်ဈေးဆက်လက်မြင့်တက်နေခဲ့

➢ တရုတ်နိုင်ငံ၏ ပြောင်းကော်မှုန့်ဈေးကွက် ဆက်လက်အားနည်းနေဖွယ်ရှိ

➢ လုပ်သားအင်အားနည်းပါးသော်လည်း သစ်သီးဝလံပန်းမာလ်ထုတ်လုပ်မှုကို ဆက်လက် ထိန်းထားနိုင်ခြင်း

➢ ဩစတြေးလျ Red Meat ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာနိုင်ဖွယ်ရှိခြင်း

➢ နယူးဆောက်ဝေးလ်ပြည်နယ်၏ နို့ထွက်ပစ္စည်းမှ အမြတ်ရရှိမှု ၁၀ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခြင်း

➢ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုကြောင့် သွင်းကုန်တင်သွင်းမှု တားမြစ်ပိတ်ပင်ထားခြင်း

- **အထွေထွေသတင်းများ**

➢ **New Era** တွင် ဈေးရောင်းပွဲတော်များအတွက် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ခြင်း

➢ တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်အား ၂၀၂၂ ခုနှစ်၊ ဇွန်လကုန်တွင် အပြည့် အဝ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း

➢ ဟောင်ကောင်ဒေသ၌ အလုပ်အကိုင်ရရှိမှုအခြေအနေ ကောင်းမွန်အောင် ပြန်လည် ဆောင်ရွက်လျက်ရှိကြောင်း

- ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်နောက်ဆုံးနှစ်လအတွက် ပို့ကုန်တင်ပို့မှု အပေါ် တက်ကြွလျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- နိုင်ငံခြားကုန်သွယ်မှုအရည်အသွေး မြှင့်တင်သွားရန်ရှိသည့် တရုတ်နိုင်ငံ
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်အသက်ဝင်လာတော့မည့်

  တရုတ်–ကမ္ဘောဒီးယား **FTA**
- တရုတ်နိုင်ငံ၏ မြေရှားသတ္တုဈေးနှုန်းအညွှန်းကိန်း မြင့်တက်နေ
- တရုတ်နိုင်ငံတွင် ဆေးဝါးကုန်ကြမ်းဈေးကွက် အမြင့်ပိုင်း၌ ဆက်လက်ရှိနေ

## ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တရုတ်ပြည်တွင်းဈေးကွက်၌ စားအုန်းဆီနှင့် ပဲပုပ်ဆီ ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့

နိုဝင်ဘာလ (၉)ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ စားအုန်းဆီနှင့် ပဲပုပ်ဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ပါသည်။ ၎င်းဆီနှစ်မျိုးအနက် စားအုန်းဆီ ဈေးမှာ တစ်တန်လျှင် ယွမ်ငွ (၁၀,၄၀၀)အထိ လျင်မြန်စွာမြင့်တက်ခဲ့ကာ၊ ပဲပုပ်ဆီဈေးကိုပင် ကျော်လွန်ခဲ့ပါသည်။

စားအုန်းဆီဈေးတက်သဖြင့် ပဲပုပ်ဆီဈေးများလည်း မြင့်တက်လာရာ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ပဲပုပ်ဆီပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၂၉၀) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းထက် (၅.၈၆) ရာခိုင် နှုန်းမြင့်တက်လာခြင်းဖြစ်ပါသည်။ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၄၃၈)ဖြစ်ကာ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းထက် (၈.၃၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

နိုဝင်ဘာလဆန်းပိုင်းမှစ၍ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ကို ရေတိုကာလအတွက် ချိန်ညှိခဲ့ရကာ၊ နိုဝင်ဘာလ ဒုတိယပတ်တွင် ဈေးကွက်ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

MIS DOP

ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်လာရခြင်းမှာ မလေးရှားနိုင်ငံမှ စားအုန်းဆီများကို ထုတ်လုပ်မှုလျော့ချလိုက်သဖြင့် ရောင်းလိုအားလျော့လာခြင်း၊ တစ်ဖက်တွင် ပြည်ပစားအုန်းဆီဈေးကွက်လျင်မြန်စွာမြင့်တက်လာခြင်းနှင့် ပြည်တွင်းစားအုန်းဆီ ကြိုရောင်းကြိုဝယ် ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ စားအုန်းဆီ လက်ငင်းအဝယ်ဈေး နှုန်းမှာလည်း တစ်တန်လျှင် ယွမ်ငွေ (၁၀,၄၀၀) ဖြစ်ခဲ့ကာ စံချိန်တင်မြင့်တက်လာခြင်း ဖြစ်ပါသည်။

ယခုအခါ တရုတ်နိုင်ငံတွင် ပဲပုပ်ဆီနှင့် စားအုန်းဆီကုန်စည်သိုလှောင်ထားမှုများ နည်းပါးနေကာ၊ ပြည်ပမှ ရောင်းလိုအားလျော့နည်းနေသည့်အတွက် ဈေးနှုန်းအမြင့်ပိုင်း၌ ဆက်လက်ရှိနေနိုင်မည်ဟု ခန့်မှန်းပါသည်။

ရင်းမြစ်၊ SunSirs (၂၂-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................

## နိုဝင်ဘာလ (၂၃)ရက်နေ့တွင် တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်ဈေး ဆက်လက်မြင့်တက်နေခဲ့

နိုဝင်ဘာလ (၂၃)ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းပဲပုပ်ဈေးနှုန်းများမှာ ဆက်လက်မြင့်တက်နေဆဲ ဖြစ်ပါသည်။ China Grain Storage Co., Ltd. ၏ တိုက်ရိုက် မိတ်ဖက် ကုမ္ပဏီများက သတ်မှတ်ဈေးနှုန်း တစ် catty လျှင် (၃.၁၅) ယွမ်ဖြင့် ယခု ထွက်ပေါ်လာသော ပဲပုပ်အသစ်များကိုဝယ်ယူရန် စာရင်းပေးသွင်းထားကြပါသည်။

ပဲပုပ်အဓိကထွက်ရှိရာဒေသများတွင် ဖြစ်ပေါ်နေသည့်ဈေးနှုန်းမှာ တစ် catty လျှင် ယွမ်ငွေ (၃.၀၅) မှ (၃.၁၀)ကြား ဖြစ်သောကြောင့်၊ State Treasury မှ ကျောထောက် နောက်ခံပြုပေးထားသည့် ဈေးကွက်၏အဝယ်ဈေးနှင့် ပြည်တွင်းပဲပုပ်ဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs (၂၄-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.............................................................

## တရုတ်နိုင်ငံ၏ ပြောင်းကော်မှုန့်ဈေးကွက် ဆက်လက်အားနည်းနေဖွယ်ရှိ

နိုဝင်ဘာလနှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ ပြောင်းဈေးကွက်သို့ ကုန်စည်အသစ်များ ရောက်ရှိတော့မည်ဖြစ်ရာ ပြောင်းဈေးနှုန်းအနည်းငယ်ကျဆင်းလာပြီး၊ ပြောင်းကော်မှုန့် ထုတ်လုပ်သူများက ကုန်ကြမ်းများ ဝယ်ယူစုဆောင်းလာကြသည်ဟု သိရပါသည်။

ပြောင်းကော်မှုန့်များရောင်းချရစေရန် စက်ရုံဈေးများကို ဆက်တိုက်လျှော့ချပေးလာရသောကြောင့် ရေတိုကာလအတွင်း ဈေးကွက်ပေါက်ဈေးမှာ ဆက်လက်အားပျော့နေဖွယ် ရှိပါသည်။ နိုဝင်ဘာလ (၂၄)ရက်နေ့ရှိ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၃,၆၄၃.၃၃) ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ်၊ SunSirs (၂၅-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.............................................................

MISDOP

## လုပ်သားအင်အားနည်းပါးသော်လည်း သစ်သီးဝလံပန်းမာလ်ထုတ်လုပ်မှုကို ဆက်လက်ထိန်းထားနိုင်ခြင်း (ဩစတြေးလျ)

ABARES သုတေသနပြုချက်အရ၂၀၂၀–၂၀၂၁ ခုနှစ်အတွင်း ဩစတြေးလျတွင် လယ်ယာလုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်သူဦးရေ ရှစ်ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း သစ်သီးဝလံပန်းမာလ်ထုတ်လုပ်မှု အထွက်နှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ ဩစတြေးလျစိုက်ပျိုးမွေးမြူရေးကဏ္ဍရှိ အလုပ်သမားအသုံးပြုမှု စစ်တမ်းရလဒ်အရ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာပြီး၊ လယ်ယာအဆင့် လိုက် လျော ညီထွေရှိမှုသည် COVID-19 ကာလအတွင်းနိုင်ငံရပ်ခြားလုပ်သားရရှိမှု လျော့ကျသွားခြင်းကို တန်ပြန်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

COVID-19 ကူးစက်ရောဂါကြောင့် နိုင်ငံတကာဝင်/ ထွက်ပေါက်များ ပိတ်ပစ်ခြင်းက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး လုပ်သားထုတ်အပေါ် သက်ရောက်ခြင်းကို သစ်သီးဝလံပန်းမာလ်ကဏ္ဍက တိုက်ရိုက်ခံစားရလျက်ရှိပါသည်။ ရာသီအလိုက် အလုပ်အားလပ်ရက် အလုပ်လုပ်ကိုင်သူနည်းပါးခြင်းကြောင့် ၂၀၁၉–၂၀၂၀ မှ ၂၀၂၀–၂၀၂၁ ခုနှစ်အတွင်း စိုက်ခင်းများတွင် အသုံးပြုသည့် အလုပ်သမားဦးရေ ၁၁,၁၀၀ ကျဆင်းသွားခဲ့ပါသည်။ ယင်းသို့ကျဆင်းခဲ့ရသော်လည်း ရာသီအလိုက်ရာသီဥတုအခြေအနေတိုးတက်ကောင်းမွန်မှုကြောင့် သစ်သီးဝလံပန်းမာလ်စိုက်ခင်းအထွက်နှုန်းမှာ တည်ငြိမ်လျက်ရှိနေမည်ဟု ခန့်မှန်းထားပါသည်။ လက်ရှိလုပ်သားအင်အား၏ အလုပ်ချိန်တိုးမြှင့်ခြင်း၊ ထုတ်လုပ်မှုစနစ်များ ပြောင်းလဲကျင့်သုံးခြင်းနှင့် ဩစတြေးလျတွင်ရောက်ရှိလျက်ရှိသောနိုင်ငံခြားသားများက ဝင်ရောက်လုပ်ကိုင်ခြင်းတို့က လုပ်ငန်း ကဏ္ဍ၏ထုတ်လုပ်မှုကို အရှိန်မပျက်စေခြင်း ဖြစ်ပါသည်။

၂၀၂၀–၂၀၂၁ ခုနှစ် ကာလအတွင်း သစ်သီးဝလံ ပန်းမာလ်ကဏ္ဍတွင် မိသားစုများ၊ အမြဲတမ်းနေထိုင်သူများနှင့် ကန်ထရိုက်ဝန်ထမ်းများအပါအဝင် ပျမ်းမျှအလုပ်သမား ၁၃၅,၁၀၀ ခန့်ကို အသုံးပြုလျက်ရှိပါသည်။ စုစုပေါင်း လယ်ယာလုပ်သားအသုံးပြုမှုမှာ ဆောင်းရာသီနှင့် နွေဦးအစောပိုင်းတွင် အနိမ့်ဆုံးအလုပ်သမား ၁၂၆,၀၀၀ ဝန်းကျင်မှ နွေရာသီနှင့် ဆောင်းဦးအစောပိုင်းတွင် အများဆုံးအလုပ်သမား ၁၄၆,၃၀၀ အထိ အသုံးပြုလျက်ရှိကြောင်းသိရှိရပါသည်။

အစိုးရသည် ကိုဗစ်ကာလအတွင်း နိုင်ငံအတွင်းထုတ်လုပ်မှုကဏ္ဍအသီးသီး၏ လုပ်သားအင်အားပြတ်လပ်မှုကို ဖြေရှင်းနိုင်ရန်အတွက် ဩစတြေးလျစိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

www.awe.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

MISDP

## သြစတြေးလျ Red Meat ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာနိုင်ဖွယ်ရှိခြင်း

သြစတြေးလျ Red Meat ထုတ်လုပ်မှုကဏ္ဍတွင် ဝယ်လိုအားတိုးတက်မှုမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး၊ ကြပ်တည်းသော ရောင်းလိုအားဖြစ်ပေါ်လက်ရှိကြောင်း သိရှိရပါသည်။ Meat & Livestock Australia (MLA)၏ပြောကြားချက်အရ သြစတြေးလျ Red Meat လုပ်ငန်းကဏ္ဍအတွက် ရှေ့အလားအလာမှာ များစွာကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

သြစတြေးလျနိုင်ငံသည် Red Meat ထုတ်လုပ်မှု၏ ၇၀ % ခန့်ကို တင်ပို့လျက်ရှိပြီး၊ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းမှုနှင့် ပရိုတိန်းကြွယ်ဝမှုတို့ကြောင့် အနာဂတ်တွင် ရောင်းအားကျဆင်းသွားနိုင်ဖွယ်မရှိကြောင်း ခန့်မှန်းထားပါသည်။ သြစတြေးလျ Red Meat ဈေးကွက်မှာ သြစတြေးလျဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးခန့်ရှိပြီး၊ ပြည်တွင်းဈေးကွက်မှာလည်း သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့ဈေးကွက်တွင် သြစတြေးလျ Red Meat မှာ အရည်အသွေးမြင့်မားမှုနှင့် ပရိုတိန်းကြွယ်ဝမှုတို့ကြောင့် လူကြိုက်များလျက်ရှိပါသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း သိုးအရှင်တင်ပို့မှုမှာ သြစတြေးလျ ဒေါ်လာ ၁၅၄ သန်းသို့ ရောက်ရှိခဲ့ပြီး၊ ထုတ်ပိုးထားသော အေးခဲသိုးသားတင်ပို့မှုနှင့် သိုးအရှင်တင်ပို့မှု စုစုပေါင်းမှာ သြစတြေးလျ ဒေါ်လာ ၄ ဘီလီယံကျော်သို့ ရောက်ရှိခဲ့ပါသည်။

သြစတြေးလျ Red Meat ကဏ္ဍအတွက် အထင်ရှားဆုံးသော ပြောင်းလဲမှုမှာ သြစတြေးလျ – ဗြိတိန်လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်ဖြစ်မည် ဖြစ်ကြောင်း၊ လာမည့်နှစ်အတွင်း အဆိုပါသဘောတူစာချုပ်စတင် သက်ဝင်သည်နှင့် လုပ်ငန်းကဏ္ဍအတွက် များစွာသောပြောင်းလဲတိုးတက်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ တင်ပို့မှုမှာချက်ခြင်းမြင့်တက်သွား နိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အရှေ့ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမဲသားနှင့် သိုးထောက်ပံ့မှုတွင် ကြပ်တည်းခဲ့သည်ကို တွေ့ခဲ့ရသော်လည်း မိုးခေါင်မှု လျော့နည်းလာသည်နှင့်အမျှ ပြောင်းလဲလာမည်ဖြစ်ပြီး၊ အရှေ့ပိုင်းပြည်နယ်များတွင် သိုးအုပ်စုဆောင်းမှု မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ အလားတူစွာ နွားအုပ်စုဆောင်းမှုလည်း တိုးတက်လာနိုင်သည့်အတွက် နောက်နှစ်အနည်းငယ်အတွင်း လုပ်ငန်းကဏ္ဍပိုမိုတိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ဂျပန်နိုင်ငံသည် သြစတြေးလျ အမဲသား တင်ပို့မှု၏ ၂၇ % ကို ဆက်တိုက် တင်သွင်း လျက်ရှိပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုက တရုတ်နိုင်ငံရှိဝက်အများအပြား သေကြေပျက်ဆီးမှုဖြစ်ပေါ်စေခဲ့ရာ ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း တရုတ်ဈေးကွက်မှပရိုတိန်းအစား

MIS DOP

ထိုးအသားများကို ရှာဖွေခြင်းဖြင့် ဩစတြေးလျ Red Meat ဝယ်လိုအား အားကောင်းလာခဲ့ခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအားမှာနှေးကွေးနေသော်လည်း ဩစတြေးလျအတွက် ထင်ရှားသောဈေးကွက်အဖြစ် ဆက်လက်ရပ်တည်ဆဲဖြစ်ကာ ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ကလည်း အဓိကတင်သွင်းသူများအဖြစ် ရပ်တည် လျက်ရှိပါသည်။ သိုးသားအတွက် တရုတ်နှင့် အမေရိကန်တို့က ခိုင်မာသော တင်သွင်းမှု ဈေးကွက်များဖြစ်ကြပါသည်။ အမေရိကန်နိုင်ငံသည် သိုးသားထုတ်လုပ်လျက်ရှိသော်လည်း သိုးသားတင်သွင်းမှုတွင် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့က အဓိကနေရာယူထားပါ သည်။ သို့သော်လည်းကုန်စည်များကို သင်္ဘောဖြင့် တင်ပို့ရာတွင် စိန်ခေါ်မှုများစွာရှိနေပြီး၊ လေကြောင်းဖြင့်တင်ပို့မှုမှာလည်း ကျဆင်းလျက်ရှိပါသည်။

ဩစတြေးလျသည် အအေးခဲအမဲသားကို ဒုတိယအကြီးဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပြီး၊ အအေးခဲသိုးသားကို အများဆုံးတင်ပို့လျက်ရှိနေရာ လေကြောင်းကုန်စည် ပို့ဆောင်ရေးကို မှီခိုနေရသည့်အတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ရလျက်ရှိပါသည်။ လေကြောင်းကုန်စည်ပို့ဆောင်မှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ဩစတြေးလျ Red Meat အတွက် ခိုင်မာသောကမ္ဘာ့ဝယ်လိုအားကို ရရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

www.farmweekly.com.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.....................................................

## နယူးဆောက်ဝေးလ်ပြည်နယ်၏ နို့ထွက်ပစ္စည်းမှ အမြတ်ရရှိမှု ၁၀ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခြင်း

၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၊ နယူးဆောက်ဝေးလ်ပြည်နယ်၏ နို့ထွက်ပစ္စည်းထုတ်လုပ်မှုမှ အမြတ်အစွန်းရရှိမှုသည် ၁၀ နှစ်အတွင်းအမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။ ပိုမိုကောင်းမွန်သော ရာသီအလိုက်အခြေအနေများနှင့် အစာရရှိနိုင်မှု တိုးတက်လာခြင်းကြောင့် ပျမ်းမျှနို့ထွက်ပစ္စည်းမွေးမြူရေးခြံ အမြတ်ငွေသည် ဩစတြေးလျ ဒေါ်လာ ၄၇၁,၄၃၇ သို့ တိုးလာခဲ့ကြောင်း NSW Dairy Farm Monitor Project က ထုတ်ဖော်ပြောကြားခဲ့သည်။ ပျမ်းမျှမိုးရွာသွန်းမှုထက် စိုစွတ်ပြီး၊ နွေရာသီအပူချိန်များနှင့်အတူ မွေးမြူသူအများစုသည် ကောင်းမွန်သောရာသီအလိုက်အခြေအနေများကို အခွင့်ကောင်းရယူ၍ လုပ်ငန်းလည်ပတ်မှုမှ အမြတ်အစွန်းများကို ရယူပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ဆောင်းဦးရာသီတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သော ရေလွှမ်းမိုးမှုများသည် ကမ်းရိုးတန်းဒေသများရှိ မွေးမြူရေးခြံအများအပြားအတွက် စိန်ခေါ်မှုများ ဖန်တီးပေးကာ တိရစ္ဆာန်ကျန်းမာရေးပြဿနာများနှင့် စားကျက်မြေများ၊တိရစ္ဆာန်များ၊ အခြေခံအဆောက်အအုံများနှင့် ခြံစည်းရိုးအကာအရံများကို ဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း နို့နှင့် မွေးမြူရေးထုတ်ကုန်များ၏ ခိုင်မာသောဈေးနှုန်းများ၊ တိရိစ္ဆာန်အစာ ကုန်ကျစရိတ်လျော့ကျခြင်း၊ ခြံထွက်တိရိစ္ဆာန်အစာရရှိမှုတို့ကြောင့် အမြတ်ငွေများတိုးလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

[www.farmonline.com.au](http://www.farmonline.com.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုကြောင့် သွင်းကုန်တင်သွင်းမှု တားမြစ်ပိတ်ပင်ထားခြင်း

MSDOP

ဟောင်ကောင်အထူးအုပ်ချုပ်ရေး ဒေသသည် ဥရောပနှင့် အာရှဒေသတို့၌ ကြက်ငှက်တုပ်ကွေး H5N1 နှင့် H5 bird flu တို့ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိသောကြောင့် ပိုလန်၊ နယ်သာလန်၊ နော်ဝေ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ကြက်သားနှင့် ကြက်ဥများ တင်သွင်းမှုအား ယာယီရပ်ဆိုင်းထားကြောင်း၊ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်မှုများဖြစ်ပေါ်စေကြောင်း၊ ရောဂါဖြစ်ပွားစေသည့်ပိုးမွှားများ ပေါက်ပွားမှုအား ထိန်းချုပ်နိုင်ရန်နှင့် ပုပ်သိုးပျက်စီးမှုကာကွယ်နိုင်ရန်အတွက် လေထုထိန်းသိမ်းထားနိုင်ရန် ထုပ်ပိုး၍ရောင်းချသည့် အေးခဲကြက်သား (Chilled Poultry meat) (၄၀) တန်နှင့် အေးခဲကြက်သား (Frozen poultry meat) (၂၅၃၀)တန်နှင့် ကြက်ဥလုံးရေ(၂၁၀) မီလီယံတို့အား ယခုနှစ်ပထမ(၉) လအတွင်း ဟောင်ကောင်ဒေသသည် ဂျပန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ ကြက်သားများနှင့် ကြက်ဥများ တင်သွင်းမှုယာယီရပ်ဆိုင်းမှုကြောင့် စားသောက်ဆိုင်များအပေါ် သက်ရောက်မှုများ ဖြစ်ပွားနိုင်ပြီး ဂျပန်နိုင်ငံမှတင်သွင်းသည့် ကြက်ဥဈေးနှုန်းမှာ(၁၀၀) ရာခိုင်နှုန်း မြင့်မားသွားနိုင်သောကြောင့် တရုတ်ပြည်မကြီးမှ ကြက်ဥများကို စားသုံးမှုပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ တင်သွင်းသည့်ကြက်ဥများ၏ဈေးနှုန်း မည်မျှမြင့်တက်နိုင်သည်ကိုပြောကြားရန် မလွယ်ကူကြောင်း၊ သို့ဖြစ်ရာဂျပန်မှကြက်ဥဈေးနှုန်းများမြင့်မားပါက စားသောက်ဆိုင်များအနေဖြင့် တရုတ်ပြည်မကြီးမှကြက်ဥများကို အသုံးပြုကြမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် Standard သတင်းစာ၌ Maisy Mok Reuters က "Import Bans Amid Bird Flu Outbreaks" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံ၊ ခါဂိုရှီးမားခရိုင်(Kagoshima prefecture)၊ Izumi City ရှိ ကြက်ခြံ၌ကြက်ဥ (၁၁,၀၀၀) လုံးတွင် H5N8 ကြက်ငှက် တုပ်ကွေးအား ရှာဖွေတွေ့ရှိခဲ့ ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့ကြောင်း၊ ဥရောပနှင့် အာရှဒေသတို့၌ ကြက်ငှက်တုပ်ကွေးရောဂါများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိပြီး လျင်မြန်စွာ ပျံ့နှံ့လျက်ရှိသော ကြောင့် မကြာသေးခင်ရက်ပိုင်းအတွင်းက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ အစီရင်ခံတင်ပြ ထားခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံရှိ Chungcheongbuk-do နှင့် Jeollanam-do ပြည်နယ်များ၌ လည်း H5N1 ဖြစ်ပွားမှုတွေ့ရှိခဲ့ကြောင်း ပြင်သစ်နိုင်ငံအခြေစိုက်အဖွဲ့အစည်းမှ ဟောင်ကောင် ဒေသ အစားအစာဘေးကင်းလုံခြုံရေးစင်တာ (Center for Food Safety) သို့ အကြောင်းကြားခဲ့ ကြောင်း၊ ကိုရီးယားနိုင်ငံ၊ Chungcheongbuk -do ပြည်နယ်ရှိ ကြက်မွေးမြူရေးခြံ၌ ကြက်ကောင် ရေ (၇၇၀,၀၀၀) ၌ ရောဂါဖြစ်ပွားလျက် ရှိပြီး အဆိုပါကြက်များမှာ အသားထုတ်လုပ်ရန် မွေးမြူထားသောကြက်များဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံမှလည်း အစီရင်ခံတင်ပြထား ကြောင်း၊ ဟောင်ကောင်ဒေသသည် ယခုနှစ်၊ ပထမ (၉) လအတွင်း ကိုရီးယားနိုင်ငံမှ အေးခဲ ကြက်သား(၁၀) တန်နှင့် ကြက်ဥ (၂၈၀,၀၀၀) လုံး တင်သွင်းခဲ့ကြောင်း၊ ဥရောပဒေသ၌ Rogaland County ၌ ငှက်ကောင်ရေ (၇,၀၀၀) တွင် H5N1 တွေ့ရှိခဲ့ကြောင်း နော်ဝေနိုင်ငံမှ အစီရင်ခံတင်ပြခဲ့ကြောင်း၊ သို့ဖြစ်ရာ နော်ဝေနိုင်ငံ၊ Rogaland County နှင့်နယ်သာလန်နိုင်ငံ၊ Groningen တို့မှ ကြက်သားနှင့် ကြက်ဥထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်းအား ယာယီရပ် ဆိုင်းခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

MIS DOP

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ဟောင်ကောင်စီးပွားရေးသတင်းများ

### New Era တွင် ဈေးရောင်းပွဲတော်များအတွက် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင် ကြုံတွေ့ရနိုင်ခြင်း

တရုတ်ပြည်မကြီး၌ ကျင်းပပြုလုပ်သည့် Singles' Days ဈေးရောင်းပွဲတော်၌ ဈေးဝယ်သူ များအပေါ် ထိရောက်သည့်လွှမ်းမိုးမှုများ လျော့ကျလျက်ရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး အွန်လိုင်းပွဲ တော်ဖြစ်သည့် Singles' Days ဈေးရောင်းပွဲတော်သည် ဆက်လက်အောင်မြင် နေမည်ဖြစ် ကြောင်း၊ ယခုနှစ် Singles' Days ဈေးရောင်းပွဲတော်၌ Alibaba Group Holding ၏ Gross Merchandise Value (GMV) မှာ ၈.၄၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ E-commerce လုပ်ငန်း

လုပ်ကိုင်သူများနှင့် platform အမျိုးမျိုးမှ ဈေးရောင်းပွဲတော်များ တစ်နှစ်ပတ်လုံးကျင်းပပြုလုပ်ပြီး ဈေးလျှော့ရောင်းချမှုများကြောင့် စားသုံးသူများ၏ အလေ့အထများမှာ ပုံမှန်ပြောင်းလဲလာမှုကြောင့် တရုတ်ပြည်မကြီး၏ဂျီဒီပီမှာ ဒုတိယသုံးလပတ်တွင်(၇.၉) ရာခိုင်နှုန်းမှ တတိယသုံးလပတ်တွင် (၄.၉) ရာခိုင်နှုန်းသို့ လျော့ကျခဲ့ရာ တရုတ်ပြည်မကြီး၏ စီးပွားရေးတိုးချဲ့နိုင်မှုမှာ နှေးကွေးလာကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ ၌ Xinmei Shen က "Shopping Fest Faces Challenge in New Era" ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် တရုတ်ပြည်မကြီး၌ နှစ်စဉ်ကျင်းပပြုလုပ်သည့် 11:11 အွန်လိုင်းဈေးရောင်းပွဲတော်မှာ ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း၊ လျှော့ဈေးများနှင့် ရောင်းချမှုများကြောင့်ဝယ်ယူသူများမှာဈေးနှုန်းချိုသာပြီး ပိုမိုကောင်းမွန်သည့်ပစ္စည်းများကို ရွေးချယ်ဝယ်ယူလာသောကြောင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် 11:11အွန်လိုင်းဈေးရောင်း ပွဲတော်မှာလည်း ရောင်းချမှုပုံစံပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊တရုတ်နိုင်ငံ၌ E-commerce လုပ်ငန်းမှာ ဆက်လက်အရေးပါလျက်ရှိကြောင်း၊ စားသုံးသူများ၏အလေ့အထ များပြောင်းလဲမှုများကို စောင့်ကြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီး၌လည်း ဈေးကွက်လက်ဝါးကြီးအုပ်သည့် အလေ့အကျင့်များအား ထိရောက်စွာနှိမ်နင်းနိုင်မှုများနှင့် စားသုံးသူများ၏ အချက်အလက်များလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်ပြောကြားခဲ့သည့် စီးပွားရေးနှင့် လူမှုရေးမညီမျှမှုများလျှော့ချနိုင်ရန်"Common Prosperity"အတွက် မောင်းနှင်အားအဖြစ် အစပျိုးမှုအသစ်အနေဖြင့် ချဉ်းကပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လာမည့်နှစ်များအတွင်း Singles' Days ဈေးရောင်းပွဲတော်၏ စီးပွားရေးလုပ်ဆောင်မှုများလျော့နည်းနိုင်ကြောင်း၊ သို့သော် တရုတ်လူမျိုးစားသုံးသူများအနေဖြင့် Singles' Days အား အထူးဈေးရောင်းပွဲတော်အဖြစ် ဆက်လက်၍ လက်ခံဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………..

## တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်အား ၂၀၂၂ ခုနှစ်၊ ဇွန်လကုန်တွင် အပြည့်အဝ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသသည် ကန့်သတ်စောင့်ကြည့်မှုကင်းလွတ်သည့် ခရီးသွားလာမှု အတွက် နောက်အကျဆုံးအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များ အပြည့်

MS DOP

အဝဖွင့်လှစ်ရန် ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခဲ့သဖြင့် ဒေသ၏စီးပွားရေးအပေါ် ထိခိုက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလလယ်မှစတင်၍ အဆင့် (၃) ဆင့်ဖြင့် နယ်စပ်ဂိတ် ဖွင့်လှစ်ရန် ဆောင်ရွက်သည့် စီမံကိန်း အဆင်ပြေချောမွေ့ပါက ၂၀၂၂ ခုနှစ်၊ ဇွန်လထက်စော၍ နယ်စပ်ဂိတ်များအားအပြည့်အဝ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသနယ်စပ်ရှိ ရှန်းကျန့် ဒေသမှစတင်၍ ခရီးသွားများ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေကြောင်းဖြင့် ခရီးသွားလာမှုဖွင့်လှစ်ရန် စတင်ဆောင်ရွက်ခြင်းမရှိသေးကြောင်း၊ အစီအစဉ်ဆောင်ရွက်မှု အစောပိုင်းတွင် ကွမ်တုံးပြည်နယ်မှ ခရီးသွားများအတွက် အရေအတွက်ခွဲတမ်းအား တရုတ်ပြည်မကြီးမှ ကန့်သတ်ထားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် သက်ကြီးရွယ်အိုများ အလည်အပတ်သွားရောက်မှုနှင့် ဈာပနအခမ်းအနားများ တက်ရောက်ရန်အတွက် သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Wiilliam Zheng နှင့် Jack Tsang က " Full Reopening of Mainland Border 'By June'"ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ခရီးသွားများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံထားခြင်း၊ ကိုဗစ်-၁၉ ကူးစက်မှု ဆေးစစ်ထားခြင်း၊ ဟောင်ကောင်ဒေသ၌ အသုံးပြုသည့် ကူးစက်မှုများနှင့် ထိတွေ့မှု နောက်ကြောင်းလိုက်သည့် Leave Home Safe application မှတ်တမ်းများ တင်ပြခြင်းနှင့် တရုတ်ပြည်မကြီးသို့ရောက်ရှိချိန်တွင် Health Code ရရှိရန် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ခရီးသွားအရေအတွက် ခွဲတမ်းကန့်သတ်ချက်ဖြင့် စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါဆောင်ရွက်မှု အဆင် ပြေသည့်အပေါ်အခြေခံ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခရီးသွားအရေအတွက် ပိုမိုခွင့်ပြုသွားမည်ဖြစ်ပြီး၊ဇွန်လတွင် ခရီးသွားအရေအတွက် အကန့်အသတ်မရှိ အပြည့်အဝ ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးစက်မှုနှုန်း အနည်းဆုံး ဒေသအဖြစ် သတ်မှတ်မှုတွင် (၁၄) ရက်ကြာ ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မှု အတည်ပြုချက် (၁၀) ဦးအောက်နည်းပြီး ကိုဗစ်-၁၉ အစုလိုက်အပြုံလိုက်ကူးစက်မှုတွင် တစ်နေရာတည်းတွင် (၅) ဦး အောက်နည်း သည့် အရေအတွက်ဖြင့် ကူးစက်မှုတစ်ခုသာ ရှိရမည်ဖြစ်ကြောင်း၊ အဆိုပါရက်သတ္တပတ် (၂) ပတ်အတွင်း ကူးစက်မှုမှာ သတ်မှတ်ချက်အရေအတွက်ထက် ကျော်လွန်ပါက ကူးစက်မှုနှုန်းမြင့်မားသည့်ဒေသအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှင့် မိသားစုများ ကြာရှည်စွာခွဲခွာနေရမှုမှာ အချိန်ကာလ (၂) နှစ်ကျော် ကြာမြင့်ပြီဖြစ်သောကြောင့် ဒေသခံနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များမှ နယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်ရန် ပြောကြားလျက်ရှိသောကြောင့် ဟောင်ကောင်ဒေသအစိုးရအတွက် ဖိအားများဖြစ်ပေါ်လျက်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်သွားလာမှု ကန့်သတ်ချက်များကြောင့် တရုတ်ပြည်မကြီးရှိ

MIS DOP

ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်နိုင်ငံ နိုင်ငံတကာပို့ကုန်သွင်းကုန်ပြပွဲသို့ ဒေသခံစီးပွားရေး လုပ်ငန်းရှင်များ သွားရောက်နိုင်ခဲ့ခြင်းမရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………

## ဟောင်ကောင်ဒေသ၌ အလုပ်အကိုင်ရရှိမှုအခြေအနေ ကောင်းမွန်အောင်ပြန်လည် ဆောင်ရွက်လျက်ရှိကြောင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၂ ခုနှစ်၊ ဩဂုတ် လမှ အောက်တိုဘာလအတွင်း (၄.၃) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ သို့ဖြစ်ရာ လွန်ခဲ့သော (၃) လနှင့် နှိုင်းယှဉ်လျှင် (၀.၂) ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း သုံးလပတ်ကာလနှင့် နှိုင်းယှဉ်လျှင် အလုပ်လက်မဲ့နှုန်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်း အရေအတွက်မှာ (၈,၈၀၀) ဦးမှ (၁၇၁,၈၀၀) ဦးအထိ လျော့ကျခဲ့ကြောင်း၊ အချိန်ပိုင်း အလုပ်သမား အရေအတွက်ရေ မှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း တွင် (၁.၉) ရာခိုင်နှုန်းမှ (၂.၁) ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၂၀၂၂ ခုနှစ်နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် Standard သတင်းစာ၌ “Employment situation in HK stays on the mend” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ၌ စားသုံးမှုနှုန်းနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ကဏ္ဍများတွင် အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းကဏ္ဍတွင် ဩဂုတ်လမှ အောက်တိုဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ (၀.၈)ရာခိုင်နှုန်းမှ (၇.၇)ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်းလျော့ကျခဲ့သည့် အခြားသောကဏ္ဍများမှာ အိမ်အလှဆင်လုပ်ငန်းများ၊ အဆောက်အအုံပြန်လည်ပြင်ဆင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေလုပ်ငန်းကဏ္ဍများတွင်လည်း သိသာစွာလျော့ကျခဲ့ကြောင်း၊ အလုပ်သမားဈေးကွက်မှာ ဆက်လက်တိုးတက်သင့်သော်လည်း အလုပ်သမားဈေးကွက်တိုးတက်ရန်မှာမူ စီးပွားရေးပြန်လည်နာလန်ထူမှုအပေါ်မူတည်ကြောင်း၊ ဟောင်ကောင်အလုပ်သမားနှင့် လူမှုဖူလုံရေးအတွင်းဝန် (ဝန်ကြီး) Mr. Law Chi-kwong ကပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်ဒေသတွင်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှုလျော့နည်းရန်နှင့် စားသုံးသူများအတွက် ဒေသအစိုးရမှ ပံ့ပိုးပေးသည့် Consumption Voucher Schemme တို့ကိုမကြာမီကာလအတွင်း ဆက်လက်ပံ့ပိုးပေးသင့်ကြောင်း၊ လာမည့်နှစ်တွင် ကုန်ဈေးနှုန်းမတက်မီ ဟောင်ကောင်ဒေသရှိ အလုပ်သမားများအတွက်

MIS DOP

လစာကို (၃.၂) ရာခိုင်နှုန်း တိုးမြှင့် ပေးနိုင်ရန် မျှော်လင့်ထားကြောင်း၊ ECA Interntional Firm ၏ စစ်တမ်း ကောက်ယူချက်များအရ ဟောင်ကောင်ဒေသ၏ အဆိုပါလစာတိုးမြှင့်မှုမှာ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် (၀.၇) ရာခိုင်နှုန်း ပိုမိုမြင့်မားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဟောင်ကောင်ဒေသ၏ လုပ်ခလစာတိုးမြှင့်ပေးမှုမှာ ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် (၂) ဆ မြင့်မားမည်ဖြစ်ကြောင်း၊ သို့သော် အချို့သောအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဟောင်ကောင်ဒေသ၏လစာမှာ နည်းပါးလျက်ရှိမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးရှိ အလုပ်သမားများအတွက်လစာမှာ ပျမ်းမျှအားဖြင့် (၅.၈) ရာခိုင်နှုန်း မြင့်တက်ရန် မျှော်လင့်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၌ အလုပ်သမားများအတွက် လစာ (၄.၂) ရာခိုင်နှုန်းမြင့်တက်ရန် မျှော်မှန်းထားကြောင်း၊ စင်ကာပူနိုင်ငံနှင့် ထိုင်ဝမ်ဒေသတို့၌လည်း အလုပ်သမားများအတွက် လစာ (၃.၅) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်နောက်ဆုံးနှစ်လအတွက် ပို့ကုန်တင်ပို့မှုအပေါ် တက်ကြွလျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

အောက်တိုဘာလတွင် ထိုင်းပို့ကုန်တင်ပို့မှုသည် နှစ်အလိုက်တွင်(၁၇.၄%) တိုးတက်ခဲ့ပြီး ယခုနှစ်အတွက် (၁၅-၁၆%)တိုးတက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ယုံကြည်လျှက်ရှိနေပြီး ဝန်ကြီးဌာနကရည်မှန်းထားသည်ထက် (၄%) ပိုမို မြင့်မားနိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမူဝါဒနှင့်မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat ၏ အဆိုအရ ယခုနှစ် ကျန်ရှိသော (၂)လအတွက် ပို့ကုန်တင်ပို့မှုအနေဖြင့် တစ်လလျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ(၂၂)ဘီလီယံ ရရှိရန်မျှော်မှန်းထားကြောင်း၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့အတွက် ပို့ကုန်တိုးတက်မှုနှုန်းမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၁၇%)အထိ တိုးတက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တစ်နှစ်ပတ်လုံးအတွက် ပို့ကုန်တိုးတက်မှု(၁၅-၁၆%)ရရှိနိုင်ပြီး အမေရိကန်ဒေါ်လာ (၂၆၆.၃၇-၂၆၈.၆၉)ဘီလီယံ ရရှိနိုင်ကြောင်း၊ ၎င်းမှာ(၁၂)နှစ်တာကာလအတွင်း အမြင့်မားဆုံးတိုးတက်မှုဖြစ်ကြောင်း ၊ ၎င်းမှာ အချို့သောပို့ကုန်များတင်ပို့မှုကြောင့်ဖြစ်ပြီး အမေရိကန်ဈေးကွက်သို့တင်ပို့သည့် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ၊ တယ်လီဖေးရှင်းစက်များကဲ့သို့

သောပို့ကုန်များနှင့် ဂျပန်စျေးကွက်သို့တင်ပို့သည့် ပြုပြင်ထားသောကြက်သားနှင့် စက်ပစ္စည်းတို့မှာ ကျဆင်းလျှက်ရှိနေကြောင်း သိရှိရပါသည်။

အောက်တိုဘာလတွင် အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၂၂.၇၃) ဘီလီယံရှိပြီး (၃၂.၉၈%)တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၄.၆%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၃.၁၀) ဘီလီယံရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ(၃၇၀.၂) သန်း ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ပို့ကုန်တိုးတက်မှုမှာ (၈)လမြောက်ဆက်တိုက် ပို့ကုန်တိုးတက်မှုဖြစ်ကြောင်း၊ ဖေဖော်ဝါရီလတွင် ပို့ကုန်(၂.၅၉%)ကျဆင်းခဲ့ပြီးသည့်နောက်၊ မတ်လတွင်(၈.၄၇%)၊ ဧပြီ တွင်(၁၃.၁%)၊ မေလတွင်(၄၁.၆%)နှင့် ဇွန်လတွင်(၄၃.၈%)၊ ဇူလိုင်လတွင်(၂၀.၃%)၊ ဩဂုတ် လတွင် (၈.၃၉%)၊ စက်တင်ဘာလတွင် (၁၇.၁%)တိုးတက်ခဲ့ပြီးနောက် အောက်တိုဘာလ တွင်(၈)မြောက်လအဖြစ်ဆက်တိုက်တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရွှေ၊ ရေနံ၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်တို့မပါဝင်ဘဲ အခြားပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ဩဂုတ်လတွင်(၁၉.၄%)နှင့် စက်တင်ဘာလတွင်(၁၄.၈%) တိုးတက်ခဲ့ပြီး နောက် အောက်တိုဘာလတွင်(၁၂.၂%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ် ပထမ (၁၀) လအတွက် ပို့ကုန်တင်ပို့မှုမှာ (၁၇.၇%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂၂.၇၃) ဘီလီယံ ရရှိခဲ့ပြီး သွင်းကုန်တင်သွင်းမှုမှာ (၃၁.၃%)တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ (၂၂၁.၀၈) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ (၁.၆၄)ဘီလီယံ ရှိခဲ့ကြောင်း သိရှိရပါသည်။

အောက်တိုဘာလတွင် တိုးတက်တင်ပို့ခဲ့သော ပို့ကုန်များတွင်ဆန်၊ ပီလောပီနံထုတ်ကုန်၊ ရာဘာ၊ ဆီအုန်း၊ သကြား၊ တိရစ္ဆာန်အစာ၊ စသည့်လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်များ၊ ဟင်းခတ်အမွှေးအကြိုင်၊ အိမ်မှနေရင်းအလုပ်လုပ်သည့်ပစ္စည်းများ၊ ကွန်ပျူတာများနှင့် အစိတ်အပိုင်းများ၊ ရေဒီယိုနှင့် တယ်လီဗေးရှင်းဖမ်းစက်များနှင့် အစိတ်အပိုင်းများ၊ မိုက်ကရိုဝေ့မီးဖို၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများစသည့် အိမ်အသုံးအဆောင် ပစ္စည်းများဖြစ်ကြောင်းသိရှိရပါသည်။

အခြားတိုးတက်တင်ပို့နိုင်သော ကုန်ပစ္စည်းများတွင် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဝါးထုတ်ကုန်များကဲ့သို့သော ကိုဗစ်၁၉ကာကွယ်တားဆီးရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ သံ၊ သံမဏိနှင့် ၎င်းတို့၏ထုတ်ကုန်များ၊ ဓါတုဗေဒပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းကော်စေ့များ၊ ရာဘာတာယာများ၊ အီလက်ထရောနစ်ပေါင်းစပ် ဆားကစ်ပစ္စည်းများ၊ စက်ကရိယာအစိတ်အပိုင်းများ၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ ရွှေမပါဝင်သည့် ကျောက်မျက် နှင့်လက်ဝတ်ရတနာများကဲ့သို့သော ဇိမ်ခံပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။

MIS DOP

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်၏ ပြောကြားချက်အရ အောက်တိုဘာလပို့ကုန်တိုးတက်မှုမှာ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ တက်ကြွသော ပို့ကုန်မြှင့်တင်ရေးလှုပ်ရှားမှုများ၏ အထောက်အပံ့များ၊ lockdown ဖြေလျှော့ဆောင်ရွက်ပေးခဲ့မှု အစီအမံများ၊ တိုင်းပြည်များစွာတို့၌ ကာကွယ်ဆေးထိုးနှံမှု မြင့်မားစွာတိုးတက်လာမှု၊ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှု၊ ဘတ်ငွေတန်ဖိုးအားနည်းမှုနှင့် ရေနံဈေးမြင့်တက်မှုတို့ကြောင့် ဖြစ်ကြောင်းသိရှိရပါသည်။

Source: Bangkok Post

https://www.bangkokpost.com/business/2219795/commerce-ministry-upbeat-on-exports-in-last-2-months-of-the-year

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………………………………………

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### နိုင်ငံခြားကုန်သွယ်မှုအရည်အသွေး မြှင့်တင်သွားရန်ရှိသည့် တရုတ်နိုင်ငံ

(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅)ကာလအတွင်း နိုင်ငံခြားကုန်သွယ်မှုကို အရည်အသွေးမြှင့်တင်၍ အကောင်အထည်ဖော်ဆောင်သွားရန် နိုင်ငံတော်ကောင်စီက အတည်ပြုလိုက်ကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်ပါသည်။

အဆိုပါစီမံကိန်းကို တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားဌာနများက အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး၊ လမ်းညွှန်ပေးမည့် အယူအဆများ၊ အခြေခံမှုများ၊ အဓိကရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် ပံ့ပိုးပေးမည့် စီမံဆောင်ရွက်မှုများကို ဆက်လက်ချမှတ်သွားမည်ဟု သိရပါသည်။

စီမံကိန်း၌ နိုင်ငံခြားကုန်သွယ်ရေးတွင် တီထွင်ဆန်းသစ်မှုနှင့် အသွင်ပြောင်းလဲဖွံ့ဖြိုးဆောင်ရွက်မည့်ပုံစံတို့ကိုလည်းကောင်း၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေရန် အသွင်ပြောင်းလဲဆောင်ရွက်မှု၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှု၊ ထပ်မံ၍ တံခါးဖွင့်လှစ်ပေးမှုနှင့် ပိုမိုကောင်းမွန်သည့် ဆုံးရှုံးနိုင်ခြေထိန်းချုပ်ရေးတို့ကိုလည်းကောင်း အသားပေး၍ ဖော်ပြထားပါသည်။

အမျိုးအစား (၁၀)ရပ်အောက်တွင် အဓိကလုပ်ငန်းတာဝန် (၄၅)ခုတို့ကို စီမံကိန်း၌ ဖော်ပြထားပြီး၊ ၎င်းတို့တွင် ကုန်စည်ကုန်သွယ်မှုပုံစံ၊ ဝန်ဆောင်မှုကုန်သွယ်ရေး တီထွင်ဆန်းသစ်မှု၊

MIS DP

နိုင်ငံခြားကုန်သွယ်ရေးပုံစံအသစ်များ၊ ပိုမိုကောင်းမွန်သည့် ဆုံးရှုံးနိုင်ခြေထိန်း ချုပ်ရေးစနစ်တို့လည်း ပါဝင်ပါသည်။

ယခုနှစ်ပထမ(၉)လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးသည် ယခင်နှစ်ကထက် (၂၂.၇) ရာခိုင်နှုန်း တိုးတက်လာကာ ယွမ်ငွေ (၂၈.၃၃) ထရီလီယံ (အမေရိကန် ဒေါ်လာ ၄.၄၃ ထရီလီယံခန့်) ရှိခဲ့ပြီး၊ ဈေးကွက်မျှော်မှန်းချက်ထက် သာလွန်ခဲ့သည်ဟု သိရ ပါသည်။

ရင်းမြစ်၊ Xinhua (၂၄-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..............................................

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်အသက်ဝင်လာတော့မည့် တရုတ်-ကမ္ဘောဒီးယား FTA

တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်မှာ လာမည့်နှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်အသက်ဝင်တော့မည် ဖြစ်ပါသည်။

အဆိုပါသဘောတူညီချက်ကို ယခင်နှစ် အောက်တိုဘာလ (၁၂)ရက်နေ့တွင် တရားဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး၊ နှစ်နိုင်ငံကြားကုန်သွယ်မှုပြုနေသည့် ကုန်စည်များ၏ (၉၀) ရာခိုင်နှုန်းကျော်ကို အခွန်နှုန်းသုညသို့ လျှော့ချထားကြောင်း သိရပါသည်။

ကုန်စည်ကုန်သွယ်ရေးအပြင် ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍများကိုလည်း တတ်နိုင်သမျှတံခါးဖွင့်ပေးသွားမည်ဟု သဘောတူညီချက်တွင် ဖော်ပြထားပါသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှု၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း၊ e-commerce နှင့် စီးပွားရေးနှင့်နည်းပညာဆိုင်ရာကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားရန် နှစ်ဖက်နိုင်ငံများက သဘောတူညီထားကြပါသည်။

လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်မှာ နှစ်နိုင်ငံကြားစီးပွားရေးနှင့် ကုန်သွယ်ဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်သစ်များဖြစ်ကြောင်း၊ နှစ်နိုင်ငံလုပ်ငန်းများနှင့် ပြည်သူများ ပိုမိုကြွယ်ဝချမ်းသာစေရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ Xinhua (၂၂-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

MIS DOP

## တရုတ်နိုင်ငံ၏ မြေရှားသတ္တုဈေးနှုန်းအညွှန်းကိန်း မြင့်တက်နေ

နိုဝင်ဘာလ (၂၃)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မြေရှားသတ္တုအညွှန်းကိန်းမှာ (၇၅၅) မှတ် ဖြစ်ပြီး၊ ၎င်းအမှတ်မှာ အမြင့်ဆုံးအမှတ် (၁၀၀၀)သို့ရောက်ရှိခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့ကထက် (၂၄.၅၀) ရာခိုင်နှုန်းကျဆင်းခဲ့ကာ၊ အနိမ့်ဆုံးအမှတ် (၂၇၁) မှတ်သို့ ကျဆင်းခဲ့သည့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်နေ့ကထက် (၁၇၈.၆၀) ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် လုပ်ငန်းလုပ်ဆောင်မှုအားကောင်းသည့် ပစ္စည်းများအတွက် အဓိက အသုံးပြုသည့် မြေရှားသတ္တုအမျိုးအစားများမှာ praseodymium နှင့် neodymium oxide ကဲ့သို့ အပေါ့စားသတ္တုများနှင့် dysprosium oxide နှင့် terbium oxide ကဲ့သို့ အလေးစား သတ္တုများ ဖြစ်ပါသည်။ ၎င်းသတ္တုများကို စွမ်းအင်အသစ်သုံး မော်တော်ယာဉ်များ၊ လေအားလျှပ်စစ်၊ စွမ်းအင်သုံးစွဲမှုနည်းပါးသည့် လေအေးပေးစက်များ၊ သမားရိုးကျမော်တော်ယာဉ်များနှင့် အခြားနယ်ပယ်များတွင်အသုံးပြုပါသည်။ ပြည်တွင်းဖြစ်အိမ်အသုံးအဆောင် စွမ်းအင်အသုံးပြုမှု သက်သာသည့် လေအေးပေးစက်များ၏ ဈေးကွက်ထိုးဖောက်မှုအားမှာ ဆက်လက်မြင့်တက်နေပါသည်။ ထို့ပြင် လုပ်ငန်းကဏ္ဍအများအပြား၏ ဖွံ့ဖြိုးတိုးတက်မှုက မောင်းနှင်ပေးသည့် စွမ်းအင်အသစ်သုံးလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အမြဲတွယ်ကပ်နေသည့် သံလိုက်များအတွက် ဝယ်လိုအားကောင်းနေပါသည်။

တရုတ်ပြည်တွင်း မြေရှားသတ္တုအညွှန်းကိန်းမှာ praseodymium နှင့် neodymium အမျိုးအစားသတ္တုများတွင် မြင့်တက်လျက်ရှိပါသည်။ praseodymium neodymium oxide အမျိုးအစား၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၇၉၂,၅၀၀) ဖြစ်ကာ၊ praseodymium neodymium သတ္တုအမျိုးအစား၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် (၅,၀၀၀)တက်လာကာ (၉၆၅,၀၀၀) ယွမ်သို့ ဈေးနှုန်းမြင့်တက်လာပါသည်။ praseodymium ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် (၁)သောင်းခန့်တက်လာကာ ယွမ်ငွေ (၈၄၅,၀၀၀)အထိ ဖြစ်လာပါသည်။ neodymium oxide ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် (၅)ထောင်တက်၍ ယွမ်ငွေ (၈၂၂,၅၀၀) အထိ ဖြစ်လာပါသည်။

praseodymium သတ္တု၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁.၀၈)သန်း ဖြစ်၍၊ neodymium သတ္တု၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉၉၀,၀၀၀) ဖြစ်ပါသည်။ dysprosium oxide ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂.၉၂)သန်းဖြစ်ကာ၊ dysprosium ferroalloy ၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၈၉၀,၀၀၀) ဖြစ်ပါသည်။ dysprosium သတ္တု၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၃.၇၈)သန်း ဖြစ်ပါသည်။ တရုတ်ပြည်တွင်းရှိ အပေါ့

MIS DOP

စား မြေရှားသတ္တုဈေးနှုန်းများမှာ အတက်ဘက်တွင်ရှိနေပြီး၊ မကြာသေးမီက ဝယ်ယူ မှုများမှာမူ ယေဘုယျမျှသာရှိနေပါသည်။ လေးလံသည့်မြေရှား သတ္တု (heavy rare earth) ဈေးကွက်တွင် dysprosium ၏ ဈေးနှုန်းမှာတည်ငြိမ်နေပြီး၊ terbium ၏ ဈေးနှုန်းမှာ တစ်သမတ်တည်းဖြစ်နေလျက်၊ ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်ယူမှုများမှာ အဓိကဖြစ်နေပါသည်။

အဆင့်မြင့်သံလိုက်ပစ္စည်းများအတွက် ဝယ်လိုအားမှာပုံမှန်ဖြစ်နေကာ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတနေသော်လည်း မကြာမီအချိန်အတွင်း praseodymium နှင့် neodymium တို့ကို ပုံမှန်ဝယ်ယူမှု အမြင့်ဆုံးကာလသို့ ရောက်ရှိတော့မည်ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်နေပြီး၊ မြန်မာနိုင်ငံမှ မြေရှားသတ္တုတင်ပို့မှုကို တားမြစ်ထားသည့်အပြင်၊ တရုတ်နိုင်ငံ၏ "မြေရှားသတ္တုစီမံခန့်ခွဲရေး စည်းမျဉ်းစည်းကမ်းများ"ကိုလည်း မြှင့်တင်ဆောင်ရွက်လာတော့မည် ဖြစ်သည့်အတွက် တရုတ်ပြည်တွင်း မြေရှားသတ္တုဈေးကွက် (အထူးသဖြင့် လေးလံသည့်မြေရှားသတ္တုများ) ၏ ဈေးနှုန်းများမှာ အနာဂတ်တွင်ဈေးနှုန်းအမြင့်တန်း၌ပင် ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းသိရှိရပါသည်။

ရင်းမြစ်၊ SunSirs (၂၄-၁၁-၂၀၂၁)
ဒေါက်တာသွေးစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………

## တရုတ်နိုင်ငံတွင် ဆေးဝါးကုန်ကြမ်းဈေးကွက် အမြင့်ပိုင်း၌ ဆက်လက်ရှိနေ

နိုဝင်ဘာလ (၂၀)ရက်နေ့တွင် တရုတ်ဆေးဝါးကုန်ကြမ်းအညွှန်းကိန်းမှာ (၁,၃၄၁) မှတ်ဖြစ်ခဲ့ပြီး၊ စံချိန်တင်မြင့်မားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အနိမ့်ဆုံးအမှတ် (၉၇၅)မှတ်နှင့် နှိုင်းယှဉ်ကြည့်ပါက (၃၇.၅၄) ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပါသည်။

နိုဝင်ဘာလ ဒုတိယရက်သတ္တပတ်အတွင်း တရုတ်ဆေးဝါးကုန်ကြမ်းစာရင်း အနက် အမယ် (၂)မျိုးဖြစ်သည့် Angelica နှင့် Ophiopogon တို့၏ ဈေးနှုန်းများမှာ (၁.၀၃) ရာခိုင်နှုန်းနှင့် (၀.၇၄) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာပြီး၊ အမယ် (၆) မျိုးမှာ ဈေးနှုန်းတည်ငြိမ်နေကာ၊ ဈေးနှုန်းကျဆင်းသွားသည့် ကုန်ကြမ်းအမယ်မရှိကြောင်း သိရပါသည်။

MIS DOP

**Angelica**

Angelica မှာ လက်ရှိထုတ်လုပ်နေသည့် ကုန်ပစ္စည်းအသစ်ဖြစ်ပြီး၊ ဈေးကွက်ပေါက်ဈေးမှာ တစ်ကီလိုဂရမ်လျှင် ယွမ် (၄၀)ဝန်းကျင် ရှိပါသည်။ အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းဖြစ်လျှင်  (၄၆) ယွမ်မှ (၅၅) ယွမ်ကြား ဈေးပေါက်ပါသည်။ ဆေးဝါးထုတ်လုပ်သည့် စက်ရုံများသို့ ရောင်းချသည့်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၃၅) ယွမ်မှ (၃၆.၅) ယွမ်ကြား ဖြစ်ပါသည်။

Angelica အပိုင်းအစအသေးများ၏ ဈေးနှုန်းမှာ တစ်ကီလိုလျှင် (၃၆.၅) ယွမ်မှ (၃၇.၅) ယွမ်ကြား၊ အလယ်အလတ်အရွယ်အစားမှာ တစ်ကီလိုလျှင် (၃၈) ယွမ်မှ (၄၀) ယွမ်ကြား၊ အကြီးစားအပိုင်းအစများမှာ တစ်ကီလိုလျှင် (၄၁) ယွမ်မှ (၄၃) ယွမ်ကြား ဈေးရှိပါသည်။ လတ်ဆတ်သည့် Angelica ကုန်ပစ္စည်းများကို တရုတ်ပြည်တွင်းမှအမှာရှိပါက အဓိကရောင်းချပြီး ဈေးနှုန်းမှာ တစ် catty  လျှင် (၄.၅) ယွမ်မှ (၆.၅) ယွမ်ကြားဖြစ်ပါသည်။

**Ophiopogon japonicas**

မကြာသေးမီက ရှဥ့်မတက်ပင်မျိုးအုပ်စုဝင် Ophiopogon japonicas ဆေးဝါးကုန်ကြမ်းအမယ်ကို ကုန်သည်အချို့ကလိုက်လံဝယ်ယူနေကာ၊ ရောင်းချသူများက လက်နှေးနေကြသည့်အတွက် ဈေးနှုန်းတက်လာပါသည်။ အလယ်အလတ်တန်းမှ အထက်တန်းအရည်အသွေးရှိသည့် Ophiopogon japonicas ကုန်ကြမ်းများကို (၇၅)ယွမ် ဝန်းကျင်တွင် ရောင်းချကြပါသည်။ ဒုတိယတန်းမှ တတိယတန်းကုန်ကြမ်းများကို ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီများသို့ ရောင်းချကြကာ၊ ကုန်ပစ္စည်း၏ အရည်အသွေးဖော်ပြချက်အပေါ် အဓိကထားကြည့်ရှု၍ ဝယ်ယူကြပါသည်။

**Codonopsis**

Codonopsis အမျိုးအစားမှာ အများအားဖြင့် ဈေးနှုန်းကြီးမြင့်ပါသည်။ ၎င်းဆေးဝါးကုန်ကြမ်းကို အခြောက်ခံရာတွင် ပြဿနာကြုံတွေ့ရတတ်သဖြင့် ဝယ်သူများကသတိကြီးစွာထား၍ ဝယ်ယူလေ့ရှိပါသည်။ မှာယူပြီးနောက် ကုန်ကြမ်းပစ္စည်းပို့ဆောင်ချိန်မှာလည်း နှေးကွေးကြာမြင့်တတ်ပြီး အခြေခံအားဖြင့် ဈေးနှုန်းတည်ငြိမ်ပါသည်။ စက်ရုံသုံး Codonopsis ကုန်ကြမ်းအသစ်၏ ဈေးနှုန်းမှာ တစ်ကီလိုလျှင် (၄၂) ယွမ်မှ (၄၄) ယွမ်ကြားရှိပြီး၊ ပိုမိုခြောက်သွေ့လေ ပိုမိုကောင်းမွန်လေဖြစ်ပါသည်။ (၀.၄ – ၀.၆) အမျိုးအစားမှာ တစ်ကီလိုလျှင် (၄၂ – ၄၇) ယွမ်ကြား၊ (၀.၆ – ၀.၈) အမျိုးအစားမှာ တစ် ကီလိုလျှင် (၅၀ – ၅၅) ယွမ်ကြား၊ (၀.၈ – ၁.၀) အမျိုးအစားမှာ တစ်ကီလိုလျှင် (၅၅ – ၆၄) ယွမ်ကြား၊ ၁.၀ နှင့်အထက် အမျိုးအစားမှာ တစ်ကီလိုလျှင် (၆၈) ယွမ် ဈေးနှုန်းအသီးသီး ရှိပါသည်။

MISDOP

လတ်ဆတ်သည့် Codonopsis များကို ရောင်းဝယ်သည့်ရာသီမှာ ကုန်ဆုံးကာနီးပြီ ဖြစ်ပါသည်။ Codonopsis အပိုင်းအစအသေးများအတွက် ဈေးနှုန်းမှာ တစ် shijin လျှင် (၄.၅ – ၅.၅) ယွမ်ကြား၊ စံသတ်မှတ်ထားသည့် Codonopsis အပိုင်းအစများမှာ တစ် shijin လျှင် (၆.၅) ယွမ်၊ Codonopsis အပိုင်းအစအကြီးများမှာ တစ် shijin လျှင် (၇.၀ – ၈.၅) ယွမ်ကြား အသီးသီး ရှိပါသည်။

**Panax notoginseng**

Panax notoginseng မှာ အသစ်ပေါ်သည့်ရာသီဖြစ်နေပြီး၊ ဈေးနှုန်းအတက်အကျအနည်း ငယ်ရှိပါသည်။ ဈေးကွက်အတွင်းရောင်းချလိုသူများနေသောကြောင့် အရောင်းနှေးကွေးနေပါ သည်။ လက်ရှိဈေးကွက်ပေါက်ဈေးမှာ အတက် (၁၂၀)လျှင် (၁၂၅)ယွမ်၊ အတက် (၈၀)လျှင် (၁၃၂)ယွမ်၊ အတက် (၆၀) လျှင် (၁၄၀) ယွမ်၊ အတက် (၄၀)လျှင် (၁၆၀) ယွမ်၊ အတက် (၃၀)လျှင် ယွမ် (၂၀၀)နှင့် အတက် (၂၀)လျှင် ယွမ် (၄၀၀) ဖြစ်ပါသည်။ ယခုနှစ်တွင် Panax Notoginseng အထွက်နှုန်းကျဆင်းနေသော်လည်း ယခင်ထွက်ရှိထားသည့် ကုန်စည်များမှာ လုံလောက်နေ သောကြောင့် ရေတိုကာလတွင် ဈေးကွက်၌ရှုန်းကန်ရနိုင်သည်ဟု ခန့်မှန်းထားပါသည်။

**ပန်းနု (Astragalus)**

ပန်းနု (Astragalus) ကို Jiezi and stocks တွင် အဓိက ရောင်းဝယ်နေဆဲဖြစ်ပါသည်။ ဈေးကွက်အတွင်း ရောင်းဝယ်နေသည့် နိုင်ငံခြားကုန်သည်အနည်းငယ်နှင့် Jiezi supplies မှ ရောင်းချသည့်ဈေးမှာ တစ်ကီလိုဂရမ်လျှင် ယွမ် (၄၀)ခန့် ဖြစ်ပါသည်။ ဝယ်ယူမှု လွန်စွာမများ သည့်အတွက် ဤဈေးနှုန်းဝန်းကျင်တွင်တည်ငြိမ်နေပြီး၊ ကုန်စည်ရောင်းလိုအားမှာလည်း တည် ငြိမ်ကြောင်း သိရပါသည်။

(၀.၆ – ၀.၈) စင်တီမီတာ အရွယ်အစားရှိသည့် Astragalus membranaceus ၏ ဈေးနှုန်း မှာ တစ်ကီလိုဂရမ်လျှင် (၂၉ – ၃၂) ယွမ်၊ (၁.၀ – ၁.၂) စင်တီမီတာ အရွယ်အစားရှိသည့် Astragalus membranaceus ၏ ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၄၀ – ၄၆) ယွမ်ဖြစ် ပါသည်။ လတ်ဆတ်သည့် astragalus အပိုင်းအစအသေးများမှာ (၅၀၀)ဂရမ်လျှင် (၃ – ၃.၂) ယွမ်၊ ယေဘု ယျအရွယ်အစားမှာ (၅၀၀)ဂရမ်လျှင် (၃.၃ – ၃.၅) ယွမ်၊ အပိုင်းအစအကြီးများမှာ (၅၀၀) ဂရမ် လျှင် (၃.၆ – ၄) ယွမ် အသီးသီးရှိပြီး၊ အရောင်၊ အရွယ်အစား၊ အထွက်နှုန်း ပေါ်မူတည်၍ ဈေးနှုန်း ကွာခြားကြောင်း သိရပါသည်။

ပျားရည်စုပ်ပန်း (**Honeysuckle)**

ယခုအခါ တရုတ်နိုင်ငံမြောက်ပိုင်းဒေသတွင် ရာသီဥတုအေးခဲလာပြီ ဖြစ်သဖြင့် ပျားရည် စုပ်ပန်း (honeysuckle)ကို ဝယ်ယူလိုကြောင်း မေးမြန်းလာမှုများ များပြားလာသည်ဟု သိရပါ

MIS DOP

သည်။ ရှန်တုန်း၊ ပင်းဂျိ ထုတ်လုပ်ရာဒေသမှ ပျားရည်စုပ်ပန်းဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လာကာ တစ်ကီလိုလျှင် ပျမ်းမျှ (၅)ယွမ်မှ (၁၀)ယွမ်ကြား ဈေးပေါက်ပါသည်။ ဆေးဝါးထုတ်လုပ်သည့်စက်ရုံများသို့ ရောင်းချသည့်ဈေးနှုန်းမှာ (၆)ယွမ်မှ (၁၀)ယွမ်ကြား ဖြစ်ပါသည်။ ဈေးကွက်အတွင်း ကုန်လက်ကျန်အများအပြားရှိနေသဖြင့် ဤဈေးနှုန်းဝန်းကျင်၌သာ ရှိနေဦးမည်ဖြစ်ပါသည်။

**Forsythia**

Forsythia suspensa အဓိကစိုက်ပျိုးရာဒေသများတွင် ရာသီဥတုပုံမှန်မဟုတ်သောကြောင့် ပန်းများစောစီးစွာပွင့်ခဲ့ပြီး၊ ယခင်နှစ်ကထက် ကုန်ကြမ်းပိုမိုထွက်ရှိခဲ့သည်ဟု သိရပါသည်။ အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းမှာ (၁၁၆) ယွမ်မှ (၁၂၀) ယွမ်ကြား တွင်ရှိပါသည်။ ဗိန္ဓောဆေးကျမ်းပါ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ပြုတ်ထားပြီးသား ကုန်အမယ်မှာ ယွမ် (၁၁၀)ဝန်းကျင်ခန့် ဈေးနှုန်းရှိပြီး၊ စံချိန်မမီသည့် ကုန်အမယ်မှာ ယွမ် (၁၀၀)ဝန်းကျင်ခန့် ဈေးနှုန်းရှိပါသည်။

**Goji berries**

နင်းရှတွင် Goji berries အမျိုးအစားအမျိုးမျိုးရှိပါသည်။ ဈေးကွက်တွင်လည်း ရောင်းဝယ်အားကောင်းနေပြီး အလုံးရေ (၂၈၀)ပါဝင်သည့် အထုပ်တစ်ထုပ်လျှင် (၅၈) ယွမ်မှ (၆၅) ယွမ်ကြား၊ အလုံးရေ (၃၈၀) ပါဝင်သည့် အထုပ်တစ်ထုပ်လျှင် (၄၅)ယွမ်မှ (၅၅)ယွမ်ကြား ဈေးရှိပါသည်။

**ဆေးဝါးကုန်ကြမ်းဈေးကွက်သုံးသပ်ခန့်မှန်းချက်**

တရုတ်နိုင်ငံ၏ ဆေးဝါးကုန်ကြမ်းဈေးကွက်တွင် ရောင်းလိုအားရှိနေသော်လည်း၊ ကုန်အမယ်များ၏ ဈေးနှုန်းများမှာ အမြင့်ပိုင်း၌ရှိနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ဖြစ်နိုင်ခြေရှိသည်မှာ ယခုနှစ်တွင် နိုင်ငံတစ်ဝှမ်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုများနှင့် ရာသီဥတုပုံမှန်မဟုတ်မှုများကြောင့် အထွက်နှုန်းများကျဆင်းနိုင်မည်ဟုခန့်မှန်းကြသဖြင့် ယခုကဲ့သို့ ဈေးနှုန်းမြှင့်ထားကြကာ၊ ဈေးကွက်ကိုသတိထား၍ စောင့်ကြည့်နေကြကြောင်း၊ ရေတိုကာလတွင် ယခုဖြစ်ပေါ်နေသည့် ဈေးနှုန်းများဝန်းကျင်၌သာ အတက်အကျ အနည်းငယ်ဖြစ်နိုင်ဖွယ်ရှိကြောင်း သုံးသပ်ရရှိပါသည်။

ရင်းမြစ်၊ SunSirs (၂၂-၁၁-၂၀၂၁)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………………………………………………………

MIS DOP